

7Day Daily သတင်းစာ ဝိုင်းတော်သားများက တင်ဆက်ထားသော အထူးအချပ်ပို ၁၆ မျက်နှာကို မေတ္တာလက်ဆောင် ထည့်သွင်းပေးထားပါသည်


# 7 DAY NEWS JOURNAL

၇ ရက် သတင်းဂျာနယ်

http://www.7daynewsjournal.com

TRI LIVES BRILLIANTLY

အတွဲ(၁၂)၊ အမှတ်(၃၇) | ၂၀၀၂ မတ် ၇ တွင် စတင်ထုတ်ဝေသည် | ၁၃၇၅ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၃ ရက် ၊ ဗုဒ္ဓဟူး ၊ (နိုဝင်ဘာ ၂၀ ၊ ၂၀၁၃)




အကြမ်းဖက်နှိမ်နင်းရေးသင်တန်းသားများအား သင်ကြားပို့ချနေသည့် ဒေါ်ဇာဇာအောင်ကို လေ့ကျင့်ရေးကွင်းအတွင်း တွေ့ရစဉ်

ဓာတ်ပုံ-အေးသူစံ

## အလားအလာကောင်းသော အီးယူ၏ ခြေလှမ်း

**အောင်သူရ**

အီးယူက မြန်မာနိုင်ငံအပေါ် အရေးယူပိတ်ဆို့ထားမှုများပယ်ဖျက်ပြီးနောက်ပထမဆုံးအကြိမ်အဖြစ်ကျင်းပသည့် အီးယူ-မြန်မာလုပ်ငန်းအဖွဲ့ဖိုရမ်ကို နေပြည်တော်နှင့် ရန်ကုန်မြို့တို့တွင် ပြီးခဲ့သည့်ရက်ပိုင်းအတွင်း ကျင်းပခဲ့သည်။ မြန်မာနိုင်ငံသို့ အီးယူ၏ ထိုခြေလှမ်းသည်နိုင်ငံတွင်းပြုပြင်ပြောင်းလဲမှုများ အခြေခံပြည်သူများဆီသို့ ထိစပ်ပေးနိုင်မည့် အလားအလာကောင်းသောခြေလှမ်းတစ်ရပ်ဖြစ်သည်ဟု သုံးသပ်သူတို့ကဆိုသည်။

အချပ်ပို IX ››

# သမ္မတ၏အမျိုးသမီးကိုယ်ရံတော်

**အေးသူစံ**

ခန်းမကြီးအပြည့် အစီအရီထိုင်နေသော လူထုပရိသတ် အလယ်တွင် မီးခိုးရင့်ရောင်ဝတ်စုံ ဖြင့် ပိန်ပိန်ပါးပါး၊ အရပ်ခပ်မြင့်မြင့်နှင့် အမျိုးသမီးသည် နိုင်ငံတော်သမ္မတဦးသိန်းစိန်နှင့် ၁၂ ပေခန့်အကွာတွင် တစ်ဦးတည်း မတ်တတ်ရပ်နေသည်။ သူမျက်လုံးများက ပတ်ဝန်းကျင်ကို မျက်ခြည်မပြတ် အကဲခတ်နေသည်။ လက်မောင်းတစ်ဖက်စီတွင် မြန်မာနိုင်ငံအလံနှင့် အထူးတပ်ဖွဲ့၏ အတိုကောက် (STF) တံဆိပ်တို့တပ်ဆင်ထားပြီး ၎င်းကို စေ့စေ့စပ်စပ်လေ့လာကြည့်လျှင် ခါးနောက်ဘက်၌ ထိုးထားသည့် ပစ္စတိုသေနတ်တစ်လက်ကိုတွေ့နိုင်သည်။

စာမျက်နှာ ၈ ››

# ကြီးသုံးကြီးနှင့် မြန်မာ့နိုင်ငံရေးအရွေ့

**အိမ်ဖြူလွင်**

ဒေါ်အောင်ဆန်းစုကြည်က လက်ရှိအစိုးရအပေါ် ယခင်ထက်ပိုသည့် ဝေဖန်မှုများ ယခုရက်ပိုင်းတွင် ခပ်စိပ်စိပ်တွေ့လာရပြီးနောက် နိုင်ငံတော်သမ္မတ၊ ဒေါ်အောင်ဆန်းစုကြည်နှင့် လွှတ်တော်နာယကသူရဦးရွှေမန်းတို့အကြား နေပြည်တော်နိုင်ငံရေးအခင်းအကျင်းသည် ပြောင်းလဲလာနေကြောင်း နိုင်ငံရေးစောင့်ကြည့်သူများက သုံးသပ်နေကြသည်။

အချပ်ပို X ››

## ဖေ့စ်ဘွတ်ခ်စင်မြင့်

စာမျက်နှာ ၅ ››

## တအုံနွေးနွေး ရခိုင်အရေး

စာမျက်နှာ ၂ ››

## မြက်ကျွတ်မုန်တိုင်းကြားက တောင်သူများ

အချပ်ပို XI ››

## တေးစီးရီးထုတ်လုပ်ရေးဈေးကွက် အခြေအနေကောင်းလာ

စာမျက်နှာ ၃ ››

အင်တာဗျူး

## ‘ကျွန်တော်တို့ မြန်မာနိုင်ငံရဲ့ တရားဝင်ထုတ်ပြန်ထားတဲ့ လူမျိုးစု ၁၃၅မျိုးမှာ ရိုဟင်ဂျာဆိုတာမပါပါဘူး’

ပြည်ထောင်စုဝန်ကြီး ဦးခင်ရီနှင့် တွေ့ဆုံခြင်း

စာမျက်နှာ ၂၃ ››






7 DAY NEWS JOURNAL
Vol.12, No.37 • NOVEMBER 20 , 2013

# တအုံနွေးနွေးရခိုင်အရေး

သီဟ




*တောင်ပေါ်ကယ်ဆယ်ရေးစခန်းရှေ့ ဒုက္ခသည်များနှင့် လုံခြုံရေးပေးနေသည့် ရဲတပ်သားတစ်ဦးကို နိုဝင်ဘာ ၁၂ ရက်က တွေ့ရစဉ်*

ဓာတ်ပုံ-သီဟ

'စီးပွားရေး ဖွံ့ဖြိုးတိုးတက်ဖို့ထက် ကျွန်တော်တို့လူမျိုးတွေ ဆက်လက်ရှင်သန်နေဖို့ပဲလိုလားတယ်'

စစ်တွေမြို့ကုန်သည်စက်မှုအသင်းမှ အသင်းဝင်ရခိုင်အမျိုးသားတစ်ဦး၏ ပြတ်သားသောစကားသံဖြစ်၏။ အမေရိကန်၊ ဆွစ်ဇာလန်၊ အင်္ဂလန် စသည့် အနောက်နိုင်ငံများမှ ပူးတွဲသံတမန်မစ်ရှင်အဖွဲ့၏ တည်ငြိမ်အေးချမ်းမှုရှိမှသာ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ လုပ်ဆောင်နိုင်မည်ဟု ပြောကြားချက်အပေါ် တုံ့ပြန်ပြောကြားခဲ့ခြင်းဖြစ်သည်။

မြန်မာနိုင်ငံ၏ အနောက်ဘက်တံခါးပေါက်ဟုခေါ်ဆိုသည့် ရခိုင်ပြည်နယ်တွင် လူမျိုးခြားမွတ်ဆလင်လူမျိုးများနှင့် ဌာနေရခိုင်တိုင်းရင်းသားတို့ကြားပဋိပက္ခမှာ တစ်နှစ်ကျော်ကြာခဲ့ပြီဖြစ်သည်။ ပဋိပက္ခ အစပိုင်းတွင် ပြည်တွင်းအရပ်ဘက်အဖွဲ့အစည်းများက စိတ်ဝင်စားဟန်ရှိခဲ့သော်လည်း နောက်ပိုင်းတွင် အသံတိတ်သွားခဲ့ပြီး နိုင်ငံတကာသံတမန်အသိုင်းအဝိုင်း၊ကုလသမဂ္ဂအဖွဲ့အစည်းများနှင့် အိုင်အင်န်ဂျီအိုအချို့၏ အာရုံစိုက်မှုနှင့် တွန်းအားကသာ ဆက်လက်တည်ရှိနေခဲ့သည်။

ရခိုင် တိုင်းရင်းသားများ အနေဖြင့် လူမျိုးခြားမွတ်ဆလင်များ၏ ကွဲပြားသည့်ယဉ်ကျေးမှုဓလေ့ထုံးစံများနှင့် အဆမတန်ပွားများလာသည့် လူဦးရေအပေါ်တွင် စိုးရိမ်မှုများ ရှိနေသကဲ့သို့ တစ်ဖက်ကလည်း အစိုးရအပါအဝင် ဌာနေရခိုင်တိုင်းရင်းသားများ၏ ခွဲခြားဆက်ဆံမှုခံနေရသည်ဟုဆိုနေကြသည်။

"၁၉၈၂ ဥပဒေပေါ်ပြီး နောက်ပိုင်း ကျွန်တော်တို့လူမျိုးတွေခွဲခြားဆက်ဆံခံလာရတယ်" ဟု ရခိုင်ပြည်နယ် ဘူးသီးတောင်မြို့နယ်တွင်မွေးဖွားသည့်အသက်ခြောက်ဆယ်ကျော်အရွယ် လူမျိုးခြား မွတ်ဆလင်အမျိုးသားကြီးတစ်ဦးကပြောသည်။

ရခိုင်ပြည်နယ်တွင် ပဋိပက္ခများဖြစ်ပွားခဲ့ပြီးနောက် လူမျိုးခြားမွတ်ဆလင် လူမျိုးများအတွက် ဒုက္ခသည် စခန်းများ အသီးသီး ပေါ်ထွက်လာခဲ့သည်။ ထို့နောက် အဆိုပါဒုက္ခသည်စခန်းတွင် နေထိုင်သူများက ၎င်းတို့ကို ရိုဟင်ဂျာတိုင်းရင်းသားအဖြစ် အသိအမှတ်ပြုရေးနှင့် ဌာနေရခိုင်တိုင်းရင်းသားများနည်းတူ တန်းတူအခွင့်အရေးရရှိရေးများ တောင်းဆိုလာကြသည်။

"ကျွန်တော်တို့က ဒီမှာပဲမွေးပြီး ဒီမှာပဲ ကြီးတာပါ။ ဒါပေမဲ့ ကျွန်တော်တို့ နိုင်ငံသားအခွင့်အရေးမရဘူး။ ကျွန်တော်တို့လွတ်လွတ်လပ်လပ် သွားလာချင်ပါတယ်။ ရခိုင်တွေနဲ့ တန်းတူအခွင့်အရေးတွေရချင်ပါတယ်"ဟုပေါက်တောမြို့နယ်ရှိ ကြိမ်နီပြင် ဒုက္ခသည်စခန်းမှလူမျိုးခြားမွတ်ဆလင် ဒုက္ခသည်တစ်ဦးက ပြောကြားသည်။

လူမျိုးခြားမွတ်ဆလင်များကို နိုင်ငံသားအဖြစ်အသိအမှတ်ပြုနိုင်ရေးအတွက် စစ်တမ်းကောက်ယူမှုများ သက်ဆိုင်ရာကပြုလုပ်သော်လည်း ၎င်းတို့ကလက်မခံဘဲ အချို့ ဒုက္ခသည်စခန်းများတွင် တာဝန်ရှိသူများကို ပြန်လည်ရန်မူသည်များပင်ရှိနေခဲ့သည်။

"ကျွန်တော်တို့ဆီမှာရှိတဲ့ စာရင်းနဲ့ မြေပြင်မှာရှိတဲ့စာရင်း ကောက်ယူတိုက်ဆိုင်စစ်ဆေးပြီး ခိုးဝင်တဲ့သူမရှိရင် နိုင်ငံသားဖြစ်ဖို့အတွက် ၁၉၈၂ ဥပဒေအတိုင်း ဆက်လုပ်ပေးသွားမှာပါ။ လူမျိုးနာမည်ပြောင်းတာကတော့ လူနာမည်တစ်ခုပြောင်းရင်တောင် လွယ်တာမှမဟုတ်တာ။ အဲဒါကတော့ တဖြည်းဖြည်း အစီအစဉ်အတိုင်းဆက်လုပ်သွားရမယ့်ကိစ္စတွေပါ" ဟု လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်ရီက ပြောသည်။

ရခိုင်ပြည်နယ်သည် မြန်မာနိုင်ငံတွင် ဒုတိယမြောက် ဖွံ့ဖြိုးမှု အနိမ့်ကျဆုံးပြည်နယ်ဖြစ်နေသဖြင့် နိုင်ငံတကာအသိုင်းအဝိုင်းက ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရန် အကူအညီများပေးလိုသော်လည်း လက်ရှိအခြေအနေတွင်ပြည်နယ်တွင်း တည်ငြိမ်အေးချမ်းမှု မရှိသောကြောင့် ယင်းလုပ်ငန်းများ လုပ်ဆောင်ခွင့်မရဟုဆိုကြသည်။ လက်ရှိအခြေအနေတွင် ဖြစ်ပေါ်နေသည့် ပဋိပက္ခများကြောင့် ဒေသဖွံ့ဖြိုးရေး အကူအညီထက် လူသားချင်းစာနာထောက်ထားသည့် အကူအညီများကိုပဲ ဆက်ပေးနေရသည်ဟုဆိုသည်။

ထိုအကူအညီများသာ ဆက်ပေးနေရခြင်းမှာ ပြည်နယ်တွင် တည်ငြိမ်အေးချမ်းမှု မရှိသောကြောင့်ဖြစ်သည်ဟု နိုင်ငံတကာအသိုင်းအဝိုင်းက သုံးသပ်သည်။ အစိုးရသစ် တက်လာပြီးနောက် ဒီမိုကရေစီစနစ်သို့ သွားနေသည့် မြန်မာနိုင်ငံကို နိုင်ငံတကာက ဖွံ့ဖြိုးရေးအကူအညီများပေးလိုကြပြီး နိုင်ငံတကာမှ ရင်းနှီးမြှုပ်နှံလိုသူများ များစွာပေါ်ထွက်လာခဲ့သည်။

သို့သော် ဒေသတွင်း တည်ငြိမ်အေးချမ်းမှု မရှိခြင်းက ထိုအချက်များကို ဟန့်တားသကဲ့သို့ ဖြစ်ပေါ်လျက်ရှိသည်။

ထို့နည်းတူ ရခိုင်ပြည်နယ်တွင် ဖြစ်ပွားနေသည့်လူမျိုးစု ပဋိပက္ခသည်လည်း တစ်နှစ်ကျော်ကြာသည့်တိုင်ပြတ်ပြတ်သားသား ပြေလည်မှုမရသေးဘဲ လုံခြုံရေးတင်းကျပ်မှုကြောင့်သာ အဓိကရုဏ်းများ ထပ်မံဖြစ်ပွားမှုမရှိခြင်းဖြစ်နိုင်ကြောင်း လေ့လာသူများက ဆိုသည်။

"ရခိုင်မှာက တစ်ဖက်နဲ့တစ်ဖက် ယုံကြည်မှုပျောက်နေတယ်။ တစ်ဖက်အုပ်စုကလည်း တစ်ဖက်အုပ်စုကို မယုံကြည်ဘူး။ လစ်ရင်လစ်သလို ချမယ်လို့အပြန်အလှန်ထင်နေကြတယ်။ ဒုက္ခသည်စခန်းကလူတွေကလည်း သူတို့လိုချင်တာ သူတို့တောင်းနေတယ်။ အဲဒါတွေ အကုန်လိုက်လျောနိုင်ဖို့ဆိုတာကလည်း အစိုးရဘက်မှာ သူ့အခက်အခဲနဲ့သူ ရှိမှာပဲ" ဟု ရခိုင်အရေး လေ့လာသုံးသပ်သူတစ်ဦးကပြောသည်။

"ပဋိပက္ခရဲ့အရင်းအမြစ်က လူတွေရဲ့နှလုံးသားထဲမှာတည်နေသလိုပဲ တရားဥပဒေမှာလည်း တည်နေတာကြောင့်ပါ။ ရေရှည်၊ ကြာရှည်တည်တံ့တဲ့ငြိမ်းချမ်းရေး ရဖို့အတွက်က ကျယ်ပြန့်တဲ့အပြန်အလှန်နားလည်မှု၊ ယုံကြည်မှုတည်ဆောက်ခြင်း၊ တွေ့ဆုံခြင်း၊ စီးပွားရေး ဖွံ့ဖြိုးမှုနဲ့ အပေးအယူတွေလိုအပ်ပါတယ်။ ဒါတွေကို ရခိုင်ပြည်နယ်အတွင်းမှာရှိတဲ့ လူ့အဖွဲ့အစည်း နှစ်ခုကြားမှာရော ရခိုင်ပြည်နယ်လူထုနဲ့ ကျန်တစ်နိုင်ငံလုံးကြားမှာပါ လုပ်ရမှာဖြစ်ပါတယ်"ဟု ရခိုင်ပြည်နယ်ရှိ ပဋိပက္ခများနှင့်ပတ်သက်၍ မြန်မာနိုင်ငံဆိုင်ရာအမေရိကန်သံအမတ်မစ္စတာဒဲရစ်မစ်ချယ်ကပြောသည်။

ယခုကဲ့သို့ ပဋိပက္ခများဖြစ်ပွားရခြင်းသည် နယ်စပ်လုံခြုံရေးအားနည်းသဖြင့် ဖြစ်ပွားရခြင်းဖြစ်ပြီး နယ်စပ်လုံခြုံရေးအတွက် ဟိုဘက်ဒီဘက် တားဆီးနိုင်ရန် မီးတားလမ်းသဖွယ် သတ်မှတ်ပေးသင့်သည်ဟု မောင်တောမြို့မြို့မိမြို့ဖတစ်ဦးဖြစ်သူ ဦးအောင်ကျော်ညွန့်က ပူးတွဲသံတမန်မစ်ရှင်အဖွဲ့နှင့် တွေ့ဆုံစဉ်ပြောကြားသည်။

ယခုပြဿနာဖြေရှင်းနိုင်ရန် အုပ်ချုပ်သူများ၏အရည်အချင်းပေါ်တွင်မူတည်ပြီး နိုင်ငံသားလျှောက်လိုသူများသည်လည်း နိုင်ငံသားဥပဒေရှိပြီးဖြစ်၍ နိုင်ငံသားဖြစ်လိုပါက ဥပဒေနှင့်အညီ အစစ်အဆေးခံရန်လိုအပ်သည်ဟု ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ရခိုင်တိုင်းရင်းသားရေးရာဝန်ကြီး ဦးဇော်အေးမောင်ကပြောသည်။

"နိုင်ငံသား ဖြစ်ဖို့အတွက် စိစစ်ပြီး (နိုင်)ပေးသင့်တဲ့သူပေး။ (ဧည့်)ပေးသင့်တဲ့သူပေး(ပြု)ပေးသင့်တဲ့သူပေးပြီး အားလုံးကို တရားဥပဒေအတိုင်း တရားဝင် အသိအမှတ်ပြုပြီး သွားချင်တဲ့နေရာကို ပေးသွားလိုက်ရင်ပြဿနာကို တစ်နည်းတစ်ဖုံဖြေရှင်းနိုင်မှာပါ။ တစ်နေရာတည်းမှာစုထားရင်ပြဿနာက ပိုကြီးနိုင်တယ်"ဟု ဦးဇော်အေးမောင်ကပြောသည်။

ကုလသမဂ္ဂ အဖွဲ့အစည်းအချို့နှင့် နိုင်ငံတကာအင်န်ဂျီအိုများက ရခိုင်ပြည်နယ်အတွင်း ပဋိပက္ခဖြစ်ပွားရာဒေသများတွင် လူသားချင်းစာနာထောက်ထားသည့် အကူအညီများပေးလျက်ရှိသည်။ သို့သော်ယင်းအဖွဲ့အစည်းများ၏ လုပ်ပုံကိုင်ပုံများအပေါ် ဌာနေရခိုင်တိုင်းရင်းသားများက ကျေနပ်မှုမရှိပေ။ ပဋိပက္ခများမဖြစ်ပါမီကပင် ရခိုင်ပြည်နယ်၏ နယ်စပ်နေရာများနှင့် အခြားနေရာများတွင် ကုလသမဂ္ဂအဖွဲ့အစည်းများနှင့် နိုင်ငံတကာအင်န်ဂျီအိုများက အကူအညီများပေးခဲ့သည်မှာ နှစ်ရှည်လများရှိပြီဖြစ်သော်လည်း ဒေသအတွက် ထိရောက်မှုမရှိဟု ဒေသခံဌာနေရခိုင် တိုင်းရင်းသားအများစုက တညီတညွတ်တည်းဆိုကြသည်။

ကုလသမဂ္ဂအဖွဲ့အစည်းကြီးတစ်ခုက ရခိုင်ပြည်နယ် နယ်စပ်တွင် Education for food အစီအစဉ်ဖြင့် ကျောင်းနေသူများကို ဆန်ထောက်ပံ့သည့် အစီအစဉ်သည် နှစ်ပေါင်းနှစ်ဆယ်ကျော်လုပ်ကိုင်လာခဲ့သော်လည်း တိုးတက်အောင်မြင်မှုမရှိဟု ရခိုင်တိုင်းရင်းသားများကဆိုသည်။

"တကယ်ဆို ကျောင်းသားတွေကိုပညာတတ်စေချင်ရင်အဲဒီကျောင်းသားတစ်ယောက်တည်းကိုပဲ သတ်သတ်ခေါ်ပြီး စားရေး၊ နေရေး တာဝန်ယူပြီး စာသင်ပေးသင့်တာပေါ့။ အခုတော့ ကျောင်းတက်ရင် ဆန်ရတယ်ဆိုတော့ ကျောင်းသားတွေက ဆန်လိုချင်လို့ ကျောင်းတက်တာ ဖြစ်နေတယ်"ဟု မောင်တောမြို့နယ်မှ ဒေသခံတစ်ဦးကပြောသည်။

ထို့အပြင် အဆိုပါ အဖွဲ့အစည်းများ၏ ထောက်ပံ့မှုလုပ်ငန်းများ ဝန်ထမ်းခန့်ထားမှုအခြေအနေများသည်လည်း ဌာနေရခိုင်တိုင်းရင်းသားများနှင့် လူမျိုးခြားမွတ်ဆလင်များကြား နားလည်မှုလွဲမှားမှုများဖြစ်ပေါ်စေခဲ့သည်။

"အင်န်ဂျီအိုတစ်ခုရောက်လာလို့ အလုပ်ခန့်မယ်ဆို မဖြစ်မနေလိုအပ်တာက ဘင်္ဂါလီစကားမဖြစ်မနေတတ်ရမယ်။ နောက်ပြီးမှ အင်္ဂလိပ်စကား အနည်းငယ်တတ်ရမယ်လို့ပါတယ်။

**စာမျက်နှာ(၁၉)သို့**

# တေးစီးရီးထုတ်လုပ်ရေးဈေးကွက် အခြေအနေကောင်းလာ

**အေးသူစံ၊ ဖွဲ့ညက်**
**ရန်ကုန်၊ နိုဝင်ဘာ-၁၈**

ယနေ့ ဂီတဈေးကွက်အတွင်း တရားမဝင်ခိုးကူးခွေများ ဆက်လက်လွှမ်းမိုးထားဆဲဖြစ်သော်လည်း အောင်မြင်သော အဆိုတော်အချို့၏ တေးစီးရီးများ မူရင်းခွေရောင်းချရမှု မြင့်တက်နေပြီး စီးပွားရေးအကျိုးအမြတ်ကို ပြန်လည်မျှော်လင့်နိုင်သည့် ဈေးကွက်တစ်ခုရရှိလာပြီဖြစ်ကြောင်း တေးစီးရီးထုတ်လုပ်သူအသိုင်းအဝိုင်းက သုံးသပ်ပြောဆိုသည်။

"အခုကျွန်တော်ထုတ်လုပ်တဲ့ "ဒိုးပျံ"ဆို အချပ်ရေနှစ်သောင်းလေးထောင်ရောင်းရတယ်။ အရင်းပြန်ရရုံ၊ ခုသာခံသာဖြစ်ရုံအနေအထားတော့ပြန်ရပြီ။ အရင်ကလို ဘယ်လောင်အောင်မြင်၊အောင်မြင် ပလုံတဲ့အဆင့်၊ အမြတ်ပြန်မျှော်လင့်လို့မရတဲ့အဆင့်တော့ မဟုတ်တော့ဘူး။ အရင်းကျေပြီးရင်နောက်ပိုင်းရောင်းရသမျှက အမြတ်ချည်းပဲပေါ့"ဟု ဒိုးပျံဗီစီဒီကို ထုတ်လုပ်ခဲ့သည့် CMP တေးထုတ်လုပ်ရေးမှ ဦးဇော်ထူးအောင်က ပြောကြားသည်။

ယမန်နှစ်က ဂီတအစည်းအရုံးကို အသစ်ပြန်လည်ဖွဲ့စည်းပြီးနောက် ရဲမှူးကြီး နှစ်ဦးအား အစည်းအရုံးတွင် သီးသန့်ခန့်အပ်၍ တရားမဝင်ခိုးကူးခွေ ရောင်းချမှုများကိုထိထိရောက်ရောက်ဖမ်းဆီးခဲ့သည်။ ဖမ်းဆီးမှုများကြောင့် လမ်းဘေးခွေဆိုင်များက ခိုးကူးခွေများကို ထင်ထင်ပေါ်ပေါ် ခင်းကျင်းရောင်းချခြင်းမပြုရဲတော့သော်လည်း နီးစပ်ရာ လက်သိပ်ထိုးဝယ်ယူလျှင် ရရှိနိုင်သေးသည်။




သို့သော် နာမည်အောင်မြင်သော အဆိုတော်များ၏ အော်ဒီယိုစီဒီ၊ ဗီစီဒီများမှာမူ အားပေးသည့် ပရိသတ်က မူရင်းခွေများကို ရွေးချယ်ဝယ်ယူလာကြကြောင်း သိရသည်။

"ကျွန်မလည်း အရင်က ခိုးကူးခွေတွေဝယ်ပါတယ်။ ဒါပေမဲ့ ခိုးကူးခွေက အရင်လို ရှာရလည်းခက်တယ်။ မှာထားပြီး သုံးလေးရက်ကြာမှရတော့ မူရင်းခွေကြည့်ပြီးတဲ့ သူငယ်ချင်းတွေကြားက အောက်သလိုလိုခံစားရတယ်။ ပြီးတော့ မူရင်းတစ်ချပ်ကလည်း ၁၈၀၀ လောက်ဆိုတော့ ကိုယ့်အားပေးတဲ့အဆိုတော်အတွက် မူရင်းခွေကိုပဲ ဝယ်နားထောင်လိုက်တော့တယ်။ အဲဒါပိုပြီး စိတ်လုံသလိုပဲ"ဟု အသက် ၂၁ နှစ်အရွယ်ပုဂ္ဂလိကဓာတ်ဆီဆိုင်ဝန်ထမ်းအမျိုးသမီးတစ်ဦးက ပြောသည်။

"ကျွန်တော်တို့အောင်မြင်တဲ့ အတိုင်းအတာအလိုက် စီးပွားရေးအကျိုးအမြတ်ကို ပြန်ပြီး မျှော်လင့်လို့ရတဲ့ အခြေအနေပေါ့။ ကျွန်တော်တို့ "ဘကြီးဖြိုးနဲ့ဦးနေဝင်း"ဆို စီဒီထွက်ပြီး တစ်နှစ်နီးပါးကြာတဲ့အချိန်ထိ ရောင်းနေရတုန်းပဲ။ ချပ်ရေက ခုဆို ရှစ်ထောင်လောက်ရှိသွားပြီ။ အရင်လို အရမ်းကြီးတော့ မရှုံးကြတော့ပါဘူး"ဟု Snare အဖွဲ့မှ ဖြိုးလေးကဆိုသည်။

ထို့အပြင် အနုပညာဝမ်းစာ အရည်အသွေးနှင့် ရိုက်ချက်များ ဆန်းသစ်ထားသော စီးရီးများကိုလည်း အရည်အသွေးကိုလိုက်၍ မူရင်းခွေများရောင်းချရကြောင်း ထုတ်လုပ်သူနှင့်အဆိုတော်များကပြောသည်။

"တကယ်ကောင်းကောင်း ရိုက်ထားတယ်လို့ သတင်းကြားတဲ့အခါ ကြည့်ချင်စိတ်ရှိမယ်။ ခိုးကူးလည်း ဝယ်တယ်။ မူရင်းခွေလည်း ဝယ်လိုက်တယ်။ မနှမြောကြတော့ဘူး။ အဓိကက သူတို့ကြည့်ချင်စိတ်ဖြစ်လာအောင် ဆွဲဆောင်နိုင်ဖို့လိုတယ်။ နောက်ပိုင်းခွေတွေကို Blue-ray ပုံစံမျိုး၊ Full HD ပုံစံမျိုးအထိ လုပ်ပြီး ရောင်းနိုင်ရင်ပိုပြီးတော့ ရောင်းကောင်းမယ်"ဟု ဒိုးပျံစီးရီးဖြင့် လတ်တလောရေပန်းအစားဆုံးနှင့် အအောင်မြင်ဆုံးဖြစ်နေသည့် အဆိုတော်လွှမ်းပိုင်ကပြောသည်။

ပြီးခဲ့သည့်ဆယ်နှစ်အတွင်း တရားမဝင်ခိုးကူးခွေများကြောင့် ဂီတလောကစီးပွားရေးအဆိုးရွားဆုံးအခြေအနေဖြစ်ပေါ်ခဲ့ရသည်။ ထို့အပြင် မြန်မာသီချင်းသုံးခွေတွဲ၊ လေးခွေတွဲဖြင့် သီချင်းပုဒ်ရေ ရာချီထည့်သွင်းနားထောင်နိုင်သည့် ဒီဗီဒီစက်များစတင်ခေတ်စားလာသည့် ၂၀၀၅ ခုနှစ်ဝန်းကျင်ခန့်တွင် ဂီတအနုပညာလုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်းပြုသည့် နာမည်ရ အဆိုတော်နှင့် တေးထုတ်လုပ်ရေးအချို့ ဂီတလောကမှ အနားယူခဲ့ရသည့်အထိ ခိုးကူးခွေရိုက်ခတ်မှုကြီးမားခဲ့သည်။

လက်ရှိအချိန်တွင် အောင်မြင်ပြီး အရည်အသွေးမြင့်မြင့် ရိုက်ကူးထားသော တေးစီးရီးထုတ်လုပ်သူများ အကျိုးအမြတ်ကို ပြန်လည်မျှော်လင့်နိုင်ပြီဖြစ်သော်လည်း ခိုးကူးလုံးဝအမြစ်ပြတ်ရန် နယ်မြို့များအထိပါ တင်းတင်းကျပ်ကျပ်တားဆီးထိန်းသိမ်းရန်လိုကြောင်း ဘိုဘိုအန်တာတိန်းမန့်မှ ထုတ်လုပ်သူ ကိုဘိုဆန်းကပြောသည်။

"အရင်အခွေတစ်ခွေပေါက်ရင်လေးငါးသိန်းလောက်ရောင်းရတာနဲ့ ယှဉ်ရင်အခုအောင်မြင်တဲ့ခွေတစ်ခွေရောင်းရတာ ဘာမှမဟုတ်သေးဘူး။ ခိုးကူးက လုံးဝတော့ မပျောက်သေးဘူး။ လွှမ်းမိုးနေတုန်းပဲ။ နယ်တွေဆို မူရင်းခွေရောင်းတဲ့ဆိုင်မရှိသလောက် ဖြစ်နေတယ်။ ဒါတွေကိုအားလုံးပူးပေါင်းဆောင်ရွက်ဖို့ လိုပါတယ်"ဟု ၎င်းကပြောကြားသည်။

ယခင်က ခိုးကူးခွေများကို အားပေးဖြစ်သော်လည်း ယခုနောက်ပိုင်းတွင်မူ အဆိုတော်များ၏ ညည်းတွားမှုကြောင့် မူရင်းခွေများကို အားပေးဖြစ်ကြောင်း ပရိသတ်တစ်ဦးကပြောဆိုသည်။



# ဆက်သွယ်ရေးလုပ်ငန်းနဲ့အတူ ဘဝတက်လမ်းကြောင်းကို မြှင့်တင်လိုက်ပါ

မိမိဘဝတက်လမ်းကိုမြှင့်တင်ဖို့ တစ်နေ့တစ်ခြား များပြားလာတဲ့
အူရီးဒူးမြန်မာ မိသားစုဆီကို လာခဲ့ပါ။



ooredoo

အူရီးဒူးမြန်မာအနေနဲ့ ကိုယ့်ဝန်ထမ်းတွေအားလုံးကို တန်ဖိုးထားပါတယ်။ ဒါကြောင့် အူရီးဒူးမြန်မာရဲ့ဝန်ထမ်းဆိုရင် လစာလည်းကောင်းစေရမယ်၊ အပိုဆုကြေးငွေလည်း ရစေရမယ်၊ အလုပ်မှာတိုးတက်စေဖို့ သင်တန်းတွေလည်း မပြတ်ပေးနေမယ်၊ ရုံးကလည်း ခေတ်မီပြီး ကျယ်ကျယ်ပြန့်ပြန့်ရှိမယ်၊ အလုပ်အကိုင် တက်လမ်းလည်း ကောင်းစေရမယ်၊ ပြီးတော့ ပျော်စရာကောင်းပြီးတက်ကြွတဲ့ ကမ္ဘာ့အရပ်ရပ်က လုပ်ဖော်ကိုင်ဖက်တွေနဲ့အတူတူလည်း လက်တွဲအလုပ်လုပ်ရမယ်။

## Site Acquisition Manager

**လုပ်ငန်းတာဝန်များ**

- လုပ်ငန်းခွင်အတွင်း အဆင့်မြင့်ပိုင်း စီမံခန့်ခွဲမှုများကို အားသွန်ခွန်စိုက် လုပ်ကိုင်နိုင်ရမည်။
- လုပ်ငန်းဆိုင်ရာ ခွင့်ပြုချက်များအတွက် အစိုးရရုံးများ၊ ဝန်ကြီးဌာနများ (MICT, MIC, MoEP, MPT အစရှိသည်) သို့ ဆက်သွယ်လုပ်ဆောင်နိုင်ရမည်။
- လုပ်ငန်းအတွက် လိုအပ်ချက်များဖြည့်တင်းရန်အတွက် ကုန်ပစ္စည်းရောင်းချသူများ၊ မူရင်းပိုင်ဆိုင်သူများအပါအဝင် အခြားသော သက်ဆိုင်ရာ ပုဂ္ဂိုလ်များနှင့် ဆက်သွယ်လုပ်ဆောင်နိုင်ရမည်။
- လုပ်ငန်းခွင်အတွင်း မထင်မှတ်ဘဲဖြစ်ပေါ်လာသော အခက်အခဲများ၊ အပြောင်းအလဲများကို ကောင်းမွန်စွာကိုင်တွယ်နိုင်ပြီး စီမံကိန်းအောင်မြင်ရေးအတွက် ပြေလည်အောင်ထောက်ပံ့ဖြေရှင်းပေးနိုင်ရမည်။
- စီမံကိန်းလိုအပ်ချက်များအတွက် လိုအပ်သည့် စာရွက်စာတမ်းများ၊ ခွင့်ပြုချက်လျှောက်ထားခြင်းများကိုလည်း ဆောင်ရွက်ပေးနိုင်ရမည်။

**လိုအပ်သောအရည်အချင်းများ**

- ဆက်သွယ်ရေးလုပ်ငန်း (သို့မဟုတ်) စီမံကိန်းဆိုင်ရာ လုပ်ငန်းနယ်ပယ်များတွင် အနည်းဆုံး (၇) နှစ် အတွေ့အကြုံရှိရမည်။
- လုပ်ငန်းခွင်လိုအပ်ချက်ဆိုင်ရာ လုပ်ငန်းအတွေ့အကြုံ (၃) နှစ်ရှိရမည်။
- လုပ်ငန်းခွင်အတွင်း ကြီးကြပ်သည့်အတွေ့အကြုံ (၂) နှစ်ရှိရမည်။
- အစိုးရရုံးများနှင့် ဆက်သွယ်လုပ်ကိုင်သည့် အတွေ့အကြုံရှိရမည်။

## Civil Works Engineer

**လုပ်ငန်းတာဝန်များ**

- ခရီးသွားနိုင်ပြီး တာဝန်ကျရာနေရာတွင် သွားရောက်လုပ်ကိုင်နိုင်ရမည်။
- တာဝန်ကျရာနေရာတွင် ဆက်သွယ်ရေးဆိုင်ရာ လုပ်ငန်းတာဝန်များကို အူရီးဒူး တာဝန်ရှိသူအဖြစ် ကိုယ်စားပြုကာ ညှိနှိုင်းလုပ်ကိုင်ပေးနိုင်ရမည်။
- လုပ်ငန်းပြီးစီးမှုအနေအထားများအား သတ်မှတ်ထားသောအချက်များ၊ စံချိန်စံနှုန်းများနှင့်အညီ စစ်ဆေးရမည်ဖြစ်ပြီး ခွင့်ပြုချက်ချထားပေးခြင်းများကို ပြုလုပ်ပေးရမည်ဖြစ်သည်။
- လုပ်ငန်းခွင်အတွင်းနေ့စဉ်တိုးတက်မှုများကို ကြီးကြပ်ပြီး လုပ်ငန်းအချိန်ဇယားများနှင့် ချိန်ထိုးသုံးသပ်ကာ (အချိန်မီပြီးစီးနိုင်ခြင်းရှိ / မရှိ) အစီအရင်ခံတင်ပြနိုင်ရမည်။
- လုပ်ငန်းခွင်အတွင်းဖြစ်ပေါ်လာသောအပြောင်းအလဲများအား စိစစ်ကာ လိုအပ်ချက်များအရ ခွင့်ပြုပေးခြင်းများ ပြုလုပ်ပေးရမည်ဖြစ်ပြီး တည်ဆောက်တပ်ဆင်ရေးများအား အတည်ပြုပေးခြင်းများ ပြုလုပ်ပေးနိုင်ရမည်။
- လုပ်ငန်းခွင်အတွင်း အဆင်ပြေလွယ်ကူစေရန်အတွက် သတ်မှတ်စံနှုန်းများ ထပ်မံရေးဆွဲခြင်းများ ပြုလုပ်နိုင်ရမည်ဖြစ်ပြီး သက်ဆိုင်ရာဌာန အသီးသီးသို့ နှောင့်နှေးခြင်းမရှိစေဘဲ အချိန်မီဖြန့်ဖြူးပေးနိုင်ရမည်။
- လုပ်ငန်းဆိုင်ရာ စာရွက်စာတမ်းများကို စစ်ဆေးကြည့်ရှုခြင်း၊ ခွင့်ပြုချက်ချထားပေးခြင်းများ၊ BOQ တွက်ချက်မှုများနှင့် အခြားသော လုပ်ငန်းတွင်း စာရွက်စာတမ်းများကိုလည်း ပြုလုပ်ရမည်ဖြစ်သည်။

**လိုအပ်သောအရည်အချင်းများ**

- လုပ်ငန်းများတွင် အနည်းဆုံးလုပ်သက် (၃) နှစ်အတွေ့အကြုံရှိရမည်။
- Steel Structure ပိုင်းဆိုင်ရာနှင့် Rigging ပိုင်းဆိုင်ရာလုပ်ငန်းများတွင်အတွေ့အကြုံရှိသူများအား ဦးစားပေးမည်။

## Telecom Implementation Engineer

**လုပ်ငန်းတာဝန်များ**

- ခရီးသွားနိုင်ပြီး တာဝန်ကျရာနေရာတွင် သွားရောက်လုပ်ကိုင်နိုင်ရမည်။
- တာဝန်ကျရာနေရာတွင် ဆက်သွယ်ရေးဆိုင်ရာ လုပ်ငန်းတာဝန်များကို အူရီးဒူး၏ တာဝန်ရှိသူအဖြစ် ကိုယ်စားပြုကာ ညှိနှိုင်းလုပ်ကိုင်ပေးနိုင်ရမည်။
- လုပ်ငန်းခွင်အတွင်း လုပ်ဆောင်ရမည့် တပ်ဆင်ရေးအပါအဝင် သက်ဆိုင်ရာလုပ်ငန်းစဉ်များအားလုံး ပြီးစီးနိုင်ရေးနှင့် ဖြစ်ပေါ်လာသော အခက်အခဲများကို သတ်မှတ်ထားသော အချက်အလက် စံနှုန်းများနှင့် ကိုက်ညီစေရန် စိစစ်ကာ စီမံပေးနိုင်ရမည်။
- လုပ်ငန်းခွင်အတွင်းနေ့စဉ်တိုးတက်မှုများကို ကြီးကြပ်ပြီး လုပ်ငန်းအချိန်ဇယားများနှင့် ချိန်ထိုးသုံးသပ်ကာ (အချိန်မီပြီးစီးနိုင်ခြင်း ရှိ / မရှိ) အစီအရင်ခံ တင်ပြနိုင်ရမည်။
- တာဝန်ကျရာနေရာတွင် ဆက်သွယ်ရေးဆိုင်ရာ လုပ်ငန်းတာဝန်များကို ညှိနှိုင်းဆောင်ရွက်ပြီး အစီရင်ခံတင်ပြနိုင်ရမည်။ ဖြစ်ပေါ်လာသော ကိစ္စရပ်များကို စုံစမ်းဖြေရှင်းနိုင်ပြီး လုပ်ငန်းများကို အချိန်အဟုန်မြင့် ဆောင်ရွက်ပေးနိုင်ရမည်။
- ဆက်သွယ်ရေးဆိုင်ရာလုပ်ငန်းများ လုပ်ကိုင်နေစဉ်အတွင်း မြင့်မားသောနေရာများတွင် တက်ရောက်လုပ်ကိုင်ခြင်းအပါအဝင် အခြားသောလုပ်ငန်းခွင်ဆိုင်ရာ ဘေးအန္တရာယ်ကင်းဝေးရေး စံနှုန်းများ အပေါ်တွင် အရည်အသွေးမှီစစ်ဆေးမှုများပြုလုပ်နိုင်ရမည်။
- လုပ်ငန်းခွင်အတွင်း အဆင်ပြေလွယ်ကူစေရန်အတွက် သတ်မှတ်စံနှုန်းများ ထပ်မံရေးဆွဲခြင်းများပြုလုပ်နိုင်ရမည်ဖြစ်ပြီး သက်ဆိုင်ရာဌာနအသီးသီးသို့ နှောင့်နှေးခြင်း မရှိစေဘဲ အချိန်မီဖြန့်ဖြူးပေးနိုင်ရမည်။
- လုပ်ငန်းဆိုင်ရာ စာရွက်စာတမ်းများကို စစ်ဆေးကြည့်ရှုခြင်း၊ ခွင့်ပြုချက်ချထားပေးခြင်းများ၊ BOQတွက်ချက်မှုများနှင့် အခြားသော လုပ်ငန်းတွင်းစာရွက်စာတမ်းများကိုလည်း ပြုလုပ်ရမည်ဖြစ်သည်။
- Project Team ထဲတွင်ပါဝင်သောအဖွဲ့ဝင်များအားလုံးကို နှောင့်နှေးခြင်းမရှိဘဲ တိကျမှန်ကန်သောအချက်အလက်များတင်ပြနိုင်ရန် ဖြစ်ပေါ်လာသည့် ကိစ္စရပ်များနှင့် လုပ်ငန်းပိုင်းဆိုင်ရာ တိုးတက်မှုများကို Project Database ထဲတွင်သိမ်းဆည်းမှတ်တမ်းတင်ထားရှိရမည်။

ကိုယ်ရေးရာဇဝင်ဖောင်ကို အင်္ဂလိပ်ဘာသာဖြင့်ရေးသား၍ **myanmarcareers@ooredoo.com** သို့ ပေးပို့လျှောက်ထားနိုင်ပါသည်၊
**www.facebook.com/ooredoomyanmar** သို့သွားရောက်၍လည်း ကိုယ်ရေးရာဇဝင်ဖောင်များကို ဖြည့်စွက်နိုင်ပါသည်၊
Ooredoo Myanmar Limited | 9th Floor, Centerpoint Tower, Yangon | T: +95-1-389 525

Life
7 DAY NEWS JOURNAL
Vol.12, No.37 • NOVEMBER 20 , 2013

# ဖေ့စ်ဘွတ်ခ်စင်မြင့်

ဉက္ကာကိုကို

“မေမြတ်မွန်သီချင်းဆိုတာ ကြည့်ပြီးပြီလား”ဟူသည့်ပဋိသန္ဓာရစကားတစ်ခု မကြာသေးမီက ဖေ့စ်ဘွတ်ခ်သုံးစွဲသူအချင်းချင်းကြား ရေပန်းစားခဲ့သည်။ မေမြတ်မွန်သီဆိုပြီး ဖေ့စ်ဘွတ်ခ်တွင် တင်ဆက်ထားသည့် ဗီဒီယိုလေးများကို မကြည့်ဖူးလျှင် ရက်ပိုင်းအတွင်းမှာပင် လူရာမဝင်တော့သကဲ့သို့ပင်ဖြစ်လေသည်။

ထိုမတိုင်မီကလည်း နီကီဘိုမင်းအောင်ဟူသည့်လူငယ်တစ်ဦး ဖေ့စ်ဘွတ်ခ်တွင် ရေပန်းစားဖူးသည်။ လဲလဲလဲလဲဟူသည့် သီချင်းကို ကိုယ်တိုင်သီဆိုရိုက်ကူးတင်ဆက်ခဲ့ခြင်းဖြစ်ပြီး ဝေဖန်မှုများစွာဖြင့် နာမည်ကျော်သွားခဲ့သည်။ ထိုသို့ပင် ဖေ့စ်ဘွတ်ခ်လူမှုကွန်ရက်လောကကြီးတွင် လတ်တလော ရေပန်းစားနေသည့် ဓာတ်ပုံ၊ သတင်း၊ ဗီဒီယို၊ ဆောင်းပါးစသည်တို့က အပြင်လောကသို့တိုင် လျှံကျလာတတ်လေသည်။

ဖေ့စ်ဘွတ်ခ်ကို စတင်တည်ထောင်မှု သက်တမ်းကိုးနှစ်တာကာလကို ကျော်လွန်လာသည်နှင့် အမျှ တစ်ကမ္ဘာလုံးရှိအင်တာနက်သုံးစွဲသူတို့အတွက် အလွယ်တကူ နာမည်ကျော်စေနိုင်သည့် စင်မြင့်တစ်ခုဖြစ်လာသည်။ အပြင်လောကတွင် အမည်ပေါက်ရန်ခက်ခဲသော ကိုယ်ပိုင်ဖန်တီးမှုများကို လူမှုကွန်ရက်စာမျက်နှာများတွင် ဖြန့်ဝေခြင်းဖြင့် လျင်မြန်စွာ နာမည်ကျော်စေနိုင်ပြီဖြစ်သည်။ ထိုအရာများမှာ အနုပညာမှသည် နိုင်ငံရေးလောကအထိ ကြီးမားစွာဖြစ်တည်လာခဲ့သည်။

ဂီတလောကသို့ ထိုးဖောက်ရန်ကြိုးပမ်းနေသည့် လူငယ်တို့၏ Underground Music များ ဖေ့စ်ဘွတ်ခ်မှတစ်ဆင့် လူကြိုက်များလျက် အခွေထုတ်နိုင်သည်အထိ ခိုင်မာစွာ အောင်မြင်လာကြသည်။ နိုင်ငံရေးကို ထိထိမိမိသရော်ရေးဆွဲလာကြသည့် ကာတွန်းဆရာများလည်း လူမှုကွန်ရက်ကြောင့် နာမည် ကျော်ကြားလာသည်။ တက်သစ်စ မော်ဒယ်များလည်း အလှဓာတ်ပုံများဖြင့် လူမှုကွန်ရက်တွင် နေရာယူထိုးဖောက်လာသည်။ ရွက်ပုန်းသီး စာပေကဗျာပညာရှင်များစွာ ဖေ့စ်ဘွတ်ခ်တွင် အောင်မြင်လာသည်။

ဖေ့စ်ဘွတ်ခ်ကို မိမိ၏ ကိုယ်ပိုင်လွတ်လပ်ခွင့်တစ်ခုအဖြစ် စိတ်ကြိုက်သုံးစွဲနိုင်သည့် အခွင့်အရေးက မြန်မာပြည်သူပြည်သားတို့ကို ဆွဲဆောင်လာနေပါပြီ။ ကိုယ်ပိုင်ခံစားချက်များကို ရေးသားနိုင်ခြင်း၊ မိမိ၏ ဓာတ်ပုံများကို တင်ဆက်နိုင်ခြင်း၊ အပေါင်းအသင်း မိတ်ဆွေများစွာရရှိ၍ လူမှုရေးနယ်ပယ်ဝင်ဆံ့လာနိုင်ခြင်း၊ ကုန်ပစ္စည်းများကို ကြော်ငြာနိုင်ခြင်း၊ မိမိဖန်တီးထားသည့် အနုပညာလက်ရာများကို လူအများထံ ပို့ဆောင်နိုင်ခြင်း စသည့် အားသာချက်များကြောင့် ဖေ့စ်ဘွတ်ခ်ကို လက်မလွတ်တမ်း သုံးစွဲလာကြခြင်းဖြစ်သည်။

ဖေ့စ်ဘွတ်ခ်တွင် မိမိဖန်တီးမှုကို တင်ဆက်လိုက်ပါက ကြိုက်နှစ်သက်သူတို့က ပြန်လည်ဝေမျှ၍ Share လုပ်မှုက ပိုမိုပျံ့နှံ့စေသည့် အချက်ဖြစ်သည်။ ဥပမာအားဖြင့် မိမိတွင် ဖေ့စ်ဘွတ်ခ်သူငယ်ချင်း ဦးရေငါးရာရှိသည်ဆိုပါစို့။ မိမိတင်ဆက်လိုက်သည့် ဟာသ(သို့မဟုတ်)ဓာတ်ပုံ(သို့မဟုတ်) ဗီဒီယိုဖိုင်တစ်ခုက မိမိသူငယ်ချင်းငါးရာကို မြင်တွေ့စေနိုင်ပြီး ထိုသူငယ်ချင်းများအနက် မိမိတင်ဆက်မှုကို ကြိုက်နှစ်သက်သူက Share ကိုနှိပ်၍ ပြန်လည်မျှဝေသည့်အခါ သူ့အကောင့်အတွင်းရှိသည့် သူငယ်ချင်းပမာဏတစ်ခုထံသို့ ထပ်ဆင့်ရောက်ရှိသွားမည်ဖြစ်သည်။ ထိုသို့ပင် အဆင့်ဆင့် Share လုပ်ခြင်းဖြင့် တင်ဆက်မှုတစ်ခုက ရေပန်းစားသည့်အဖြစ်သို့ရောက်ရှိသွားနိုင်သည်။

ထို့အပြင် ပျံ့နှံ့လာသည့် တင်ဆက်မှုတစ်ခုကို နာမည်ကျော် လူကြိုက်များပြီး Like လုပ်ထားသည့် ပရိသတ်များစွာရှိသော Facebook Page တစ်ခုခုက ပြန်လည်ဖော်ပြဖြန့်ဝေလိုက်ပါက ယခင်ထက်ပင် ပိုမိုရေပန်းစားသွားစေမည်ဖြစ်သည်။ ထို့ကြောင့်ပင် လူပုဂ္ဂိုလ် နာမည်ကျော်လိုသူများက ဖေ့စ်ဘွတ်ခ်ကို လက်မလွတ်တမ်း အသုံးပြုလာကြသည်။



ဓာတ်ပုံ - နစ်ကီ

“လွန်ခဲ့တဲ့ ၂၀၀၃၊ ၂၀၀၄ လောက်ကဆိုရင် အဆိုဝါသနာပါတဲ့သူတစ်ယောက် သူလုပ်ထားတဲ့ သူရဲ့တေးသီချင်းလေးတွေကို ပရိဂျူဆာတွေထံ မရောက်ရောက်အောင် လက်ဖက်ရည်ဆိုင်၊ အခွေဆိုင်၊ ဂိမ်းဆိုင်၊ အဝတ်အစားဆိုင်တွေ စူပါမားကတ်တွေကနေ public ဖြစ်တဲ့နေရာတွေကနေ ground ဖြန့်တော့ လှုပ်ရှားကြိုးစားရတာ ခက်ခဲတယ်။ ဒီနေ့အချိန်မှာတော့ ဖေ့စ်ဘွတ်ခ်မှာ Share မယ်၊ ကိုယ်ကနေတစ်ဆင့် ကိုယ့်သူငယ်ချင်းတွေကို မျှဝေခိုင်းမယ်၊ ကိုယ့် သူငယ်ချင်းတွေကနေတစ်ဆင့် ထပ်ပြီးဖြန့်ဝေဦးမယ်ဆိုရင် အချိန် တိုတိုအတွင်းမှာ လူထုကို ထိုးဖောက်အာရုံစိုက်စေနိုင်တယ်”ဟု ဖေ့စ်ဘွတ်ခ်ကို နေ့စဉ်ပုံမှန်သုံးစွဲသူ ကိုမိုးစက်နေက သုံးသပ်ပြသည်။

မေမြတ်မွန်ဟူသည့် အမျိုးသမီးတစ်ဦးက တေးသီချင်းများကို အပျင်းပြေသီဆိုရင်း ကွန်ပျူတာဗီဒီယိုဖြင့် ကိုယ်တိုင်ရိုက်ကူးအသံဖမ်းကာ သူ၏ ဖေ့စ်ဘွတ်ခ်စာမျက်နှာပေါ်တွင် တင်ဆက်ခဲ့ရာမှ လူသိများလာခဲ့သည်။ ကနဦးတွင် မေမြတ်မွန်၏ သူငယ်ချင်းများသာ သိရှိအားပေးခဲ့ရာမှ တဖြည်းဖြည်းနှင့် နာမည်ကြီးဖေ့စ်ဘွတ်ခ်စာမျက်နှာများပေါ်သို့ ပျံ့နှံ့သွားခဲ့၍ လူတိုင်းသိသည့် နာမည်ကျော်တစ်ဦးဖြစ်သွားခဲ့သည်။

မေမြတ်မွန်ကို လူမှုကွန်ရက်တွင် လူသိများစေသည့်အချက်များမှာ ခင်ပွန်းနှင့်ကွဲကွာ၍ သားဖြစ်သူနှင့်ပါ ခွဲခွာလိုက်ရကာ အထီးကျန်ခံစားချက်များဖြင့် ပြည့်နှက်နေသည့် အမျိုးသမီးတစ်ဦးအဖြစ်လည်းကောင်း၊ ခေတ်ပေါ်နှင့် ခေတ်ဟောင်းသီချင်းများသာမက အင်္ဂလိပ်သီချင်းများကိုပါ အသံ ကောင်းမွန်စွာ သီဆိုနိုင်၍လည်းကောင်း၊ ဗီဒီယိုဖိုင်အတွင်းတွင် လည်ဟိုက်လွန်းသည့်အင်္ကျီများ ဝတ်စားတတ်ခြင်းကြောင့်လည်းကောင်းဖြစ်သည်။ ဖေ့စ်ဘွတ်ခ်ထုံးစံအတိုင်း အမှန်တကယ် နှစ်သက်အားပေးကြသူများစွာရှိသကဲ့သို့ ဝေဖန်ရှုတ်ချသူများ

**အချပ်ပို (XII)သို့**



7DAY NEWS JOURNAL
Vol.12, No.37 • NOVEMBER 20 , 2013

# ဝမ်းတစ်ခါးအတွက် ရွှေကျင်ကြခြင်း

အောင်နိုင်

နေဝင်လာသည်နှင့် တစ်ပြိုင်နက် ရာသီဥတုမှာ အေး၍စိမ့်လာသည်။ မြစ်ဆုံတွင် တစ်နိုင်တစ်ပိုင် ရွှေကျင်နေသော ကိုဘိုမြင့်တစ်ယောက် လုပ်ငန်းခွင်ပစ္စည်းများကို သိမ်းဆည်း၍နေသည်။ နံနက်စောစောကတည်းက စတင်ခဲ့သော တစ်ရက်တာ လုပ်ငန်းခွင်မှ အနားယူတော့မည်။ ဤသည်မှာ ကိုဘိုမြင့်ကဲ့သို့ တစ်နိုင်တစ်ပိုင် ရွှေကျင်သူများ၏ နေ့စဉ်ဘဝပင် ဖြစ်လေသည်။

ကိုဘိုမြင့်မှာ စစ်ကိုင်းတိုင်း ထီးချိုင့်မြို့နယ် ဇာတိဖြစ်ပြီး လွန်ခဲ့သည့် သုံးလခန့်ကမှ ကချင်ပြည်နယ်သို့ရောက်ရှိလာသူဖြစ်သည်။ ဇာတိမြေတွင်တောင်ယာလုပ်ငန်း လုပ်ကိုင်ရသည်မှာ စားဝတ်နေရေး အဆင်မပြေသောကြောင့် ရေကြည်ရာမြက်နုရာရှာဖွေရင်းသူ၏ဇနီးနှင့်အတူ မြစ်ကြီးနားမြို့သို့ ရောက်ရှိလာခြင်းဖြစ်သည်။ ဆယ်နှစ်အရွယ်ဝန်းကျင် ရင်သွေးနှစ်ဦးကိုမူ သူ၏မိဘများနှင့် ရွာတွင်ထားရစ်ခဲ့ရသည်ဟု ကိုဘိုမြင့်က ဆိုပါသည်။

ကချင်ပြည်နယ်သို့ ရောက်ခါစက စျေးရောင်းခဲ့သော ကိုဘိုမြင့်တို့ဇနီးမောင်နှံမှာ ယခုအခါ ရွှေကျင်ရင်းဘဝကို ရုန်းကန်နေကြရသည်။

“ပင်ပန်းတာပေ့ါ။ ဒါပေမဲ့ ရွေးစရာမရှိဘူး။ ဒီအလုပ်လေးက မဆိုးဘူး” ဟု ကိုဘိုမြင့်က ရွှံ့နှစ်များ ပေကျံနေသော လက်ကိုခါရင်းက ဆိုပါသည်။

ကိုဘိုမြင့်ကဲ့သို့ ရွှေကျင်သူများသည် နံနက် ၇ နာရီခန့်မှစ၍ လုပ်ငန်းခွင်ဆင်းကြပြီး နေဝင်ချိန်မှသာ အလုပ်သိမ်းလေ့ရှိကြသည်။ သူတို့လုပ်ငန်းခွင်သုံး ပစ္စည်းများမှာ ဝါးဖြင့်ပြုလုပ်ထားသော မျောတိုင်၊ ကော်ဇော၊ အင်ဝိုင်းဟုခေါ်သည့် မြေနှစ်များကို ပြားသည့် ပစ္စည်းနှင့် ရေခွက်တစ်ခွက်သာ ဖြစ်သည်။

“ကော်ဇောမှာတင်နေတဲ့မြေနှစ်တွေကို အင်ဝိုင်းမှာ ပြားတယ်။ ပြီးရင် ခွက်ထဲထည့်ပြီးမှ ပြဒါးနဲ့ ဖမ်းရင် ရွှေစလေးတွေ ကပ်လာတာ” ဟု ကိုဘိုမြင့်က တစ်နိုင်တစ်ပိုင် ရွှေကျင်နည်းကို အသေအချာ ရှင်းပြသည်။

ရွှေကျင်သူများမှာ တစ်နေကုန်လုပ်သော်လည်း တစ်ရက်လျှင် ရွှေတစ်ရွေးကျော်ခန့်သာ အများဆုံးရရှိလေ့ရှိကြသည်။ တစ်ရွေးလျှင် လေးထောင်ကျပ်နှုန်းဖြင့် ဆိုင်များတွင် ပြန်သွင်းပြီးမှ ဆန်၊ ဆီ၊ ဟင်း ဝယ်ကာ စားဝတ်နေရေး ဖြေရှင်းကြရသည်။

“ရတာလေးနဲ့ ဝယ်ချက်စားပြီးရင် နောက်နေ့ပြန်လုပ်။ တစ်ရက်လုပ်တစ်ရက်စားပဲ”ဟု ကိုဘိုမြင့်က လုံးချာလည်နေသော သူတို့ဘဝအကြောင်းကို အားမလို အားမရစကား ဆိုပါသည်။

ရွှေကျင်သူတချို့မှာ တစ်နေ့အလုပ်ပြီးသည်နှင့် အဖြူရောင်ယမကာရည်လေးမှီဝဲကာ အပန်းဖြေလေ့ရှိကြသည်။

**စာမျက်နှာ (၇)သို့**




## မျှစ်ပင်စိမ်းချဉ်

ဒီတစ်ပတ်ဝိုက်ဖီက ဟိုးတုန်းက ချက်ဖူးတဲ့ ဟင်းလေးတစ်ခွက်ကို ပုံစံတစ်မျိုးနဲ့ ပြင်ဆင် ချက်ပြုတ်ထားပါတယ်။

ပထမဆုံးမျှစ်စို့ပေါက် နုနု လေး ၂၀၀ ဖိုး၊ ပုစွန်ကျား ၁၀ ကျပ် သား၊ ငရုတ်သီးစိမ်း ၁၀ တောင့်၊ ပင်စိမ်းနှစ်ပင်နဲ့ သံပရာသီးနှစ်စိတ်လောက် လိုပါတယ်။

ပထမဆုံး မျှစ်စို့ပေါက်လေးတွေကို ၁၀ မိနစ်လောက် ပြန်ပြုတ်ပါ။ ပြီးရင် အတုံးသေးသေးလေးတွေ တုံးပါ။ ငရုတ်သီးစိမ်းကို အလယ်ကနေ ခြမ်းထားပါ။

ပထမဆုံးကြက်သွန်ဖြူနီကို နနွင်းမှုန့်လေးနဲ့ ဆီသတ်ပါမယ်။ ပုစွန်လေးတွေထည့်ပါ။ ပုစွန်ထည့် ဆီသတ်ပြီးရင် မျှစ်တုံးလေးတွေ ထည့်ပါမယ်။ အရသာထည့်ပြီး ရေနည်းနည်းထည့်ပြီး နှစ်မိနစ်လောက် အုပ်ပေးပါ။ ပြီးတာနဲ့ သံပရာသီးနှစ်စိတ်လောက် ညှစ်၊ ပင်စိမ်းအုပ်ပြီးချလိုက်လို့ရပါပြီ။

“သင်ထင်ထားတာထက် တုပ်ကွေးရောဂါ ပိုဖြစ်နိုင်ပါတယ်”
အစုချက်ခြင်း ကာကွယ်ထားသင့်ပါတယ်။



တုပ်ကွေးရောဂါမဖြစ်စေရန် ကာကွယ်သင့်သူများမှာ[1] -
- နာတာရှည်ရောဂါရှိသူများ(ဥပမာ - နှလုံးရောဂါ၊ဆီးချိုရောဂါ၊အဆုတ်ရောဂါ)
- ကလေးငယ်များ (အသက်(၆)လ အထက်ရှိသောကလေးများအားလုံး)
- အသက်ကြီးသောသူများ နှင့်
- လူတိုင်းကာကွယ်ထားသင့်ပါတယ်။

တုပ်ကွေးရောဂါကြောင့် နောက်ဆက်တွဲဆိုးကျိုးများ မဖြစ်စေရန် နီးစပ်ရာဆရာဝန်နှင့်တိုင်ပင်ပါ။(ဥပမာ ကာကွယ်ဆေးထိုးခြင်း)

References
(1) Chisanu P, et al. Handbook of Vaccines: Asian Perspective, Bangkok, 2006.
(2) Cold and Flu symptoms-WebMD on November 01, 2011

gsk do more feel better live longer




ဒီဇိုင်နာသက်နှင်းဒါက
ရိုးရှင်းလှပတဲ့ မြန်မာဝတ်စုံ
နှစ်သက်သူတွေအတွက်
ဖန်တီးပေးထားပါတယ်။
ပိုးအစိမ်းရောင်လေးမှာ
ကျောက်မျက်လေးတွေနဲ့
အလှဆင်ပေးထားတဲ့အတွက်
အေးချမ်းလှပနေစေမှာဖြစ်ပါတယ်။
Model: May Akari
Arranged by : Maple
Make up : May Sabai Nyo(December)
Photo: J Maung Maung (Amarapura)

7 DAY NEWS JOURNAL
Vol.12, No.37 ▪ NOVEMBER 20 , 2013

စာမျက်နှာ (၆)မှ

## ဝမ်းတစ်ခါးအတွက် ရွှေကျင်ကြခြင်း

တစ်နေ့က ပင်ပန်းသမျှ ပြေပျောက်ပြီး နောက်တစ်ရက်အလုပ်လုပ်ရန် အားမွေးဖို့အပန်းဖြေခြင်း ဖြစ်သည်ဟုလည်း ရွှေကျင်ကြသူများက ဆိုပါသည်။

“အရက်သောက်ပြီးရင် ထမင်းစား၊ပြီးရင် အိပ်တယ်”ဟု မြစ်ဆုံတွင် ရွှေကျင်နေသူတစ်ဦး ဖြစ်သော ဦးထွန်းဦးက ဆိုပါသည်။

မြစ်ဆုံတွင် ဈေးရောင်းသူ မိသားစုတချို့မှာလည်း ညှော်သည် နည်းသည့် မိုးရာသီအတွင်းဈေးရောင်းခြင်းကို ရပ်နားပြီး ရွှေကျင်လေ့ရှိကြသည်။ ပင်ပန်းသော်လည်း တခြားအလုပ်ကိုလည်း မလုပ်တတ်ဟု ဆိုပါသည်။

“ဈေးရောင်းတာ ညှော်သည်များရင် ကိုက်တာပေါ့။ မိုးဆိုရင် လူလာတာနည်းတယ်လေ။ဒီတော့ ရွှေကျင်တယ်။ ဒါမလုပ်လည်း မရှိတော့ မလုပ်ရင် ငတ်မှာပေါ့” ဟု မြစ်ဆုံတွင် ဈေးဆိုင်လေးဖွင့်ထားသော အသက်(၄၀)အရွယ် အမျိုးသမီးတစ်ဦးက ပြောသည်။



*ကချင်ပြည်နယ်တစ်နေရာတွင် တစ်နိုင်တစ်ပိုင် ရွှေကျင်နေသူနှစ်ဦးကို တွေ့ရစဉ်*

ဓာတ်ပုံ - အောင်ခိုင်

တစ်နိုင်တစ်ပိုင် ရွှေကျင်သူများအနေဖြင့် အခွန်အကောက်များကိုပေးရန်လည်း မလိုပါ။ သို့သော်လည်း ဥာနဆိုင်ရာ လူကြီးများ မြစ်ဆုံသို့လာသည့်အခါမျိုးမှာတော့ သူတို့၏ အလုပ်ကို နားခိုင်းလေ့ရှိကြသည်။

“လူကြီးလာရင်နားခိုင်းတယ်။ ပြီးမှပြန်လုပ်တယ်”ဟု ဦးထွန်းရီက ဆိုသည်။

တစ်နယ်တစ်ကျေးမှ လာရောက်ရွှေကျင်သူများမှာလည်းမြစ်ဆုံဈေးတန်းအနီးတွင် တဲထိုးကာ နေလေ့ရှိကြသည်။ အိမ်ငှားရမ်းခ မပေးရသည့်အတွက် အသက်ရှူချောင်ရသည်ဟု ပြောကြသည်။

“ဟိုးကမြင်နေရတာ ကျွန်တော့်အိမ်လေ ကိုယ်ဟာကိုယ် ထိုးတာ” ဟု ကိုဘိုမြင့်က ဆိုသည်။

ရွှေကျင်သူများသည် သူတို့ဝင်ငွေဖြင့် မလုံလောက်သည့် အတွက်ကြောင့်လည်း မိသားစုဝင်များက တစ်ဖက်တစ်လမ်းမှ အလုပ်လုပ်ရင်း စားဝတ်နေရေး ကူညီဖြေရှင်းကြရသည်။

“မိန်းမက ဈေးဆိုင်တွေ ကူသိမ်းပေးတယ်။ တစ်ရက်တစ်ထောင်ရတယ်” ဟု ကိုဘိုမြင့်က အင်ဝိုင်းပေါ်မှ မြေနှစ်များကိုပြားရင်းက ဆိုသည်။

ဝေးရပ်တစ်နေရာမှ လာရောက်၍ မြစ်ဆုံတွင်ရွှေကျင်နေသူများမှာ အလုပ်အကိုင်အဆင်ပြေပါက ဇာတိသို့ပြန်ကြမည်ဟု စိတ်ကူးလေ့ရှိကြသည်။ လတ်တလောအချိန်တွင်တော့ နေ့စဉ်စားဝတ်နေရေးအတွက်သာ သူတို့ ရုန်းကန်နေရဆဲပင် ဖြစ်သည်။

“ပျော်တယ်တော့ မဟုတ်ဘူး။ ရွာပြန်ဖို့ စိတ်ကူးရှိပါတယ်။ ပိုက်ဆံရှိရင်ပေါ့”



7 DAY NEWS JOURNAL

Vol.12, No.37 ▪ NOVEMBER 20 , 2013



ဦးသိန်းစိန်နှင့်ဘေးခပ်လှမ်းလှမ်းမှလိုက်ပါလာသည့် ဒေါ်ဇင်အောင်အောင် ဓာတ်ပုံ-အေးသူစံ

# သမ္မတ၏အမျိုးသမီးကိုယ်ရံတော်

**အေးသူစံ**

ခန်းမကြီးအပြည့် အစီအရီထိုင်နေသော လူထုပရိသတ်အလယ်တွင်မီးခိုးရင့်ရောင်ဝတ်စုံဖြင့်ပိန်ပိန်ပါးပါး၊အရပ်ခပ်မြင့်မြင့်နှင့် အမျိုးသမီးသည် နိုင်ငံတော်သမ္မတဦးသိန်းစိန်နှင့် ၁၂ ပေခန့်အကွာတွင် တစ်ဦးတည်း မတ်တတ်ရပ်နေသည်။ သူ့မျက်လုံးများကပတ်ဝန်းကျင်ကိုမျှည်ခြည်မပြတ်အကဲခတ်နေသည်။ လက်မောင်းတစ်ဖက်စီတွင် မြန်မာနိုင်ငံအလံနှင့် အထူးတပ်ဖွဲ့၏ အတိုကောက် (STF) တံဆိပ်တို့တပ်ဆင်ထားပြီး ၄င်းကိုစေ့စေ့စပ်စပ်လေ့လာကြည့်လျှင် ခါးနောက်ဘက်တွင်ထိုးထားသည့် ပစ္စတိုတစ်လက်ကိုတွေ့နိုင်သည်။ ထိုမြင်ကွင်းမှာ သမ္မတဦးသိန်းစိန်နှင့်အစိုးရအဖွဲ့ဝန်ကြီးအချို့တက်ရောက်နေသော နိုင်ငံတကာဆွေးနွေးပွဲတစ်ခုတွင်ဖြစ်သည်။

ထိုအမျိုးသမီးကို အနီးကပ်လေ့လာကြည့်လျှင်မြန်မာနိုင်ငံ၏အမြင့်ဆုံးပုဂ္ဂိုလ်ဖြစ်သည့် နိုင်ငံတော်သမ္မတအနီး လက်နက်ကိုင်ဆောင်ထားသည့် အထူးတပ်ဖွဲ့ဝင်မှာ သက်လတ်ပိုင်းအရွယ်အမျိုးသမီးတစ်ဦးဖြစ်နေခြင်းပင်။

နိုင်ငံတကာတွင် အမျိုးသမီးကိုယ်ရံတော်ထားရှိခြင်းမှာမဆန်းသော်လည်း မြန်မာအစိုးရခေါင်းဆောင်များအစဉ်အဆက် အမျိုးသမီးများကို အနီးကပ်လုံခြုံရေးအဖြစ်ထားခြင်းမှာ ရှားပါးလွန်းပါသည်။

ထို့ကြောင့်အရပ်သားအစိုးရသမ္မတဦးသိန်းစိန်အနီး အမျိုးသမီးလုံခြုံရေးအရာရှိများကို မြင်တွေ့ရခြင်းကပင် အသစ်အဆန်းဖြစ်နေသည်။

အထူးတပ်ဖွဲ့ဝင် ၂၀၀ ထဲကဆန်ခါတင်ရွေးချယ်ထားသည့် သမ္မတလုံခြုံရေးအရာရှိများအနက် အမျိုးသမီးလေးဦးထဲတွင် တစ်ဦးဖြစ်သည့် ဒုရဲအုပ်ဒေါ်ဇာဇာအောင်မှာ သမ္မတဦးသိန်းစိန်၏ လုံခြုံရေးအရာရှိအဖြစ် သုံးနှစ်ကြာတာဝန်ထမ်းဆောင်ခဲ့ပြီးဖြစ်သည်။

သမ္မတ၏ ပြည်တွင်း၊ပြည်ပခရီးစဉ်တိုင်း ထိုအမျိုးသမီးလေးဦးအလှည့်ကျလိုက်ပါရလေ့ရှိပြီး အထက်မြက်ဆုံးနှင့် အထူးတပ်ဖွဲ့ခေါင်းဆောင်ကိုယ်တိုင် ချီးကျူးရသည့်အရည်အချင်းများကြောင့် ဦးသိန်းစိန်၏ခရီးစဉ်တိုင်းလိုလိုဒေါ်ဇာဇာအောင်လိုက်ပါရလေ့ရှိသည်။

ပိန်ပိန်သွယ်သွယ်၊ အသားခပ်လတ်လတ်နှင့် ဒေါ်ဇာဇာအောင်သည် နိုင်ငံခြားဇာတ်ကားများထဲမှ ကိုယ်ရံတော်များလို ကိုယ်လုံးကိုယ်ထည်ခပ်တောင့်တောင့်မဟုတ်သဖြင့် ရုတ်တရက်ဆိုလျှင် သာမန်အရပ်သူတစ်ဦးအဖြစ်သာ ထင်မြင်မိမည်ဖြစ်သည်။သို့သော် ယောကျ်ားကြီးလေးငါးယောက်လောက်ကို တစ်ပြိုင်တည်းတိုက်ခိုက်လှဲသတ်နိုင်ပြီး အထိုးအနှက်၊ အသတ်အပုတ် ကျွမ်းကျင်ကာ မီတာ ၃၀ အတွင်းက ပစ်မှတ်ကို သေနတ်ဖြင့် နောက်ပြန်ထိမှန်အောင်ပစ်နိုင်သည့် ဒေါ်ဇာဇာအောင်၏အရည်အချင်းကိုအကြမ်းဖက်နှိမ်နင်းရေးတပ်ဖွဲ့ဝင်အချင်းချင်းကပင် လေးစားသမှုရှိကြသည်။

စစ်ကိုင်းတိုင်း၊ တန့်ဆည်မြို့မှ ဆိုင်ကယ်ဖြင့် နာရီဝက်ခန့်ထပ်မံသွားရောက်ရသည့် အိမ်ခြေနည်းပါးလွန်းလှသော နားပတ်ကြီးကျေးရွာသူတစ်ဦးဖြစ်သည့် ဒေါ်ဇာဇာအောင်မှာ တောင်သူလုပ်ငန်းလုပ်ကိုင်နေသော မိဘများကဆင်းသက်လာသော်လည်း ငယ်စဉ်ကတည်းက နုနုရွရွနှင့် မိန်းမဆန်သည့်အလုပ်ကို စိတ်မဝင်စား။ စွန့်စွန့်စားစားနှင့် ရဲအလုပ်ကိုမှ ဝါသနာပါသည်။ မိဘများကမပြည့်စုံသော်လည်း သူတို့မောင်နှမခုနစ်ယောက်လုံးကို ပညာကြိုးစားသင်ယူစေသည်။ ၂၀၀၃ ခုနှစ်တွင် မုံရွာတက္ကသိုလ်မှ သမိုင်းအဓိကဖြင့်ဘွဲ့ရချိန် နှစ်အတန်ကြာရပ်နားထားခဲ့သည့် အမျိုးသမီးရဲတပ်သားများ ပြန်လည်ခေါ်ယူသည့်အခါ ဝင်လျှောက်ဖြစ်သည်။

ဝါသနာနှင့်အလုပ် တစ်ထပ်တည်းကျသည့်အတွက် သင်တန်းတိုင်းတွင် ထူးချွန်စွာအောင်မြင်သည်။ တပ်ဖွဲ့ဝင်တိုင်းရဖို့ခက်သည့် အကောင်းဆုံးသင်တန်းသားနှင့် အကောင်းဆုံးသေနတ်ပစ်ဆုနှစ်ခုလုံးကို ၄င်းတစ်ဦးတည်းကရရှိခဲ့ပြီး အကောင်းဆုံးသေနတ်သမားဆုတို့ကိုရရှိသည်။

မီတာသုံးရာ(ပေတစ်ထောင်ပတ်လည်အတွင်း)ရွေ့လျားနေသော ပစ်မှတ်ကိုပင် ထိမှန်အောင်ပစ်ချနိုင်ပြီးပေနှစ်ဆယ်၊ အစိတ်အတွင်း ပစ်မှတ်ကတော့ လုံးဝပြေးမလွတ်ဟု ဒေါ်ဇာဇာအောင်တို့၏ တပ်ဖွဲ့ခေါင်းဆောင်ဖြစ်သူ ဗိုလ်မှူးကြီးအောင်ထွန်းလွင်က ချီးမွမ်းပြောဆိုသည်။

ရဲတပ်သားမှ အကြမ်းဖက်နှိမ်နင်းရေးတပ်ဖွဲ့ဝင်ဖြစ်လာချိန် ၂၀၀၉ ခုနှစ်တွင် ၄င်းအပါအဝင် တပ်ကြပ်အမျိုးသမီး ၁၈ ဦးကို အရာရှိကြီးအချို့က လူတွေ့မေးမြန်းမှုပြုလုပ်သည်။ အသက်ပေး၍ တာဝန်ထမ်းဆောင်နိုင်ပါသလားဟုမေးလာချိန်တွင်လက်တွေ့ကျပြီး ရိုးရှင်းလွန်းသော၄င်း၏စကားတစ်ခွန်းကြောင့် သမ္မတ၏လုံခြုံရေးအရာရှိဖြစ်လာစေခဲ့သည်ဟု ၄င်းကယုံကြည်သည်။

"မသေသင့်တဲ့နေရာတော့ ဘယ်သူကမှ သေချင်မှာမဟုတ်ဘူး။ ဒါပေမဲ့ တာဝန်ပေးလာရင်တော့သေဖို့အဆင်သင့်ပဲ"ဟုဒေါ်ဇာဇာအောင်ကပြောခဲ့သည်။

နေပြည်တော်တွင် ပထမအကြိမ်လွှတ်တော်အစည်းအဝေးများအပြီး ၂၀၁၀ ဧပြီတွင် သမ္မတအိမ်တော်တွင် စတင်တာဝန်ထမ်းဆောင်ရန်အမိန့်ကို မျှော်လင့်မထားဘဲ လက်ခံရရှိခဲ့သည်။ ဒုရဲအုပ်အဆင့်ဖြင့် အိမ်တော်သို့ စတင်ရောက်ရှိချိန်က စိုးရိမ်စိတ်များရှိခဲ့ကြောင်းဒေါ်ဇာဇာအောင်ကဝန်ခံသည်။

"နည်းနည်းတော့စိုးရိမ်စိတ်ဖြစ်မိတယ်။ အတွေ့အကြုံကလည်းမရှိတော့ စိတ်လှုပ်ရှားတယ်။ကိုယ်ကာကွယ်ရမယ့်လူက မြန်မာနိုင်ငံမှာအကြီးဆုံးဆိုတော့လေ"

ရဲတပ်သားဘဝက လူဆိုးဖမ်းသည့်အတွေ့အကြုံများကလည်း ဒေါ်ဇာဇာအောင်အတွက် လုံခြုံရေးအရာရှိဖြစ်လာစေသည့် အထောက်အပံ့ကောင်းများဖြစ်လာခဲ့သည်။

"သာကေတက ဘောလုံးပွဲဒိုင်ကြီးကို ပထမဆုံးစဖမ်းတာ။ ဝင်းထဲမှာ ယောကျ်ားတွေချည်းပဲ ၁၀၀ ကျော်လောက်ရှိတယ်။ အဲဒီအချိန် ဒိုင်ကမီးဖြတ်လိုက်ရော။ ဘယ်သူမှ မမြင်ရဘူး။ မည်းမည်းမြင်ရာ အသားကုန်ချပဲ။ကျွန်မက လည်ပင်းတက်နင်းပြီး ဖမ်းထားတာ။ မီးပြန်လာလို့ ကိုယ့်ကိုမိန်းကလေးမှန်းလည်းသိရော ဟာမိန်းမတွေဆိုပြန်လုပ်တာပေါ့တဲ့၊ ပြောကုန်ရော။ ကိုယ်ကပြန်ပြောရမလားဆိုပြီး နားပန်တွေကျင်းပစ်လိုက်တာ"ဟု ပြောသည်။

အိမ်တော်သို့ရောက်ပြီးနောက် ပထမဆုံးကိုယ်ရံတော်အတွေ့အကြုံအဖြစ် သမ္မတ၏ အိန္ဒိယနိုင်ငံခရီးစဉ်တွင် အသက်အန္တရာယ်ထိခိုက်လောက်သောဖြစ်ရပ်မဟုတ်သော်လည်း လုံခြုံရေးစည်းအတွင်း ဝင်ရောက်လာသော သတင်းထောက်တစ်ဦးအကြောင်းနှင့် အဖြစ်အပျက်ကိုမှတ်မှတ်ရရဖြစ်နေကြောင်း ၄င်းကပြောသည်။

"ဘကြီးကကားပေါ်အတက် ကျွန်မက ကားနားမှာ အသင့်နေရာယူထားတုန်း မိုက်ကိုင်ထားတဲ့ သတင်းထောက်တစ်ယောက်က အတင်းပြေးဝင်လာပြီး ဘကြီးကို မေးတော့တာ။ တော်တော်လေး ရုန်းရင်းဆန်ခတ်ဖြစ်သွားပြီး သတင်းထောက်ကိုတွန်းထုတ်ရတာတွေ၊ ဘာတွေလုပ်ခဲ့ဖူးတယ်။ ကျန်တာကြီးကြီးမားမား အသက်အန္တရာယ်ဘေးနီးကပ်တာမျိုးမရှိခဲ့ဖူးဘူး"ဟု ဆိုသည်။

မြန်မာနိုင်ငံ၏ အနေအထားအရသမ္မတဖြစ်သူသည် အနီးကပ်အန္တရာယ်ပြုမည့်သူများ ပေါ်ပေါက်နိုင်ခြေနည်းသော်လည်း မိမိအပေါ် ယုံကြည်ခန့်အပ်ခြင်းခံထားရ၍ စက္ကန့်မလပ်သတိထားပြီး ၄င်းက မပေါ့ဆရဲပေ။

"မသင်္ကာစရာဆို လည်း ကိုယ်က ချက်ချင်းသိနေသလိုပဲ။ လုံခြုံရေးလိုက်တာနဲ့တောင်ကြည့်မြောက်ကြည့်တစ်ချိန်လုံးကြည့်နေတာ။ ကိုယ်တိုင်ကြုံမှပဲသိမှာ။ ခုချိန်မှာပြောရင်အပြောပဲဖြစ်မှာ။ ဖြစ်လာတာနဲ့ ကိုယ်ဘယ်လိုတုံ့ပြန်မလဲ၊ အဆင်သင့်ပြင်ထားပြီးသားပဲ"ဟု ၄င်းက ယုံကြည်မှုအပြည့်ဖြင့် ပြောသည်။

ယခင်အစိုးရလက်ထက်တွင် အကြီးအကဲများအိမ်တွင် တာဝန်ထမ်းဆောင်ရသော တပ်ဖွဲ့ဝင်များမှာ အလုပ်နှင့်မဆိုင်သည့် ကိုယ်ရေးကိုယ်တာအလုပ်များကိုသိမ်းကျုံးလုပ်ကိုင်ပေးရလေ့ရှိသော်လည်း သမ္မတဦးသိန်းစိန်နှင့် ဇနီးဒေါ်ခင်ခင်ဝင်းတို့သည် တာဝန်မှလွဲ၍ ကိုယ်ရေးကိုယ်တာကိစ္စများ လုံးဝခိုင်းစေခြင်းမရှိပေ။ အိမ်တော်ဝန်ထမ်းများကို မိဘနှင့်သားသမီးသဖွယ် နွေးထွေးစွာဆက်ဆံခံရခြင်းကြောင့် မည်မျှအလုပ်လုပ်ရသည်ဖြစ်စေ ပင်ပန်းသည်ဟု မခံစားရဟု ဒေါ်ဇာဇာအောင်က ပြောသည်။

လုံခြုံရေးအရ ဘယ်တော့မှကြိုတင်သိရလေ့မရှိသည့် သမ္မတလမ်းကြောင်းများအတွက် ခေါ်သည့်အချိန် ချက်ချင်းထလိုက်သွားရန် အမြဲပြင်ဆင်ထားလေ့ရှိပြီး မိခင်တပ်ဖွဲ့တွင်လည်း နည်းပြအဖြစ် ပြန်လည်လုပ်ကိုင်နေခြင်းကြောင့် ကိုယ်ပိုင်အားလပ်ချိန်ရှားပါးလွန်းပါးသည်။ သို့သော် မိသားစုအတွက် တစ်ဖက်တစ်လမ်းက ပြန်လည်ထောက်ပံ့နိုင်သည့် ၄င်း၏ တစ်လစာတစ်သိန်းတစ်သောင်းရှစ်ထောင်ကျပ်အတွက် အလွန်ကျေနပ်နေဟန်ရှိနေပါသည်။

"သမ္မတကြီးက ကျွန်မတို့ကို မုန့်ဖိုးအဖြစ် သုံးသောင်းပေးတယ်။ အဲဒါကိုသုံးပြီး လစာကို အိမ်ကိုအမြဲလွှဲပေးတယ်။ မောင်လေးတွေ ကျောင်းစရိတ်ရှိတယ်လေ။ ကျွန်မက သိပ်မသုံးတော့ မကုန်ဘူး။ ဘယ်မှလည်းမသွားရတော့ အဝတ်အစားလည်းမဝယ်ဖြစ်ဘူး"ဟု နားရွက်အောက်နားအတိညှပ်ထားသော ဆံပင်ကိုသပ်တင်ရင်း ရယ်ရယ်မောမောဖြင့် ပြောသည်။

လုပ်ငန်းသဘောအရ ဒေါင်းတင်မောင်းတင်နေထိုင်ရသော်လည်း အရွယ်ရောက်သူတစ်ဦးပီပီ ခံစားတတ်တဲ့နှလုံးသား ၄င်းတွင်ရှိပါသည်။ အချစ်ရေးအကြောင်းစကားစသည့်အခါ စကားဝိုင်းတစ်လျှောက်လုံးတက်ကြွရဲရင့်နေသည့် မျက်နှာထားက မဆိုသလောက်ပျော့ပျောင်းသွားပါသည်။ စကားသံခေတ္တတိတ်သွားပြီးနောက် အသေးစိတ်ဖြေကြားရန်ငြင်းဆိုခဲ့ပြီး 'ကံပါသလောက်ပေါ့။ ကြိုတော့မတွေးထားပါဘူး"ဟု ဆိုလေသည်။

လုံခြုံရေးအရာရှိအပြင် နေ့စဉ်မနက်၅နာရီမှည၈နာရီခွဲအထိ ပြင်းထန်သောလေ့ကျင့်ခန်းများဖြင့် သင်ကြားလေ့ကျင့်ပေးရသူ အကြမ်းဖက်နှိမ်နင်းရေးသင်တန်းနည်းပြအဖြစ် ရပ်တည်နေပြီး ဝန်ထမ်းဖြစ်သည့်အတွက် ပျော်ရာမှာမနေရ တော်ရာမှာနေရမည်ဆိုသည့်မူကိုလည်း ၄င်းက လက်ကိုင်ထားသည်။

အမျိုးသားနှင့် အမျိုးသမီး တန်းတူအခွင့်အရေးရမှု မညီမမျှဖြစ်နေဆဲ မြန်မာနိုင်ငံတွင် ၄င်းသင်ကြားလေ့ကျင့်ပေးလိုက်သည့် အမျိုးသားတပ်ဖွဲ့ဝင်အချို့သည်ပင် ယခုအခါ ၄င်းထက် ရာထူးအဆင့်မြင့်မားသွားပြီဖြစ်သည်။ သို့သော် ဒေါ်ဇာဇာအောင်ကိုမူ လေးစားမှုဖြင့် နေရာပေးဆက်ဆံမြဲဖြစ်သည်။ သို့သော် ရာထူးဌာနန္တရများကို ၄င်းမမက်မောပါ။ ၄င်းရှေ့က စီနီယာရဲဘော်အစ်မများမှာလည်း ဒေသအသီးသီးတွင် တာဝန်ကိုယ်စီဖြင့် ထမ်းဆောင်နေကြပြီး ၄င်းကတော့ အထူးတပ်ဖွဲ့ဝင်အဖြစ်ကိုသာ ကျေနပ်နှစ်သက်ပါသည်။

သမ္မတ၏ လုံခြုံရေးအရာရှိအဖြစ် မည်သည့်အချိန်ထိ ဆက်လက်လုပ်ကိုင်သွားမည်ကိုမူ ၄င်းက ရိုးရိုးသားသားပင် ဖြေကြားပါသည်။

"သမ္မတကြီး ခန့်သလောက်ပေါ့။ အနာဂတ်မှာ ကိုယ်ကတော့ ဘာမဆို တာဝန်ကျေအောင်လုပ်သွားမယ်"

7 DAY NEWS JOURNAL
Vol.12, No.37 • NOVEMBER 20 , 2013

# တေးဂီတလေ့ကျင့်သင်ကြားခြင်းဖြင့် ကလေးငယ်များဦးနှောက်ကျန်းမာကြံ့ခိုင်စေ




*ကလေးငယ်များအား တေးဂီတဖြင့်သင်ကြားပေးသော သင်တန်းကျောင်းတစ်ခု၏* Fun Fair *မြင်ကွင်း*

**ဝါရှင်တန်၊ နိုဝင်ဘာ-၁၅**

တူရိယာပစ္စည်းတစ်ခုခု တီးခတ်ခြင်းသည် ကလေးသူငယ်များ၏ ဦးနှောက်တွင် အခြေခံပြောင်းလဲမှုများ ဖြစ်ပေါ်စေနိုင်ပြီး အသက်အရွယ်ကြီးရင့်သည်အထိ ဦးနှောက်လုပ်ငန်းများ တိုးတက်စေနိုင်သည်ဟု သုတေသနအသစ်တစ်ခုက ရှာဖွေတွေ့ရှိခဲ့သည်။

အမေရိကန်၊ တရုတ်နှင့် ဆွီဒင်နိုင်ငံတို့မှ သုတေသနပညာရှင်များသည် အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ်၌ ပြုလုပ်သည့် ဦးနှောက်နှင့် အာရုံကြောဆိုင်ရာ အစည်းအဝေးတစ်ခုတွင် ၎င်းတို့၏ လေ့လာမှု အသစ်သုံးခုကို တင်ပြခဲ့သည်။ ငယ်စဉ်အရွယ်မှစ၍ တေးဂီတကို တီးမှုတ်တတ်စေရန် လေ့လာခြင်းဖြင့် ဦးနှောက်တွင် သတင်းအချက်အလက်များကို အစီအစဉ်တကျ ဖြစ်ပေါ်စေသည်ဟု သုတေသနပညာရှင်များက လေ့လာတွေ့ရှိခဲ့သည်။ ကလေးငယ်များ အသက်ခုနစ်နှစ်မတိုင်မီ တေးဂီတပညာကို လေ့လာလိုက်စားခြင်းသည် ၎င်းတို့၏ ဦးနှောက်ကိုအထောက်အကူပြုနိုင်ကြောင်းနှင့် ဖန်တီးမှုနှင့် ဆက်စပ်နေသည့် ဦးနှောက်အစိတ်အပိုင်းများ ချိတ်ဆက်နိုင်စွမ်းကိုလည်း မြင့်မားစေနိုင်သည်ဟု လေ့လာတွေ့ရှိချက်အသစ်များက ဖော်ပြသည်။

ကလေးငယ်များကို တေးဂီတဆိုင်ရာ လေ့ကျင့်မှုများ ပြုလုပ်ပေးခြင်းဖြင့် ၎င်းတို့၏ ဦးနှောက်ဖြစ်စဉ်များ တိုးတက်ကောင်းမွန်စေသည်။ တေးဂီတသည် ကလေးငယ်များ၏ ဖန်တီးနိုင်စွမ်း၊ အသိဉာဏ်နှင့် လေ့လာနိုင်စွမ်းတို့ကို များစွာအထောက်အကူပြုနိုင်သည်။ သုတေသနပညာရှင်များသည် ကလေးအရွယ်၌ အနည်းဆုံး အချိန်တစ်နှစ်ခန့် တေးဂီတလေ့လာခဲ့သည့် အသက်(၁၉)နှစ်မှ (၂၁)နှစ်အကြား တရုတ်လူငယ် ၄၈ ဦး၏ ဦးနှောက်များကို ကွန်ပျူတာဓာတ်မှန်ရိုက်၍ လေ့လာခဲ့ကြသည်။ ထိုသို့လေ့လာရာမှ အသက်ခုနစ်နှစ်မပြည့်မီ အရွယ်ကပင် တေးဂီတပညာကိုစတင်သင်ကြားခြင်းခံခဲ့ရသော လူငယ်များတွင် ၎င်းတို့၏ အကြားအာရုံ၊ သတိရှိမှုပိုင်းနှင့် ဆက်စပ်နေသော ဦးနှောက်အစိတ်အပိုင်းများသည် အခြားလူငယ်များ၏ ဦးနှောက်အစိတ်အပိုင်းများထက် ပိုမိုကြီးမားပြီး အားကောင်းသည်ကို တွေ့ရှိခဲ့သည်။

—*Ref: AFP*

# ငါးနှစ်အောက်ကလေး သေဆုံးမှုနှုန်း ကျဆင်းရေး ဖုန်းစာပို့စနစ်ဖြင့် ဆောင်ရွက်မည်

**ဝတ်ရည်အောင်**

**ရန်ကုန်၊ နိုဝင်ဘာ-၁၆**

ငါးနှစ်အောက် ကလေးသေဆုံးမှုနှုန်း ကျဆင်းစေရန် ကျန်းမာရေး အသိပညာနှင့် သတင်း အချက်အလက်များ တယ်လီဖုန်းမှတစ်ဆင့် ဖြန့်ဝေမည့် စီမံချက် စတင်ဆောင်ရွက်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

တယ်လီဖုန်းများရှိ စာပို့စနစ်ဖြင့် သတ်မှတ်ထားသည့် စီမံချက်နေရာဒေသများတွင် ကျန်းမာရေးဝန်ထမ်းများ သွားလာရခက်ခဲပြီး သတင်းအချက်အလက်များ ရရှိရန် ခက်ခဲသည့် ကျေးရွာဒေသများအထိ ဖြန့်ဝေပြီး ဆောင်ရွက်နိုင်ရန် စီစဉ်ထားကြောင်း မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းမှ တာဝန်ရှိသူက ပြောသည်။

“အခုချိန်က လူတော်တော်များများမှာ တယ်လီဖုန်းတွေလည်း ရှိနေတော့ ဒီလိုနည်းစနစ်နဲ့ သတင်းအချက်အလက်တွေ ဖြန့်ဝေဖို့ စီစဉ်ထားတာပါ” ဟု ထိုအသင်းမှ ရုံးအဖွဲ့မှူးက ပြောသည်။

မြန်မာနိုင်ငံတစ်ဝန်းတွင် ကလေးသူငယ်သေဆုံးနှုန်း ကျဆင်းစေရန် ကျန်းမာရေးသတင်းအချက်အလက်များကို တယ်လီဖုန်းများမှတစ်ဆင့် စာပို့စနစ်ဖြင့် ပေးပို့မည့် စီမံချက်မှာ ပထမဆုံးဖြစ်ကြောင်း ယူနီဆက်မှသိရသည်။

ယူနီဆက်၏ ပံ့ပိုးမှုဖြင့် ဆောင်ရွက်မည့် ထိုစီမံချက်တွင် အဓိကဦးတည်သည့် တိုင်းနှင့် ပြည်နယ်များနှင့် စီမံချက်စတင်မည့် အချိန် ညှိနှိုင်းနေဆဲဖြစ်ပြီး နိုဝင်ဘာလအတွင်း စီမံချက် လုပ်ငန်းများကို မီဒီယာများအား အသိပေးပြောကြားသွားမည်ဖြစ်ကြောင်း ယူနီဆက်မှ သတင်းရရှိသည်။

ထိုစီမံချက်တွင် တာဝန်ထမ်းဆောင်ရန် ကွန်ပျူတာကျွမ်းကျင်ပညာရှင်ဝန်ထမ်းရာထူးအတွက် နိုဝင်ဘာ ၂၉ ရက် နောက်ဆုံးထားလျှောက်ထားရန် မြန်မာနိုင်ငံမိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းက ခေါ်ယူထားသည်။

မြန်မာနိုင်ငံသည် ငါးနှစ်အောက် ကလေးသေဆုံးနှုန်း အများဆုံးနိုင်ငံများတွင် ပါဝင်နေပြီး ကလေးများသည် ဝမ်းပျက်ဝမ်းလျှောခြင်း၊ အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါများဖြင့် အများဆုံးသေဆုံးနေကြသည်။







7 DAY NEWS JOURNAL
Vol.12, No.37 • NOVEMBER 20 , 2013

# လိုင်စင်မရှိဘဲ နိုင်ငံခြားသားဆရာဝန်ဖြင့် ကုသသည့် ဆေးခန်းများကို တိုင်ကြားနိုင်

**ဝတ်ရည်အောင်**

**ရန်ကုန်၊ နိုဝင်ဘာ-၁၆**

ဆေးကုသခွင့်လိုင်စင်မရှိသည့်နိုင်ငံခြားသားဆရာဝန်များဖြင့်ကုသနေသည့် ဆးခန်းများကိုစောင့်ကြည့်စစ်ဆေးနေပြီး တွေ့ကြုံသူများရှိပါက တိုင်ကြားနိုင်ကြောင်း ရန်ကုန်တိုင်းဒေသကြီး လူမှုရေးဝန်ကြီးကပြောကြားသည်။

မီဒီယာများတွင်ကြော်ငြာပြီး မြန်မာနိုင်ငံသားဆရာဝန်အမည်ခံထားသောဆေးကုသခွင့်လိုင်စင်မရှိသည့် နိုင်ငံခြားသားဆရာဝန်များ ကုသနေသည့်ဆေးခန်းများကို ကျန်းမာရေးဝန်ကြီးဌာနနှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့တို့မှ စစ်ဆေးအရေးယူမှုပြုလုပ်ခဲ့သည်။

"အခုချိန်ထိစောင့်ကြည့်စစ်ဆေးနေပေမယ့်လစ်ရင်လစ်သလိုလုပ်နေကြတယ်လို့လည်း ကြားတယ်။ သက်သေမရှိတော့ ဘာမှလုပ်လို့မရဘူး။ တွေ့ကြုံခဲ့ရင်လည်း တိုင်နိုင်တယ်"ဟု လူမှုရေးဝန်ကြီးဒေါက်တာမြင့်သိန်းကပြောသည်။

ထိုအပြောက်ကုဆေးခန်းများမှာ ပိတ်သိမ်းခြင်းမရှိဘဲ ယခုအချိန်ထိ ဆက်လက်ကုသနေဆဲဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီးဒေါက်တာဖေသက်ခင်က ပြီးခဲ့သည့်ဇူလိုင်လအတွင်း ပြည်သူ့လွှတ်တော်အစည်းအဝေး၌ ဖြေကြားခဲ့သည်။

လက်ရှိအချိန်တွင်သက်ဆိုင်ရာ ရပ်ကွက်၊ မြို့နယ်များရှိတာဝန်ရှိသူများကစောင့်ကြည့်ပြီး အမြဲမပြတ်အစီရင်ခံမှုများရှိနေကြောင်း လူမှုရေးဝန်ကြီးကပြောသည်။

ပြီးခဲ့သည့်ရက်ပိုင်းအတွင်းက မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ တရုတ်တိုင်းရင်းဆေးခန်းတစ်ခုတွင် ဆေးကုသမှုခံယူရင်းခြေချောင်းနှစ်ချောင်းဖြတ်တောက်လိုက်ရသည့် လူနာရှင်များဘက်မှ ကျန်းမာရေးဝန်ကြီးဌာနအပါအဝင် သက်ဆိုင်ရာဌာနများကို အရေးယူပေးရန် တိုင်ကြားထားသည့် ဖြစ်ရပ်လည်းပေါ်ပေါက်ခဲ့သည်။

ထိုကဲ့သို့နိုင်ငံခြားသားဆရာဝန်များဖြင့် ကုသနေသည့်ဆေးခန်းများသည့် ရန်ကုန်မြို့အတွင်းတွင် စမ်းချောင်း၊ လသာနှင့်ကြည့်မြင်တိုင်မြို့နယ်များတွင် အများဆုံးဖြစ်သည်။




# ရောဝတီတိုင်းရှိ မသန်စွမ်း ၆၆၀ ကျော် အခမဲ့ဆေးကုသမှုရရှိမည်

**ရဲနောင်**

**ရန်ကုန်၊ နိုဝင်ဘာ-၁၆**

မြန်မာနိုင်ငံ ကိုယ်အင်္ဂါမသန်စွမ်းသူများအသင်း၏ ရပ်/ကျေးအရောက် ကျန်းမာရေး ဝန်ဆောင်မှုမှ ရန်ကုန်တိုင်းမှ ရောဝတီတိုင်းအတွင်းရှိ မသန်စွမ်းသူပေါင်း ၆၆၀ ကျော်အား အခမဲ့ဆေးကုသမှုနှင့် ရောဂါစစ်ဆေးခြင်းများ ပြုလုပ်ပေးနိုင်ခဲ့သည်ဟု သတင်းရရှိသည်။

အဆိုပါ ကျန်းမာရေးစောင့်ရှောက်မှု အစီအစဉ် ၂၀၁၂ ခုနှစ်စက်တင်ဘာမှစတင်ခဲ့ပြီး ရန်ကုန်တိုင်းနှင့် ရောဝတီတိုင်းအတွင်းရှိ မြို့နယ်ပေါင်း ၁၁ ခုတွင် ဆေးကုသမှုများ ပြုလုပ်ပေးခဲ့ခြင်း ဖြစ်သည်။

"ကူညီပေးတဲ့ ဆရာဝန်၊ ဆရာမတွေနဲ့ မြို့နယ်တွေကို ဆင်းပြီး မသန်စွမ်းတွေနဲ့ သူတို့ရဲ့ မိသားစုဝင်တွေကို ကျန်းမာရေး စောင့်ရှောက်မှုပေးတာပါ။ အဖွဲ့အစည်းတွေက တစ်နိုင်တစ်ပိုင် လုပ်နေကြပေမယ့် မသန်စွမ်းတွေအတွက် လိုအပ်ချက်တွေက အများကြီးပါ" ဟု မြန်မာနိုင်ငံ ကိုယ်အင်္ဂါမသန်စွမ်းသူများအသင်းမှ တွဲဖက် အတွင်းရေးမှူး ဦးအောင်မြင့်က ပြောသည်။

ခန့်မှန်း စာရင်းများအရ မြန်မာနိုင်ငံတွင် မသန်စွမ်းသူ ဦးရေစုစုပေါင်း ဆယ်သိန်းကျော်ရှိ၍ မသန်စွမ်းသူစုစုပေါင်း၏ ၈၅ ရာခိုင်နှုန်းခန့်မှာ အလုပ်လက်မဲ့များဖြစ်သည်ဟု တစ်နိုင်ငံလုံးတွင် ကောက်ယူထားသော စာရင်းများတွင် ဖော်ပြထားပြီး လူမှုစီးပွားရေးဘဝများတွင် ခက်ခဲစွာ ရပ်တည်နေရသည်ဟု သိရသည်။

# အိန္ဒိယတွင် လမစေ့ကလေးမွေးဖွားနှုန်းမြင့်တက်



**နယူးဒေလီ၊ နိုဝင်ဘာ-၁၆**

အိန္ဒိယနိုင်ငံတွင် လမစေ့ဘဲ ကလေးမွေးဖွားနှုန်းမြင့်တက်လာပြီး လက်ရှိတွင်ကလေးများ၏ ၂၁ ရာခိုင်နှုန်းသည် လမစေ့မွေးဖွားလာကြကြောင်း တနင်္ဂနွေနေ့က ထုတ်ပြန်သည်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ စစ်တမ်းများအရ ကမ္ဘာပေါ်ရှိနိုင်ငံပေါင်း ၁၈၄ နိုင်ငံတွင်လမစေ့ကလေးမွေးဖွားနှုန်း ၄း ရာခိုင်နှုန်းမှ ၁၀ ရာခိုင်နှုန်းအထိရှိသည်။

ဆရာဝန်များဖြင့် စုစည်းဖွဲ့စည်းထားသည့် အိန္ဒိယနိုင်ငံ လမစေ့ကလေးမွေးဖွားခြင်းဖောင်ဒေးရှင်း (IFPB)က အိန္ဒိယနိုင်ငံတွင်း Delivered Too Soon အမည်ဖြင့် စစ်တမ်းတစ်ခုကောက်ယူခဲ့ရာမှ အထက်ပါအတိုင်း သိရှိခဲ့ရခြင်းဖြစ်သည်။

လမစေ့ကလေးမွေးဖွားခြင်းမှာ တစ်ကမ္ဘာလုံးတွင် မွေးကင်းစကလေးသေနှုန်း အမြင့်မားဆုံးနှင့်အသက်ငါးနှစ်အောက်ကလေးများ နမိုးနီးယားဖြင့် သေဆုံးမှု ဒုတိယအများဆုံး အကြောင်းရင်း ဖြစ်သည်။

အိန္ဒိယနိုင်ငံသည်ကမ္ဘာပေါ်တွင် လမစေ့မွေးဖွားနှုန်း အများဆုံးနိုင်ငံဖြစ်ပြီး အိန္ဒိယနိုင်ငံတစ်ဝန်းလုံးတွင် နှစ်စဉ်လမစေ့မွေးဖွားသည့်ကလေး၃ဒသမ၆သန်းရှိပြီး ၎င်းပမာဏသည် တစ်ကမ္ဘာလုံးတွင် နှစ်စဉ်လမစေ့ကလေးမွေးဖွားမှု ၁၅ သန်း၏ ၂၃ ဒသမ ၆ ရာခိုင်နှုန်းရှိသည်။ ၎င်းတို့ထဲမှ ၁၃ ရာခိုင်နှုန်းသာ မွေးဖွားပြီး နောက်အသက်ရှင်နေထိုင်နိုင်ကြသည်။

လမစေ့မွေးဖွားခြင်းသည် ကိုယ်ဝန်ဆောင်ကာလ ၃၆ ပတ်တွင် ဖြစ်ပွားလေ့ရှိသည်။

"လမစေ့ကလေးမွေးဖွားခြင်းက တဖြည်းဖြည်းပြောင်းလဲလာတာ ရောဂါတစ်ခုလိုတောင် ဖြစ်လာပြီ။ နှစ်စဉ် အဲဒီကလေးတွေထဲက သုံးသိန်းလောက် သေကြရတယ်။ ဒါကို ကာကွယ်ဖို့ဆိုရင် သားဆက်ခြားရေးနဲ့ ကိုယ်ဝန်ဆောင် မိခင်စောင့်ရှောက်မှု ကောင်းကောင်းလိုအပ်ပါတယ်" ဟု IFPB က ဒေါက်တာ Latta Bhat က ပြောသည်။

*—Ref: livemint.com*

# Regional

7Day News Journal
Vol.12, No.37 • NOVEMBER 20 , 2013

## ထားဝယ် တန်ဆောင်တိုင် နှစ်ကျိုပ်ရှစ်ဆူဘုရားပွဲ လာရောက်ဖူးမြော်သူ များပြား

**စိုးမိုးအောင်**

**ထားဝယ်၊ နိုဝင်ဘာ-၁၆**

ထားဝယ်မြို့ရှိဟိုတယ်နှင့် တည်းခိုခန်းများတွင် တန်ဆောင်တိုင် နှစ်ကျိုပ်ရှစ်ဆူ ဘုရားပွဲတော်ကာလ၌ တည်းခိုသူ ပိုမိုများပြားလာကြောင်း သတင်းရရှိသည်။

ထားဝယ်တွင်အထင်ရှားဆုံး ပွဲတော်ဖြစ်သည့် နှစ်ကျိုပ်ရှစ်ဆူ ဘုရားလှည့်ပွဲတော် ကာလတွင် မြို့ပေါ်ရှိ ဟိုတယ်များနှင့် တည်းခိုခန်းများတွင် ယခင်လများထက် လာရောက်တည်းခိုသူပိုမိုများပြားလာကြောင်း သိရသည်။

တည်းခိုသူ အများစုမှာ မြိတ်နှင့် အထက်မြန်မာပြည်ဒေသမှ ခရီးသွားဝန်ဆောင်မှုများ၏ အစီအစဉ်ဖြင့် လာရောက်ခြင်းဖြစ်ပြီး ထားဝယ် တန်ဆောင်တိုင် ပွဲတော်အပြီးတွင် ထိုင်းနိုင်ငံသို့ အလည်အပတ်သွားလေ့ရှိကြောင်း သိရသည်။

ထားဝယ်ရိုးရာ သီတင်းကျွတ် သပိတ်မျှောပွဲတော်ကာလတွင် နိုင်ငံခြားခရီးသွားများအနေဖြင့် ထိုင်းလူမျိုးများ လာရောက်တည်းခိုမှုများပြားပြီး တန်ဆောင်တိုင် ဘုရားပွဲတော် ကာလတွင် အာရှနှင့် ဥရောပနိုင်ငံသားများ ပိုမိုများပြားလာကြောင်း သိရသည်။

"အခုလည်း အများစုက ထိုင်းတွေပါပဲ။ ဒါပေမဲ့ အခုလောလောဆယ် တရုတ်နဲ့ ဂျပန်လူမျိုးတွေ လာတာများလာတယ်။ ပြည်တွင်းကကျတော့ ဘုရားဖူးခရီးသည်တွေလာကြပါတယ်။ မိုးရာသီထက်တော့ သိသိသာသာကြီး ပိုများလာပါတယ်" ဟု ဟိုတယ်ဇေယျာထက်စံမှ တာဝန်ရှိသူတစ်ဦးက ပြောပြသည်။

ထားဝယ်မြို့တွင် ဟိုတယ်ဇေယျာထက်စံ၊ ပုလဲကေရီ ဟိုတယ်၊ Diamond Crown ဟိုတယ်များတွင် နိုင်ငံခြားသားများကို ပိုမိုတည်းခိုကြသည်ဟု ဆိုသည်။

နိုင်ငံခြားသား ခရီးသွားများသည် လေကြောင်းခရီးဖြင့် ထားဝယ်မြို့သို့ လာရောက်ခြင်းထက် ထီးခီးနယ် စပ်စခန်းမှ ဝင်ရောက်လာသူ ပိုမိုများပြားသည်။

ထားဝယ်မြို့တွင် ၂၀၁၁ ခုနှစ်နောက်ပိုင်း ညှော့သည် လာရောက်မှု ပိုမိုများပြားလာပြီး ဟိုတယ် အများစုမှာ နိုင်ငံတကာအဆင့်မီ ဟိုတယ်များအဖြစ် ဝန်ဆောင်မှုပေးနိုင်ရန် လိုင်စင်လျှောက်ထားဆဲ ဖြစ်ကြောင်း သတင်းရရှိသည်။

## အရာတော်ထန်းခေါက်တောင်းများ အရောင်းတွင်ကျယ်လာ

**မျိုးမင်းဦး**

**မုံရွာ၊ နိုဝင်ဘာ-၁၆**

အရာတော်မြို့နယ်တွင် မိရိုးဖလာလုပ်ကိုင်ခဲ့သည့် တစ်နိုင်တစ်ပိုင် ထန်းခေါက်တောင်းလုပ်ငန်းများတွင်ကျယ်လာသဖြင့် အလုပ်သမားများ ငှားရမ်းလုပ်ကိုင်ရသည်အထိ အရောင်းပိုသွက်လာကြောင်း အရာတော်မြို့နယ် ထန်းခေါက်တောင်းလုပ်ငန်းလုပ်ကိုင်သူများပြောပြချက်အရ သိရှိရသည်။



*ထန်းခေါက်တောင်းရက်လုပ်နေစဉ်*

ဓာတ်ပုံ- မျိုးမင်းဦး

"အများစုကတော့ ဒေသတွင်း စိုက်ပျိုးရေး လုပ်ငန်းသုံး ထန်းခေါက်တောင်းတွေ အဓိကလုပ်တယ်။ ဒီနှစ်ကလေးမြို့ကို တစ်လထန်းခေါက်တောင်း ၄၀၀ ကျော်တင်ပို့ရတယ်။ မုံရွာဘက်က ခရမ်းသီးစိုက်ပျိုးရေးလုပ်ငန်းတွေက ထန်းခေါက်တောင်းကို တစ်လအလုံး ၈၀ ကျော် ၁၀၀ နီးပါးမှာယူတာလည်းရှိတော့ အလုပ်သမားတွေ ငှားရတယ်။ အရင်တုန်းကတော့ မိသားစုလူကုန် တစ်နိုင်တစ်ပိုင်လုပ်တာပေါ့"ဟု အရာတော်မြို့နယ်၊ ကမ်းဖြူကျေးရွာ ထန်းခေါက်တောင်းရက်လုပ်ရေးလုပ်ငန်းရှင် ဦးဝင်းကိုက ပြောကြားသည်။

"ထန်းခေါက်တောင်း လုပ်ငန်းကို ကမ်းဖြူဝါးယောင်း၊ လှည်းချောင်းကူးစတဲ့ရွာတွေမှာ လုပ်ကြတာ။ အများဆုံးကတော့ စိုက်ပျိုးရေး လုပ်ငန်းသုံး ထန်းခေါက်တောင်းတွေ ရက်ပေမယ့် မုံရွာဘက်က ခရမ်းသီးတောင်းတွေ အော်ဒါအပ်တယ်"ဟု အရာတော်မြို့နယ် လှည်းချောင်းကူးကျေးရွာ ဒေသခံထန်းခေါက်တောင်းလုပ်ငန်းရှင်တစ်ဦးက ပြောသည်။

ယခုနှစ်တွင် ဒေသတွင်းဈေးကွက်သာမက ကလေးမြို့နယ်၊ မုံရွာမြို့နယ်တို့မှ စိုက်ပျိုးရေးလုပ်ငန်းသုံးအဖြစ် ဝယ်ယူသူပိုမိုများပြားလာသည့်နောက်ပိုင်း ထန်းခေါက်တောင်းလုပ်ငန်းများတွင် အလုပ်အကိုင်အခွင့်အလမ်းပိုမိုရရှိခဲ့ကြောင်း သိရှိရသည်။

အရာတော်မြို့နယ် ထန်းခေါက်တောင်း လုပ်ငန်းများမှ သုံးတင်းဝင်တောင်း၊ နှစ်တင်းဝင်တောင်း၊ တစ်တင်းခွဲတောင်း၊ တစ်တင်းဝင်တောင်း၊ ကျောက်ကျိုးတောင်း၊ လက်ကိုင်ထန်းလျှော်ခြင်း၊ ခြင်းဘဲဥ (အသေး၊ အကြီး)၊ လေးထောင့်ခြင်း စသည့်ထန်းခေါက်အသုံးပြုတောင်းများ ရက်လုပ် ရောင်းချကြောင်း သိရှိရသည်။ ထန်းခေါက်လျှော်တောင်း အကြီး၊ အသေးအရွယ်အစားအပေါ်မူတည်၍ အနည်းဆုံးကျပ် ၆၀၀ မှ အများဆုံး ကျပ် ၃,၀၀၀ ခန့်အထိ အရောင်းအဝယ်ဖြစ်ကြောင်း သိရှိရသည်။ အရာတော်မြို့နယ်တွင် မိရိုးဖလာထန်းခေါက်တောင်းလုပ်ငန်းလုပ်ကိုင်သူ တစ်ရာကျော်ရှိသည်။

## ခရမ်းချဉ်သီးစိုက်ခင်းများ ပျက်စီး၍ ပဲစိုက်ချိန် ပုံမှန်ထက်စောစိုက်

**မျိုးမင်းဦး**

**မုံရွာ၊ နိုဝင်ဘာ-၁၆**

မုံရွာမြို့အရှေ့ဘက်ကုန်းမြင့်ဒေသများတွင် ခရမ်းချဉ်စိုက်ခင်းများ မိုးကြောင့် ပျက်စီးဆုံးရှုံးမှုပိုမိုများပြားခဲ့သဖြင့် ပဲစိုက်ခင်းများ ပုံမှန်အချိန်ထက်စော၍ စိုက်ပျိုးလာကြကြောင်း ဒေသခံတောင်သူများက ပြောသည်။

"ပုံမှန်ခရမ်းချဉ်စိုက်ခင်းတွေက ဇန်နဝါရီ၊ ဖေဖော်ဝါရီလအထိ ခရမ်းချဉ်သီးပေါ်တာ။ အခုနိုဝင်ဘာမှာ ခရမ်းချဉ်ခင်းတော်တော်များများဖျက်ပြီး ပဲနွယ်တွေတင်ကုန်ပြီ။ ခရမ်းချဉ်သီးက ပုံမှန်ငါးလနီးပါး ခူးရတဲ့အခြေအနေက အခုနှစ်လနဲ့အပင်ပျက်တော့ ပဲစိုက်ချိန်စောတာပေါ့။ အများစုက ဘိုကိတ်ပဲတွေစိုက်တယ်။ ပဲနွယ်တွေခရမ်းချဉ်တိုင်တွေပေါ် စောစောတင်ကြပြီ" ဟု ခရမ်းချဉ်စိုက်တောင်သူ ကိုဝင်းဇော်ဦးက ပြောကြားသည်။

"မိုးကြောင့် ခရမ်းချဉ်စိုက်ခင်းတွေ ပျက်ပေမယ့် တောင်သူတွေမရှုံးပါဘူး။ အမြတ်နည်းတာပဲရှိတာ။ ခရမ်းချဉ် စိုက်ခင်းကရမယ့်အမြတ်ကိုပဲစင်တွေကနေရအောင်ယူဖို့ပဲစိုက်ချိန်စောကြတာပါ"ဟု မုံရွာမြို့နယ် ဆည်ကြီးတောကျေးရွာ ခရမ်းချဉ်စိုက်တောင်သူတစ်ဦးက ပြောသည်။

မုံရွာမြို့ အရှေ့ဘက်ကုန်းမြင့်ဒေသများတွင် မိုးရာသီ စိုက်ပျိုးသော ခရမ်းချဉ်စိုက်ခင်းများ သုံးပုံနှစ်ပုံခန့်ပျက်စီးခဲ့ပြီး ပဲစိုက်ခင်းများအဖြစ် ပြောင်းလဲစိုက်ပျိုးကြကြောင်း သိရှိရသည်။ ခရမ်းချဉ်စိုက်ခင်းများကို မေလတွင် စိုက်ပျိုးခဲ့ပြီး ဇူလိုင်လကုန်မှစ၍ ခရမ်းချဉ်သီးများ မုံရွာဈေးကွက်သို့ စတင်ရောင်းချနိုင်ခဲ့သည်။ မုံရွာဈေးကွက်တွင် အောက်တိုဘာလကုန်ပိုင်းတွင် ခရမ်းချဉ်သီးတစ်ပိဿာကျပ်တစ်ထောင်မှ တစ်ထောင့်နှစ်ရာအထိ စံချိန်တင်ဈေးမြင့်တက်ခဲ့သည့်နောက်ပိုင်း နိုဝင်ဘာလလယ် ရက်ပိုင်းအတွင်း ခရမ်းချဉ်သီးတစ်ပိဿာလျှင်ကျပ်ခုနစ်ရာ၊ ရှစ်ရာဝန်းကျင်ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သိရသည်။



7 DAY NEWS JOURNAL
Vol.12, No.37 • NOVEMBER 20 , 2013

# တရုတ်ပို့ကုန်များ၍ မန္တလေး – မူဆယ် တန်ဆာခတက်

ပြည်သိမ်း

ရန်ကုန်၊ နိုဝင်ဘာ-၁၈

တရုတ်ပြည်သို့ပို့ကုန်များနေပြီး သွင်းကုန်နည်းနေသဖြင့် မန္တလေး မူဆယ်ကုန်စည်ပို့ဆောင်ခ(တန်ဆာခ)များ နှစ်ဆနီးပါးခန့်မြင့်တက်သွားကြောင်း မူဆယ်မြို့မှ ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်များထံမှသတင်းရရှိသည်။

“ဒီအချိန် ဖရဲပေါ်ချိန်ဆိုတော့ မူဆယ်အတက်ကားက အရမ်းများတယ်။ သွင်းကုန်ကတော်တော်နည်းတော့ ကားခတက်တာပါ”ဟု မူဆယ်မြို့မှကြက်သွန်ကုန်သည်တစ်ဦးကဆိုသည်။

မန္တလေး-မူဆယ်ကုန်စည်ပို့ဆောင်ခမှာ နိုဝင်ဘာလလယ်ပိုင်းမှစတင်၍ တစ်ပိဿာလျှင် ၃၈ ကျပ်မှ ၆၈ ကျပ်သို့ဈေးမြင့်တက်ခဲ့သည်။ နိုဝင်ဘာလလယ်မတိုင်မီအထိ တစ်တန်လျှင်ကျပ် ၂၄,၀၀၀ ဝန်းကျင်ရှိသည့် ကားခမှာ နိုဝင်ဘာ ၁၈ရက်တွင် ကျပ် ၄၂,၀၀၀ ကျော်ထိမြင့်တက်လာကြောင်း အထက်ပါပုဂ္ဂိုလ်က ပြောသည်။

မူဆယ်မှ မန္တလေးသို့ ကုန်သည်ပို့ဆောင်ခများမှာ ဈေးနှုန်းမြင့်တက်မှုမရှိဘဲ တစ်တန်လျှင် ကျပ် ၂၄,၀၀၀ဝန်းကျင်သာရှိသည်။ အချို့ကားများမှာကုန်မရသဖြင့် ကားအလွတ်တိုင်းသာ ဆင်းရမှုများရှိကြောင်း သိရသည်။

လက်ရှိအချိန်တွင် မူဆယ်နယ်စပ်သို့ ဖရဲသီးကားများအဝင်အများဆုံးဖြစ်နေပြီးနေ့စဉ်ကားအစီးရေ ၅၀မှ ၆၀ကြားပုံမှန်ဝင်ရောက်နေကြောင်း ၁၀၅မိုင်ကုန်သွယ်ရေးဇုန်မှ ဆန်ကုန်သည်ဦးမင်းသိန်းကပြောကြားသည်။

“ဆန်ကတော့ ဈေးအေးတယ်။ အဝင်ကတော့ များလာတယ်။ ပြီးခဲ့တဲ့လထက် နှစ်ဆမြင့်လာတယ်”ဟု အထက်ပါပုဂ္ဂိုလ်ကဆိုသည်။ တရုတ်နိုင်ငံသို့ ပွင့်လင်းရာသီတွင် ဖရဲ၊ ပြောင်း၊ ဆန်နှင့်ဆန်ကွဲတို့အများဆုံးတင်ပို့နေသည်။ ယင်းကဲ့သို့ကုန်စည်တင်ပို့မှုများခြင်းကြောင့် ကွမ်းမင်မြို့သို့ ကုန်စည်ပို့ဆောင်ခမှာ တစ်တန်လျှင်ယွမ်ငွေ ၄၀ ထိ ကားခမြင့်တက်လာသည်။



မန္တလေး-မူဆယ် လမ်းပိုင်းတစ်နေရာ ဓာတ်ပုံ- အောင်သူရ













# တစ်ဖက်နိုင်ငံမှ ခိုလှုံလာသည့် မြို့မိသားစုများအတွက် အလုပ်အကိုင်များ ဖန်တီးပေးရန်လိုအပ်နေ

**မောင်ကံ**

**မောင်တော၊ နိုဝင်ဘာ- ၁၆**

ပြီးခဲ့သည့်နှစ် ဆူပူအကြမ်းဖက်မှုဖြစ်စဉ်များကြောင့်အောက်တိုဘာမှစတင်ကာတစ်ဖက်နိုင်ငံမှမောင်တောနယ်စပ်သို့ ဝင်ရောက်ခိုလှုံနေသည့် မြို့မိသားစုဝင်များမှာ အချိန်တစ်နှစ်ကျော်သို့ ရောက်ရှိလာပြီ ဖြစ်သော်လည်း မိသားစုဘဝရပ်တည်နိုင်ရေးအတွက် အလုပ်အကိုင်အခွင့်အလမ်းများမရှိဖြစ်နေကြောင်း ဒေသခံများက ဆိုသည်။

"ပြီးခဲ့တဲ့ အောက်တိုဘာကတည်းကစပြီး ဝင်လာကြတာပါ။ ဟိုဘက်နိုင်ငံမှာ လုပ်ကိုင်စားသောက်ဖို့အတွက် လုံးဝအဆင်မပြေတဲ့အတွက် ဒီဘက်ကို ဝင်ရောက်ခိုလှုံလာကြတာဖြစ်ပါတယ်။ ဒီဘက်ကမ်းမှာတော့လောလောဆယ်နေထိုင်ဖို့ အိမ်ပေးထားပေမယ့် စားရေးသောက်ရေးက အလှူရှင်တွေကိုပဲ မျှော်ကိုးနေရဆဲပါ။ တချို့ကလည်း ကျပန်းထင်းခုတ်၊ ခရုကောက် အလုပ်တွေကို လုပ်နေပါတယ်။ မိသားစုဝင်တွေရရှိမယ့် အလုပ်အကိုင်မျိုး ဖန်တီးပေးဖို့ မျှော်လင့်နေကြပါတယ်"ဟု ခရေမြိုင်ကျေးရွာနေ မြို့တိုင်းရင်းသား တစ်ဦးကပြောသည်။

မောင်တောနယ်စပ်သို့ ဝင်ရောက်ခိုလှုံနေကြသည့် မိသားစု ဝင်များမှာ တစ်ဖက်နိုင်ငံတွင် တောင်ယာလုပ်ငန်းနှင့် ဥယျာဉ်ခြံမြေလုပ်ငန်းများကို အဓိကလုပ်ကိုင်ခဲ့ကြပြီး မြို့တိုင်းရင်းသားများမှာ ရက်ကန်းရက်လုပ်သည့် လုပ်ငန်းကို လုပ်ကိုင်ခဲ့ကြောင်း သိရသည်။

"အိမ်မှာလိုအပ်တဲ့အထည်တွေ ရက်လုပ်ဖို့အတွက် ရက်ကန်းစင်လေးတစ်စင်လိုချင်တာဝင်ငွေမရှိတဲ့အတွက် အခုထိဖြစ်မလာသေးပါဘူး။ ကလေးတွေအတွက် အထည်ရက်တာ၊ လိုအပ်တဲ့မျက်နှာသုတ်ပဝါ၊ စောင်တွေကို ရက်ကန်းရက်လို့ပဲ အသုံးပြုလာခဲ့ပါတယ်" ဟု မြို့တိုင်းရင်းသားအမျိုးသမီးတစ်ဦးက ပြောသည်။

လက်ရှိမောင်တောနယ်စပ်တွင် တစ်ဖက်နိုင်ငံမှဝင်ရောက်ခိုလှုံနေသည့် ရခိုင်၊ မြို၊ မရာမာ မိသားစု ၃၀၀ ခန့်နှင့် လူဦးရေပေါင်း ၁,၃၀၀ ခန့်ရှိနေသည်။

# ရေစကြိုမြို့ ငါးမြှားကြီးကျေးရွာ မြစ်ကမ်းပါးပြိုကျ၍ လူနေအိမ်များ ရွှေ့ပြောင်းရ

**စောရန်နိုင်**

**မကွေး၊ နိုဝင်ဘာ-၁၆**

မကွေးတိုင်းဒေသကြီး၊ ရေစကြိုမြို့နယ်ရှိငါးမြှားကြီး ကျေးရွာတွင် နိုဝင်ဘာ ၁၃ ရက်အထိ မြစ်ကမ်းပါးပြိုကျမှုကြောင့် အိမ်ခြေ ၁၇၉ အိမ်ရှိသည့်အနက် ၆၂ အိမ်ကို ဖျက်သိမ်း၍ လွတ်ကင်းရာနေရာများတွင် ပြောင်းရွှေ့စုပုံထားကြရကြောင်း သတင်းရရှိသည်။

ငါးမြှားကြီးကျေးရွာသည် ရောဝတီမြစ်နှင့် ချင်းတွင်းမြစ်ဆုံရာ ကျွန်းတစ်ခုပေါ်တွင် နှစ်ပေါင်းများစွာ ရွာတည်လာခဲ့ခြင်းဖြစ်ပြီး ပြီးခဲ့သည့် အောက်တိုဘာက ချင်းတွင်းမြစ်ရေကြီးမြင့်မှုကြောင့် ကမ်းပါးပြိုကျလာရာမှ လူနေအိမ်များ ဖျက်သိမ်းလာရခြင်းဖြစ်သည်။

မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ တာဝန်ရှိသူများသည် နိုဝင်ဘာ ၁၂ ရက်က အဆိုပါကျေးရွာသို့လာရောက်ပြီး ကျေးရွာနေပြည်သူများနှင့် တွေ့ဆုံကာ ကျေးရွာပြောင်းရွှေ့နေထိုင်ရေးအတွက် မြေနေရာဝယ်ယူရန် နိုင်ငံတော်မှ ထောက်ပံ့လှူဒါန်းငွေကျပ်သိန်း ၁၅၀ မတည်ကာကျေးရွာလူထု ထည့်ဝင်ငွေများဖြင့် ပေါင်းစပ်၍ မြေ ၁၂ ဧက ဝယ်ယူရေးညှိနှိုင်းဆွေးနွေးခဲ့ကြသည်ဟု သိရသည်။

ကျေးရွာသစ်တည်ပြီးပါက တစ်နိုင်တစ်ပိုင်မွေးမြူရေးလုပ်ငန်းနှင့် ကျေးရွာသမဝါယမအသင်းအစုအဖွဲ့များ ဖွဲ့စည်းကာ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်သွားရန် သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းပေးခဲ့ပြီး ထိုကျေးရွာတွင် ကျန်ရှိသည့်မြေနေရာကို ကမ်းပါးပြိုကျမှုမဖြစ်စေရေးအတွက် အဆိုပါကျေးရွာအထက်ဘက်ရှိ ငါးလန်တာကျေးရွာအနီးမှစတင်ပြီး ယာယီရေကာတာများ တည်ဆောက်သွားမည်ဟု ဆိုသည်။

ရေကာတာများ တည်ဆောက်ထားရှိပါက ဆင်ခြေလျှော သဲခုံးများဖြစ်ပေါ်လာပြီး ကမ်းပါးပြိုကျမှုများ လျော့နည်းသွားမည်ဟု ဆိုသည်။

# ပြည်နယ်နှင့် တိုင်းများ အခြေခံဥပဒေအသီးသီး ရေးဆွဲသင့်ဟု ချင်းညီလာခံသဘောထားထုတ်ပြန်

**ရန်မျိုးနိုင်**

**ရန်ကုန်၊ နိုဝင်ဘာ- ၁၆**

ပြည်နယ်နှင့် တိုင်းဒေသကြီးများ အနေဖြင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်များရှိ နိုင်ငံရေးအတွက်ဖွဲ့စည်းပုံအခြေခံဥပဒေကိုအသီးသီးရေးဆွဲပြဋ္ဌာန်းရန်လိုအပ်နေကြောင်း နိုဝင်ဘာ ၁၅ ရက်တွင်ကျင်းပပြီးစီးခဲ့သော ချင်းညီလာခံက သဘောထားထုတ်ပြန်လိုက်သည်။

"လက်ရှိဖွဲ့စည်းပုံက တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေကို ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်တွေ အာဏာခွဲဝေမှုကို ပေးထားတာ သိပ်မရှိဘူးလေ။ အဲဒါကြောင့်ကိုယ့်ဒေသတွေ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ဖို့ ကိုယ်ပိုင်ဖွဲ့စည်းပုံအခြေခံဥပဒေလိုအပ်ပါတယ်"ဟု ချင်းအမျိုးသားညီလာခံဖြစ်မြောက်ရေး ပူးပေါင်းကော်မတီညှိနှိုင်းရေးမှူး ဆလိုင်းအက်ဇက်ခင်ကပြောသည်။

တိုင်းဒေသကြီးနှင့်ပြည်နယ်များအတွက် ၎င်းတို့၏ နေရာဒေသ၊ နေထိုင်သော လူမျိုးနှင့် ကိုက်ညီသော ဖွဲ့စည်းပုံအခြေခံဥပဒေကို ရေးရာတွင် ပြည်ထောင်စုတစ်ခုလုံးအတွက် ပြဋ္ဌာန်းထားသောဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ကိုက်ညီမှုရှိပြီး မဆန့်ကျင်ဖို့လိုအပ်သည်ဟု ဆလိုင်းအက်ဇက်ခင်ကပြောသည်။

၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပြည်ထောင်စုနှင့်တိုင်းဒေသကြီး၊ ပြည်နယ်များအကြားတွင် အာဏာခွဲဝေပေးမှု၊ သယံဇာတခွဲဝေပေးမှု၊ ဥပဒေပြုရေးကိစ္စရပ်များတို့တွင် အားနည်းချက်များရှိနေကြောင်း တိုင်းရင်းသားလွှတ်တော်ကိုယ်စားလှယ်များက ဝေဖန်ပြောကြားထားမှုများရှိသည်။

နှစ်ပေါင်း ခြောက်ဆယ်ကျော်အတွင်း ပထမဆုံးအကြိမ် ချင်းပြည်နယ် ဟားခါးမြို့တွင် နိုဝင်ဘာ ၁၂ ရက်မှ ၁၅ ရက်အထိ ကျင်းပခဲ့သော ချင်းအမျိုးသားညီလာခံသို့ ချင်းပြည်နယ်အစိုးရ၊ ချင်းတိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းဖြစ်သည့် ချင်းအမျိုးသားတပ်ဦး၊ ချင်းနိုင်ငံရေးပါတီများ၊ ချင်းလူမှုအရပ်ဘက်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့သည်။

EDE မော်ဒယ်မြင့်ကားများအတွက်
ကွန်ပျူတာထိန်းချုပ်စနစ် OBD-II သင်တန်း
လက်တွေ့သင်ကြားရေးဌာနတိုးချဲ့ဖွင့်လှစ်ထားပါသည်။ **စနေနေ့တိုင်းမိတ်ဆက်(အခမဲ့)သင်တန်းဖွင့်လှစ်ပါသည်။**
Computer Diagnostic, Software, Wiring Diagram, Modern Automotive Technology
အမှတ်စဉ်(၃၆)(၃၇)(၃၈)ပုံမှန်တန်းခွဲသစ်များကို ဒီဇင်ဘာလ(၂)ရက်နေ့တွင်စတင်ဖွင့်လှစ်ပါမည်။
ပြစ်ချက်ရှာဖွေပေးသော Scan Toolsအမျိုးမျိုး သင့်တင့်သောဈေးနှုန်းဖြင့် ရောင်းချပေးပါသည်။
**Engine Doctor Engineering**
အမှတ် ( ၁၀၂ )၊ မြေညီထပ်၊ ၅၂ လမ်း (အလယ်ဘလောက်) ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်။
ဖုန်း-၀၉-၄၂၁၁၄၄၄၉၅၊ ၀၉-၄၂၁၁၄၄၄၉၆၊ ၀၉-၄၂၁၁၄၄၄၉၇

"ကားဟောင်းနှင့်ကားသစ်လဲချင်သူများအတွက်သတင်းကောင်း"
ကားစီးတာကြာလာတော့ အသစ်လဲပြီးစီးချင်သူများအတွက်
Farmer Auto ၏ကားဟောင်းနှင့် ကားသစ်လဲလှယ်ရေး အစီအစဉ် (Recycle Program) ထံလာရောက်ပြီး လဲလှယ်နိုင်မည်ဖြစ်ပါသည်။
အမှတ်(၆၄)၊ ဆရာစံလမ်း၊ဗဟန်းမြို့နယ်၊ရန်ကုန်မြို့။
ဖုန်း- ၅၄၂၅၄၄၊ ၅၄၆၃၅၅၊ ၅၄၆၆၆၅ ။

UD Group
ကရိန်းဝန်ဆောင်မှုလုပ်ငန်း




50 Ton
30 Ton
28 Ton
26 Ton
25 Ton
16 Ton
15 Ton
8 Ton
3 Ton
H-216/32 ၊ ၅၉လမ်း၊ ကနောင်မင်းသားကြီးလမ်းနှင့်ဖိုးရာဇာလမ်းကြား၊ စက်မှုဇုန်(၁)၊ မန္တလေး၊ 09-2050000, 09-6504700
အမှတ်(၃၈) ပျဉ်းမနား-တောင်တွင်းကြီးလမ်း၊ လက်ပံခါးလှ၊ ယောက်သွားအင်းအထွက်၊ နေပြည်တော်၊ 067-26222, 09-6504900

သို့
ဘကြီး
ချိုင့်ဆွဲမှာမလို့ဆို ...



ဘကြီးတူမ ယူတဲ့ဆိုင်ရှိတယ် ဒီဆိုင်မှာယူတာ နာဂစ်မတိုင်ခင်ကတည်းက နာဂစ်လိုနေ့မျိုးမှာတောင် အိမ်အရောက်ပို့ပေးလို့ ဝန်ဆောင်မှုကောင်းတယ်ဆိုပြီး ယူနေတာ နှစ်ပေါက်နေပြီ၊ တစ်လောက တာမွေဘက်ဆိုရင်ပို့နိုင်တဲ့ ချိုင့်အရေအတွက်ပြည့်နေလို့ မှာချင်တဲ့သူတွေ စောင့်ခဲ့ရတယ်။

ဒီဆိုင်ကအပေါ်ယံလေးလုပ်ပြီး ကြက်ကန်းဆန်အိုးတိုးလို့ ဖြစ်လာတာမဟုတ်ဘူး။ အခုလည်း မြန်မာဟင်းတွေနဲ့ပတ်သက်ပြီး စားသုံးသူတွေအတွက် Unilever Food Solutions (Bangkok) နဲ့ပေါင်းပြီး Project တစ်ခုလုပ်နေတယ်။ ဆိုင်ခွဲတွေနဲ့ Main Kitchen ကို သွားလေ့လာလိုက်ရင် ငရုတ်သီးမှုန့်ကြိတ်တာကအစ၊ ချက်ပြုတ်ပြင်ဆင်တာအဆုံး အဓိက, က ဘာလဲဆိုတာ ဘကြီးသဘောပေါက်သွားမှာပါ။

(ယခုပေးစာတွင်ပါရှိသော စာသားအချို့ကိုပြောကြားပေးသော မိတ်ဆွေများကို အထူးကျေးဇူးတင်ပါသည်။)

ခိုင်ခိုင်ကျော် မြန်မာထမင်းဆိုင် ချိုင့်ဆွဲပို့ဆောင်ရေး

ပါရမီဆိုင်ခွဲ - အမှတ် (၄၂/က)၊ ပါရမီလမ်းနှင့်ဝေဇန္တာလမ်းထောင့်၊ ပါရမီဂုံးကျော်တံတားကြီးအနီး
ပြည်လမ်းဆိုင်ခွဲ - မာလာဆောင်မှတ်တိုင်၊ ၅-မိုင်ခွဲ၊ ကမ္ဘောဇဘဏ်ဘေး၊ သုခကမ္ဘာဆေးရုံအဝင်လမ်း၊ ပြည်လမ်း၊ ရန်ကုန်တက္ကသိုလ်အနီး။
ဖုန်း ၀၉-၇၃၀၀၆၄၂၂ ၊ ၀၉-၄၃၁၃၆၆၉ ၊ ၀၉-၅၁၅၉၀၈၄ ၊၀၉-၇၃၀၀၀ ၇၀၇၊ ၀၉-၄၂၀၀၆၀၅၅၊ ၀၁-၅၂၄၂၀၈
ဂန္ဓမာဆိုင်ခွဲ - Gandamar Wholesale (တောင်ဥက္ကလာဂေါက်ကွင်းအနီး)
www.khaingkhaingkyawfoodcenter.com

7DAY NEWS JOURNAL
Vol.12, No.37 • NOVEMBER 20 , 2013

# ညောင်လေးပင်တွင် ဂျပန်နိုင်ငံအကူအညီဖြင့် ကျေးလက်ကျန်းမာရေးဌာနဖွင့်လှစ်

**ရန်ကုန်၊ နိုဝင်ဘာ-၁၇**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ်၊ ရေတွင်းကုန်းကျေးရွာတွင် ဂျပန်နိုင်ငံအစိုးရ၏ ကူညီထောက်ပံ့မှုဖြင့် ကျေးလက်ကျန်းမာရေးဌာန အဆောက်အအုံကို ဖွင့်လှစ်ခဲ့ကြောင်း သတင်းရရှိသည်။

ကန်ဒေါ်လာတစ်သိန်းကျော်အကုန်ကျခံကာ ကျေးလက်ကျန်းမာရေးဌာနတည်ဆောက်ခဲ့ခြင်းဖြစ်ပြီး နိုဝင်ဘာ ၁၅ ရက်က အဆောက်အအုံသစ်ကို ဖွင့်လှစ်ကာ သက်ဆိုင်ရာသို့ လွှဲပြောင်းပေးခဲ့သည်။ ရန်ကုန်မြို့မှ ၉၃ မိုင်အကွာညောင်လေးပင်မြို့နယ်အတွင်း တည်ရှိသည့် ရေတွင်းကုန်းရွာတွင် ဂျပန်နိုင်ငံအစိုးရ၏ အသေးစားစီမံကိန်းများ ထောက်ပံ့ရေးအစီအစဉ်အရ အဆိုပါကျေးရွာနှင့် အနီးပတ်ဝန်းကျင်ကျေးရွာလူထု၏ ကျန်းမာရေးစောင့်ရှောက်မှု ပိုမိုကောင်းမွန်လာစေရန် ရည်ရွယ်ကာ ကျေးလက်ကျန်းမာရေးဌာနအဆောက်အအုံအဆောင်သစ် တစ်ဆောင်နှင့် ဆေးရုံသုံးပစ္စည်းများထောက်ပံ့ကူညီခဲ့ခြင်းဖြစ်သည်။

ကျန်းမာရေးဝန်ကြီးဌာနက ၂၀၁၀ ပြည့်နှစ်တွင် ညောင်လေးပင်မြို့နယ်ကျန်းမာရေးဝန်ဆောင်မှုတိုးတက်စေရန် ရည်ရွယ်ကာ ကျေးလက်ကျန်းမာရေးဌာနခွဲ အဆင့်မှ ကျေးလက်ကျန်းမာရေးဌာန အဆင့်သို့ တိုးမြှင့်ချထားပေးခဲ့ပြီး ကျန်းမာရေး ဝန်ကြီးဌာနမှ သတ်မှတ်ထားသည့် စံချိန်စံညွှန်းကိုက်ညီသော ကျန်းမာရေးအဆောက်အအုံ တည်ဆောက်ရန် ငွေကြေးအခက်အခဲများရှိခဲ့ရာမှ ဂျပန်နိုင်ငံ၏ အကူအညီဖြင့် ဆောင်ရွက်နိုင်ခဲ့ခြင်းဖြစ်သည်။



ကျေးလက်ကျန်းမာရေးဌာနဖွင့်လှစ်စဉ်

**CAREER OPPORTUNITY**

**EASIA TRAVEL** is a professional travel organization with wide range of tourism experience in Vietnam, Laos, Cambodia, Thailand and Myanmar. Currently, we are in search of dynamic team members in Myanmar for the following areas,

| | | |
|---|---|---|
| 1. Sales Consultant | M/F | (5) posts |
| 2. Tour Operation | M/F | (5) posts |

**Job Requirement:**
Excellent spoken and written English, French or German would be an advantage. Mastery of Microsoft Office (Word, Excel, Outlook, and PowerPoint) is required. 1-2 years minimum experience in inbound travel (tour guiding, operation, sales, and reservation) is preferred, however not essential.

**Benefit:**
Competitive salary, additional allowances and special bonuses plus career development offered commensurate with the responsibilities and qualifications. Ongoing training including domestic and international travels possibilities.

Please send your resume via email jasmine@easia-travel.com or contact the mobile no. **09 505 3460**. Only short listed candidates will be interviewed. Local service only.

**"KNORR" ကြက်သားမှုန့်ထုပ်ရောင်းချသူများနှင့် ဝယ်ယူစားသုံးသူများအား အကြောင်းကြားအသိပေးကြေညာချက်**

(၁၇၅) နှစ်သက်တမ်းရှိပြီဖြစ်သော "KNORR" အမှတ်တံဆိပ်ပါ ကုန်ပစ္စည်းအမျိုးမျိုးကို ကမ္ဘာ့နိုင်ငံပေါင်း (၁၀၀) ကျော်တွင် Unilever မှ ထုတ်လုပ်ဖြန့်ဖြူးရောင်းချလျှက်ရှိပါသည်။

ဤကဲ့သို့ "KNORR" ကုန်အမှတ်တံဆိပ်ပါ ကြက်သားမှုန့်များသာလျှင် Unilever မှထုတ်လုပ်သော ကုန်ပစ္စည်းအစစ်အမှန်များသာဖြစ်ပြီး၊ ဈေးကွက်အတွင်းတွင် တခြားဆင်တူယိုးမှားအမည်၊ အမှတ်တံဆိပ်များအနေနှင့် ထုတ်လုပ်ဖြန့်ဖြူးရောင်းချခြင်း မည်သည့်အခါမှ မရှိခဲ့ပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။

သို့ဖြစ်ပါ၍ Unilever မှ ထုတ်လုပ်ဖြန့်ဖြူးရောင်းချသော "KNORR" ကုန်အမှတ်တံဆိပ်ပါ ကြက်သားမှုန့်ထုပ်များကို စိတ်ချစွာ ဝယ်ယူအားပေးနိုင်ပါကြောင်းနှင့် အထူးကျေးဇူးတင်ရှိပါကြောင်း။

**"KLWAR" ဟူသော ကုန်အမှတ်တံဆိပ်ဖြင့် ကြက်သားမှုန့်ထုတ်လုပ်သူ ဦးကျော်လှိုင် (၁၂/သကတ (နိုင်) ၁၁၉၅၁၈) နှင့် အများသိစေရန် သတိပေးကြေညာချက်**

"Klwar" ဟူသော ကုန်အမှတ်တံဆိပ်ကြက်သားမှုန့်ထုပ်များသည် Unilever မှ ထုတ်လုပ်ဖြန့်ဖြူးရောင်းချသော "KNORR" ကုန်အမှတ်တံဆိပ်ပါ ကြက်သားမှုန့်ထုပ်နှင့် ဆင်တူရိုးမှား ထုတ်လုပ်ဖြန့်ချီလျက်ရှိသည်ဖြစ်၍ ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံးတော်တွင် ၂၀၁၂-ခုနှစ်၊ တရားမကြီးမှုအမှတ်- ၁၃၂ ဖြင့် တရားစွဲဆိုခဲ့ရာ "Klwar" ကုန်အမှတ်တံဆိပ်ဖြင့် ကြက်သားမှုန့်ထုပ် ထုတ်လုပ်သူ ဦးကျော်လှိုင်အပေါ် "Klwar" ကြက်သားမှုန့်ထုပ်များအား တရားမကျင့်ထုံးဥပဒေ အမိန့် ၃၉၊ နည်းဥပဒေ ၁ အရ အမှုအတောအတွင်း ထုတ်လုပ်ဖြန့်ဖြူးခြင်းမပြုရန် ယာယီတားဝရမ်း အမိန့်ကို (၂၂-၈-၂၀၁၂) ရက်နေ့က ထုတ်ဆင့်ထားခဲ့ပြီးဖြစ်ပါသည်။ ယင်းအမိန့်အပေါ် ဦးကျော်လှိုင်မှ ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်သို့ ၂၀၁၂-ခုနှစ်၊ တရားမအထွေထွေအယူခံမှုအမှတ် - ၁၀၁ ဖြင့် အယူခံတင်သွင်းခဲ့သော်လည်း (၂၉-၇-၂၀၁၃) ရက်နေ့က ယင်းအယူခံလွှာကို ပလပ်ခဲ့ပြီးဖြစ်ပါသဖြင့်၊ ဦးကျော်လှိုင်ထုတ်လုပ်သော "Klwar" ကြက်သားမှုန့် ထုပ်များသည် အမှုအတောအတွင်းထုတ်လုပ်ဖြန့်ဖြူးရောင်းချခွင့်မရှိပါကြောင်း ဦးကျော်လှိုင်နှင့် အများသိစေရန် ကြေညာအပ်ပါသည်။

ညွှန်ကြားချက်အရ -

**ဒေါ်ရီရီတင်**
တရားလွှတ်တော်ရှေ့နေ - ၁၉၉၅
ရုံးအမှတ်-၅၅၊ တတိယထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊
ကျောက်တံတားမြို့နယ်။
ဖုန်း- ၃၇၁၇၅၅၊ ၀၉-၅၀၁၈၃၄၅၊ ၀၉-၄၉၂၄၅၅၉၃

**VACANCY ANNOUNCEMENT**
**Post Title : Legal Officer**
**Duty Station : Yangon**

ICRC

The Legal Officer will be part of the protection department in Yangon and should start in his/her position as soon as possible.

**Professional Requirements:** A university degree in law, preferably in criminal justice, a minimum of five years work experience, ideally in criminal justice and/or judicial reform, excellent knowledge of Myanmar justice system and national legislation, knowledge of International Humanitarian Law and International Human Rights Law an asset, very good command of written and spoken English, written Myanmar, very good computer skills, including word processing, spread sheets and databases, very good interpersonal skills, work experience in the humanitarian field an asset.

**Personal Requirements:** A Myanmar National, patient, self confident and discrete, special interest in humanitarian work, a sense of responsibility and priorities, the ability to take initiative, to work independently, as well as to work as part of a team.

**Main Responsibilities:** Provides an analysis of the functioning of the criminal justice system in Myanmar, provides an analysis of national criminal legislation, keeping up-to date in developments, builds and maintains a network of pertinent criminal justice actors and of NGOs, INGOs and International Organizations working on judicial reform, IHL, IHRL, detention etc., provides the department with advise on applicable legal standards and the functioning of the Myanmar justice system, prepares, updates and maintains a reference material library on relevant legal and related documents, accompanies the Protection Coordinator and other delegates in meetings with criminal justice actors; interprets from Myanmar into English and vice-versa when required, translates pertinent legal documents from Myanmar into English; prepares extracts, summaries, briefing papers etc as relevant; , participates in trainings, workshops, seminars organized by the ICRC and presents IHL and international laws and standards relevant to ICRC activities.

Interested persons should submit an application and a CV by mail to: the **ICRC, Human Resources Department, 2(C)-5, Kaba Aye Pagoda Road, 8th Mile, Mayangone Township, Yangon** or by e-mail to: **yan_yangon@icrc.org** before **8th December 2013**. Only short-listed applicants will be contacted. For more details, please contact (tel: 01- 662613, 650136, 664524).

Education
7 DAY NEWS JOURNAL
Vol.12, No.37 • NOVEMBER 20 , 2013

# ဆေးတက္ကသိုလ်(တောင်ကြီး) ၂၀၁၅-၁၆ ပညာသင်နှစ်အတွက် ကျောင်းသား ၁၀၀ ခန့် လက်ခံမည်

**နေလင်းထွန်း**

**ရန်ကုန်၊ နိုဝင်ဘာ-၁၆**

တောင်ကြီးမြို့၊ နောင်လေကျေးရွာတွင် တည်ဆောက်နေသော ဆေးတက္ကသိုလ်(တောင်ကြီး)၌ ၂၀၁၅-၁၆ ပညာသင်နှစ်မှစတင်၍ နှစ်စဉ်ကျောင်းသားဦးရေ၁၀၀ ခန့်လက်ခံသင်ကြားနိုင်ရန် စီစဉ်ထားကြောင်း ဆေးသိပ္ပံပညာဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာတင်တင်လေးက ဆိုသည်။

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် တောင်ကြီးမြို့ရှိဆေးတက္ကသိုလ်တည်ဆောက်နေမှုကို သွားရောက်စစ်ဆေးခဲ့ရာ ဒေါက်တာတင်တင်လေးက ဆေးတက္ကသိုလ်အသစ်တည်ဆောက်မှု အခြေအနေများကို ရှင်းလင်းတင်ပြခဲ့ခြင်း ဖြစ်သည်။

၂၀၁၃-၁၄ ဘဏ္ဍာနှစ်မှစတင်၍ ဆေးတက္ကသိုလ်(တောင်ကြီး)တည်ဆောက်ရန် ခွင့်ပြုရန်ပုံငွေကျပ်သန်း ငါးထောင်ရရှိထားပြီးဖြစ်ကာ ၂၀၁၅-၁၆ ပညာသင်နှစ်မှစတင်၍ နှစ်စဉ်ကျောင်းသားဦးရေ တစ်ရာခန့်နှင့် လိုအပ်ပါက ကျောင်းသားဦးရေနှစ်ရာထိ လက်ခံသင်ကြားနိုင်ရန် စီစဉ်ထားကြောင်း ဒေါက်တာတင်တင်လေး၏ တင်ပြချက်ကို နိုင်ငံပိုင်သတင်းစာများတွင် ဖော်ပြထားသည်။

လက်ရှိ ရန်ကုန်ဆေးတက္ကသိုလ်(၁)၊ ရန်ကုန်ဆေးတက္ကသိုလ်(၂)၊ မန္တလေးဆေးတက္ကသိုလ်နှင့် မကွေးဆေးတက္ကသိုလ်တို့တွင် နှစ်စဉ်ကျောင်းသားဦးရေ ၁၂၀၀ ကို လက်ခံသင်ကြားနေပြီး တောင်ကြီးဆေးတက္ကသိုလ် ဖွင့်လှစ်ပြီးပါက တက္ကသိုလ်ဝင်စာမေးပွဲ ထူးချွန်စွာ အောင်မြင်ကြမည့် ကျောင်းသားများအနေဖြင့်ဆေးပညာသင်ယူရန် အခွင့်အလမ်းပိုမိုရရှိမည် ဖြစ်သည်။



ပညာရေးကောလိပ်များမှ ဆရာ/ဆရာမများ နှစ်စဉ်မွေးထုတ်ပေးလျက်ရှိသည်။ ဓာတ်ပုံ-ဂျေမောင်မောင်(အမရပူရ)

# အခြေခံပညာကျောင်းများတွင် ဆရာ၊ ဆရာမသုံးသောင်းကျော် ၂ နှစ်ဆက်တိုက် တိုးမြှင့်ခန့်ထားမည်

**နေလင်းထွန်း**

**ရန်ကုန်၊ နိုဝင်ဘာ-၁၆**

လာမည့် ပညာသင်နှစ်မှစ၍ အခြေခံပညာကျောင်းများတွင် ဆရာ၊ ဆရာမသုံးသောင်းကျော် ၂ နှစ်ဆက်တိုက်တိုးမြှင့်ခန့်ထားရန် အစိုးရအဖွဲ့သို့ တင်ပြထားကြောင်း သမ္မတရုံးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးဦးတင်နိုင်သိန်းက ပြောကြားသည်။

မူလတန်း၊ အလယ်တန်းနှင့် အထက်တန်းပြဆရာ၊ ဆရာမများ တိုးမြှင့်ခန့်ထားမည့်အစီအစဉ်ကို ဦးတင်နိုင်သိန်းက ရန်ကုန်တက္ကသိုလ်စိန်ရတုခန်းမ၌ပြုလုပ်သော ပညာရေးမြှင့်တင်မှုဆွေးနွေးပွဲတွင် ပြောကြားခဲ့ခြင်းဖြစ်သည်။

"၂၀၁၄-၂၀၁၅ ပညာသင်နှစ်မှာ ပညာရေးအဆင့်ကိုပီပီပြင်ပြင်မြှင့်ဖို့ဆိုရင်အလွတ်ကျက်ပြီး ဆောင်ရွက်တဲ့အစိတ်အပိုင်းမှာ မူလတန်းဆရာမတွေက ဟိုအတန်းကိုပြေးသင်လိုက်၊ ဒီဘက်အတန်းမှာ စာကျက်ခိုင်းထားလိုက်ဆိုတဲ့ ဖြစ်စဉ်တွေမဖြစ်ဖို့ ဆရာ၊ ဆရာမလုံလုံလောက်လောက်ခန့်ထားဖို့ ပညာရေးဝန်ကြီးဌာနက အသေးစိတ်စီမံထားတာရှိပါတယ်"ဟုသမ္မတရုံးဝန်ကြီးကဆွေးနွေးပွဲတက်ရောက်လာသူများအားရှင်းပြခဲ့သည်။

၂၀၁၄-၂၀၁၅ နှင့် ၂၀၁၅-၂၀၁၆ ပညာသင်နှစ်တို့တွင် အထက်တန်းပြ ၆,၀၀၀၊ အလယ်တန်းပြ ၁၂,၀၀၀၊ မူလတန်းပြ ၁၈,၀၀၀ စီတိုးမြှင့်ခန့်ထားရန် ပြီးခဲ့သည့်စက်တင်ဘာက အစိုးရအဖွဲ့သို့တင်ပြထားသည်ဟု ဆိုသည်။

ပညာရေးပြုပြင်ပြောင်းလဲမှုတွင် အဓိကအခန်းကဏ္ဍမှရှိနေသော ဆရာ၊ ဆရာမများ၏ ဘဝဖူလုံရေး၊ သွားလာမှုလွယ်ကူရေး၊ ဝန်ထမ်းအိမ်ရာများတည်ဆောက်ပေးရေးကိုလည်း ပညာရှင်များက ဆွေးနွေးခဲ့ကြသည်။

ပညာရေးဝန်ကြီးဌာနသည် ပြီးခဲ့သည့်မေလက နေ့စားလပေးဆရာ၊ ဆရာမများနှင့် အောက်ခြေဝန်ထမ်းများအပါအဝင် မူလတန်း၊ အလယ်တန်းနှင့် အထက်တန်းပြဆရာ၊ ဆရာမရာထူးတစ်သိန်းနှစ်သောင်းကိုတိုးမြှင့်ခန့်အပ်ခဲ့သည်။

လက်ရှိချိန်တွင် ပညာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးဒေါက်တာမြအေးသည် ကျန်းမာရေးကြောင့်တာဝန်မှ အနားယူနေရခြင်းကြောင့် ဒုတိယဝန်ကြီး ဒေါက်တာမျိုးမြင့်က ခေတ္တပြည်ထောင်စုဝန်ကြီးတာဝန်ရယူထားပြီး ပညာရေးမြှင့်တင်မှုလုပ်ငန်းများအတွက်သမ္မတရုံးပြည်ထောင်စုဝန်ကြီးက ဦးဆောင်လျက်ရှိသည်။

# မြန်မာနိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်မည့် ကန်အဆင့်မြင့်ပညာအဖွဲ့အစည်းများ USAID ထုတ်ပြန်

**နေလင်းထွန်း**

**ရန်ကုန်၊ နိုဝင်ဘာ-၁၆**

အမေရိကန်နိုင်ငံတကာဖွံ့ဖြိုးတိုးတက်မှုအေဂျင်စီ (USAID)သည် မြန်မာနိုင်ငံ၏ ဒီမိုကရေစီ၊ ငြိမ်းချမ်းနှင့်ဖွံ့ဖြိုးရေးအတွက်ထောက်ပံ့ရာ၌ ပူးပေါင်းဆောင်ရွက်မည့် အမေရိကန်အဆင့်မြင့်ပညာအဖွဲ့အစည်းသုံးဖွဲ့ကို အကူအညီပေးရန် ရွေးချယ်လိုက်ကြောင်း နိုဝင်ဘာ ၁၃ ရက်တွင် ထုတ်ပြန်လိုက်သည်။

Indiana University နှင့် Hewlett-Packard Company တို့သည် ရန်ကုန်စီးပွားရေး တက္ကသိုလ်၏ သင်ကြားရေးနှင့် စွမ်းဆောင်ရည်မြှင့်တင်မှုကိုတိုးတက်စေရန် စီးပွားရေးစွန့်ဦးလုပ်ငန်းတစ်ခုတည်ထောင်၍ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများအား သတင်းအချက်အလက်နှင့်နည်းပညာ အစီအစဉ်များ ဖြန့်ဝေပေးသည့် အစီအစဉ် ပြုလုပ်မည်ဖြစ်ကြောင်းသိရသည်။

Johns Hopkins University, Exxon, Luce Foundation နှင့် Serge Pun & Associates တို့သည် ရန်ကုန်တက္ကသိုလ်သို့အမေရိကန်ဧည့်ပါမောက္ခများ စေလွှတ်မည်ဖြစ်ပြီး နိုင်ငံတကာဆက်ဆံရေးနှင့် နိုင်ငံရေးသိပ္ပံဘာသာတို့၏ သင်ကြားရေးများကို အဆင့်မြှင့်မည်ဖြစ်ကာ ကျောင်းသားများအား အရပ်ဘက်အဖွဲ့အစည်း၊ ဥပဒေပြုရေး၊ အုပ်ချုပ်ရေးပညာရပ်တို့ကို ပိုမိုတိုးတက်အသိပညာပေးမည်ဖြစ်သည်။

University of Washington, Microsoft နှင့် Bill & Melinda Gates Foundation တို့သည် အစိုးရ၊ ပုဂ္ဂလိကနှင့် အရပ်ဘက်အဖွဲ့အစည်းခေါင်းဆောင်များကို သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာစွမ်းရည်တို့ကို သင်ကြားပို့ချပေးမည်ဖြစ်သည်။

"တက္ကသိုလ်တွေက မြန်မာနိုင်ငံရဲ့ အကူးအပြောင်းကာလမှာ အရေးကြီးတဲ့ အခန်းကဏ္ဍမှာရှိနေပါတယ်"ဟု USAID၏ မြန်မာနိုင်ငံဆိုင်ရာ ဒါရိုက်တာက ပြောသည်။

အမေရိကန်အဆင့်မြင့်ပညာအဖွဲ့အစည်းများ၏ပူးပေါင်းဆောင်ရွက်မှုဖြင့် မြန်မာတက္ကသိုလ်များလိုအပ်နေသော ဒီမိုကရေစီတည်တံ့မှုနှင့် စီးပွားရေးပြောင်းလဲမှုစွမ်းရည်တို့ကို တည်ဆောက်နိုင်မည်ဖြစ်ပြီး မြန်မာ့အနာဂတ်ခေါင်းဆောင်များပေါ်ထွန်းလာစေရေး အထောက်အပံ့ဖြစ်စေရန် ဆောင်ရွက်ခြင်းဖြစ်ကြောင်း ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။



Ph : 662107, 9669012, 0973028674, 02-77838, 053-27705, 074-20071, 081-2122838, 057-27170, 073-22158, 082-23561, 043-23859, 098763546, 067-24760, 0949850196, 075-25979. Fax-521905

7 DAY NEWS JOURNAL
Vol.12, No.37 • NOVEMBER 20 , 2013

# အခြေခံပညာသင်နှစ် တိုးမြှင့်မည့်စနစ် ဆောင်ရွက်ရန် အသင့်မဖြစ်သေးကြောင်း ပညာရှင်များထောက်ပြ

**နေလင်းထွန်း**
**ရန်ကုန်၊ နိုဝင်ဘာ-၁၂**

အခြေခံပညာသင်နှစ်များ တိုးမြှင့်သတ်မှတ်မည့်စနစ်သစ် KG+5-4-3 ကို ဆောင်ရွက်ရန် အသင့်မဖြစ်သေးသောကြောင့် လာမည့်ပညာသင်နှစ်ကြိုတင်ပြင်ဆင်သောကာလအဖြစ် သတ်မှတ်သင့် ကြောင်း ပညာရေးမြှင့်တင်မှု အကောင်အထည်ဖော်ရေး ကော်မတီအဖွဲ့ဝင် ဦးတင်ညိုကပြောသည်။

ဒုတိယသမ္မတဒေါက်တာစိုင်းမောက်ခမ်း တက်ရောက်ခဲ့သော ပညာရေးမြှင့်တင်မှု ဆွေးနွေးပွဲ၌ အခြေခံပညာရေးဆက်စပ်လုပ်ငန်းအဖွဲ့များ၏ကျွမ်းကျင်ပညာရှင်များ ကိုယ်စားဦးတင်ညိုက တင်ပြဆွေးနွေးခဲ့ခြင်း ဖြစ်သည်။

"ဒေသဆိုင်ရာ ကိုယ်စားလှယ်တွေနဲ့ ညှိနှိုင်းတဲ့အခါမှာတော့ အခြေခံပညာတည်ဆောက်ပုံ KG+5-4-3 ဟာ ဆောင်ရွက်ရန်လိုအပ်နေသေးတဲ့အတွက် ၂၀၁၄-၁၅ပညာသင်နှစ်ကနေကြိုတင်ပြင်ဆင် ဆောင်ရွက်သင့်ပါကြောင်း တင်ပြခြင်းဖြစ်ပါတယ်"ဟုဦးတင်ညိုကဆိုသည်။

ကျောင်းသား၊ ကျောင်းသူများ သင်ယူမှုစွဲမြဲစေရန် မူလတန်းအကြိုသည် လိုအပ်ချက်တစ်ရပ်ဖြစ်ပြီး အခြေခံပညာသင်နှစ် တိုးမြှင့်ရာတွင် လက်ရှိမူလတန်းပြီးမြောက်နှုန်း၊ ကျောင်းနေနှုန်းအခြေအနေနှင့်အတူ မသင်မနေရမူလတန်းပညာရေးကို ထည့်သွင်းစဉ်းစား၍ အသင့်လျော်ဆုံး ဖွဲ့စည်းမှုပုံစံကို လျာထားခြင်းဖြစ်ကြောင်း အထက်ပါပညာရှင်ကပြောသည်။



ပညာရေးဝန်ကြီးဌာနသည် အခြေခံပညာသင်နှစ် ၁၂ နှစ်အပြင် မသင်မနေရမူလတန်းအကြို KG ကို ၂၀၁၄-၁၅ ပညာသင်နှစ်တွင် အကောင်အထည်ဖော်မည့် သတင်းများ ထွက်ပေါ်နေသော်လည်း ပညာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဒေါက်တာစန်းလွင် က အဆိုပါ စနစ်သစ်စတင်မည့် အချိန်ကို သတ်မှတ်ထားခြင်းမရှိသလို နိုင်ငံတော်အစိုးရသို့လည်း တင်ပြထားခြင်းမရှိသေးကြောင်းနှင့် စီမံချက်ရေးဆွဲနေဆဲ အချိန်ကာလသာရှိသေးကြောင်း လွှတ်တော်အစည်းအဝေးတွင် ကိုယ်စားလှယ်တစ်ဦး၏ မေးမြန်းမှုကို ပြန်လည်ဖြေကြားထားသည်။

# အမျိုးသားပညာရေးဥပဒေမူကြမ်း လက်ခံနိုင်ဖွယ်ရှိဟုဆို

**နေလင်းထွန်း**
**ရန်ကုန်၊ နိုဝင်ဘာ-၁၆**

ပြည်သူ့လွှတ်တော် ပညာရေးမြှင့်တင်မှုကော်မတီက ရေးဆွဲထားသော အမျိုးသားပညာရေးဥပဒေမူကြမ်းသည် လက်ခံနိုင်ဖွယ်ရှိနေကြောင်း နိုင်ငံလုံးဆိုင်ရာ ပညာရေးစနစ်ပြုပြင်ပြောင်းလဲရေးကွန်ရက် (NNER) မှ ဒေါက်တာသိန်းလွင်က ပြောသည်။

နေပြည်တော်တွင် အမျိုးသားပညာရေးဥပဒေမူကြမ်းဆိုင်ရာ ဆွေးနွေးပွဲကိုပြင်ပပုဂ္ဂိုလ်အဖွဲ့အစည်းနှစ်ခုအားဖိတ်ကြား၍ ပထမအကြိမ်တွင် သုံးရက်ကြာ၍ ဒုတိယအကြိမ်တွင် နှစ်ရက်ကြာဆွေးနွေးခဲ့ပြီးနောက် ဝန်ကြီးဌာန ၁၃ ခုနှင့် ထပ်မံတွေ့ဆုံဆွေးနွေးမည့်အစီအစဉ်ရှိကြောင်း သိရသည်။

"NNER နဲ့ ကိုက်ညီတာတွေရှိတယ်။ ဝိုင်းဝန်းဆွေးနွေးလို့ရတယ်။ မူကြမ်းအပေါ်မှာ လက်ခံနိုင်ဖို့ရှိပါတယ်။ ပြည့်စုံတာတော့ မဟုတ်သေးဘူးပေါ့။ ဒါပေမဲ့ အရင်အစိုးရနဲ့ ပြောင်းလဲလာတာတွေရှိတယ်။ ကျောင်းသားတွေ ဘာသာရပ်ရွေးချယ်ရာမှာ လွတ်လပ်ခွင့်ပေးထားတယ်။ ကျောင်းသားသမဂ္ဂဖွဲ့စည်းခွင့်ပြုတာတော့ မတွေ့ရသေးဘူး။ ပြည်သူလူထုပါဝင်ခွင့်ပေးတဲ့နေရာမှာလည်း အားနည်းနေသေးတယ်" ဟု အထက်ပါဆွေးနွေးပွဲများသို့ တက်ရောက်ခဲ့သော ဒေါက်တာသိန်းလွင်က ပြောသည်။

ပြည်သူ့လွှတ်တော်တွင် လွန်ခဲ့သည့်နှစ်၊ စက်တင်ဘာက တင်သွင်းအဆိုပြုခဲ့သော အမျိုးသားပညာရေးဥပဒေမူကြမ်းသည် တစ်နှစ်အကြာတွင် အပြီးသတ်ရေးဆွဲပြီးဖြစ်ကာ ဝန်ကြီးဌာနများနှင့် တွေ့ဆုံဆွေးနွေးပြီးပါက အများပြည်သူသို့ ချပြ၍ သဘောထားအမြင်များ တောင်းခံသွားမည်ဖြစ်ကြောင်း သိရသည်။

"ရာခိုင်နှုန်းအနေနဲ့ ပြောရရင် ၉၀ ရာခိုင်နှုန်းလောက်က အဆင်ပြေပါတယ်။ ကျန်တာပဲ ညှိနှိုင်းကြရတာပေါ့။ ရှုထောင့်အမျိုးမျိုးနဲ့ ဆွေးနွေးလိုက်တော့ အမြင်များများ ထွက်လာတာပေါ့။ နောက်တစ်လလောက်နေပြီးရင် ဝန်ကြီးဌာနတွေနဲ့ တွေ့မှာပါ။ သူတို့အကြံပြုမှာတွေလည်း ရှိမယ်လေ" ဟု ပြည်သူ့လွှတ်တော်ပညာရေးမြှင့်တင်မှု ကော်မတီမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ပြည်သူ့လွှတ်တော်ပညာရေးမြှင့်တင်မှုကော်မတီမှ ရေးဆွဲထားသော အမျိုးသားပညာရေး ဥပဒေမူကြမ်းကို လာမည့်နှစ်၊ ဇန်နဝါရီလတွင် ကျင်းပပြုလုပ်မည့်ပြည်သူ့လွှတ်တော်၌ တင်ပြဆွေးနွေးပြီးနောက် အတည်ပြုပြဋ္ဌာန်းနိုင်ရန် ရည်မှန်းထားကြောင်း သိရသည်။



# မြန်မာလုပ်သားတစ်ရာကျော် ထိုင်းသို့ တရားဝင် စေလွှတ်ရန်ခွင့်ပြု

**အေးမြတ်သူ၊ ဇော်မျိုးလှိုင်**
**ရန်ကုန်၊ နိုဝင်ဘာ-၁၆**

ထိုင်းနိုင်ငံသို့ အနီရောင်ပတ်စပို့ဖြင့် သွားရောက်လုပ်ကိုင်ရန် မြန်မာလုပ်သားတစ်ရာကျော်ကိုနိုဝင်ဘာ၁၅ရက်က စတင်စေလွှတ်ခွင့်ပြုခဲ့ကြောင်း အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ်ဦးမျိုးအောင်ကပြောသည်။

ပြီးခဲ့သည့် ၂၀၁၂ ခုနှစ်ကုန်ပိုင်းမှစ၍ ထိုင်းနိုင်ငံသို့ မြန်မာအလုပ်သမားတရားဝင်စေလွှတ်မှုကို နှစ်နိုင်ငံအစိုးရ သဘောတူစာချုပ် MOU စနစ်ဖြင့် ခွင့်ပြုခဲ့သည်။ မြန်မာလုပ်သားများကို ထိုင်းအစိုးရက ခရမ်းရောင်ပတ်စပို့ဖြင့်သာ သွားရောက်လုပ်ကိုင်ခွင့်ပြုခဲ့ပြီး ယခုအခါအနီရောင်ပတ်စပို့ပြောင်းလဲကိုင်ဆောင်ရန် ထိုင်းအစိုးက အောက်တိုဘာ ၁၂ ရက်က အတည်ပြုသဘောတူခဲ့သည်။

ယခုအခါထိုင်းနိုင်ငံသို့ MOU စနစ်ဖြင့် သွားရောက်လုပ်ကိုင်မည့် မြန်မာလုပ်သားများကို နိုဝင်ဘာ ၁၅ ရက်မှစ၍ သက်တမ်း ငါးနှစ်ရှိသည့် အနီရောင်ပတ်စပို့ဖြင့် သွားရောက်လုပ်ကိုင်ရန် စတင်ခွင့်ပြုပေးခဲ့ပြီး မြန်မာအလုပ်သမားတစ်ရာကျော်ကို နယ်စပ်မှတစ်ဆင့် မဲဆောက်သို့ သွားရောက်လုပ်ကိုင်ရန် မြန်မာအစိုးရဘက်က စတင်ခွင့်ပြုခဲ့သည်။

ထိုင်းအစိုးရက ပတ်စပို့အရောင်ပြောင်းလဲသတ်မှတ်ပေးပြီးနောက် ယခင်ခရမ်းရောင်ပတ်စပို့ကို နယ်စပ်တွင် ထုတ်ပေးခဲ့ရာ ယခုအခါရန်ကုန်မြို့ရှိ နိုင်ငံကူးလက်မှတ်ထုတ်ပေးရေးရုံးတွင် ပြောင်းရွှေ့လျှောက်ထားထုတ်ပေးလျက်ရှိသည်။

လိုင်စင်ရအေဂျင်စီအများစုက လုပ်သားများအတွက် အလုပ်လုပ်ကိုင်ခွင့်ပတ်စပို့ (PJ)ဖြင့် လျှောက်ထားဆောင်ရွက်ပေးနေသော်လည်း နယ်စပ်မှလာရောက်လုပ်ကိုင်လျက်ရှိသည့် ပွဲစားများက အလည်သွားရောက်သည့်ပတ်စပို့(PV)ပင်လျှောက်ထား ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။ အဆိုပါနယ်စပ်မှ လာရောက်လုပ်ကိုင်သည့် နယ်စပ်ပွဲစားများသည် လိုင်စင်ရအေဂျင်စီအချို့နှင့် ပူးပေါင်းလုပ်ကိုင်မှုရှိသကဲ့သို့ အချို့ကအေဂျင်စီအမည်ခံ၍ လိမ်လည်လုပ်ကိုင်လျက်ရှိကြောင်း ပြည်ပလုပ်ကိုင် ရှာဖွေရေးအင်ဂျင်စီများထံမှ သတင်းရရှိသည်။

"အခုလို ပွဲစားတွေက PVနဲ့ အလုပ်သမားတွေကို လုပ်တာ။ လိုင်စင်ရအေဂျင်စီတွေကိုတော့ ထိခိုက်မှုမရှိဘူး။ ဒါပေမဲ့ အလုပ်သမားတွေဘက်တော့ ထိခိုက်မှုရှိနိုင်မယ်။ အစ်မတို့က တော့ PJနဲ့ လုပ်တာဆိုတော့ လုပ်သားတွေအတွက် စိတ်ချရတယ်။ အခုမှ အနီရောင်နဲ့ စပို့တာဆိုတော့ PVနဲ့ပို့တာနဲ့ PJနဲ့ သွားတာဘယ်လိုဖြစ်လာမယ်ဆိုတာတော့ မပြောနိုင်သေးဘူး"ဟု Lovely World ပြည်ပအလုပ်အကိုင်ရှာဖွေရေး အေဂျင်စီမှ မန်နေဂျင်း ဒါရိုက်တာ မချိုချိုစန်းကပြောသည်။

အချို့သော တရားဝင်လိုင်စင်ရအေဂျင်စီများအနေဖြင့် လုပ်သားစေလွှတ်မှုတွင် ဈေးကွက်ပြိုင်ဆိုင်မှုများလည်း ရှိလာပြီး အစိုးရဘက်က တရားဝင်သတ်မှတ်ထားသည့် ထိုင်းအလုပ်ရှင်မှ ပေးရသော ဝန်ဆောင်ခဘတ်ငွေ တစ်သောင်းတစ်ထောင်ကို နှစ်နိုင်ငံမှ အလုပ်သမား အေဂျင်စီများက ခွဲဝေယူရကြောင်း သိရသည်။

သို့ရာတွင် အချို့သော မြန်မာဘက်မှအေဂျင်စီများက အဆိုပါဝန်ဆောင်ခကို ထိုင်းအေဂျင်စီဘက်က မယူတော့ဘဲ မြန်မာ အလုပ်သမားများထံမှ ငွေကျပ် ငါးသိန်းထိ ထပ်မံတောင်းခံလျက်ရှိကြောင်း သတင်းရရှိသည်။ ထိုသို့ ဈေးကွက်ပြိုင်ဆိုင်မှုများရှိလာခြင်းကြောင့် အချို့သောအေဂျင်စီများသည် လုပ်သားစေလွှတ်မှုယာယီရပ်ထားပြီး ထိုင်းအလုပ်ရှင်မှတိုက်ရိုက်ဆက်သွယ်သည့် အလုပ်ခေါ်စာမျိုးကိုသာ လက်ခံ၍ လုပ်သားပို့ဆောင်မှုမျိုးကိုသာ ဆောင်ရွက်လျက်ရှိကြောင်း အေဂျင်စီအချို့ထံမှ သတင်းရရှိသည်။

"တချို့အေဂျင်စီတွေက ထိုင်းအလုပ်ရှင်က ပေးတဲ့ပိုက်ဆံကိုမယူဘူး။ လူပဲပေးမယ်ဆိုတော့ ထိုင်းပွဲစားတွေက သူတို့နဲ့ပဲ လုပ်ဖြစ်တော့တယ်။ ပြီးတော့ အလုပ်သမားဆီကလေး၊ငါးသိန်းကောက်ပြီး ပို့ပေးနေတာ။ မှန်မှန် ကန်ကန်လုပ်တဲ့ အေဂျင်စီ ၁၁ ခု လောက်က ဆက်မလုပ်ဘဲ နားထားပြီး စောင့်ကြည့်နေတာ"ဟု နာမည်ရ အလုပ်အကိုင်ရှာဖွေရေးအေဂျင်စီမှ မန်နေဂျင်းဒါရိုက်တာတစ်ဦးကပြောသည်။

## Free Classified

## ဝန်ထမ်းအလိုရှိသည်

**ဝန်ထမ်းအလိုရှိသည်**
EASIA TRAVAL, MYANMAR
Sales Consultants (5)Posts, Tour Operation (5)Posts, Good Command of English.
Ph: 09-5053460

---

**ဝန်ထမ်းအလိုရှိသည်**
AutoCAD, 3ds Max,Revit အချိန်ပိုင်း ပြသနိုင်သူ ဆရာ၊ ဆရာမ (၃) ဦး အမြန်အလိုရှိပါသည်။
email: ctmyanmar@gmail.com
ဖုန်း-၀၉ ၄၂၀၁၁၆၂၂၁

---

**နဂါးပျံလက်ဖက်ခြောက်လုပ်ငန်း**
ရုံးဝန်ထမ်း မ (၂) ဦး
အရောင်းဝန်ထမ်း ကျား (၃) ဦး
ရုံးကားယာဉ်မောင်း ကျား (၆) ဦး
လုံခြုံရေး ကျား (၃) ဦး
ဖုန်း-၀၁ ၅၂၃၄၉၆

---

**ဝန်ထမ်းအလိုရှိသည်**
Event Supervisor M/F (4) Posts
Team Leader M/F (4) Posts
Promoter M/F (15) Posts
PH:01 202825

---

**ဝန်ထမ်းအလိုရှိသည်**
Sales Promoter M/F (30) Posts
English Teacher M/F (1) Post
Auditor M/F (3) Posts
Accountant/Cashier F (3) Posts
Graphic Designer M (1) Post
PH:01 381035

---

**ဝန်ထမ်းအလိုရှိသည်**
၁၀ တန်းအောင် ကျား (၁) ဦး
အသက် ၁၈ မှ ၂၅၊ ရေခဲသေတ္တာနှင့် ပတ်သက်သော စက်ပစ္စည်းများ cleaning & Maintenance လုပ်ရန် သင်ကြားပေးမည်။
ဖုန်း-၀၉ ၇၃၁၈၁၈၀၅

---

**ဝန်ထမ်းအလိုရှိသည်**
ယာဉ်မောင်း (၃) ဦးအလိုရှိသည်။
အခန်း (၂၀၁)၊ အမှတ်(၅)၊ ပထမထပ်၊ ငပလီကွန်ဒို၊ နဝဒေးလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်။
ဖုန်း-၀၉ ၂၅၀၁၉၇၂၈၂

---

**ဝန်ထမ်းအလိုရှိသည်**
ဝင့်ဝါအမျိုးသမီးဝတ်စုံနှင့် အထည်ဆိုင် စက်ချုပ်ကျွမ်းကျင်အမျိုးသမီး (၂) ဦးအလိုရှိသည်။
အမှတ် ၁၁၅၊ ကျွန်းတောလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉ ၅၀၉၀၀၈၄

---

**ဝန်ထမ်းအလိုရှိသည်**
Marketing M (2) Posts
Marketing နှင့် ပတ်သက်၍ လုပ်ငန်းအတွေ့အကြုံရှိ၊ Computer Microsoft Excel/Word အခြေခံကျွမ်းကျင်ရမည်၊ နယ်သွားနိုင်သူ ဦးစားပေးမည်၊ လစာညှိနှိုင်းပေးမည်။
ဖုန်း-၀၁ ၂၃၀၀၈၀၇

---

**ဝန်ထမ်းအလိုရှိသည်**
အမျိုးသမီး အရောင်းဝန်ထမ်း (၂) ဦး အလိုရှိသည်။ အသက် (၁၈မှ ၂၅ နှစ်)။ အကျင့်စာရိတ္တကောင်းမွန်ပြီး အပြောအဆိုဆက်ဆံရေး ပြေပြစ်သူဖြစ်ရမည်။
ဖုန်း-၀၁ ၂၂၆၉၄၁

---

**အလိုရှိသည်**
Probox Taxi (မ/ဒဂုံ)မောင်းရန် Driver အလိုရှိသည်။
ဖုန်း-၀၉ ၈၆၁၉၆၆၁

---

**ဝန်ထမ်းအလိုရှိသည်**
Korea International Cooperation Agency (KOICA)၊ ကိုရီးယားအပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီမှ ယာဉ်မောင်းတစ်ဦးအလိုရှိသည်။
ဖုန်း-၀၁ ၅၃၉၅၇၂

---

**ဝန်ထမ်းအလိုရှိသည်**
ကုမ္ပဏီတွင် တာဝန်ထမ်းဆောင်ရန် တရုတ်-မြန်မာစကားကျွမ်းကျင်စွာ ပြောနိုင်ရန်၊ မွေးမြူရေးဆိုင်ရာ B.Vဘွဲ့ရ၊ ကျား/မ (၃) ဦး။
ဖုန်း-၀၉ ၅၁၁၃၉၂၆

---

**ဝန်ထမ်းအလိုရှိသည်**
Field Sale Staff (2) Posts
Sale & Marketing Manager (1) Post
wintun@ibiz-sp.com သို့အီးမေးလ်ပို့၍ လျှောက်ထားနိုင်သည်။
ဖုန်း-၀၉ ၄၂၀၀၄၁၈၈၄

---

**ဝန်ထမ်းအလိုရှိသည်**
Auditor M/F (2) Posts
Electrician M (2) Posts
Designer M/F (2) Posts
အမှတ်စဉ်အားလုံးအတွက် လုပ်ငန်းအတွေ့အကြုံ ၂နှစ်အထက်ရှိသူ။
အမှတ်-၂၇၀၊ အခန်း-၃စီ၊ ပြည်လမ်း၊ မြေနီကုန်း၊ စမ်းချောင်းမြို့နယ်။

---

**ဝန်ထမ်းအလိုရှိသည်**
ဂျပန်စာသင်ရန် ဆရာ၊ ဆရာမများ
ဂျပန်ဘာသာအရည်အချင်း N2 အောင်မြင်ပြီးသူ၊ ကွန်ပျူတာအသုံးပြုတတ်သူ။
Office Staff
ဂျပန်စာတတ်သူ(သို့) ဘွဲ့တစ်ခုခုရှိသူ၊ ကွန်ပျူတာ အသုံးပြုတတ်သူ။
ဖုန်း-၀၉ ၂၅၀၃၅၇၅၃၅

---

**ဝန်ထမ်းအမြန်အလိုရှိသည်**
ရုံးဝန်ထမ်း မ (၃) ဦး
ဘွဲ့ရ၊ အသက်၊ အသက် ၂၂-၃၀ကြား။
အမှတ်-၃၈၅/၃၈၉၊ ပန်းဆိုးတန်းလမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ Global Tower ၁၂လွှာ၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

---

**ဝန်ထမ်းအလိုရှိသည်**
For IT Department
Manager M (1) Post
Email:myanmarpadauk.hr@gmail.com
PH:01 657781-84

---

**ဝန်ထမ်းအလိုရှိသည်**
Sales Manager M/F (3) Posts
Sales Supervisor M/F (5) Posts
Sales Rep; M/F (6) Posts
Email-hrintermedimd@gmail.com
ဖုန်း-၀၁ ၂၁၅၂၄၇

---

**ဝန်ထမ်းအလိုရှိသည်**
ယာဉ်မောင်း (၂) ဦးအလိုရှိသည်။
၁၀ ဘီး-၁၂ ဘီးကားကြီးမောင်းနိုင်၊ အသက် ၃၀ မှ ၃၅ နှစ်၊ ကားကြီးယာဉ်မောင်းအတွေ့အကြုံရှိရမည်။
ဖုန်း-၀၉ ၄၂၁၁၁၉၀၀၀

---

**ဟိုတယ်ရွှေဂုံတိုင် (နေပြည်တော်)**
HR Assistant (F/M) (3) Posts
Steward (M) (2) Posts
kitchen Helper (M) (2) Posts
Waiter (5) Posts
အမှတ်(၂၇၃)၊ ရွှေဂုံတိုင်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၁ ၅၅၂၅၈၃

---

**ဝန်ထမ်းအမြန်အလိုရှိသည်**
Air Con ကျွမ်းကျင် (၅) ဦး
သင်တန်းသား(အလုပ်သမား) (၅) ဦး
Naing Lin Air Con
အမှတ်(၁၇၈)၊ ဗဟိုလမ်း၊ (၁) ရပ်ကွက်၊ ကမာရွတ်မြို့နယ်။ ဖုန်း-၀၉ ၅၀၉၅၉၁၆

---

**ဝန်ထမ်းအလိုရှိသည်**
Design Engineer (Civil) F (1) Post
Driver M (3) Posts
PH: 09 49603091

---

**ဝန်ထမ်းအလိုရှိသည်**
ကျား (၁) ဦး
မ (၁) ဦး
ရွှေမိသားစု (အထည်ဆိုင်)
ယုဇနပလာဇာ၊ မြေညီထပ်။
ဖုန်း-၀၉ ၅၁၅၅၂၆၀

---

**အလိုရှိသည်**
ဗီဒီယိုဇာတ်ကားနှင့် တေးသီချင်း VCD တို့ ရိုက်ကူးရန် အတွက် သရုပ်သစ် ကျား (၁၀)ဦး၊ မ (၁၀) ဦး အမြန်အလိုရှိသည်။
ဖုန်း-၀၁ ၂၂၇၁၉၉

---

**ဝန်ထမ်းအမြန်အလိုရှိသည်**
Photoshop ကျွမ်းကျင် မ (၃) ဦး
ရုံးဝန်ထမ်း မ (၅) ဦး
ပညာသင်ဝန်ထမ်း မ (၅) ဦး
ဖုန်း-၀၁ ၂၂၇၁၉၉

---

**ဝန်ထမ်းအလိုရှိသည်**
Sales & Marketing F (2) Posts
Senior Accountant F (1) Post
Stock Controller F (1) Post
ဖုန်း-၀၁ ၈၅၅၀၆၁၀

---

**ဝန်ထမ်းအလိုရှိသည်**
Web Developer M (1) Post
Reservation Staff F (2) Posts
Office Staff M/F (1) Post
Office@asiacentrllink.com သို့ E-mail ပို့ပြီး လျှောက်ထားနိုင်ပါသည်။

---

**ဝန်ထမ်းအလိုရှိသည်**
မန်နေဂျာ ကျား (၁) ဦး
ကြီးကြပ်ရေးမှူး ကျား (၁) ဦး
Cashier မ (၁) ဦး
ကြေးအိုးဆရာ ကျား (၁) ဦး
အကြော်ဆရာ ကျား (၁) ဦး
မာလာဟင်းချက် မ (၁) ဦး
Waiter ကျား (၃) ဦး
ဖုန်း-၀၉ ၄၃၀၃၈၈၄၈

---

**ဝန်ထမ်းအလိုရှိသည်**
စက်ချုပ်ကျွမ်းကျင်ဝန်ထမ်း မ( ၂) ဦး
စီးကွင့်စ်ဝန်ထမ်း မ(၁) ဦး
အမှတ်(၇၃)၊ ရေဝတီလမ်း၊ အလုံမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉ ၅၁၃၉၅၂၄

---

**ဝန်ထမ်းအလိုရှိသည်**
အင်ဂျင်နီယာ (Civil,Mechnical)
ကျား (၅) ဦး (QC,QS, Steel Structure ကျွမ်းကျင် )
ဖုန်း-၀၁ ၅၄၃၈၁၆

---

**ဝန်ထမ်းအလိုရှိသည်**
Snack Bar တွင် တာဝန်ထမ်းဆောင်ရန် ဆိုင်မန်နေဂျာ ကျား (၁) ဦးနှင့် စားပွဲထိုး ကျား (၃) ဦး အလိုရှိသည်။ မန်နေဂျာရာထူးအတွက် အတွေ့အကြုံ ၂ နှစ်၊ အင်္ဂလိပ်စကားပြောကျွမ်းကျင်။
ဖုန်း-၀၉ ၅၁ ၂၉၁၉၄

---

**ဝန်ထမ်းအလိုရှိသည်**
ကာယအလှ၊ ဗလနည်းပြအလိုရှိသည်။
ကာယဗလ၊ အလှအားကစားစိတ်ဝင်စားသူ၊ နည်းပြလုပ်ငန်းအား စိတ်ဝင်စားသူ၊ အတွေ့အကြုံရှိသူဦးစားပေးမည်။
ဖုန်း-၀၉ ၃၁၆၄၁၈၁၄လ

အသစ်ဖွင့်လှစ်လိုက်သည့် အခမဲ့အလုပ်ခေါ် ကြော်ငြာကဏ္ဍတွင် ထည့်သွင်းလိုပါက 7Day News ဂျာနယ်တိုက်သို့ ကွန်ပျူတာစာရိုက်ပြီး (1.5"x 2") ထက်မကြီးသောအရွယ်အစားဖြင့်လာရောက်ပေးပို့နိုင်ပါသည်။
အမှန်တကယ်ဝန်ထမ်းခေါ် ယူလိုသူများသာ ယခုကဏ္ဍကိုအသုံးပြုရန် မေတ္တာရပ်ခံအပ်ပါသည်။

7Day News Journal
Vol.12, No.37 • NOVEMBER 20 , 2013

# တော်လှန်ရေးပန်းခြံထဲတွင် ကျင်းပလိုသော အောက်မေ့ဖွယ် နေ့တစ်နေ့

သင်းရီ




လွန်ခဲ့သည့် သီတင်းပတ်ထဲတုန်းက အင်တာနက်၏ လူမှုကွန်ရက်ဖေ့စ်ဘွတ်ခ် စာမျက်နှာထက်မှာ မြန်မာ့လွတ်လပ်ရေးအတွက် နယ်ချဲ့တော်လှန်ရေး၊ ဖက်ဆစ်တော်လှန်ရေးတိုက်ပွဲတွေအလီလီဆင်နွှဲခဲ့သော အသက်(၉၁)နှစ်အရွယ် တော်လှန်ရေး ရဲဘော်ဟောင်း အဘိုးအိုကြီးဦးလှကြိုင် တစ်ယောက် ပဲခူးမြို့လယ်တံတားပေါ်မှာတောင်းရမ်းစားသောက်နေရသည့်သတင်းနှင့် ဓာတ်ပုံကို ပဲခူးမြို့ခံတစ်ဦးက တင်ပေးလိုက်သဖြင့်ကြည့်မြင်ဖတ်ရှုလိုက်ရသည်။ တစ်ဆက်တည်းဆိုသလိုလည်း 7Day ဂျာနယ်တွင်ထို တော်လှန်ရေးရဲဘော်ဟောင်းကြီး ဦးလှကြိုင်အကြောင်း အတော်ပင် ပြည့်ပြည့်စုံစုံဖြစ်အောင် ကိုယ်တိုင်သွားရောက်တွေ့ဆုံရေးသားထားသည့် ဥက္ကာကိုကို၏ဆောင်းပါးတစ်ပုဒ်ဖတ်လိုက်ရသည်။

တော်လှန်ရေးရဲဘော်ဟောင်းကြီးဦးလှကြိုင်၏အကြောင်းဖတ်မိတော့ ရင်ထဲမှာမကောင်း။ တန်ဖိုးကိုနားလည်တတ်သူက ဖေ့စ်ဘွတ်ခ်စာမျက်နှာပေါ်တင်ပေးလိုက်သဖြင့်သာ သမုဒ္ဒရာကြမ်းပြင်ထိနစ်မြုပ်နေသော စိန်တစ်ပွင့်ကို မထင်မမှတ်ပြန်လည်တူးဆွရှာဖွေတွေ့ရှိခဲ့ခြင်းဖြစ်ပေတော့သည်ဟုဖေ့စ်ဘွတ်ခ်အကောင့်ပိုင်ရှင်ကို ကျေးဇူးတင်မိရသည်။ အဘိုးဦးလှကြိုင်ကဲ့သို့ရေပေါ်ပြန်ပေါ်လာခွင့်မရခဲ့ကြသော အမေ့ခံအညာတရ တော်လှန်ရေး ရဲဘော်ကြီးတွေ ဘယ်လောက်များများကို ကျွန်တော်တို့ မေ့မေ့လျော့လျော့ ထားမိခဲ့ကြပြီလည်း မသိ။ မြန်မာ့လွတ်လပ်ရေးအတွက် အသက်၊ သွေး၊ ချွေး ဘဝတွေပေး၍ တိုက်ပွဲဝင်ခဲ့ကြသည့်ဘိုးဘေးတို့၏တန်ဖိုးပေါင်းများစွာကိုပင် ကျွန်တော်တို့၏ သားစဉ်မြေးဆက်များက မေ့မေ့လျော့လျော့ ထားမိခဲ့ကြသည်ထင်၏။

'မြန်မာ့လွတ်လပ်ရေးအတွက် နယ်ချဲ့ကိုအသက်ပေးတိုက်ပွဲဝင်ခဲ့ကြတဲ့ အဘိုးဆရာစံနဲ့တကွ အခြားသောလယ်သမားသူပုန်ဂဠုန်တပ်ဖွဲ့ဝင်များအားလုံးရဲ့ ဂုဏ်ကျေးဇူးများကို ထုတ်ဖော်ဂုဏ်ပြုနိုင်ဖို့အတွက် ဆယ်စုနှစ်ပေါင်းများစွာကြာအောင် ပျက်ကွက်ခဲ့ရတဲ့အတွက် အဘိုးဆရာစံနဲ့ ဂဠုန်တပ်ဖွဲ့ဝင်ရဲဘော်ကြီးများအားလုံးကို သားတို့၊ သမီးတို့၊ မြေးမြစ်များအားလုံးက အနူးအညွတ်ဦးညွှတ်ရှိခိုးကန်တော့တောင်းပန်အပ်ပါတယ် အဘိုးများရှင့်'

တမြန်နှစ်ကမှ ပထမဆုံးအကြိမ်အဖြစ် သာယာဝတီမြို့တွင်ကျင်းပဖြစ်ခဲ့သော နယ်ချဲ့တော်လှန်ရေးတွင် အသက်သွေးချွေးနှင့် ဘဝများကိုယ်စီ စွန့်လွှတ်ကာ တိုက်ပွဲဝင်ခဲ့ကြသည့် လယ်သမားခေါင်းဆောင်ကြီးဆရာစံနှင့် ဂဠုန်တပ်ဖွဲ့ဝင်သူရဲကောင်းကြီးများကို ဂုဏ်ပြုသည့်ပွဲတွင် အခမ်းအနားမှူးအဖြစ် ဆောင်ရွက်သူ အမျိုးသမီးငယ်လေး၏ အသံကို ယခုထိတိုင် နားထဲမှာကြားယောင်နေမိသေးသည်။ ထိုအမျိုးသမီးငယ်လေး၏ စကားလုံးတွေနှင့်အသံက တော်လှန်ရေးတိုက်ပွဲဝင်သူရဲကောင်းအဘိုး၊ အဘွားတွေကို စိတ်မကောင်းခြင်းကြီးစွာဖြင့် လေးစားစွာကန်တော့တောင်းပန်ဟန်အပြည့်သက်ဝင်နေသဖြင့်နားထောင်ရသူရင်ထဲထိစူးနစ်ဝင်ရောက်ခံစားစေခဲ့သည်။

အမှန်တကယ်လည်း သူ့ကျွန်ဘဝမဟုတ်တော့သည့်အရသာကို မိန့်မိန့်ကြီးတွေထိုင်ခံစားနေကြသည့် ကျွန်ုပ်တို့က တိုင်းတစ်ပါးသားနယ်ချဲ့တွေကို ကျွန်ုပ်တို့အတွက် အသက်ပေးတိုက်ပွဲဝင်တော်လှန်ခဲ့ကြသည့် ဘိုးဘွား သူရဲကောင်းတွေကို မေ့တီးမေ့လျော့နှင့်ပင်ပစ်ထားသလိုနေမိခဲ့ကြသည်ပဲ။ သာယာဝတီတွင် လယ်သမားခေါင်းဆောင် ဆရာစံ၏ရုပ်တု တည်ထားသည်ဆိုခြင်းကလည်း အလုပ်သမား၊ လယ်သမားဦးစားပေးသယောင်ဟန် ပြခဲ့သော မဆလ၏လက်ကျန်မည်ကာမတ္တဟုဆိုရမည်ဖြစ်၏။ ရေနံမြေအလုပ်သမားခေါင်းဆောင်သခင်ဖိုးလှကြီး၏ ရုပ်တုဆိုသည်ကလည်းယင်းချောင်းတံတားထိပ်တွင် ယခုတော့ မှေးမှေးမှိန်မှိန်။ ငွေစက္ကူတွေပေါ်တွင် လွတ်လပ်ရေးတိုက်ပွဲဝင်အထင်ကရပုဂ္ဂိုလ်များ၏ ရုပ်ပုံလွှာများကို ပုံနှိပ်ခဲ့ဖူးသည်ဆိုသည်ကလည်း ယခုပြန်ပြောလျှင် ပုံပြင်လိုဖြစ်သွားခဲ့ပြီ။

မနေ့တစ်နေ့ကမှ ပြီးဆုံးသွားခဲ့သည့် အဋ္ဌမအကြိမ်မြောက်လွှတ်တော်အဆင့်ဆင့် အစည်းအဝေးဆုံးဖြတ်ချက်ထဲတွင် နိုင်ငံ၏အထင်ကရပုဂ္ဂိုလ်များ၏ ရုပ်ပုံများကို နောင်ထုတ်ဝေမည့် ငွေစက္ကူများတွင် ရိုက်နှိပ်ထုတ်ဝေမည်ဆိုသည့် ဆုံးဖြတ်ချက်ကို ရရှိနိုင်ခဲ့သည်ကြားရသဖြင့် ဝမ်းမြောက်ဝမ်းသာရှိခဲ့ရသည်။ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်အစည်းအဝေးတုန်းကမူ အတွေးအခေါ်အထူးထက်မြက်စူးရောက်တော်မူပုံရှိလှသည့် အမတ်မင်းတစ်ပါးက ကြောင်စီစီကန့်ကွက်ခဲ့သဖြင့် ထိုအဆိုအထမမြောက်ခဲ့စဉ်ကမူ ဘယ့်နှယ်ကြီးပါလိမ့်၊ နောင်လာနောက်သားမြန်မာတွေ ကိုယ့်မင်းကိုယ့်ချင်းနှင့် လွတ်လပ်စွာနေနိုင်ကြဖို့အတွက် အသက်တွေ၊ ဘဝတွေပေးပြီး တိုက်ပွဲဝင်ခဲ့ကြသည့် ကျေးဇူးရှင်အာဇာနည်သူရဲကောင်းတွေထက်ပင် အဟိတ်တိရစ္ဆာန်တွေကို အလေးပြုတန်ဖိုးထားလိုနေကြတာများလားတွေးမိရသေးသည်။

ဘာအကြောင်းကြောင့်ရယ်ဟု မည်မည်ရရအကြောင်းပြခြင်းမရှိဘဲနှင့် အာဇာနည်ဗိမာန်ကို လူမလာအောင်ပိတ်ခဲ့သည်မှစလျက် လွတ်လပ်ရေးခေါင်းဆောင်များနှင့် လွတ်လပ်ရေးတိုက်ပွဲသမိုင်းတွေကို မှေးမှိန်စေအောင် အာဏာပိုင်တို့ကဖန်တီးခဲ့သည့်ကာလတွေကြာလာတော့လည်း နောင်လာနောက်သားကလေးတွေက လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းနှင့် အလှမ်းဝေးကြတော့သည်။ လူပုဂ္ဂိုလ်များ၏အကြောင်းအရာနှင့်ကား ပို၍ပင်ဝေးခဲ့ကြရ၏။

၁၉၉၁ မေလလောက်မှာထင်၏။ 'နောက်နောင်ကို နိုင်ငံရေးစင်မြင့်တွင် မမြင်စေရတော့ပါ'ဟု နှုတ်ဆက်မိန့်ခွန်းပြောကာ သူ့ကိုယ်သူပြည်ဖုံးကားချသွားခဲ့သော မဆလပါတီဥက္ကဋ္ဌကြီး ဦးနေဝင်း၏'ကြော်ငြာ'ဟုခေါင်းစဉ်တပ်ထားသည့်ကိုယ်တိုင်လက်ရေးနှင့် ကိုယ်တိုင်လက်မှတ်ရေးထိုးထားသောစာတစ်စောင် အစိုးရပိုင်နေ့စဉ်ထုတ်သတင်းစာမျက်နှာဖုံးပေါ်တွင်ပါလာသည်။ ထိုစာထဲတွင်ပါသည့်အကြောင်းအရာက လူပုဂ္ဂိုလ်ကိုးကွယ်မှုများဖြစ်ပေါ်မည်ကိုမလိုလားသဖြင့် ရုံးများ၊ ဌာနများတွင် ချိတ်ဆွဲထားသော ၎င်း၏ဓာတ်ပုံများကိုဖြုတ်သိမ်းပေးပါရန် မေတ္တာရပ်ခံပါသည်ဆိုသည့်အကြောင်းဖြစ်၏။

သို့နှင့် အမျိုးသားခေါင်းဆောင်ကြီးဗိုလ်ချုပ်အောင်ဆန်း၏ ပုံတွေရော ဦးနေဝင်း၏ပုံတွေပါ ရုံးများ၊ ဌာနဆိုင်ရာများ၊ စာသင်ကျောင်းများ၏ခေါင်းရင်းခေါင်းဖျားနံရံများပေါ်မှ ပျောက်ကွယ်ခဲ့ကြရသည်။

သို့သော် နောက်တက်လာကြသော အာဏာရပုဂ္ဂိုလ် ဝမ်း၊ တူး၊ သရီးတို့၏ ရင်ဘတ်လေးအောင် ဆုတံဆိပ်တွေအသီးသီးကိုယ်စီချိတ်ထားကြသည့် ဝတ်စုံပြည့်ဓာတ်ပုံကြီးတွေကမူ ရွှေဘောင်ကွပ်၊ ငွေဘောင်ကွပ်တွေနှင့် ဌာနဆိုင်ရာရုံးတွေ၊ ကျောင်းတွေ၏နံရံတွေပေါ်မှာခံ့ညားနေခဲ့ကြသည်။

သည်တော့လည်း လွတ်လပ်ရေးတိုက်ပွဲသမိုင်းဆိုသည်က လူတွေလာခွင့်မရှိအောင် သော့ခတ်ပိတ်သိမ်းထားသည့် ပြတိုက်ဟောင်းကြီးထဲတွင်သာ အသက်မဲ့နေတော့၏။

ထို့အတူပင် ရန်ကုန်မြို့လယ်ကောင် ရွှေတိဂုံစေတီတော်ကြီး၏ခြေတော်ရင်းမှ တော်လှန်ရေးပန်းခြံကြီးကိုလည်း စစ်တပ်မှအဓမ္မအာဏာစက်ဖြင့်အပိုင်သိမ်းကာ 'တပ်မတော်ပန်းခြံ'ဟုအမည်သစ်ပြောင်းပစ်ခဲ့သည်။ ဖက်ဆစ်ဂျပန်ကို စတင်တော်လှန်သည့် မတ်လ ၂၇ ရက်နေ့ အထိမ်းအမှတ်အဖြစ်သတ်မှတ်ထားခဲ့သည့်သမိုင်းဝင် 'တော်လှန်ရေးနေ့'ကိုလည်း 'တပ်မတော်နေ့'ဟု မောင်ပိုင်စီးပစ်ခဲ့သည်။ သို့နှင့် ဖက်ဆစ်တော်လှန်ရေးသမိုင်းလည်း မှေးမှိန်လာခဲ့ရတော့သည်။

ဖက်ဆစ်တော်လှန်ရေးဆိုသည်က တပ်မတော်တစ်ခုတည်းက ဖက်ဆစ်ကိုတော်လှန်ခဲ့သည့် တော်လှန်ရေးတိုက်ပွဲမဟုတ်။ မြန်မာပြည်သူတစ်ရပ်လုံး၏ ရဟန်း ရှင်လူ၊ ကျား၊ မ မဟူက ရရာလက်နက်ဖြင့် တိုက်ပွဲဝင်ခဲ့သော တော်လှန်ရေးနေ့ဖြစ်သည်။ ထို့ကြောင့် တပ်မတော်တစ်ခုတည်းက မောင်ပိုင်စီးလျက် တပ်မတော်နေ့၊ တပ်မတော်ပန်းခြံဟု လုပ်မပစ်ထိုက်ဟုထင်သည်။

မြန်မာ့တပ်မတော်သည် မြန်မာနိုင်ငံသမိုင်းတွင် သီးခြားဂုဏ်အင်ရှိသော အင်အားစုတစ်ရပ်ဖြစ်ခဲ့သဖြင့် တပ်မတော်နေ့၊ တပ်မတော်ပန်းခြံဟု သီးခြားရှိသင့်သည်မှန်သော်လည်း ရှိနှင့်ပြီးသားသမိုင်းဝင်တော်လှန်ရေးနှင့် တော်လှန်ရေးပန်းခြံတို့ကိုမူ အာဏာဖြင့်အဓမ္မမောင်ပိုင်စီးခြင်းကို ကားမလုပ်ထိုက်ဟုထင်သည်။

**စာမျက်နှာ(XII)သို့**

7DAY NEWS JOURNAL
Vol.12, No.37 • NOVEMBER 20 , 2013

# Commodity Watch

စာမျက်နှာ(၂)မှ

## တအုံ့နွေးနွေး ရခိုင်အရေး

အလုပ်ခန့်ရင်လည်းဘင်္ဂါလီရှစ်ယောက်၊ ကိုးယောက်လောက်ကိုခန့်မှရခိုင်တစ်ယောက်လောက်ပါတယ်”ဟုစစ်တွေမြို့အရပ်ဘက်အဖွဲ့အစည်းတစ်ခုမှ တာဝန်ရှိအမျိုး သမီးတစ်ဦးကပြောသည်။

ထိုအခြေအနေနှင့်ပတ်သက်၍ အင်န်ဂျီအိုအဖွဲ့အစည်းများယခုကဲ့သို့လုပ်နေခြင်းသည် လုပ်ငန်းလိုအပ်ချက်ကြောင့်သာ ဖြစ်မည်ဟု အင်အားကြီးနိုင်ငံတစ်ခုမှ သံအမတ်က ပြန်လည်ချေပပြောကြားသည်။

ဌာနေရခိုင်တိုင်းရင်းသားများနှင့် ယခုကဲ့သို့ပြဿနာဖြစ်ရခြင်းသည် အခြားအကြောင်းများများစွာ ရှိမည်မှန်သော်လည်း ကုလသမဂ္ဂအဖွဲ့အစည်းများနှင့် အင်န်ဂျီအိုများ၏ လုပ်ဆောင်ချက်များသည်လည်း ပဋိပက္ခဖြစ်ပွားရန် တွန်းအားပေးသည့် အချက်များထဲတွင် ပါဝင်သည်ဟု ရခိုင်တိုင်းရင်းသားများကဆိုသည်။

ပဋိပက္ခများဖြစ်ပွားပြီးနောက် ကုလသမဂ္ဂအဖွဲ့အစည်းများနှင့် အိုင်အင်န်ဂျီအိုများက လူသားချင်းစာနာထောက်ထားသည့်အကူအညီများဆက်လက်ပေးနေသော်လည်း မျှတမှုမရှိဟု ရခိုင်တိုင်းရင်းသားများကပြောကြားသည်။

ထို့ကြောင့် ပြည်နယ်အစိုးရကပင် အင်န်ဂျီအိုများထောက်ပံ့မှုလုပ်မည်ဆိုပါက မျှတစွာလုပ်ကိုင်ကြရန် ပြည်နယ်အစိုးရအဖွဲ့ကသတိပေးထားရသည့်အထိဖြစ်ပေါ်ခဲ့သည်။

“ယူအင်န်တွေ၊ အိုင်အင်န်ဂျီအိုတွေက အခုပေးနေတဲ့ အကူအညီဆိုတာ လူသားချင်းစာနာထောက်ထားတဲ့အကူအညီတွေပါ။ ဒီပြည်နယ်မှာလူအုပ်စုနှစ်ခုလုံးက ဒုက္ခရောက်နေသည်မှာမှန်သော်လည်း ပိုပြီးဒုက္ခရောက်တဲ့သူတွေကို အကူအညီပိုပေးရပါတယ်” ဟု သံတမန်အသိုင်းအဝိုင်းမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

၎င်းတို့ကလက်ရှိတွင် လူမျိုးခြားမွတ်ဆလင်များသည် ဒုက္ခသည်စခန်းများတွင်နေထိုင်ရခြင်း၊ သုံးစွဲစရာငွေကြေးလုံလောက်မှုမရှိခြင်း၊ ကျန်းမာရေးစောင့်ရှောက်မှုလုံလောက်စွာမရရှိခြင်း၊ ဌာနေရခိုင်တိုင်းရင်းသားများကဲ့သို့လွတ်လပ်စွာသွားလာခွင့်မရနိုင်ခြင်း စသည့်အချက်များကြောင့် လူမျိုးခြားမွတ်ဆလင်များသည် ဒုက္ခပိုရောက်သူများအဖြစ် အသိအမှတ်ပြုကြခြင်းဖြစ်သည်။

ယခုကဲ့သို့ ဌာနေရခိုင်တိုင်းရင်းသားများနှင့် လူမျိုးခြားမွတ်ဆလင်များကြား ပဋိပက္ခဖြစ်ပွားကာ မွတ်ဆလင်များ အိုးအိမ်များဆုံးရှုံးခဲ့ပြီး ပြည်တွင်းနေရပ်စွန့်ခွာထွက်ပြေးသူများဖြစ်နေရခြင်းနှင့် ၎င်းတို့ကိုပေးအပ်မည့်အကူအညီများ မမျှတဟုဆိုကာ ဌာနေရခိုင်တိုင်းရင်းသားများက တစ်ခါတစ်ရံတွင်ကန့်ကွက်ခြင်း၊ တားမြစ်ခြင်းများပြုလုပ်ခြင်းကို ကုလသမဂ္ဂနှင့် အိုင်အင်န်ဂျီအို အဖွဲ့များ၏ သတင်းပေးပို့မှုများက တစ်ဆင့် နိုင်ငံတကာအသိုင်းအဝိုင်းသို့ရောက်ရှိသွားပြီး နိုင်ငံတကာအသိုင်းအဝိုင်းက ဌာနေ ရခိုင်တိုင်းရင်းသားများအပေါ် အထင်အမြင်လွဲမှားမှုများဖြစ်ပေါ်နေခြင်းဖြစ်သည်ဟု သိရသည်။

အဖွဲ့အစည်းများ၏ လုပ်ဆောင်ချက်များသည်ဒေသခံများအပေါ် ပွင့်လင်းမြင်သာစွာရှင်းပြပြောဆိုခြင်း မရှိသည့်အတွက် လူမျိုးခြား မွတ်ဆလင်များအပေါ် ပိုမိုထောက်ပံ့မှုများ ပြုလုပ်နေသည်ဟု ထင်မြင်နေကြခြင်းဖြစ်ကြောင်း ရခိုင်ဒေသခံတစ်ဦးက သုံးသပ်ပြောကြားသည်။

“ထင်မယ်ဆိုလည်း ထင်ချင်စရာပဲလေ။ အခုပဲကြည့်။ အမေရိကန်သံအမတ်နဲ့ အဖွဲ့လာကြည့်တယ်တဲ့။ ကျွန်တော်တို့မြေပုံမြို့နယ်တစ်ခုတည်းမှာရှိတဲ့ရခိုင်ဒုက္ခသည်စခန်းနဲ့ ဘင်္ဂါလီဒုက္ခသည်စခန်းနှစ်ခုရှိတာ ရခိုင်စခန်း ကျတော့ခဏလေးပဲဟိုကြည့်ဒီကြည့်လုပ်ပြီးပြန်သွားတယ်။ ဘင်္ဂါလီစခန်းသွားတာကျတော့ တော်တော်နဲ့ကို ပြန်ထွက်မလာတော့ဘူး။ ဒုက္ခသည်စခန်းချင်းအတူတူ ရခိုင်စခန်းကို ဝတ်ကျေတန်းကျေဝင်ကြည့်သွားသလို ဖြစ်နေတာပေါ့”ဟု မြေပုံမြို့မှ ဒေသခံတစ်ဦးကပြောသည်။

လူသားချင်းစာနာထောက်ထားသည့် အကူအညီဟူသည့် အဓိပ္ပာယ်သည် အသက်ကယ်ရန်လိုအပ်နေသည့်(သို့မဟုတ်)အရေးပေါ် အကူအညီလိုအပ်နေသည့်သူများအား ထောက်ပံ့ကူညီခြင်းသာဖြစ်သည်ဟု မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်သံအမတ်ကြီး မစ္စတာဒဲရစ်မစ်ချယ်ကပြောသည်။

“ရခိုင်ပြည်နယ်ထဲမှာ လူသားချင်းစာနာထောက်ထားတဲ့ အကူအညီတွေကို မျှမျှတတဝေခြမ်းမှုမရှိတာမျိုးကို အခြေခံအားဖြင့် ကျွန်တော်သဘောမတူပါဘူး။ ဘယ်လိုပဲဆိုဆို ရခိုင်ပြည်နယ်ထဲက မွတ်ဆလင်လူ့အဖွဲ့အစည်းက ဒေသတွင်း အကြမ်းဖက်မှုတွေဒဏ်ကို ပိုပြီးခံစားခဲ့ကြရပါတယ်” ဟုဒဲရစ်မစ်ချယ်ကပြောသည်။

ရခိုင်ပြဿနာက မဖြစ်နိုင်သည့် တောင်းဆိုမှုများ၊ လူမျိုးရေးဆက်စပ်မှုများ၊ နိုင်ငံသားပြဿနာအပါအဝင် နေ့စဉ်နှင့်အမျှ ပွတ်တိုက်မှုများက အတူတကွ နေထိုင်ရေးဆီ မရောက်နိုင်ဘဲရှိနေသည်။ ထို့ကြောင့် အနောက်တံခါးက ပဋိပက္ခမီးတို့သည် တအုံ့နွေးနွေးဖြင့် အဖြေမထွက်နိုင်ဘဲ ကာလကြာရှည်ဖြစ်လာနေသည်။

## ဟန်းဆက်ဈေးနှုန်းများ

### Samsung

| Model | Price |
|---|---|
| Galaxy Y | 99,000 |
| Galaxy S Advance | 235,000 |
| Galaxy Express | 269,000 |
| Galaxy Grand(GSM) | 278,000 |
| Galaxy S3 | 387,000 |
| Galaxy S4 Mini | 410,000 |
| Galaxy S4 | 575,000 |
| Galaxy Mega 5.8 | 345,000 |
| Galaxy Note II | 480,000 |
| Galaxy Tab3 7" | 305,000 |

လူကြီးမင်း(လသာ)ဆိုင်မှ ဈေးနှုန်းများဖြစ်ပါသည်။

### Sony

| Model | Price |
|---|---|
| Xperia Z | 465,000 |
| Xperia J | 177,000 |
| Xperia P | 230,000 |

### iPhone

| Model | Price |
|---|---|
| iPhone 5 (32 GB) | 758,000 |
| iPhone 5s | 890,000 |
| iPhone 5c | 660,000 |
| iPhone 5c(32 GB) | 750,000 |
| iPhone 5 (16 GB) | 650,000 |

### Huawei

| Model | Price |
|---|---|
| Y 300 | 990,000 |
| G 510 | 120,000 |
| C 8813D | 133,000 |
| G 520 | 125,000 |
| G 610s | 143,000 |
| G 700 | 218,000 |
| Ascend P6 | 319,000 |
| C 8813 (CDMA) | 110,000 |
| G 610c (CDMA) | 175,000 |
| Y 300c (CDMA) | 100,000 |

နိုဝင်ဘာ(၁၆)ရက် ဈေးနှုန်းများဖြစ်ပြီး ဈေးနှုန်းအပြောင်းအလဲရှိနိုင်သည်။

## အီလက်ထရွန်နစ်ပစ္စည်းများဈေးနှုန်း

| အမျိုးအစား | မော်ဒယ် | ဈေးနှုန်း(ကျပ်) |
|---|---|---|
| **TV** | | |
| Samsung (Smart LED) | 32S5500AR | 360,000 |
| Panasonic(LCD) | 32B6 | 262,000 |
| Sony (LED) | 32EX33 | 310,000 |
| **DVD** | | |
| Samsung | BD-E 5500(Blu-ray 3D) | 120,000 |
| EVD (GE) | HDMI | 35,000 |
| EVD (AEK) | HDMI | 33,000 |
| **ရေခဲသေတ္တာ** | | |
| Samsung | RT25FGJA | 340,000 |
| Mitsubishi | 17B2 | 180,000 |
| Hitachi | 190W | 262,000 |
| Panasonic | NR.BT224 | 250,000 |
| **Washing** | | |
| Samsung | $WA95W_9$ | 2 00,000 |
| Samsun`1.0HP(RAS-E1067) | 230,000 | |
| Mitsubishi | 1.0HP(Mr.Silm) | 265,000 |
| Samsung | (1.0HP)AS09TUQN | 230,000 |

အထက်ပါဈေးနှုန်းများမှာ နိုဝင်ဘာ(၁၆)ရက်တွင် မဟာဗန္ဓုလပန်းခြံလမ်းရှိ Capital နှင့် OK မြန်မာဆိုင်တို့မှ ကောက်ယူထားခြင်းဖြစ်သည်။

## အိမ်ဆောက်ပစ္စည်းများဈေးနှုန်း

| အမျိုးအမည် | ရေတွက်ပုံ | ဈေးနှုန်း |
|---|---|---|
| ဘိလပ်မြေ (ယိုးဒယား ဆင်တံဆိပ်) | တစ်အိတ် | ၅,၃၅၀ |
| ဘိလပ်မြေ (ယိုးဒယား INSee) | တစ်အိတ် | ၅,၂၅၀ |
| ဘိလပ်မြေ (ကြံ့) | တစ်အိတ် | ၄,၈၅၀ |
| ဘိလပ်မြေ (AAဗီယက်နမ်) | တစ်အိတ် | ၅,၂၀၀ |
| အုတ် (ကုန်းအုတ်-ပထမတန်းစား) | တစ်လုံး | ၁၁၀ |
| အုတ် (ကုန်းအုတ်-ဒုတိယတန်းစား) | တစ်လုံး | ၉၅ |
| အုတ် (၈ ပေါက်အုတ်) (အထိုင်ဈေး) | တစ်လုံး | ၁၁၀ |
| နေပြည်တော် စက်အုတ် (၁၀ ပေါက်) | တစ်လုံး | ၇၀-၈၀ |
| သဲ (အကြမ်း) | တစ်ကျင်း | ၁၀,၀၀၀ |
| သဲ (အနု) | တစ်ကျင်း | ၇,၀၀၀ |
| ကျောက် | တစ်ကျင်း | ၅၃,၀၀၀ |
| ကာလာစတီးအမိုးပြား 4 angle(0.3mm) | ၁ ပေ | ၅၄၀ |
| ကာလာစတီးအမိုးပြား 4 angle(0.312mm) | ၁ ပေ | ၆၄၀ |
| ကာလာစတီးအမိုးပြား 4 angle(0.36mm) | ၁ ပေ | ၈၃၀ |
| ကာလာစတီးအမိုးပြား 4 angle(0.346mm) | ၁ ပေ | ၈၀၀ |
| ကာလာစတီးအမိုးပြား 4 angle(0.42mm) | ၁ ပေ | ၉၅၀ |
| Posco ကြယ်စိမ်း | ၁ ပေနှုန်း | ၄၂၀ |
| ရိုးရိုးသွပ်မိုးပြား(နေရှင်နယ်ဆင်) | ၁ ပေနှုန်း | ၂၄၅-၃၀၀ |
| ထုံး(၈ ပိဿာအိတ်) | တစ်အိတ် | ၁,၁၀၀ |

အထက်ပါဈေးနှုန်းများမှာ နိုဝင်ဘာ(၁၆)ရက်တွင် ကောက်ယူထားသော ဈေးနှုန်းများဖြစ်ပြီး ပြောင်းလဲမှုအနည်းငယ်ရှိနိုင်သည်။

## စားသောက်ကုန်ဈေးနှုန်းများ

| အမျိုးအစား | ရေတွက်ပုံ | ဈေးနှုန်း(ကျပ်) |
|---|---|---|
| ဆန်(ပေါ်ဆန်းမွှေး) | တစ်ပြည် | ၁၀,၀၀-၁,၆၀၀ |
| ဆန်(တောင်ပျံ) | တစ်ပြည် | ၁,၀၀၀-၁,၃၀၀ |
| ဆန်(ဇီယာ) | တစ်ပြည် | ၇၀၀-၈၀၀ |
| ဆီ(ပဲဆီရှယ်) | တစ်ပိဿာ | ၃,၀၀၀ |
| ဆီ(စားအုန်းဆီ) | တစ်ပိဿာ | ၁,၇၀၀ |
| ဆီ(ရန်ကုန်ပဲဆီ) | တစ်ပိဿာ | ၃,၆၅၀ |
| ဆား(အိုင်အိုဒင်း) | တစ်ထုပ် | ၁၀၀ |
| ကြက်သွန်နီ | တစ်ပိဿာ | ၁,၁၀၀ |
| ကြက်သွန်ဖြူ | တစ်ပိဿာ | ၁,၄၀၀ |
| သကြား | တစ်ပိဿာ | ၁,၂၀၀ |
| မန်ကျည်းမှည့်(အစေ့လွတ်) | တစ်ပိဿာ | ၁,၅၀၀ |
| အာလူး | တစ်ပိဿာ | ၈၀၀ |
| နို့ဆီ | တစ်ဘူး | ၅၅၀-၇၅၀ |
| နို့စိမ်း | တစ်ဘူး | ၆၀၀-၈၀၀ |
| ကြက်ဥ/ဘဲဥ | တစ်လုံး | ၁၂၀-၁၃၀ |
| ကုလားပဲခြမ်း | တစ်ပိဿာ | ၁,၂၅၀ |
| ကြက်သား(မွေးမြူရေး) | တစ်ပိဿာ | ၈,၀၀၀ |
| ကြက်သား(ဗမာ) | တစ်ပိဿာ | ၈,၀၀၀ |
| ဝက်သား | တစ်ပိဿာ | ၆,၀၀၀ |
| အမဲသား | တစ်ပိဿာ | ၇,၀၀၀ |
| ခရမ်းချဉ်သီး (အင်းသီး) | ၁ သေတ္တာ | ၁၄,၀၀၀ ဝန်းကျင် |
| ဂေါ်ဖီထုပ် | ၁ ထုပ် | ၃၀၀ |
| ငရုတ်သီး(အပု) | ၁ ပိဿာ | ၅,၀၀၀ |

## ငါး၊ ပုစွန်ဈေးနှုန်းများ

| အမျိုးအမည် | ရေတွက်ပုံ | ဈေးနှုန်း(ကျပ်) |
|---|---|---|
| ငါးမြစ်ချင်း | ၁ ပိဿာ | ၂,၃၀၀-၂,၇၀၀ |
| ငါးကြင်း | ၁ ပိဿာ | ၂,၃၀၀-၂,၈၀၀ |
| ငါးသလောက် | ၁ ပိဿာ | ၃,၃၀၀-၃,၆၀၀ |
| ငါးဖယ် | ၁ ပိဿာ | ၂,၅၀၀-၂,၈၀၀ |
| ပုစွန်ဘော့ချိတ် | ၁ ပိဿာ | ၃,၃၀၀-၄,၂၀၀ |
| ပုစွန်ပြောင်တုပ်ကြီး | ၁ ပိဿာ | ၁၂,၀၀၀-၂၆,၀၀၀ |
| တီလားဗီးယား | ၁ ပိဿာ | ၁,၆၀၀-၂,၀၀၀ |

နိုဝင်ဘာ(၁၆)ရက်က ကြည့်မြင်တိုင်ဗဟိုစံပြငါးဈေးကြီးမှ ကောက်ယူထားသော လက်ကားဈေးနှုန်းများဖြစ်သည်။

## ပုဂ္ဂလိကစက်သုံးဆီဈေးနှုန်းများ

| နေ့စွဲ | ဓာတ်ဆီ 1 Litre | ဒီဇယ် 1 Litre | Octane 1 Litre | Premier 1 Litre |
|---|---|---|---|---|
| Nov (20) | 814 | 930 | 920 | 940 |
| Nov (21) | 814 | 930 | 920 | 940 |
| Nov(22) | 814 | 930 | 920 | 940 |
| Nov(23) | 814 | 930 | 920 | 940 |
| Nov(24) | 814 | 930 | 920 | 940 |
| Nov(25) | 814 | 930 | 920 | 940 |
| Nov(26) | 814 | 930 | 920 | 940 |

ပုဂ္ဂလိကစက်သုံးဆီဆိုင်များမှ ဈေးနှုန်းများဖြစ်ပါသည်။ ဈေးနှုန်းပြောင်းလဲမှု အနည်းငယ် ရှိနိုင်သည်။

## Note Book

| | |
|---|---|
| **MSI** | |
| Intel Core i3 2.5 GHz, 4 GB DDR3, 500GB HDD, HD, 14" | 460,000 |
| Intel Core i3 2.4 GHz, 4 GB DDR3, 500 GB HDD, 15.6" | 556,000 |
| Intel Core i5 2.5 GHz, 4 GB DDR3, 750 GB HDD, 17.3" | 813,000 |
| Intel Core i7 2.4 GHz, 8 GB DDR3, 750 GB HDD ,17.3" | 1,057,000 |
| **Asus** | |
| Intel Core i3 1.8 GHz, 4 GB DDR3, 500GB HDD, 14" | 503,000 |
| Intel Core i5 1.7 GHz,6GB DDR3,600 GB HDD+ SSD 24G,HD,14" | 759,000 |
| Intel Core i5 1.8 GHz, 4 GB DDR3, 750 GB HDD, 15.6" | 881,000 |
| Intel Core i7 2.0 GHz, 4 GB DDR3, 750 GB HDD ,15.6" | 959,000 |
| **Lenovo** | |
| Intel Core i3 2.3 GHz, 4 GB DDR3, 500 GB HDD, 14" | 484,000 |
| Intel Core i3 2.3 GHz, 4 GB DDR3, 500 GB HDD, HD,14" | 454,000 |
| Intel Core i7 2.0GHz,4GB DDR3,500GB SATA HDD,2BVGA,14" | 804,000 |
| Intel Core i7 2.1 GHz,8GB DDR3,750GB HDD,2GB VGA,15.6" | 910,000 |

ရ ရက် သတင်းဂျာနယ် 7 DAY NEWS JOURNAL
Vol.12, No.37 • NOVEMBER 20 , 2013

# ဂဠုန်ဆရာစံ၏ အာဂသတ္တိ

## (ကြိုးပေး ကွပ်မျက်ခံရခြင်း ၈၂နှစ်ပြည့်)

ချမ်းငြိမ်း

**ရဂုံစံ ချစ်စရာတပည့်ဘို့မှာဖြင့်**
**ဥုံ အရဟံ သစ္စာကတိတွေနဲ့**
**ဂဠုန်သရဏံ ဂစ္ဆာမိကြပေတော့**
**(ဂဠုန်ပျံဒီပနီ ဆရာကြီးသခင်ကိုယ်တော်မှိုင်း)**



မြန်မာနိုင်ငံဗြိတိသျှလက်အောက်ကျရောက်တဲ့ကာလအတွင်း၁၉၃၀ပြည့်နှစ်ကပေါ်ပေါက်ခဲ့တဲ့တောင်သူလယ်သမားအရေးတော်ပုံကြီးဟာ အခုဆိုရင်နှစ်ပေါင်းရှစ်ဆယ်ကျော်ကြာမြင့်ခဲ့ပါပြီ။ ဒီအရေးတော်ပုံကြီးကို ဦးဆောင်ဦးရွက်ပြုခဲ့တဲ့ သုပဏ္ဏကဂဠုန်ရာဇာဘွဲ့ခံဆရာစံအကြောင်း လူအများသိထားကြပြီး ဖြစ်ပေမယ့်အမှုမဲ့၊အမှတ်မဲ့အသိများသာများပါတယ်။ ဆရာစံအကြောင်း ရေးထားတဲ့စာအုပ်တွေရှိပေမယ့် လူအများ မသိရှိသေးတဲ့ အကြောင်းအရာတချို့ကိုရှားပါးမှတ်တမ်းမှတ်ရာတွေကတစ်ဆင့် ရှာဖွေဖော်ပြသွားပါမယ်။

**အရေးတော်ပုံပေါ်ပေါက်လာတဲ့ အကြောင်းရင်း**

“စံရှားခေါ် ဆရာစံ၊ အထက်ပါစွပ်စွဲချက်များကြောင့်အသင့်အပေါ်မှာအပြစ်ရှိကြောင်း၎င်းရုံးတော်ကတွေ့ရှိကြောင်း၊ ရှင်ဘုရင်နှင့်ဘုရင်၏အစိုးရတို့အားအသင်ကပုန်စားပုန်ကန်ပြုလုပ်ကြောင်းထင်ရှား၏။ ၎င်းသို့ပြုကျင့်ခြင်းများကြောင့်တိုင်းပြည်တွင် လူအမြောက်အမြားသေကျေပြီးလျှင်ဥစ္စာပစ္စည်းများလည်းပျက်ပြားခဲ့ရကြောင်း၊ သို့သော် ၎င်းသို့ပျက်ပြားသော်လည်း သင်သည်ဝမ်းနည်းခြင်းမရှိ၊ ဝမ်းနည်းသည့်လက္ခဏာလည်းမပြခဲ့ချေ။

ထို့ကြောင့် အသင့်လည်ပင်းကိုကြိုးတပ်၍မသေမချင်းသင့်ကိုသတ်စေရန် အမိန့်ချမှတ်လိုက်ကြောင်း”

ဗြိတိသျှနေမဝင်အင်ပါယာကြီးရဲ့ စီရင်ချက်အဆုံးမှာတော့ ဆရာစံဟာကြောက်ရွံ့တုန်လှုပ်ခြင်း လုံးဝမရှိဘဲ ဟက်ဟက်ပက်ပက်ရယ်မောလိုက်ပါတယ်။ ပြီးတော့ **ဒီလိုအပြစ်မျိုးရမယ်ဆိုတာ သိပြီးသားပါ။ ဆယ်ငါးကြိုးချပါဦး မကြောက်ပါဘူး** လို့ ပြုံးကာရယ်ကာတရားခွင်ရှိပရိသတ်ကို ဆရာစံကလှည့်ပြောလိုက်ပါတယ်။

အဖြစ်က ဒီလိုပါ။ လွန်ခဲ့တဲ့ နှစ်ပေါင်းရှစ်ဆယ်ကျော် တစ်ခုသောဆောင်းဦးပေါက်မှာ ပဲခူးတိုင်း၊ သာယာဝတီခရိုင်မှာ အသက်ငါးဆယ်ကျော်အရွယ်လွယ်အိတ်တစ်လုံးနဲ့ လူပုဂ္ဂိုလ်တစ်ဦးဟာလူငယ်၊ လူရွယ်တွေကို တုတ်ပြီး၊ဓားပြီး၊ကာယသိဒ္ဓိဆေးတွေကို ထိုးပေးပြီး တော်လှန်ရေးလုပ်ဖို့၊ နယ်ချဲ့ကိုပြန်တော်လှန်ဖို့တိုးတိုးတိတ်တိတ်ပြောပြခဲ့တယ်။ အမျိုးသမီးအများစုကလည်း နက်ပြာရောင်းဖျင်အင်္ကျီနဲ့ဘောင်းဘီတိုတွေကို အပြိုင်အဆိုင်ချုပ်လုပ်နေကြတယ်။ ဒီလိုပဲ ပန်းပဲဆရာတွေကလည်း သံတိုသံစတွေစုဆောင်း၊ ပန်းပဲဖိုတွေမှာ တရှူးရှူးတရှဲရှဲနဲ့ဓားတွေ၊ လှံတွေတူသံပေသံတညံညံထုလုပ်နေခဲ့ကြတယ်။ ဦးခေါင်းပဝါပတ်၊လွယ်အိတ်တစ်လုံးနဲ့လူထုကြား လှည့်လည်သွားလာနေတဲ့ အဲဒီပုဂ္ဂိုလ်ဟာ ရွာသူ၊ရွာသားတွေရဲ့လက်မောင်းတွေမှာဂဠုန်ဆိုတဲ့ ဗျည်းနှစ်လုံးကို စုတ်တံတစ်ချောင်းနဲ့ လိုက်လံထိုးပေးနေခဲ့တယ်။ ဒီလို ကိုယ်စီကိုယ် င အသီးသီးဆောင်ရွက်ကြပေမယ့်ဒေသခံတွေဟာ အထည်ချုပ်လုပ်ရခြင်း၊ လက်နက်တွေ စုဆောင်းရခြင်းဟာဘာအတွက်ကြောင့် ပြုလုပ်နေရသလဲဆိုတာ ရေရေရာရာမပြောကြပါဘူး။ တကယ်တော့ ဒါဟာ အဲဒီကာလက တစ်ကမ္ဘာလုံးမှာနေမဝင်အင်ပါယာရယ်လို့ထင်ရှားတဲ့ဗြိတိသျှအစိုးရကို မြန်မာပြည်သူပြည်သားတွေအနေနဲ့ပထမဆုံးအကြိမ်ထချဖို့၊ လက်နက်စွဲကိုင်တော်လှန်ဖို့ စိုင်းပြင်းနေတဲ့ပုံရိပ်တွေပဲဖြစ်ပါတယ်။

ဗြိတိသျှ လက်အောက်မှာ ကျွန်သပေါက်အဖြစ် ကျရောက်ခဲ့တဲ့မြန်မာပြည်သူပြည်သားတွေရဲ့ ရှစ်ဆယ်ရာခိုင်နှုန်းကျော်ဟာ တောင်သူလယ်သမားတွေဖြစ်ပါတယ်။ အဲဒီတောင်သူလယ်သမားတွေဟာ လယ်ယာလုပ်ငန်းနဲ့သာ တစ်သက်လုံးလုပ်ကိုင် ဝမ်းကျောင်းခဲ့သူတွေဖြစ်ပါတယ်။ အများစုဟာ လယ်ကလွဲရင်ဘာမှမလုပ်တတ်ပါဘူး။ ဒါကြောင့်ဒီမြေကြီး၊ ဒီမြေဆီသာလျှင်ဘဝရဲ့အနှစ်သာရဖြစ်ပါတယ်။ လယ်နဲ့ထွန်တုံး၊ ကျွဲနွားတို့ဟာတောင်သူလယ်သမားတွေအတွက် အသက်သွေးခဲများဖြစ်ပါတယ်။ ဒီလိုအခြေအနေမျိုးမှာ ကမ္ဘာ့စီးပွားရေးပျက်ကပ်နဲ့အတူ မြန်မာပြည် အတွင်းမှာလည်း ဆန်စပါးဈေးတွေအဆမတန် ကျဆင်းနေတာကြောင့်လယ်သမားတွေဟာ ဆင်းရဲကျပ်တည်းစွာ ကြုံတွေ့ရပါတယ်။ စပါးဈေးအထိုက်အလျောက်ကောင်းမှ ဝဝလင်လင်စားနိုင်တဲ့လယ်သမားတွေ အတွက် စပါးဈေးတစ်ဟုန်ထိုးကျဆင်းမှုက အရှိုက်ကိုအလဲထိုးလိုက်သလိုပါပဲ။ လွန်ခဲ့တဲ့လေးနှစ်က စပါးတင်းတစ်ရာမှာကျပ် နှစ်ရာကျော်ရှိခဲ့ပေမယ့် ၁၉၃၀ ဝန်းကျင်မှာ တင်းတစ်ရာကိုကျပ်ခုနစ်ဆယ်ကျော်အထိ ကျဆင်းခဲ့ရတယ်။ ဒီလိုအကျဉ်းအကျပ်ထဲမှာ ဗြိတိသျှအစိုးရဟာ “မြေပုံရာကင်းမှောင့်”ဆိုသလိုနှစ်ဖက်အခွန်ဆိုတဲ့လယ်ခွန်တော်သာမက လူခွန်တော်ကောက်ခံလို့မရရင် သူတို့အပ်နှင်းထားတဲ့သူကြီးဆိုတဲ့ လူတွေက လယ်သမားတွေဆီက နွားဆွဲ၊ လှည်းဆွဲနဲ့ရမ်းကားတဲ့အတွက် တောင်သူလယ်သမားတွေဟာမျက်ရည်ပေါက်ကြီးငယ်ကျကြရှာတယ်။ ဒါ့အပြင် အိန္ဒိယကခေါ်သွင်းလာတဲ့ ချစ်တီးတွေကြောင့်မြန်မာပြည်အောင်ပိုင်းမှာလယ်ကေနှစ်သန်းဟာ တောင်သူတွေလက်ကနေ တဖြည်းဖြည်းဆုံးရှုံးခဲ့ရတယ်။ ဒီအခြေအနေကို မခံမရပ်နိုင်တဲ့အဆုံးသာယာဝတီခရိုင်ကနေ သမိုင်းတွင်တဲ့တောင်သူလယ် သမားအရေးတော်ပုံကြီး ပေါ်ပေါက်လာရခြင်းပါ။

**သုပဏ္ဏကဂဠုန်ဆရာစံ**

တောင်သူလယ်သမားအရေးတော်ပုံကြီးကို ဦးဆောင်ခဲ့တဲ့ ဦးဆောင်ရဲတဲ့ **သုပဏ္ဏကဂဠုန်ရာဇာ** ဘွဲ့ခံ ဆရာစံဟာ ရွှေဘိုခရိုင်၊ ဒီပဲယင်းမြို့နယ်၊ သရက်ကန်အရှေ့ရွာနေ လယ်သမားကြီးဦးကျေး၊ဒေါ်ဖက်တို့က ၁၂၃၈ခုတန်တောင်မုန်းလဆန်း ၈ရက်(၁၈၇၆ အောက်တိုဘာ ၂၄ရက်)နေ့မှာ မွေးဖွားခဲ့ပါတယ်။ဆရာစံဟာမြန်မာဆေးဆရာတစ်ဦးအဖြစ်အသက်မွေးခဲ့ပြီး မျိုးချစ်စိတ်ပြင်းပြတဲ့အလျောက် ဂျီစီဘီအေအသင်းကြီးပေါ်ပေါက်လာတဲ့အခါ အသင်းဝင်ခဲ့ရုံသာမက မော်လမြိုင်ခရိုင်ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်ရပါတယ်။ ဒီနေရာမှာ သိစေလိုတာက ဆရာစံဟာခေတ်အမြင်ရှိပြီး အမျိုးဘာသာသာသနာအတွက် နိုင်ငံနဲ့အဝန်းဆောင်ရွက်နေတဲ့ အသင်းကြီးရဲ့အရေးပါတဲ့ ပုဂ္ဂိုလ်တစ်ဦးအဖြစ်သိစေချင်တာပါ။ ဒီလိုပုဂ္ဂိုလ်တစ်ဦးဟာ ဂျီစီဘီအေညီလာခံတွေတက်ပြီး တိုင်းပြည်အရေး၊ အမျိုးသားရေးလုပ်နေသူမို့ ကျဉ်းမြောင်းသေးသိမ်တဲ့အမြင်မရှိပါဘူး။ ဆရာစံဟာမြန်မာဆေးဆရာတစ်ဦးဖြစ်လို့ အင်းအိုင်ဗေဒနဲ့မကင်းသလို တစ်ဖက်မှာလည်း တိုင်းပြည်အခြေအနေ စောင့်ကြည့်လေ့လာနေသူတစ်ဦးလည်းဖြစ်ပါတယ်။ အဲဒီကတည်းက မျိုးချစ်စိတ်ပြင်းပြတဲ့ဆရာစံဟာအခါအခွင့်သင့်ရင် နယ်ချဲ့ကိုတော်လှန်ဖို့ အာသီသပြင်းပြလွန်းသူတစ်ဦးပါ။

ဂျီစီဘီအေအသင်းကြီးဟာ ဗြိတိသျှအစိုးရရဲ့ သဿမေဓအခွန်နဲ့ လူခွန်တော်ကောက်ခံတဲ့ကိစ္စနဲ့ပတ်သက်ပြီး စုံစမ်းရေးကော်မတီဖွဲ့ရာမှာ ဆရာစံဟာဥက္ကဋ္ဌအဖြစ်ဆောင်ရွက်ပါတယ်။ ဒီနောက်ကိုယ်တိုင်လည်း ပြဿနာတွေဖြစ်နေတဲ့ ဖျာပုံ၊ ကသာ၊ ရွှေဘို၊ မုံရွာ၊ သရက်၊ အင်းစိန်၊ သာယာဝတီစတဲ့ဒေသတွေဆီအရောက်သွားပြီး အခွန်တော်ကောက်ခံသူတွေရဲ့ပုံစံနဲ့စနစ်ကို လေ့လာခဲ့ပါတယ်။ ဒီမှာတင် အတိဒုက္ခရောက်နေတဲ့ လယ်သမားတွေကိုတွေ့ရှိပြီးမခံမရပ်နိုင်တဲ့အဆုံးသာယာဝတီကိုအခြေပြုကာ ရှိတဲ့လက်နက်နဲ့တော်လှန်ထချဖို့ ဆုံးဖြတ်လိုက်တာပါ။ ဂဠုန် တပ်သားတွေလျှို့ဝှက်စုဆောင်းသလို တစ်ဖက်မှာလည်း ရရှိလာခဲ့တပ်သားတွေကိုဆေးမင်ကြောင် ထိုးပေးခဲ့ပါတယ်။ **ဂဠုန်** လို့သမုတ်ရခြင်းဟာစနေနံဖြစ်တဲ့အင်္ဂလိပ် **နဂါး** ကိုအနိုင်ယူနိုင်တာ ဂဠုန်တစ်မျိုးပဲရှိခြင်းကြောင့်ပါ။

အသက်ငါးဆယ်ကျော်ရှိပြီဖြစ်တဲ့ ဆရာစံဟာ ပိန်ပိန်ပါးပါး၊ မျက်ခုံးနှုတ်ခမ်းမွေးထူထူ၊ နှာခေါင်းချွန်ချွန်၊ မျက်နှာသွယ်သွယ်နဲ့ထက်မြက်စူးရှတဲ့အသွင်ဆောင်ပြီး ပေါင်နှစ်ဖက်မှာ ဗမာပီပီထိုးကွင်းမင်ကြောင်အပြည့်ထိုးထားပါတယ်။ စကားပြောရင် ဖြည်းဖြည်းမှန်မှန် သာပြောတတ်ပြီး လမ်းလျှောက်ရင် မတ်မတ်လျှောက်လေ့ရှိတယ်။ တည်ကြည်ပြတ်သားတဲ့မျက်နှာထားနဲ့ ဆရာစံဟာ ဖော်ပြပါအတိုင်း တောင်သူလယ်သမားတွေကို ဦးဆောင်ပြီး ၁၉၃၀ဒီဇင်ဘာ ၂၂ရက်ကစကာ ဗြိတိသျှအစိုးရကိုအတိအလင်းပုန်ကန်ခဲ့ပါတယ်။ ဆရာစံဦးဆောင်တဲ့ ဂဠုန်တပ်ဖွဲ့တွေဟာ ဒီဇင်ဘာ ၂၂ရက်မှာ သာယာဝတီရေတိုက်ရွာကိုစတိုက်ပြီးဒီဇင်ဘာ ၂၃ ရက်မှာ အင်းရွာဘူတာကိုဝင်စီးလိုက်တယ်။ ဒီဇင်ဘာ ၂၄ရက်မှာဖမ်းမိတဲ့ဗြိတိသျှသစ်တောဝန်မစ္စတာဖီးကလက်ကို သတ်ဖြတ်လိုက်တော့အဲဒီသတင်းဟာတောမီးပမာပျံ့နှံ့သွားပြီး ဗြိတိသျှအစိုးရကို အကြီးအကျယ်အမျက်တော်ရှစေခဲ့တယ်။

ဆရာစံကိုနှိမ်နင်းဖို့ ပုလိပ်တပ်တွေဟာ ချီတက်လာပြီး ဒီဇင်ဘာ ၂၅ရက်မှာ ဖားရွှေကျော်ရွာမှာ အပြင်းအထန်တိုက်ပွဲဖြစ်ပါတယ်။ **ဖားရွှေကျော်ရွာ**တိုက်ပွဲမှာ ဂဠုန်တပ်တွေအသာစီးရခဲ့ပြီး တပ်ဖွဲ့ဝင်တွေလည်းတိုးပွားလာကာအင်အားသုံးထောင်အထိဖြစ်လာတယ်။ အဲဒီ့နောက်အောင်ပွဲတွေရလာတဲ့ ဂဠုန်တပ်တွေဟာ ဆရာစံဦးဆောင်မှုနဲ့အတူ အလံတောင်ကို ဗဟိုပြုကာ ဗြိတိသျှအစိုးရကို ရဲရဲဝံ့ဝံ့စစ်မက်ခင်းကျင်းခဲ့ပါတယ်။

ဆရာစံဦးဆောင်တဲ့တောင်သူလယ်သမားတပ်ဖွဲ့ကြီးဟာ လူအင်အားတိုးပွားလာတာနဲ့အမျှ တိုက်ရည် ခိုက်ရည် မြင့်မားလာတော့ ဗမာပြည်အစိုးရဟာ သူ့ချည်းမနှိမ်နင်းနိုင်လို့ အိန္ဒိယအစိုးရထံ တပ်မကြီးတွေတောင်းခံခဲ့ရတယ်။ တစ်နိုင်ငံလုံးကလည်း သတင်းစာတွေက တစ်ဆင့်သိရတော့ အဲဒီဖြစ်ရပ်အပေါ် အလွန်စိတ်ဝင်စားလာကြတယ်။ တကယ်တော့ ဆရာစံဦးဆောင်တဲ့တောင်သူလယ်သမားတွေဟာ မခံမရပ်နိုင်လွန်းလို့၊ ဆင်းရဲငတ်ပြတ်လွန်းလို့ရရာလက်နက်စွဲကိုင်တော်လှန်ခဲ့တာဖြစ်လို့တကယ်တမ်းစနစ်တကျလေ့ကျင့်ထားတဲ့စစ်တပ်တွေနဲ့ရင်ဆိုင်ရာမှာတစ်ယောက်ပြီးတစ်ယောက် ကျည်သင့်ကျဆုံးခဲ့ရတယ်။

စာမျက်နှာ(VI)သို့

Technology

7 ရက် သတင်းဂျာနယ် 7DAY NEWS JOURNAL

Vol.12, No.37 • NOVEMBER 20 , 2013

# ကိုရီးယားချေးငွေရပါက ဖိုက်ဘာဆက်ကြောင်းတိုးချဲ့ပြီး အော်ပရေတာသစ်များ တိုးချဲ့ခွင့်ပြုရန်ရှိဟုဆို

**ဆွေမွန်**

**ရန်ကုန်၊ နိုဝင်ဘာ-၁၆**

ကိုရီးယားနိုင်ငံမှ အတိုးနှုန်းနည်းစွာဖြင့် ချေးငွေရရှိပါက ပြည်တွင်း၌ ဖိုက်ဘာဆက်ကြောင်းအရှည် ၂၄၀၀ ကီလိုမီတာခန့်ချခင်းမည်ဖြစ်ပြီး မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းအပြင် အခြားအော်ပရေတာလုပ်ငန်းများကိုငှားရမ်းလုပ်ဆောင်မည်ဖြစ်ကြောင်း ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန ဒုဝန်ကြီးဦးသောင်းတင်ကပြောသည်။

အမေရိကန်ဒေါ်လာ ၁၅၅ ဒသမ ၈၇၄ သန်းကို အတိုးနှုန်းသက်သာစွာဖြင့်ကိုရီးယားသမ္မတနိုင်ငံ (Economic Development Coporation Fund) မှ ချေးယူရန် စီစဉ်ထားရာ ထိုအနက် ၅၅ ဒသမ ၈၇၄ သန်းဖြင့် ဖိုက်ဘာကေဘယ် အရှည်ကီလိုမီတာ ၂၄၀၀ ချခင်းမည်ဖြစ်ကြောင်း နိုဝင်ဘာ ၁၃ရက် ကျင်းပသော လွှတ်တော်အစည်းအဝေးတွင် ပြောကြားခဲ့သည်။

အဆိုပါအရှည်ကီလိုမီတာ ၂၄၀၀ ရှိသည့် ဆက်ကြောင်းပြီးစီးပါက ဆက်ကြောင်းတည်ရှိရာ ဒေသတစ်လျှောက်ရှိ မိုဘိုင်းဖုန်း၊ ကြိုးဖုန်းများအပြင် အင်တာနက် Transmission များပေးသွားနိုင်မည်ဖြစ်ကြောင်း ပြောသည်။

ထိုသို့ဖိုက်ဘာကေဘယ် ဆက်ကြောင်းများ ပြီးစီးပါက အခြားအော်ပရေတာများကို ငှားရမ်းပေးခြင်းဖြင့် မိုဘိုင်းဖုန်းတပ်ဆင်မှုလျှင်မြန်နိုင်ပြီဖြစ်ရာ အင်တာနက် Transmission များလည်း ရရှိနိုင်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

သို့သော်လက်ရှိတွင် ပြည်တွင်းနှင့်ပြည်ပချိတ်ဆက်ထားပြီးဖြစ်သည့် ဖိုက်ဘာဆက်ကြောင်းများ မကြာခဏပြတ်တောက်မှုများနှင့် ချို့ယွင်းမှုများဖြစ်ပွားနေပြီး အင်တာနက်ဆက်သွယ်မှုလိုင်းများကျဆင်းခြင်းဖြစ်ပွားခဲ့သည်။

လက်ရှိအနေအထားအရ ပြည်တွင်း၌ အင်တာနက်အသုံးပြု၍ လုပ်ငန်းဆောင်ရွက်မှုအများအပြားရှိနေချိန်တွင် ဖိုက်ဘာကေဘယ်ဆက်ကြောင်းပြတ်တောက်ခြင်းများဖြစ်ပေါ်ပါက အစားထိုးဖြည့်သွင်းရန်လိုအပ်ပြီး အသစ်ထပ်မံတိုးချဲ့ဆောင်ရွက်ရာတွင် လျင်လျင်မြန်မြန်လုပ်ကိုင်၍ အသုံးပြုသွားနိုင်ရန်လိုအပ်ကြောင်း ပြည်တွင်းကွန်ပျူတာလုပ်ငန်းရှင်တစ်ဦးကပြောသည်။

လက်ရှိမြန်မာနိုင်ငံတွင် အင်တာနက်ဖိုက်ဘာဆက်ကြောင်း သုံးခုရှိပြီး ထိုင်းနိုင်ငံနယ်စပ်ဖြတ်ကျော်တစ်ခု၊ တရုတ်နိုင်ငံဖြတ်ကျော်တစ်ခုနှင့် ပင်လယ်ရေအောက်ဖြတ်ကျော်တွင် ရှိကြောင်း မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ သတင်းရရှိသည်။

# တတိယအကြိမ် Developer Conference ကျင်းပမည်

**ဆွေမွန်**

**ရန်ကုန်၊ နိုဝင်ဘာ-၁၇**

နည်းပညာဆိုင်ရာ Application ရေးဆွဲခြင်း၊ ဝက်ဘ်ဆိုက်ရေးဆွဲခြင်း၊ ဆော့ဖ်ဝဲရေးဆွဲခြင်းနှင့် စီမံခန့်ခွဲမှုများအကြောင်း အဓိကထားတင်ပြဆွေးနွေးကြမည့်တတိယအကြိမ်မြောက် Developer Conference ကိုနိုဝင်ဘာ ၂၃ရက်နှင့် ၂၄ ရက်တွင် ကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိသည်။

တတိယအကြိမ်မြောက် ကျင်းပမည့် Developer Conference ကိုနိုဝင်ဘာ ၂၃ ရက်နှင့် ၂၄ ရက်များတွင် ရန်ကုန်မြို့၊ လှိုင်မြို့နယ်အတွင်းရှိ MICT Park ၌ ကျင်းပပြုလုပ်မည်ဖြစ်ကြောင်း သိရသည်။

Developer Conference ပွဲတွင် နိုင်ငံတကာနှင့်ပြည်တွင်းရှိ နည်းပညာကျွမ်းကျင်ပညာရှင် ၄၄ ဦးက နည်းပညာဆိုင်ရာဆွေးနွေးမှုများ၊ တင်ပြမှုများ ပြုလုပ်သွားမည်ဖြစ်ပြီး အဆိုပါပွဲကို မြန်မာနိုင်ငံကွန်ပျူတာ ပညာရှင်များအသင်းမှ ကြီးမှူးကျင်းပခြင်းဖြစ်ကြောင်း ထိုအသင်းမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

အဆိုပါပွဲတွင် ဆွေးနွေးတင်ပြမည့် ခေါင်းစဉ် ၃၀ ကျော်ပါဝင်ပြီး Application ရေးဆွဲမှုများ၊ ဂိမ်း၊ ဆော့ဖ်ဝဲနှင့် ဝက်ဘ်ဆိုက်များအပြင် ပြည်တွင်းရှိရာသီဥတုဆိုင်ရာ Application များ၊ မြန်မာယူနီကုတ်စာစနစ်များအကြောင်းနှင့် ဂိမ်းနှင့်ပတ်သက်သည့် အလုပ်ရုံဆွေးနွေးပွဲများလည်း ပါဝင်မည်ဖြစ်ကြောင်း သိရသည်။

Software development နှင့် ဆက်နွှယ်သော လုပ်ငန်းများဆောင်ရွက်နေသူများ Software Developer အဖြစ် အသက်မွေးဝမ်းကျောင်း လုပ်ကိုင်မည့်သူ အများစုအနေဖြင့် တက်ရောက်သင့်ပြီး လက်ရှိတွင် တက်ရောက်ရန် စာရင်းပေးသွင်းထား သူပေါင်း ၄၀၀ ကျော် ရှိနေပြီဖြစ်ကြောင်း မြန်မာနိုင်ငံကွန်ပျူတာ ပညာရှင်များအသင်းမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ယခုနှစ်တွင် အဆိုပါ Developer Conference ကို တတိယအကြိမ်မြောက်ကျင်းပပြုလုပ်ခြင်းဖြစ်ပြီး ယခင် ၂၀၁၁ နှင့် ၂၀၁၂ ခုနှစ်များကလည်း နှစ်စဉ်ကျင်းပမှုများရှိကြောင်း သတင်းရရှိသည်။




# နိုကီယာကုမ္ပဏီက Windows Phone 8.1 ပါဝင်သောစမတ်ဖုန်းသစ်နှစ်မျိုး ထုတ်လုပ်မည်



**နယူးယောက်၊ နိုဝင်ဘာ-၁၅**

မကြာသေးမီက နောက်ဆုံးပေါ် WP8 GDR3 နှင့်ပတ်သက်၍ လူအများ၏ ပြောဆိုမှုအများအပြားရှိခဲ့သော်လည်း ၎င်းတို့၏ အာရုံစိုက်မှုမှာ Windows Phone 8.1 Blue ဘက်သို့ စတင်ပြောင်းလဲလာပြီဖြစ်သည်။ WP 8.1 ကို လာမည့်နှစ်တွင် ထွက်ရှိရန် မျှော်လင့်ထားပြီး ယင်းနှင့်ပတ်သက်၍ သတင်းများလည်းထွက်ပေါ်ခဲ့သည်။ ယခုအခါ Window Phone 8.1 ကို နိုကီယာကုမ္ပဏီမှ ထွက်ရှိမည့် ပစ္စည်းကိရိယာသစ်နှစ်ခုတွင် ထည့်သွင်းသွားမည့် သတင်းတစ်ရပ်ပေါ်ထွက်နေသည်။

မကြာမီကထွက်ရှိခဲ့သည့် Nokia Lumia 620 တွင် Windows Phone 8.1 ပါဝင်လာခဲ့သည်။ WP 8.1 ပါဝင်သည့် Microsoft Cortana နှင့်ပတ်သက်၍ သတင်းတစ်ရပ်ကိုလည်း ဖော်ပြခဲ့သည်။

WP 8.1 ကို ၂၀၁၄ ခုနှစ် ဖေဖော်ဝါရီလတွင် မိတ်ဆက်ပြသဖွယ်ရှိနေပြီး နိုကီယာကုမ္ပဏီက ထွက်ရှိမည့် စမတ်ဖုန်းအသစ်နှစ်မျိုးတွင်ပါဝင်လာဖွယ်ရှိသည်။ ယင်းစမတ်ဖုန်းနှစ်မျိုးကို Goldfinger နှင့် Moneypenny ဟု အမည်ပေးထားပြီး Goldfinger တွင် 3D Touch နည်းပညာအသုံးပြုထားကြောင်း သိရသည်။

Lumia Goldfinger (သို့မဟုတ်) Moneypenny နှင့်ပတ်သက်၍ အခြားသောအသေးစိတ်အချက်အလက်များကို ကြားသိရသေးခြင်းမရှိသော်လည်း နိုကီယာကုမ္ပဏီက စမတ်ဖုန်းအသစ်တစ်မျိုးနှင့် သင်ပုန်းကွန်ပျူတာအသစ်တစ်မျိုးကို လာမည့်နှစ်တွင် ထုတ်ဖော်ပြသသွားမည်ဟု ကောလာဟလသတင်းတစ်ရပ်ထွက်ပေါ်နေသည်။

*—Ref: Internet*




# အီးယူလေကြောင်းလိုင်းများ လေယာဉ်ပျံသန်းနေစဉ်အတွင်း အီလက်ထရွန်နစ်ပစ္စည်းများ ပိုမိုသုံးစွဲခွင့်ပေးမည်

**ပါရီ၊ နိုဝင်ဘာ-၁၅**

လေကြောင်းခရီးစဉ်များအတွင်း ခရီးသည်များ၏ စမတ်ဖုန်းများ၊ သင်ပုန်းကွန်ပျူတာများ အသုံးပြုမှုကို အမေရိကန်နိုင်ငံက ခွင့်ပြုခဲ့ပြီးနောက် ဥရောပလေကြောင်းလုံခြုံရေးအာဏာပိုင်ကလည်း အလားတူခွင့်ပြုရန် ညွှန်ကြားချက်များထုတ်ပြန်မည်ဖြစ်သည်။

လေယာဉ်မြေပြင်တွင် ဖြည်းဖြည်းမောင်းနှင်စဉ်၊ ဆင်းသက်စဉ်၊ ပျံတက်စဉ်အချိန်များအတွင်း စမတ်ဖုန်းနှင့် သင်ပုန်းကွန်ပျူတာများ ပိုမိုအသုံးပြုခွင့်ပြုရေးကြိုးစားနေသည့်လေကြောင်းလိုင်းများအတွက် ဥရောပလေကြောင်း လုံခြုံရေးအာဏာပိုင် (EASA)က နိုဝင်ဘာလကုန်တွင် လမ်းညွှန်ချက်တစ်ရပ်ထုတ်ပြန်သွားမည်ဟုပြောသည်။ အဆိုပါအချိန်များအတွင်း ယင်းကဲ့သို့ အသုံးပြုခြင်းကို ယခုအခါ ခွင့်ပြုပေးထားခြင်းမရှိသေးပေ။

လေယာဉ်ပျံသန်းမှုကို အနှောင့်အယှက်ဖြစ်စေနိုင်သည့်ရေဒီယိုလှိုင်းများ ထုတ်လွှတ်မှုရပ်တန့်ရန် အသုံးပြုသူများသည် ၎င်းတို့၏ စမတ်ဖုန်းများကို airplane mode ထားရှိရမည်ဖြစ်သည်။ လေယာဉ်အမြင့် ၃,၀၀၀ မီတာအထက်တွင် ပျံသန်းနေစဉ် အသုံးပြုသူများကို ဝက်ဘ်ဆိုက်ရှာဖွေခွင့်၊ အီးမေးလ်ပို့ခွင့်ပြုသည့် မိုဘိုင်းဖုန်းများ၏ 3G နှင့် 4G ဆက်သွယ်မှုများ အသုံးပြုခွင့်ပေးထားခဲ့ကြောင်း ဥရောပကော်မရှင်က နိုဝင်ဘာ ၁၃ ရက်တွင် ပြောကြားသည်။

လက်ရှိအချိန်တွင် လေယာဉ်အမြင့် ၃,၀၀၀ မီတာအထက် ပျံသန်းနေစဉ် မိုဘိုင်းဖုန်းများကို voice call အသုံးပြုရန် ဥရောပတွင် ခွင့်ပြုထားပြီး ယင်းအမြင့်၌ အင်တာနက်အသုံးပြုခြင်းကိုမူ ခွင့်ပြုထားခြင်းမရှိပေ။

ကွန်ပျူတာများ၊ သီချင်းနားထောင်ရန်ကိရိယာများနှင့် အခြားသော ကိရိယာများကို လေယာဉ်မြေပြင်ပေါ်တွင်ဖြည်းဖြည်းမောင်းနှင်နေစဉ်၊ မြေပြင်မှ ပျံတက်စဉ်နှင့် ဆင်းသက်ချိန်များအတွင်း ခရီးသည်များအနေဖြင့် ပိတ်ထားရန်လိုအပ်သည်။




အချို့လေကြောင်းလိုင်းများမှာ လေယာဉ်ပျံသန်းစဉ်အတွင်း wifi ဝန်ဆောင်မှုပေးခြင်းများလည်းရှိသည်။ လေယာဉ်ပျံတက်စဉ်နှင့် ဆင်းသက်စဉ်အတွင်း အီလက်ထရွန်နစ်ပစ္စည်းများသုံးစွဲခြင်း၊ကာလကြာပိတ်ပင်ထားခြင်းကို အမေရိကန်လေကြောင်း စီမံခန့်ခွဲရေးက အဆုံးသတ်လိုက်ပြီးနောက် သီတင်းပတ်နှစ်ပတ်အကြာတွင် ယခုကဲ့သို့ စည်းကမ်းပြောင်းလဲခြင်းများ ထွက်ပေါ်လာခြင်းဖြစ်သည်။

*—Ref: Reuters*




# ဆီးဂိမ်းအတွက် အင်တာနက်ဝန်ဆောင်မှု ပြိုင်ပွဲမတိုင်မီ အဆင်သင့်ဖြစ်နေဟုဆို




**ဆွေမွန်**

**ရန်ကုန်၊ နိုဝင်ဘာ-၁၆**

ဒီဇင်ဘာလတွင်ကျင်းပမည့် ဆီးဂိမ်းအားကစားပွဲတော်အတွက် ဆောင်ရွက်နေသည့်အင်တာနက်ဝန်ဆောင်မှုလုပ်ငန်းများအားလုံး နီးပါးပြီးစီးနေပြီဖြစ်ရာစတင်အသုံးပြုနိုင်နေပြီဖြစ်ကြောင်းသတင်းရရှိသည်။

အင်တာနက်wifiဝန်ဆောင်မှုများအတွက် ပစ္စည်းဝယ်ယူတပ်ဆင်သည့်လုပ်ငန်းများတွင်လုပ်ကိုင်ခွင့်ရရှိထားသည့် ကုမ္ပဏီများအနေဖြင့် အများစုပြီးစီးနေပြီဖြစ်ရာ ပြီးစီးသည့်နေရာများတွင် ဆက်သွယ်ရေးကွန်ရက်ရရှိပြီဖြစ်သောကြောင့် အသုံးပြုနိုင်ပြီဖြစ်ကြောင်း လုပ်ကိုင်ခွင့်ရရှိထားသည့် ရွှေသံလွင်ကုမ္ပဏီနှင့် Red-link ကုမ္ပဏီမှတာဝန်ရှိသူများက ပြောသည်။

"အားလုံးပြီးသွားပြီ။ သုံးလို့လည်းရနေပါပြီ။ အခုကျန်တယ်လို့ ပြောလို့ရတာက ထပ်တိုးလုပ်ရမယ့် စားသောက်ဆိုင်တန်းလိုနေရာတွေမှာပဲ ကျန်တော့တယ်။ MPT Network လည်းရနေပါပြီ" ဟု ရွှေသံလွင်ကုမ္ပဏီ MPS ဌာနမှ အထွေထွေမန်နေဂျာကိုကျော်စည်သူက ပြောသည်။

Redlink ကုမ္ပဏီအနေဖြင့်လည်း ပစ္စည်းတပ်ဆင်ရေးအတွက် တာဝန်ယူထားသည့်နေရာများမှ နှစ်နေရာခန့်အားလုံးပြီးစီးကာ အသုံးပြုနိုင်ပြီဖြစ်သော်လည်း အခြားသော ကျန်ရှိသည့်နေရာများကို ယခုလ ၂၀ရက်အပြီး အသုံးပြုနိုင်ရန်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း Redlink ကုမ္ပဏီ မှ သိရသည်။

"အခုပြီးသွားတဲ့နေရာတွေမှာ စပြီးသုံးလို့ရနေပြီ။ wifi ဖွင့်လိုက်တာနဲ့ mpt-redlink ဆိုပြီး ပေါ်လာမယ်။ အဲဒါနဲ့သုံးရင်ရပါတယ်" ဟု Redlink ကုမ္ပဏီမှတာဝန်ရှိသူတစ်ဦးကပြောသည်။

အဆိုပါRedlink ကုမ္ပဏီအနေဖြင့်တာဝန်ယူထားသည့်နေရာများမှာ MCC Hall နှင့်မြောက်ဒဂုံ wifi free လွှင့်ခွင့်အတွက်Redlink ကုမ္ပဏီနှင့် ရွှေသံလွင်ကုမ္ပဏီတို့က ယခုနှစ်ဖေဖော်ဝါရီလအတွင်းက တရားဝင်ရရှိထားခြင်းဖြစ်ပြီး မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ အင်တာနက် Bandwidth တိုးချဲ့မှုကိုလည်း လုပ်ဆောင်နေဆဲဖြစ်ကြောင်း သတင်းရရှိသည်။

# “ကျွန်တော်တို့ မြန်မာနိုင်ငံရဲ့တရားဝင်ထုတ်ပြန်ထားတဲ့လူမျိုးစု ၁၃၅မျိုးမှာ ရိုဟင်ဂျာဆိုတာမပါပါဘူး”

## လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်ရီနှင့် တွေ့ဆုံခြင်း

**သီဟ**

ရိုဟင်ဂျာအဖြစ်အသိအမှတ်ပြုရေး တောင်းဆိုနေသည့် ရခိုင်ပြည်နယ်ရှိ မွတ်ဆလင်ဒုက္ခသည်စခန်းမှဒုက္ခသည် နိုင်ငံသားဖြစ်ရေးအစီအစဉ်နှင့် ပတ်သက်၍ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးခင်ရီနှင့် 7Day News တွေ့ဆုံမေးမြန်းထားသည်များမှ ကောက်နုတ်တင်ပြလိုက်ပါသည်။



**ဘင်္ဂါလီတွေလက်ရှိတောင်းဆိုနေတဲ့ နိုင်ငံသားဖြစ်ခွင့်နဲ့ပတ်သက်ပြီး ဝန်ကြီးဌာနက ဘယ်လိုဆောင်ရွက်ပေးထားပါသလဲ။**

လုပ်မယ့်စနစ်ကတော့ ၁၉၈၂ခုနှစ် မြန်မာနိုင်ငံသားဥပဒေနဲ့အညီပဲလုပ်မှာပါ။ ဒီဥပဒေက တည်ဆဲဥပဒေဖြစ်ပါတယ်။ တည်ဆဲဥပဒေနဲ့အညီပဲသတ်မှတ်တဲ့ သတ်မှတ်ချက်နဲ့ပြည့်စုံတဲ့သူတွေ၊ နိုင်ငံသားအဖြစ်လျှောက်ထားတဲ့သူတွေ အရည်အချင်းကိုက်ညီတယ်ဆိုရင် ဥပဒေရဲ့ခွင့်ပြုချက်အတိုင်းပဲဖြစ်သွားမှာပါ။

**သူတို့ဘက်က စစ်တမ်းကောက်ယူမှုတွေကို လက်မခံတဲ့အပေါ် ဘာများပြောချင်ပါသလဲ။**

၂၀၁၂ခုနှစ်မေနဲ့ဇွန်လောက်မှာ ရခိုင်တိုင်းရင်းသားတွေနဲ့ စစ်တွေမှာရှိတဲ့ ဘင်္ဂါလီပေါ့နော်။ လူမျိုးစုနှစ်ခုပြဿနာဖြစ်ပါတယ်။ အဲဒါဖြစ်တော့ ဒေသခံတွေကခိုးဝင်တဲ့သူရှိ၊ မရှိသိလိုပါတယ်လို့ တောင်းဆိုပါတယ်။ တောင်းဆိုချက်အပေါ် မူတည်ပြီး စစ်ဖို့လုပ်တာပါ။ တိုတိုပြောရရင်တော့စစစ်ခါစအချိန်တုန်းကတော့ လက်ခံပါတယ်။ နောက်ပိုင်းကျတော့ သူတို့လူမျိုးတွေကလူမျိုးစုနေရာမှာဘင်္ဂါလီလို့ရေးမယ့်အစား ရိုဟင်ဂျာလို့ရေးမယ်ဆိုရင်လက်ခံမယ်ဆိုတာဖြစ်လာပါတယ်။ ကျွန်တော်တို့မြန်မာနိုင်ငံရဲ့တရားဝင်ထုတ်ပြန်ထားတဲ့ လူမျိုးစု ၁၃၅မျိုးမှာ ရိုဟင်ဂျာဆိုတာမပါပါဘူး။ အဲဒါကြောင့် ကျွန်တော်တို့ကလည်း ဒီလိုထည့်လို့တော့မရဘူးပေါ့။ အဲဒီမှာတင် လုပ်ငန်းကမတွင်ကျယ်ဖြစ်လာတာပါ။ အခုဟာဆိုရင် ကျွန်တော်တို့ မြေပြင်မှာဆင်းကောက်ရင်လက်မခံရင်တည်ငြိမ်အေးချမ်းမှုတွေ ပျက်ပြားမှာစိုးတယ်။ ဘာပဲဖြစ်ဖြစ် ယာယီစခန်းတွေမှာနေတဲ့သူတွေအတွက် စားရေးသောက်ရေး ဝေတာတွေရှိတယ်။ သက်ဆိုင်ရာဒေသအာဏာပိုင်တွေရဲ့စာရင်းဇယားတော့ ရှိပါတယ်။ ကျွန်တော်တို့ကိုစာရင်းဇယားပေးပါ။ ပေးတယ်ဆိုရင် ကျွန်တော်တို့မှာ လက်ခံစာရင်းရှိတယ်။ လက်ခံစာရင်းနဲ့တိုက်ဆိုင်စစ်ဆေးလိုက်ရင် လူစိမ်းရှိ၊ မရှိသိတယ်။ မသေချာရင်လည်း သက်ဆိုင်ရာဒေသကလူကို ခေါ်ပြပြီး အတည်ပြုလိုက်ရင်ရတယ်။ အဲဒီတော့ လက်ရှိအခြေအနေမှာကျွန်တော်တို့က မြေပြင်မှာဆင်းကောက်ရင် ပြဿနာဖြစ်နိုင်တယ်။ တည်ငြိမ်အေးချမ်းမှုပျက်ပြားနိုင်တယ်။ ဒါကြောင့်မြေပြင်မှာဆင်းကောက်မယ့်အစား စာရင်းတွေကျွန်တော်တို့ကိုပေးရင် ဖြစ်နိုင်တယ်ဆိုပြီး ပုံစံတစ်မျိုးပေါ့။ အဲဒါမျိုးကို ကျွန်တော်တို့စဉ်းစားနေပါတယ်။

**သူတို့က ဘာဖြစ်လို့ ရိုဟင်ဂျာလို့ သတ်မှတ်ခံချင်ရတာလဲခင်ဗျ။**

ရည်ရွယ်ချက်ကတော့ သူတို့ပဲသိမှာပေါ့။ ကျွန်တော်တို့ကတော့ မူလစာရင်းဇယားပေါ်မှာ အခြေခံပြီးဆောင်ရွက်မှာဖြစ်ပါတယ်။

**သူတို့က နိုင်ငံသားဖြစ်ဖို့အတွက် ပထမအဆင့်ဖြစ်တဲ့ စစ်တမ်းကောက်တာကိုလက်မခံရင် ဒီဇာတ်လမ်းက ဇာတ်မျောကြီးဖြစ်မသွားနိုင်ဘူးလား။ သူတို့ကလည်း ဒုက္ခသည်စခန်းမှာနေတယ်။ နိုင်ငံတကာက အထောက်အပံ့တွေနဲ့ စားနေတယ်ဆိုရင် ပြဿနာက ကြာရှည်မသွားနိုင်ဘူးလား။**

ကျွန်တော့်အပိုင်းက နိုင်ငံသားဖြစ်ရေးကိုလုပ်ပေးရမယ့်တာဝန်ရှိတာပေါ့လေ။ အရည်အချင်းနဲ့ကိုက်ညီရင် ကျွန်တော့်အပိုင်းတော့ ကျွန်တော်ဆောင်ရွက်မှာပါ။ ကျွန်တော်က ကျွန်တော့်မှာရှိတဲ့နဂိုမူရင်းမှတ်တမ်းမှတ်ရာတွေနဲ့လုပ်ရင်လည်းဖြစ်ပါတယ်။ ဒါပေမဲ့ ဒေသခံတွေရဲ့ တောင်းဆိုမှုအရ လူစိမ်းရှိ၊ မရှိ စစ်ပေးပါဆိုလို့ စစ်ပေးရတာပါ။ ဒီအခြေအနေကိုထိုးဖောက်နိုင်အောင်လို့ နည်းမျိုးစုံနဲ့ ကြိုးစားရမှာပါ။ တိုးတက်မယ်လို့တော့ထင်ပါတယ်။

**စစ်ဆေးတဲ့အခါမှာ ခိုးဝင်တဲ့သူတွေ့ခဲ့ရင် ဘယ်လိုအရေးယူမလဲ။**

ခိုးဝင်တဲ့သူတွေ့ရင်တော့ တည်ဆဲဥပဒေအရ အရေးယူခံရမှာပေါ့လေ။

**ခိုးဝင်တာများလာတာနဲ့ပတ်သက်ပြီးတော့ နစကနဲ့ လဝက ကိုလူတွေက လက်ညှိုးထိုးကြတဲ့အခြေအနေတွေရှိပါတယ်။ အဲဒီအပေါ်မှာ ဘာများတုံ့ပြန်ပြောချင်ပါသလဲ။**

များလာတဲ့ဟာ အကြောင်းအမျိုးမျိုးရှိပါတယ်။ ၁၈၂၄ ခုနှစ်မှာ အင်္ဂလိပ်မြန်မာပထမစစ်ပွဲဖြစ်တယ်။ မြန်မာပြည်အနောက်ခြမ်း အင်္ဂလိပ်လက်အောက်ကျတယ်။ မှတ်တမ်းမှတ်ရာတွေအရတော့ အဲဒီမတိုင်ခင် ကျွန်တော်တို့ဆီမှာ အမြဲတမ်းနေထိုင်တဲ့ နိုင်ငံခြားသားမရှိဘူးလို့ဆိုနိုင်တာပါ။ ၁၈၂၄ ခုနှစ် မြန်မာနိုင်ငံအနောက်ခြမ်း ကိုလိုနီလက်အောက်ကိုရောက်တော့ အဲဒီမှာရှိတဲ့လယ်တွေလုပ်ဖို့အတွက် လယ်ကူလီတွေငှားရတယ်။ အဲဒီတော့ သူတို့ဒီဘက်မှာလာပြီး ဝင်ထွက်ခွင့်၊ နေထိုင်ခွင့်၊ အခြေချခွင့်တွေရတယ်။ နောက် ၁၈၈၅ခုနှစ်မှာ အင်္ဂလိပ်-မြန်မာတတိယစစ်ပွဲဖြစ်ပြီးမြန်မာနိုင်ငံတစ်နိုင်ငံလုံး သူများလက်အောက်ကျ ရတာပေါ့ဗျာ။ နှစ်ပေါင်းတစ်ရာလောက် အချုပ်အခြာအာဏာဆုံးရှုံးခဲ့တာပေါ့။ အချုပ်အခြာအာဏာဆုံးရှုံးမှတော့ ကျွန်တော်တို့ပိုင်နက်နယ်နိမိတ်ကို ကျွန်တော်တို့ထိန်းလို့မရဘူးပေါ့။ အဲဒီအခါမှာ ဝင်ကြတယ်၊ ထွက်ကြတယ်။ ဒီမှာနေကြတယ်။ အခြေချတယ်။ ဒီမှာလည်း မျိုးဆက်ပွားတာတွေရှိမယ် စသည်ဖြင့်ပေါ့။ အဲဒီတော့ အလုံးအရင်းနဲ့ စပြီးနေခွင့်ရသွားတာတွေ၊ စပြီးမျိုးဆက်ပွားသွားနိုင်တာတွေ၊ နှစ်ပေါင်းတစ်ရာလောက် အတားအဆီးမဲ့ဝင်ခွင့်ရသွားခြင်းဟာ ကိုလိုနီရဲ့ဆိုးမွေကြောင့်ပါ။ ဒီနောက်ပိုင်းမှာ မွေးဖွားနှုန်းတွေများလာတာတွေရှိတယ်။ ဒီတော့ ဘယ်ဝန်ကြီးဌာနကြောင့်လို့ပြောနေမယ့်အစား သမိုင်းကြောင်းမှာ ဒီလိုပြဆိုထားတယ်ဆိုတာ ကျွန်တော်ကပြောပြတာပါ။ ဝန်ထမ်းဆိုတာကလည်း မိသားစုတွေကနေ ပေါက်ဖွားလာကြတာပဲလေ။ ဝန်ထမ်းတစ်ယောက်ရဲ့ ဂုဏ်ကတော့ ပေးအပ်တဲ့တာဝန်ကို ရိုးသားစွာ ထမ်းဆောင်ခြင်းဆိုတဲ့ဂုဏ်ရှိတာပေါ့။ သူ့ဂုဏ်မှ ထိခိုက်ခံရရင်တော့ သူတို့လည်းစိတ်ဓာတ်ကျတာပေါ့ဗျာ။ ဒါကျွန်တော်က ဝန်ထမ်းအားလုံးရဲ့ ကိုယ်စားပြောပြတာပါ။ ဘယ်သူတွေ ဘယ်နေရာမှာ မတရားဝင်နေတာတွေ့ရင် ကောင်းတာကတော့ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပြီး ဖော်ထုတ်ပေးဖို့ကောင်းတယ်။ ဒါဆိုရင်တော့ ကျွန်တော်တို့က ပါဝင်ပတ်သက်တဲ့ပုဂ္ဂိုလ်ရော၊ တကယ်ဝင်လာတဲ့သူကိုရော တည်ဆဲဥပဒေအရဆောင်ရွက်တာပေါ့။ ဒီလိုမပြနိုင်ဘဲနဲ့ မပြောနိုင်ဘဲနဲ့ဆိုရင် ဘယ်သူ့ကြောင့်၊ ဘယ်ဝါကြောင့်ဆိုရင် အစွပ်စွဲခံရတဲ့သူတွေအတွက် နစ်များနစ်နာမလားလို့ စဉ်းစားကြည့်တာပါ။ ဒါတွေဟာ ပြည်သူ့ရဲ့ သားသမီးတွေပဲလေ။ ပြည်သူကပေးတဲ့ အခွန်ကိုယူပြီးတော့ တာဝန်ထမ်းဆောင်နေတဲ့သူတွေဆိုတော့ စေတနာအပြည့်နဲ့ လုပ်နေတဲ့သူတွေအများကြီးရှိပါတယ်။

**တကယ်လို့ ဘင်္ဂါလီတွေနိုင်ငံသားဖြစ်ပြီး အခွင့်အရေးတွေရသွားရင်ရော ငြိမ်းငြိမ်းချမ်းချမ်းပြန်ဖြစ်သွားနိုင်မယ်လို့၊ ရခိုင်ပြည်နယ်က အရင်ကလို အခြေအနေပြန်ဖြစ်သွားမယ်လို့ ယုံကြည်ပါသလားခင်ဗျာ။**

ဒါကတော့ ကြိုးစားဆောင်ရွက်ရမှာပေါ့ဗျာ။ ကြိုးစားဆောင်ရွက်ရမယ့်ကိစ္စတွေပေါ့။ အချိန်ယူရမယ့်ကိစ္စတွေပေါ့။ ရင်ကြားစေ့ရေးလုပ်ငန်းဆိုတာ အချိန်ယူရမယ့် ကိစ္စတွေဖြစ်ပါတယ်။

**ရခိုင်ပဋိပက္ခနဲ့ပတ်သက်ပြီးတော့ ဖြည့်စွက်ပြောချင်တာဘာများရှိပါသလဲခင်ဗျာ။**

နိုင်ငံတော်အစိုးရအနေနဲ့တော့ တည်ငြိမ်အေးချမ်းမှုလိုချင်တာပေါ့။ ကျွန်တော်တို့အစိုးရအဖွဲ့စပြီးတာဝန်ယူကတည်းက ဒီမိုကရေစီဖော်ဆောင်မှု၊ အမျိုးသားရင်ကြားစေ့ရေး၊ လူမှုစီးပွားဘဝဖော်ဆောင်ရေးဆိုတဲ့ ဒီလိုကြွေးကြော်သံတွေနဲ့နိုင်ငံတော်အစိုးရရှေ့ခရီးကိုလှမ်းနေကြတာပေါ့။ ဘာပဲပြောပြောတိုင်းပြည်ထဲမှာ ဒီလိုပဋိပက္ခတွေက ကျွန်တော်တို့ဖွံ့ဖြိုးတိုးတက်ဖို့နဲ့ ကျွန်တော်တို့ရည်မှန်းချက်တာဝန်တွေကို အထိုက်အလျောက်တော့ အနှောင့်အယှက်ဖြစ်တာပေါ့ဗျာ။ အဲဒီတော့ ကျွန်တော်တို့က အေးချမ်းစေချင်တယ်၊ ငြိမ်းချမ်းစေချင်တယ်။ ပြဿနာတွေမပေါ်စေချင်ဘူး။ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုတဲ့လုပ်ငန်းမျိုးပဲဖြစ်စေချင်တယ်။ ဒါက ကျွန်တော့်ဆန္ဒပါ။

**ကျေးဇူးတင်ပါတယ်။**

Magic Set Box တိုင်းတွင် အသင့်သုံး ကစားစရာပစ္စည်းများ၊ စာအုပ်၊ သင်ကြားရှင်းပြ DVD ပါဝင်သည်။

ပြနည်းစာအုပ်
ပြကွက်ပစ္စည်းများ
သင်ခွေ(DVD)
ပြည့်စုံစွာပါဝင်သည်။



[illegible]
စီစဉ်သည်။

Magic Set 1
ကိန်းဂဏန်းများဖြင့်လှည့်စားခြင်း မျက်လှည့်ပြကွက်များ
ကလေးသူငယ်များ စိတ်တွက်သချ်ာစွမ်းရည်
တိုးတက်စေရန် ဉာဏ်စမ်းပုစ္ဆာများ၊
ပစ္စည်းများဖြင့် စီစဉ်ပေးထားသည်။

ပြနည်းစာအုပ်
ပြကွက်ပစ္စည်းများ
သင်ခွေ(DVD)
ပြည့်စုံစွာပါဝင်သည်။



[illegible]
စီစဉ်သည်။

Magic Set 2
ချစ်စရာကောင်းသော ရောင်စုံကဒ်ပြားများ၏
လှည့်စားမှုပြကွက်များ
မျက်လှည့်ပြကွက်များ၊ ရောင်စုံကဒ်ပြားများ၊
ပန်းပွင့်မျက်လှည့် များ၊ တားရော့ကဒ်မျက်လှည့်များ။



ပြနည်းစာအုပ်
ပြကွက်ပစ္စည်းများ
သင်ခွေ(DVD)
ပြည့်စုံစွာပါဝင်သည်။

Magic Set 3
လွယ်ကူပေါ့ပါးပြီး ထိရောက်မှုအားကောင်းသော
မျက်လှည့်ပြကွက်များ
မျက်စိရှေ့တွင် လက်လှည့်ပညာကိုအသုံးပြု၍ ထူးဆန်းသော
ပြကွက်များကို ဖန်တီးနိုင်သည့် မျက်လှည့်ပြပစ္စည်းများ

ထွက်ပြီ မျက်ပွင့်စာပေ – ဖုန်း – ၀၉ ၇၃၀၀ ၅၈၈၂ ၊ ၀၉ ၇၃၀၀ ၂၉၆၅ E-mail : myatpwint.books@gmail.com ထွက်ပြီ

7 ရက် သတင်းဂျာနယ် 7DAY NEWS JOURNAL
Vol.12, No.37 • NOVEMBER 20 , 2013

(ယခင်အပတ်မှ အဆက်)

# မင်းဒင်ရဲ့ သက်ခိုင်(၂)

မင်းဒင်



ROMEO GACAD/AFP

**ကိုယ်တွေ့ဆူနာမီ**

ကျွန်တော်ဆိုတဲ့ ကောင်ကလည်း ကြုံလိုက်ရင် မထိတ်သာမလန့်သာဆိုတာတွေ ချည်းပဲဗျ။ ကျွန်တော်မိတ်ဆွေပြောဖူးသလို ကျွန်တော့်ဟာ သည်းထိတ်ရင်ဖိုကိစ္စတွေကို မသိစိတ်မှာ စွဲလမ်းနေတယ်ဆိုတာ ဖြစ်နိုင်တယ်ဗျ။ ကြည့်လေ။ ရနောင်းကိုကျွန်တော်ရောက်ပြီး မကြာခင်ကျွန်တော့်ဇနီးနဲ့ သမီးရောက်လာကြတော့ မြဘုရားဖူးဖို့ဆိုပြီး တစ်မိသားစုလုံး ဘန်ကောက်ကိုသွားကြတုန်းက ကျွန်တော့်ပတ်စပို့က တရားမဝင်သလို ကျွန်တော့်ဇနီးနဲ့ သမီးကလည်း ကော့သောင်းဘက်နယ်စပ်ကနေ ဝင်လာကြတာမို့ သူတို့လည်း ထိုနည်းလည်းကောင်း ဆိုပါတော့။ အမှန်တော့ ကျွန်တော်ဘန်ကောက်ကို သွားပုံသွားနည်းဟာ ထိုင်းနိုင်ငံထဲကို တရားမဝင်ရောက်လာတဲ့မြန်မာအလုပ်သမားအများစုသုံးနေကျ နည်းလမ်းမို့ ဆန်းတယ်လို့မဆိုသာပေမယ့် အန္တရာယ်များတာတော့ အမှန်ပဲဗျ။

ကျွန်တော်ကတော့ ဗမာစကားမတောက်တစ်ခေါက်တတ်တဲ့ (မောင်အက်)ဆိုတဲ့ ထိုင်းလူပွဲစားတစ်ယောက်နဲ့ချိတ်လိုက်တာ တစ်ယောက်ဘတ်(၃,၅၀၀)နဲ့ဈေးတည့်သဗျာ။ ဟွန်ဒါစီဗစ်ဆလွန်းကားလေးနဲ့ အမြိုင့်သားထွက်လာလိုက်ကြတာ တစ်လမ်းလုံးလိုလိုဘာမှမထူးခြားပေမဲ့ ဘန်ကောက်ရောက်ခါနီး ကီလိုမီတာ ၂၀၀လောက်အလိုမှာတော့ ခာတ်ဆီဆိုင်နဲ့ တွဲဖွင့်ထားတဲ့ ကော်ဖီဆိုင်တစ်ခုမှာ ပိုက်ဝင်ဖြည့်နေကြတုန်း ပြုန်းဆိုထိုင်းရဲကားတစ်စီးလည်း ဆိုက်လာရော (မောင်အက်)ဟာ ရုတ်ခနဲ ထိုင်ရာကနေ သူ့ကားဆီထသွားပြီး မောင်းထွက်သွားပါလေရောဗျာ။ ရုတ်တရက်မို့ ကျွန်တော်ဟာ ရင်ထဲမှာ ထိတ်ခနဲဖြစ်သွားပေမယ့် က္ကန္ဒြေမပျက်ထိုင်နေလိုက်တော့ သူတို့ ကျွန်တော်တို့ မိသားစုကိုလှမ်းပြီး အကဲခတ်နေတာ ကျွန်တော်က ခိုးကြည့်နေရင်း သိလိုက်တယ်။ ကျွန်တော်လည်း ဘာမှ ရိပ်စားမိဟန်မတူတဲ့ ဇနီးနဲ့ သမီးကို စကားမရှိ စကားရှာတောင်ပြော၊ မြောက်ပြောလုပ်၊ ထိုင်းရဲတွေနဲ့ အနီးဆုံးဆီကို ဖြတ်လျှောက်ရင်း ကောင်တာမှာ ထပ်မှာစရာရှိတာကို ဘိုလိုအသံကျယ်ကျယ်နဲ့ မှာလိုက်ရောပေါ့ဗျာ။ ကံကောင်းတယ်ဆိုရမယ်ထင်ပါရဲ့။ ထိုင်းရဲ သုံးယောက်ဟာ ကျွန်တော်တို့ ထိုင်နေတဲ့ ကော်ဖီဆိုင်ထဲမှာ ဆယ့်ငါးမိနစ်လောက်လည်းထိုင်ပြီးရော သူတို့ရဲ့ ကားကို ဝီးအော်ဝီးအော်ဆိုတဲ့ ဝိုင်ယာလက်ဥသြသံဖွင့်ပြီး ပြန်မောင်းထွက်သွားလေရဲ့ဗျာ။ နာရီဝက်လောက်အကြာ ကျွန်တော်ဖုန်းဆက်လိုက်မှ မောင်အက်ဆိုတဲ့ ရွှေကိုယ်တော်ပြန်ကြွလာသဗျ။

အမှန်တော့ သူလိုငါလိုသာမန်လူပွဲစားကယ်ရီလို့ ကျွန်တော်ထင်ခဲ့တဲ့ မောင်အက်ဟာ နာမည်ကြီးလူကုန်ကူးသူဆိုတာ နောက်တစ်နှစ်ကျော်အကြာမှာ ကျွန်တော်သိခဲ့ရပါတယ်။ ထိုင်းသတင်းစာအစောင်စောင်မှာ လူကုန်ကူးမှုနဲ့ အဖမ်းခံရတဲ့ သူ့ခာတ်ပုံနဲ့ နာမည်ကို စာလုံးမည်းကြီးတွေနဲ့ တွေ့လိုက်ရတာကိုး။

ကျွန်တော်ဆိုတဲ့ကောင်ကလည်း နှစ်ထပ်ရှိမှ မှတ်မိမယ့်ကောင်ထင်ပါရဲ့။ ဖူးခက်ကို ဈေးကွက်စနည်းနာဖို့ ထွက်လာတော့လည်းဇနီးနဲ့ သမီးပါလာပြန်တာပါပဲ။ မှတ်မှတ်ရရပြောရရင် အဲဒီနေ့ဟာ ဖူးခက်ကို ဆူနာမီဝင်မွှေဖို့ တစ်ပတ်အလို ၂၀၀၄ ခုနှစ်ဒီဇင်ဘာ ၁၉ ရက်ပေါ့။ ကျွန်တော်ဟာ အလန်ကွာတာမိန်း၊ မာကိုပိုလို၊ ဗတ်စကိုဒဂါးမား၊ ကိုလံဘတ်၊ မြိုင်ရာဇာတွတ်ပီနဲ့ ထက်ထက်မိုးဦးတို့ကိုအားကျပြီး ဖူးခက်မြို့ဆီ ရင်ကော့ပြီး ချီတက်ခဲ့ရောဆိုပါတော့။ ဖူးခက်နဲ့ ရနောင်းဟာ ကီလိုမီတာသုံးရာကျော်ဝေးပါတယ်။ လမ်းတစ်လျှောက်ရဲ့မြင်ကွင်းတွေဟာ မော်လမြိုင်၊ မြိတ်၊ ထားဝယ်ကားလမ်းက မြင်ကွင်းတွေနဲ့ ဆင်တယ်ဗျ။ ရာသီဥတုလည်း သိပ်ကွာခြားပုံမရဘူး။ ကွမ်းသီးပင်၊ အုန်းပင်နဲ့ရော်ဘာခြံတွေကိုကွက်ကြား၊ ကွက်ကြားတွေ့နေရတယ်။ ဒီတောဒီတောင်ဒီရေမြေဟာဗမာပြည်နဲ့ တယ်ပြီး အလှမ်းဝေးတယ်မဟုတ်ပေမယ့် တစ်စုံတစ်ခုသောအတိုင်းအတာ ကွာခြားနေတာတော့ အမှန်ပါပဲ။ ဆိုလိုချင်တာက ပတ်ဝန်းကျင်ရှုခင်းတွေဟာ အလေ့ကျဖြစ်ကတတ်ဆန်းပစ်ထားတာနဲ့ စနစ်တကျ ပြုစုပျိုးထောင်ထားတဲ့အရာ ကွာခြားသလို ဖြစ်နေတာပါပဲ။

နန်းယွန်း၊ သကွယ်ပါမြို့တွေကို ကျော်ပြီးတော့ ခေါင်လတ်၊ ဖန်ငမြို့တွေကို ရောက်တယ်။ အဲဒီမြို့တွေဟာ ပင်လယ်နဲ့နီးတယ်။ ပင်လယ်နဲ့ထိစပ်နေတဲ့ မြင်ကွင်းတွေကိုမြင်နေရတယ်။ ကားလမ်းဘေးအဆောက်အအုံတွေမှာ ချိတ်ဆွဲထားတဲ့ ငွားရန်ရှိသည်ဆိုတဲ့ အဆောက်အအုံ ဆိုင်းဘုတ်တွေကြောင့် ဒီဒေသဒီအရပ်ရဲ့ အဓိကလုပ်ငန်းကတော့ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းလို့ ခန့်မှန်းနိုင်ပါတယ်။ ခေါင်လတ်မှာဆိုရင် အဆောက်အအုံအသစ်တွေ အရှိန်အဟုန်နဲ့ တိုးချဲ့ဆောက်နေတာ ကျွန်တော်သတိပြုမိတယ်။ ဒီနေရာတွေမှာ လာပြီးရင်းနှီးမြှုပ်နှံတဲ့ အလုပ်ရှင်အများစုကတော့ အမေရိကန်၊ ဥရောပနဲ့ ထိုင်းတွေပါပဲ။ ထုံးစံအတိုင်း အလုပ်သမားအများစုကတော့ ကျွန်တော်တို့မဟာမြန်မာတွေပေါ့။ ခေတ်မီငါးဖမ်းစက်လှေတွေကိုလည်း တွေ့ရတာကြောင့် ရေလုပ်ငန်းအကြီးအကျယ် လုပ်နေကြတာကိုလည်း ကျွန်တော် သတိပြုမိတယ်။ မြို့နာမည်တွေကို ပြောနိုင်တာက စနစ်တကျရေးထားတဲ့ လမ်းညွှန်ဆိုင်းဘုတ်တွေကြောင့်ဗျ။ ကျွန်တော်က အင်ဂျင်နီယာပေါက်စ လုပ်ခဲ့ဖူးလေတော့ အဝေးပြေးလမ်းမကြီးတစ်လျှောက် ဆိုင်းဘုတ်တွေကိုကြည့်ရင်း ကိုယ့်နိုင်ငံနဲ့ ဘာများကွာခြားပါလိမ့်ဆိုပြီး စပ်စုနေတာ။ လမ်းတွေကတော့ ကျွန်တော်တို့ဇာတိမြေက လမ်းတွေနဲ့ ကိုးဆယ်ဆက္ကာပါသကော။

အချပ်ပို(VII) သို့

Malteser International
Order of Malta Worldwide Relief

**ချိတ်ပိတ်တင်ဒါခေါ်ယူခြင်း**

မာလ်တေဆာအင်တာနေရှင်နယ်အဖွဲ့အစည်းသည် အစိုးရမဟုတ်သော အဖွဲ့ဖြစ်ပြီး ဂျာမဏီနိုင်ငံ ကိုလုံးမြို့တွင် ရုံးချုပ်အခြေစိုက်၍ လူမှုရေးအထောက်အပံ့များကို ကမ္ဘာ့နိုင်ငံအနှံ့အပြားတွင် ဆောင်ရွက်လျက်ရှိပါသည်။ မာလ်တေဆာအင်တာနေရှင်နယ်အဖွဲ့ အစည်းမှ ကရင်ပြည်နယ် ဘားအံမြို့နယ်နှင့် လှိုင်းဘွဲ့မြို့နယ်အတွင်း ဖွံ့ဖြိုး ရေးဆောင်ရွက်နေသောကျေးရွာများရှိအခြေခံဆောက်အဦးများ တိုးတက်ကောင်းမွန်ရေး လုပ်ငန်း စီမံကိန်းအတွက် တင်ဒါ ခေါ်ယူလိုပါသည်။ ခေါ်ယူလိုသော တင်ဒါတွင် သတ်မှတ်ထားသော ဒီဇိုင်းများအတိုင်း အရည်အသွေးပြည့်ဝစွာ ပစ္စည်း၊ လက်ခ၊ သယ်ယူပို့ဆောင်ရေးများအပါအဝင် လုံးဝပြီးစီးအောင် တည်ဆောက်ရန်ဖြစ်သည်။ ဆောင်ရွက်လိုသော လုပ်ငန်းများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

၁။ ကျေးလက်ကျန်းမာရေးဌာနခွဲ အဆောက်အဦး (၄) ခု
၂။ မူလတန်းကျောင်း အဆောက်အဦး (၂) ခု ဖြစ်ပါသည်။

တင်ဒါ တင်သွင်းလိုသော ကုမ္ပဏီ လုပ်ငန်းကန်ထရိုက်တာများသည် အသေးစိတ် အချက်အလက်များကို ၂၀၁၃၊ နိုဝင်ဘာလ (၁၈) ရက်နေ့ မှ (၂၂) ရက်နေ့ အထိ ရုံးချိန်အတွင်း အောက်ဖော်ပြပါ မာလ်တေဆာရုံးများတွင် ထုတ်ယူနိုင်ပြီး၊ နိုဝင်ဘာလ (၂၉) ရက်နေ့ နေ့လည် (၃) နာရီနောက်ဆုံးထား၍ အိပ်ပိတ်တင်ဒါ ဈေးနှုန်းများအား ပြန်လည် တင်သွင်းရမည်ဖြစ်ပါသည်။

**ဌာနနေရုံး**
၁၄/၁၅(၆စ)၊ ပြည်တော်အေးရိပ်သာလမ်း၊
ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၁-၆၅၇၁၂၂၊ ၀၉-၈၆၂၂၈၅၁

**ဘားအံ-ဝန်ထမ်းအိမ်ယာ**
ဦးပုညလမ်း
(၇) ရပ်ကွက်၊ ဘားအံမြို့၊
ဖုန်း - ၀၁-၁၂၉၃၈၁၆
- ၀၉-၄၂၁၁၀၇၈၅၂

Malteser International
Order of Malta Worldwide Relief

**Public Tendering Announcement**

Malteser International, a Non Government Organization (NGO) base in Cologne, Germany provided humanitarian aid worldwide. Malteser International requests tenders from Myanmar registered contractor in order to improve health facilities and school as parts of BMZ funded project of **"Improved basic social infrastructure and disaster preparedness of vulnerable communities in Kayin State, Myanmar"** and as part of EU funded project of **"Improved Access to and Utilization of Health Services, Water and Sanitation Facilities, and Rights Protection for Uprooted People in Kayin State.**

The requested tenders will consist construction materials supply and the completion of construction work in accordance with the government of Myanmar approved design, quality and standard for the construction of the following building in the villages of Hpa-An and Hlaing Bwe township.

1. Rural sub Health Centre — 4 units
2. Basic Education Primary School — 2 units

**To collect information date 18th to 22nd of November 2013 (office hour)**

**Tender closing date 29th of November 2013 by 15:00 PM**

Interested contractors can collect detail information at following addresses.

**Country Office**
14/15 (6F) Pyi Taw Aye Yake Thar st,
Yankin Township, Yangon
Email: log.co.malteser@gmail.com
Phone: 01-657122, 09-8622851

**Kayin Team House**
U Pone Nya Street, Quarter 7
HpaAn, Kayin State
Email: log.malteser.kyn@gmail.com
Phone: 01-1293816, 09-421107852

A travel agent and tour operator based in Yangon is seeking employees who wish to attach in an organization for long term for mutual interests. We need professionals to work in the following capacities;

1 Ticketing
2 Sales
3 Operations
4 Contracting & Reservation
5 Accounts
6 Admin & HR

If YOU

1 are willing to be a part of the work force that supports the growing tourism industry in Myanmar
2 are prepared to work in a fast-pace environment
3 are ready to learn from challenges
4 wish to grow together

Please send your CV to **Mai Hsoong Travel Limited, No.33-49, Bank Street, Kyauktada Township, Yangon.**

**Email**; info@maihsoongtravel.com

**Not later than 29 November 2013.**

# မြစ်ကလည်းရွှေ မြေကလည်းဇမ္ဗူရစ်

မောင်သာချို



(တစ်)

မြစ်ဆုံသို့ပထမဦးဆုံးအကြိမ်ကျွန်တော်ရောက်သွားဖြစ်ခဲ့သည်မှာ ၂၀၀၅ ခုနှစ်တုန်းက ဖြစ်ပါသည်။ ရုပ်ရှင်ဒါရိုက်တာ အကယ်ဒမီကြည်စိုးထွန်း၊ ဆရာချစ်ဦးညိုတို့နှင့်အတူ ရောက်သွားဖြစ်ခဲ့ခြင်းဖြစ်ပါသည်။ သည်တုန်းကဖြင့် မြစ်ဆုံသည် လွမ်းဖို့ကောင်းတုန်း။

မြစ်ဆုံ . . . တဲ့။ ဟုတ်ပါသည်။ မြစ်နှစ်ခု လာရောက်ပေါင်းဆုံသောနေရာမို့မြစ်ဆုံလို့နာမည်ပေးလိုက်သည်မှာ တော်တော့ကို လွယ်ကူရိုးစင်းပါသည်။

မြစ်ဆုံကို ကချင်တို့က ခမဇွပ် (Kha ma zup) ဟု ခေါ်ပါသည်။ မလိခ (Ma Li Kha) ဆိုသောမြစ်တစ်စင်းနှင့် အင်မိုင်ခ (n mai kha) ခေါ် မေခ ဆိုသည့် မြစ်တစ်စင်းတို့ ပေါင်းဆုံမိကြရာက သည်နေရာမှာ မြစ်ဆုံဟူ၍ ဖြစ်လာခဲ့ရခြင်းဖြစ်ပါသည်။

မြစ်ကြီးနားမြို့ကနေ မြောက်သို့မိုင်နှစ်ဆယ်ခန့် ဆန်လိုက်လျှင် တန်ဖရဲကျေးရွာသို့ရောက်ပါသည်။ တန်ဖရဲကနေ ငါးဖာလုံအလွန်တွင်ကား မြစ်ဆုံက ကျွန်တော်တို့ကို စောင့်ကြိုလျက်ရှိပါသည်။ သည်နေရာတွင် အင်ခိုင်ဘွမ်တောင်ကြီးက ပြာလို့ မှိုင်းလို့။ ရောဝတီမြစ်ကြီး၏အစ မြစ်ဆုံဒေသကို ငုံ့ကိုင်းကာ ကြည့်လို့။ မြစ်ဆုံတစ်ဝိုက်ကရသော ကျောက်ဘီလူးငါးကင်ကြီးတွေက လတ်လတ်ဆတ်ဆတ်။ တစ်ပိဿာကို တစ်ထောင်ဟု ကချင်မလေး ခေါင်ညွယ်က ကျွန်တော့်ကို ရှင်းပြပါသည်။ နောက်တော့ ကချင်ရိုးရာ ခေါင်ရည်။ ဒေသအခေါ်က ‘စပ’ တဲ့။

သည်တုန်းကဖြင့် သည်နေရာမှာ ရောဝတီက ကြည်လင်စွာပဲ တငြိမ့်ငြိမ့် တသိမ့်သိမ့် စီးဆင်း၍နေခဲ့ပါသေးသည်။ ကြည်သောရေမို့ မြစ်အောက်က ကျောက်စရစ်ခဲတွေကို ဖွေးဖွေးလှုပ်လှုပ် ဆုပ်ဆုပ်ခဲခဲ တွေ့နေခဲ့ပါသေးသည်။ မြစ်ကမ်းဝဲယာမှာ မြသားအတိ။ စိမ်းလို့မှောင်လို့။

သည်နေရာမှာက ရွှေပေါကြွယ်ပုံရပါသည်။ စာရေးဆရာကြီး သိန်းဖေမြင့်၏ ခရီးသွားစာပေလက်ရာတစ်ခုဖြစ်သော “မြစ်ဖျားရော ရောင်စုံဖြာ” ဟူသည့် စာအုပ်ထဲ၌ ယူနန်ပြည်နယ်ထဲက တရုတ်အမျိုးသားအချို့သည် မြစ် ကြီးထဲ၌ ရွှေလာကျင်လေ့ရှိကြောင်း၊ မြစ်ကြီးနားမြို့ဝန်းကျင်ရောက်သည်အထိ ကျင်လေ့ကျင်ထရှိကြောင်း မှတ်ချက်ပေးထားခဲ့ဖူးပါသည်။

နောက်တော့ မြန်မာနိုင်ငံစစ်အစိုးရ လက်အောက်သို့ ကျရောက်သွားပြီးသည့်အခါ မြစ်ဆုံတစ်ဝိုက်တွင် ရွှေရှာသည်က ခပ်ကြမ်းကြမ်း ခပ်ရမ်းရမ်းဖြစ်လာပုံရပါသည်။ ခရစ်နှစ် ၂၀၀၀ တစ်ဝိုက်၌ မြစ်ဆုံဝန်းကျင်သို့ တရုတ်ပြည်က ရွှေဖောင်တွေရောက်ချလာပါသည်။ မြစ်ထဲက မြေကြီးကိုရေနှင့်အတူ စုပ်တင်လိုက်ကာ ရွှေဖောင်ပေါ်မှာပင် မျောတိုက်ပြီးနောက် ရွှေကိုတစ်ခါတည်း အပြီးကျင်ယူသည့် ရွှေဖောင်များပင်ဖြစ်ပါသည်။

“ရွှေဖောင်တွေက . . . စက်ယန္တရားအင်အားနဲ့ ကျင်ကြတာဆိုတော့ တစ်နေ့ တစ်ပိဿာကတော့ ရကြတာပါပဲ”

အံ့သြစရာ ကောင်းလိုက်တာ။ တစ်နေ့ကို ရွှေဖောင်တစ်စီးက တစ်ပိဿာတဲ့။ တစ်နှစ်လည်းမဟုတ်၊ ၂နှစ်လည်းမဟုတ်၊ သုံးနှစ်လည်း မဟုတ်။ ရွှေဖောင်တွေက မြစ်ကြီးနားမြို့နားသို့ ရောက်သည်အထိ မြစ်ကြီးကို တူး၍ ဆင်းလာခဲ့ရာ ရဟန်းသံဃာများက ဦးဆောင်လျက် မြို့ပျက်မည်ကို စိုးသဖြင့် တားလိုက်ရာက တန့်သွားခြင်း ဖြစ်ပါသည်။

အခုတော့ မြစ်ဆုံတစ်ဝိုက်၌ ရွှေဖောင်များ မရှိကြတော့ပြန်။

(နှစ်)

၂၀၁၁ အတွင်းကလည်းမြစ်ဆုံသို့ကျွန်တော်တစ်ခေါက်ရောက်သွားခဲ့ပြန်ပါသေးသည်။ ဆရာဖေမြင့်၊ ဆရာမဂျူးတို့နှင့်အတူ။

သည်တုန်းက သမ္မတအသစ်စက်စက် ဦးသိန်းစိန်၏ မြစ်ဆုံစီမံကိန်းကို ရပ်ဆိုင်းထားရန် ဆုံးဖြတ်ချက်ချထားပြီးသည့် ကာလ။

မြစ်ကြီးနားကနေ မြစ်ဆုံသို့အသွား ဝဲယာရှုခင်းများကို မျှော်ငေး၍ လိုက်ပါသွားစဉ် မြစ်ဆုံနှင့်နီးလာလေလေ ဒဏ်ရာဒဏ်ချက်တွေက ပို၍ ပို၍ များလာလေလေ ပြင်းထန်လာလေလေ ဖြစ်ပါသည်။

မြစ်ဘေးဝဲယာရှိ မြေသားများကို ပေါင်မုန့်လှီးသလို လှီး၍ လှီး၍ ထားခြင်းဖြစ်ရာ ကမ်းပါးကြီးတွေက သွေးစိမ်းရှင်ရှင်ထွက်နေသည့်နှယ် နီရဲ၍ နေပါသည်။ လုပ်လက်စ စီမံကိန်းများကို ရပ်ဆိုင်းထားပြီးဖြစ်သည့်တိုင် လုပ်ငန်းခွင်အခြေစိုက် စခန်းတွေက ဟိုးကမ်းပါးယံမြင့်မြင့်ကြီးတွေဆီမှာ ခံတပ်အဟောင်းကြီးများသဖွယ် မားမားရပ်လျက် မြစ်ကို ဆီးကြည့်နေပါသည်။ ဒေသခံတစ်ယောက်က တူးပစ်သမျှ မြေသားများကို တစ်ဖက်နိုင်ငံအတွင်းသို့ ကားများဖြင့် သယ်ယူသွားကြကြောင်း သတင်းပေးရာ ရွှေဖြစ်သည့် ကျွန်တော့်အမိမြေကို ကျွန်တော် နှမိနှမြောဖြစ်မိတာ အမှန်ပါ။

စက်လှေကလေးတစ်စီးကို ငှား၍ရသဖြင့် ရောဝတီမြစ်ထဲသို့ဆင်းကာ မေခကို နည်းနည်းကလေး ဆန်မောင်းခိုင်းဖြစ်ပါသည်။ စက်လှေသမားက အထက်သို့ သိပ်မဆန်ရဲ။ ဆရာမဂျူးက ကျွန်တော့်လက်ထဲက ကင်မရာ ပေါက်စကလေးကို သဘောမတွေ့။ တောင်ရိုက်မြောက်ရိုက်နှင့်မို့ နေရောင်မှာ လက်ခနဲ လက်ခနဲ ဖြစ်သွားသည်ကို အထင်မှားကာ လုံခြုံရေးယူထားသူတို့က လှမ်းပစ်လိုက်မှာကို စိုးထိတ်ပုံရပါသည်။ လုပ်လက်စများကိုရပ်ဆိုင်းထားခဲ့သည့်ကာလဖြစ်သည့်တိုင် မြစ်ကမူနီစွေး၍ နေပါပြီ။ ရေမကြည်တော့။ မြစ်ရေအလျဉ်အောက်က ကျောက်စရစ်ခဲကလေးတွေကို မမြင်ရတော့။

ရေစပ်စပ်က ကျောက်စရစ်ခဲအချို့ကို လှမ်းအကောက်မှာ မြစ်ဆုံက တစ်နေဝင်ခဲ့ပြန်ပါပြီ။

(သုံး)

ထူးခြားသည်က မြစ်ကြီးနားကနေမြစ်ဆုံသို့အသွားလမ်းဘေးဝဲယာမှာ ရွှေလုပ်ကွက်တွေ ပေါ်လာခြင်းဖြစ်ပါသည်။ ခင်းထားသည့် ကတ္တရာလမ်း၏ ဝဲယာအစပ်သည်ပင်ရွှေလုပ်ကွက်။ ကုမ္ပဏီကြီးတွေ၊ ကုမ္ပဏီငယ်တွေ၊ လက်ဝေခံတွေ၊ တစ်နိုင်တစ်ပိုင်တွေ။

ကားပေါ်က ဆင်းကာ တရုတ်စက်ကလေးတစ်လုံးနှင့် တထုန်းထုန်းမောင်းကာ အလုပ်သမား သုံး၊ လေးယောက်တို့ကို ဦးဆောင်ပြီး အလုပ်လုပ်နေသူနှင့် ကျွန်တော် စကားပြောဖြစ်ပါသည်။ သူက တစ်နေ့ကို တစ်ကျပ်သားလောက်တော့ရကြောင်း ဆိုပါသည်။

ကျွန်တော် တနိုင်းဝန်းကျင်က ရွှေမှော်တွေထဲကို ရောက်ဖူးပါသည်။ ခန္တီးတစ်ဝိုက်က ရွှေမှော်တွေထဲကိုလည်း ရောက်ဖူးပါသည်။ ဗန်းမောက်တစ်ကြောက ရွှေမှော်တွေထဲကိုလည်း ရောက်ဖူးပါသည်။

ကျွန်တော့်ခံစားမှုက တစ်ခုတည်းပါ။ သဘာဝသယံဇာတ ပေါကြွယ်လှသည့် ကိုယ့်တိုင်းကိုယ့်ပြည်ကိုပိုလို့ပိုလို့ချစ်ခင်တွယ်တာစိတ်တွေ တိုးပွားလာမိပြီး သည်မြေသည်ရေက ရရှိသည့် သယံဇာတများကို လူတစ်ဦးတစ်ယောက်၊ ကုမ္ပဏီတစ်စုတစ်ဖွဲ့၊ နိုင်ငံရေးပါတီ တစ်သင်းတစ်ပင်းအတွက် အသုံးချချင်နေတာမျိုးမဟုတ်ဘဲ လှည်းနေလှေအောင်းမြင်းဇောင်းမကျန် သန်းခြောက်ဆယ်သော ပြည်သူလူထုကြီး လူလိုနေ လူလိုစား လူလိုဝတ်ကာ ပညာသင်မှု၊ ဆေးဝါးကုသမှု၊ အပန်းဖြေနားနေမှုကအစ ခွင့်တူညီမျှ ခံစားရယူနိုင်အောင် စီမံခန့်ခွဲနိုင်စွမ်းရှိတဲ့ အစိုးရတစ်ရပ် ပေါ်ထွက်လာစေနိုင်ရေးပါ။

မြစ်ဆုံက ကချင်ရိုးရာ အရက်ရောင်းနေသူ ကချင်မကလေး ကျောင်းကောင်းကောင်း တက်နိုင်ဖို့။ ချင်းတောင်တန်းတစ်နေရာက ချင်းရိုးရာတဲကလေးထဲက ချင်းမိသားစုတွေ ရုပ်မြင်သံကြား ကြည့်နိုင်ဖို့။ စက်စဲကမ်းခြေက တဲကလေးထဲမှာ လဲနေသူ ရေလုပ်သားမွန်အမျိုးသားကြီး ဆေးကောင်းကောင်းကုနိုင်ဖို့။ ငပလီကမ်းခြေတစ်ဝိုက်က ရခိုင်ရွာကလေးတွေထဲမှာ လျှပ်စစ်မီးလုံလုံလောက်လောက် လင်းဖို့။ အညာဖုန်းဆိုးတောကြီးထဲက အညာသူအညာသားတွေ ရေဝဝကြီးသောက်သုံးနိုင်ဖို့။ နိုင်ငံအနှံ့အပြားမှာ တာဝန်ထမ်းနေတဲ့ ဆရာ၊ ဆရာမ၊ ဆရာဝန်ကလေးတွေ၊ စစ်သားကလေးတွေ၊ ရဲသားကလေးတွေ ကိုယ့်လစာနဲ့ကိုယ် ဂုဏ်သိက္ခာရှိရှိ ထမင်းစားနိုင်ဖို့။

ကျွန်တော်တို့ဘိုးဘွားအမွေအနှစ်ကို ကျွန်တော်တို့ ချစ်တဲ့ပြည်သူအားလုံးတစ်ယောက်မှ မကြွင်းကျန်ရစေဘဲ၊ မခြွင်းချန်ရစေဘဲ ခံစားနိုင်ရလေအောင် လုပ်ဆောင်ပေးဖို့က အစိုးရ၏ တာဝန်ပဲဖြစ်ပါသည်။ အခုတော့ တူးနေလိုက်ကြတာ။ ရွှေတွေရော၊ ရေနံတွေရော၊ ကျောက်စိမ်းတွေရော၊ ပတ္တမြားတွေရော။ ဩော်. . .။

မြစ်ဆုံကစလို့ တွေးမိသမျှ ကျွန်တော့အစအနများ. . .။ ။

ဒါန ဘုရားဖူးအဖွဲ့၏ ဗုဒ္ဓဂယာ ဘုရားဖူးခရီးစဉ်
သံဝေဇနီယနှင့် အဝိဇဟိတ ဗုဒ္ဓဌာနများ၊ ကမ္ဘာ့သမ္မနယူးဒေလီ အာဂရာ တပ်ချ်မဟာ နေရာများသို့ ( ၁၄ည / ၁၅ ရက် ) ခရီးစဉ် 950 USD + ၅၀၀၀၀ိ/-
သံဝေဇနီယ ( ၄ )ဌာန နှင့် ဗုဒ္ဓဌာနများ ( ၇ ည / ၈ ရက် ) ခရီးစဉ် 850 USD + ၅၀၀၀၀ိ/-
(ဗုဒ္ဓဂယာဘုရားဖူးခရီးစဉ်များ အပတ်စဉ် ပုံမှန် ထွက်ခွာနေပြီဖြစ်ပါ၍ အမြန်စာရင်းပေးသွင်းနိုင်ပါရန် နှိုးဆော်အပ်ပါသည်။)
ဒါနဘုရားဖူးအဖွဲ့ - အမှတ် (၂၅)၊ အခန်းအမှတ် (၃၀၃)၊ တတိယထပ်၊ ဓါတ်လှေခါးအမှတ်(၂)၊ ယုဇနစီးပွားရေးတာဝါ၊ ဓမ္မစေတီလမ်း၊ စမ်းချောင်း၊
ဖုန်း - 536348, 537707, 537708,09 500 1763, 09 501 3727, 09 7322 5849, 09 516 4664
မဇ္ဈိမဒေသသာသနာပြုအဖွဲ့ - အမှတ် (၁၃/က)၊ ငါးထပ်ကြီးဘုရားလမ်း၊ ပဟန်း၊ ရန်ကုန် • ဖုန်း - 545215, 545216, 555173
ဗုဒ္ဓဓမ္မဒါနစေတနာရှင်များအဖွဲ့-ရွှေမြင့်တင်ဦးညို - အမှတ် (၁၂)၊ မြို့ပြစ် (၁)လမ်း၊ ကျောက်မြောင်း၊ တာမွေ၊ ရန်ကုန် • ဖုန်း- 542236
မန္တလေးရုံးခွဲ-(၃၀၈-B)၊၆၂ လမ်း၊ ၂၈×၂၉ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေး • ဖုန်း - 09 402 64 8989, 09 5300305

ဂယာရွှေတိုး အိန္ဒိယ-နီပေါ-သီရိလင်္ကာ-ထိုင်း-ပြည်ပသာသနာပြုအဖွဲ့

မဟာဗောဓိစေတီတော်-ပိဋကသုံးပုံရွတ်ဖတ်ပူဇော်ပွဲ
သံဝေဇနီယလေးဌာန+အဝိဇဟိတလေးဌာန - (၁၅)ရက်ခရီး
( 01.12.2013 ) ( 22.12.2013 )
သံဝေဇနီယလေးဌာန(၇)ရက်ခရီး(ခရစ္စမတ်အထူး) ( 22.12.2013 )
သီရိလင်္ကာ - ကန္ဒီ - (စွယ်တော်) (၇) ရက်ခရီးစဉ်
မှတ်ချက် ခရီးစဉ် တိုင်းတွင် (၁၆) ဦးသာ လက်ခံ ပါသည်။
ဒေါ်ဝင်းဝင်း ကိုယ်တိုင်ဦးဆောင်၍ ခရီးစဉ်တစ်လျှောက်နွေးထွေးသော ဝန်ဆောင်မှုများဖြင့် ကုသိုလ်ယူပို့ဆောင်ပေးပါမည်။
YangonHotline : 221586 , 222527, 09 73196436 Mandalay Hotline : 0933274747, 09402582048

7 ရ ရက် သတင်းဂျာနယ် DAY NEWS JOURNAL

| | |
|---|---|
| အယ်ဒီတာချုပ် | သောင်းစုငြိမ်း |
| အမှုဆောင်အယ်ဒီတာ | အားမာန်၊ ငြိမ်းငြိမ်းနိုင် |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်းအယ်ဒီတာ | စောစည်သူမိုး |
| သတင်းအယ်ဒီတာ | အေးမြကျော်၊ သီဟ၊ နေလင်းအောင်၊ မေဝင်းမွန် |
| ဘာသာပြန် | ရဲမင်း၊ ကျော်မျိုးဦး ကျော်သူမောင်၊ ပြည့်ပြည့်ဖြိုး |
| စာပြင်အယ်ဒီတာ | ချမ်းငြိမ်း |
| သတင်းထောက်ချုပ် | အောင်သူရ |
| ဒု-သတင်းထောက်ချုပ် | နေလင်းထွန်း၊ ပြည်သိမ်း၊ ဗိုလ်ဗိုလ်ဝင်း |
| အကြီးတန်းသတင်းထောက် | အိဖြူမွန်၊ အိဖြူလွင်၊ သိမ့်သိမ့်စိုး၊ ဝတ်ရည်အောင်၊ ဥက္ကာကိုကို၊ အေးသူစံ၊ သန်းဌေး၊ သန်းထူး |
| သတင်းထောက် | အေးမြတ်သူ၊ ခိုင်ထွန်း၊ အောင်ခိုင်၊ ရန်မျိုးနိုင်၊ မိုးညို၊ မင်းဟိန်းကျော်၊ အောင်သစ်လွင်၊ ငြိမ်းချမ်း၊ ရဲနောင်၊ ခန့်ထက်၊ ဆွေမွန်၊ ဖွဲ့ဉာဏ်၊ ခိုင်ခိုင်စိုး၊ ကြူကြူဟန် |
| အငယ်တန်းသတင်းထောက် | အိမွန်ကျော်၊နန်းအောင်၊ဟေမာနှင်း၊ အေကေသော်၊ ချစ်ဝိုင်း၊ ဇွဲမာန် |
| ဓာတ်ပုံသတင်းထောက် | ဂျေမောင်မောင်(အမရပူရ) ကျော်ဇင်သန်း၊ နစ်ကီ |
| မန္တလေးသတင်းထောက် | စိုင်းသာအောင်၊ ညီညီဇော်၊ မောင်တာ၊ အေးမွန်ရာပြည့် |
| နယ်သတင်းထောက် | မျိုးမင်းဦး၊ စောရန်နိုင်၊ ဆန်းညွန့်(ရေနံချောင်း)၊ မောင်ကံ |
| စာပြင် | မေတင်ဇာဦး၊ ထွန်းသိန်းမြင့် |
| စီနီယာဒီဇိုင်နာ | ချစ်ဗိုလ်ဗိုလ်၊ ရှိန်းရှိန်းထိုက် |
| ဒီဇိုင်နာ | နွယ်မွန်ဖြိုး၊ နန္ဒ၊ နိုင်လင်းထွန်း၊ ရဲသူရ |
| ကွန်ပျူတာစာစီ | စန်းစန်း၊ ဇော်ဝင်းအောင်၊ ယဉ်မျိုးပိုင်၊ သက်ပိုင်ဋ္ဌေး၊ အောင်မျိုးသန်း၊ ကေသီမိုး၊ တင်ဇာလင်း၊ အောင်ကောင်းမြတ် |
| သုတေသန | နှင်းနုထွေး၊ ဝါဝါလင်းလှိုင်၊ |
| သရုပ်ဖော် | စိုးသော်တာ ၊ ဝလုံး |
| လိုဂိုဒီဇိုင်း | ကျောက်ဆည် |
| ဘဏ္ဍာရေး | ကလျာအောင်၊ သဲသိမ့်သိမ့်ဖြိုး၊ ဖြိုးသူဇာအောင်၊ ဇင်မာအေး ရတနာပြည့်ဖြိုး။ |
| ကြော်ငြာတာဝန်ခံ | မိုးပပ၊ လင်းလင်းဦး၊စည်သူအောင်၊ နှင်းဝေဝေ၊ ဆုရည်လွင် |
| ထုတ်ဝေသူ | ဦးမျိုးလှိုင်အောင် |
| ပုံနှိပ်စက် | သုဝဏ္ဏသိဂီပုံနှိပ်တိုက် |
| ဖလင် | Sunn Colour Separation |
| စောင်ရေ | ၃၅,၀၀၀ |
| ရောင်းဈေး | ၄၅၀ ကျပ် |

7Day News ဂျာနယ်တိုက် - Diamond Centre (G-12)
မြေညီထပ်၊ တိုက် (B)၊ အမှတ်(၄၉၇)၊ ပြည်လမ်း၊ (၈)ရပ်ကွက်၊
ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း- ၅၁၂၈၈၇၊ ၅၁၃၅၁၅~၅၁၉၊ ၀၉ ၇၃၂၂၄၅၄၁။
ဖက်စ် - ၅၁၃၅၁၉
Website : www.7daynewsjournal.com
E-mail : editor@7daynewsjournal.com
Hotline : 0973032006

# ရုံးအဖွဲ့မှူးဆိုသည်မှာ

**မြင့်မိုရ်ဆွေ**

စာရေးသူ၏ မိတ်ဆွေအငြိမ်းစား ရုံးအဖွဲ့မှူးတစ်ဦးနှင့် လွန်ခဲ့သော ရက်သတ္တပတ်က စကားလက်ဆုံ ကျမိပါသည်။ သူက (၆. ၁၁. ၂၀၁၃) နေ့ထုတ် 7 Day News Journal တွင် စာရေးသူရေးသား ခဲ့သော 'နားထောင်၊ စဉ်းစား၊ ဆုံးဖြတ်'ဟူသော ဆောင်းပါးမှ ဖ. ဆ. ပ. လ အစိုးရခေတ်ဝန် ကြီးရုံးတစ်ရုံးမှ အတွင်းဝန်အ ကြောင်း အကျဉ်းမျှဖော်ပြခဲ့သည် ကို ဖတ်ရှုရကြောင်းနှင့် သူ၏ ရုံး အဖွဲ့မှူးဘဝနှင့် ရှေးယခင် အ တွင်းဝန်ဘဝကို ဆက်စပ်တွေး မိပြီး သူ၏ကိုယ်တွေ့ခံစားချက် များကို အောက်ပါအတိုင်း ဖွင့်ဟ လာပါသည်။

"ကျွန်တော့်ရဲ့ ရုံးအဖွဲ့မှူး လုပ်သက်က အရင်တပ်မတော် အစိုးရခေတ်ကနေ အခု ဒီမိုကရေ စီခေတ်အထိ စုစုပေါင်း ၂၀ ကျော် ရှိတယ်ဗျ။ ဆရာ့ဆောင်းပါးကို ဖတ်ပြီး ကျွန်တော့်ကိုယ်တွေ့ခံစား ရတာလေးတွေပြောချင်တယ်ဗျာ။ ဆရာသိတဲ့အတိုင်း ကျွန်တော်က တပ်မတော်အရာရှိဘဝကနေ ရုံး အဖွဲ့မှူးတာဝန်ယူခဲ့တာပါ၊ ရုံး အဖွဲ့မှူးဖြစ်ပြီး ငါးနှစ်လောက်ကြာ တော့ ကျွန်တော်အငြိမ်းစားနယ် ဘက်အရာရှိတစ်ဦးနဲ့တွေ့တယ်။ ကျွန်တော့်ရာထူးကိုပြောပြလိုက် တော့ သူက ကျွန်တော့်လက်ကို ကိုင်ပြီး တအံ့တသြနဲ့ ရုံးအဖွဲ့မှူး ရာထူးဆိုတာ အကြီးကြီးပဲ။ ဟို တုန်းကအတွင်းဝန်လို့ခေါ်တယ်။ တော်ရုံတန်ရုံ အရည်အချင်းနဲ့ ဒီရာထူးကိုမရဘူး။ မောင်ရင် ငယ် ငယ်ရွယ်ရွယ်နဲ့ရတာ တော်ပါ ပေတယ်လို့ ချီးကျူးပါလေရော ဆရာရယ်။ ကျွန်တော်က ဘာ ပြန်ပြောရမှန်းတောင် မသိတော့ ဘူး။ ကျွန်တော်တို့ရုံး အဖွဲ့မှူး ဆိုတာ အရင်က အတွင်းဝန် တွေရဲ့အရည်အချင်းနဲ့ ဘယ်လိုမှ နှိုင်းယှဉ်လို့မရပါဘူး။ အခန်း ကဏ္ဍချင်းလည်းမတူပါဘူး။ ဆီနဲ့ ရေလိုပါပဲ။ အဲဒါကို သူကမသိရှာ ဘူး။ တကယ်တော့ ရုံးအဖွဲ့မှူးဆို တာ စာရေးကြီးပါပဲဆရာရယ်"ဟု အားရပါးရပြောပြလေ၏။

ထို့နောက် သူကဆက်ပြီး အကျယ်ချဲ့ ရှင်းပြပါသေးသည်။ 'ကျွန်တော်တို့ရုံးအဖွဲ့မှူးဆိုတာ ပထမအစက လက်ထောက်ညွှန် ကြားရေးမှူးအဆင့် ရာထူးပဲ ရှိ တာ။ နောက်တော့ အဆင့်မြင့် အောင်ဆိုပြီး ဒုညွှန်ကြားရေးမှူး ချုပ်ရာထူးအထိ အဆင့်ဆင့်တိုး




မြှင့်ပေးခဲ့တာ ဟန်တော့ကျပါရဲ့။ ဒါပေမဲ့ ဝန်ကြီးဦးစီးတဲ့ လုပ်ငန်း ညှိနှိုင်းအစည်းအဝေးတွေခေါ်၊ ညှိခံကျွေးမွေးဖို့လုပ်ပေး၊ အ စည်းအဝေးမှတ်တမ်းထုတ်၊ လုပ် ငန်းဆောင်ရွက်ချက်နဲ့ တိုးတက် မှု အစီရင်ခံစာတောင်းပြီး ဝန်ကြီး ကိုတင်ပြ၊ ဝင်စာတွေကိုလည်း ဝန်ကြီးဆီတင်ပြပြီး ဝန်ကြီးမှတ် ချက်အရ ဝန်ကြီးဌာန အောက် ကရုံးတွေကိုပို့၊ ဝန်ကြီး မှတ်ချက် အရ ညွှန်ကြားစာထုတ်၊ ဝန် ကြီးဦးဆောင်တဲ့ဝန်ထမ်းရေးရာ အစည်းအဝေးမှာ ဝန်ထမ်းရေး ရာကိစ္စတွေတင်ပြ၊ ဆုံးဖြတ်ချက် တွေကိုထုတ်ပြန်၊ လက်အောက် မှာရှိတဲ့ရုံးတွေက ရသုံးမှန်းခြေငွေ စာရင်းတွေစုစည်း၊ ဝန်ကြီး၊ ဒုဝန် ကြီးဆုံးဖြတ်တဲ့အတိုင်းပြန်ရေးဆွဲ ခိုင်း။ ပြီးရင် သက်ဆိုင်ရာဝန်ကြီး ဌာနပို့၊ နိုင်ငံခြား ဧည့်သည်တွေ တွေ့ဖို့ကိစ္စတွေစီစဉ်၊ ဦးဆောင် ညွှန်မှူးတွေ၊ ညွှန်ချုပ်တွေဆီက ဆွေးနွေးချက်ပြန်တောင်းပြီး မှတ် တမ်းထုတ်၊ ဒီအလုပ်တွေနဲ့ တစ် နေ့တစ်နေ့လည်နေတာပဲဆရာ ရယ်။ အရင်တုန်းက အတွင်းဝန် တွေလောက် လုပ်ငန်းလည်း မ ကျွမ်းကျင်၊ ဌာနရဲ့ လုပ်ငန်းကို ဦးဆောင်ဖို့အခွင့်အလမ်းလည်း မရ။ ဥပဒေလည်းမနိုင်မနင်း၊ လုပ် ပိုင်ခွင့်ကလည်းမရှိ။ အင်္ဂလိပ်လို ကလည်းမပြောတတ်၊ မရေးတတ်၊ ဝန်ကြီးမျက်နှာကြည့်ပြီး အမိန့်နာ ခံနေရတဲ့ ဘဝမို့ စာရေးကြီးလို့ပဲ ပြောရတာပါ ဆရာရယ်' ဟု သူ့ ဘဝအတွေ့အကြုံများကို ထပ် လောင်း၍ပြောချပါတော့သည်။

သူ၏ဒုတိယအကြိမ်စကား အဆုံးတွင် စာရေးသူက 'အဲဒီ တော့ ကျွန်တော်က ဘာလုပ်ပေးရ မှာလဲဆိုတာပြောပါဦး'ဟုမေးရာ သူက 'ဒီမိုကရေစီ ခေတ်ကြီးမှာ ရုံးအဖွဲ့မှူးတွေကို ယခင်ပါလီမန် ဒီမိုကရေစီခေတ်က အတွင်းဝန် တွေလို ဘက်စုံအရည်အချင်းပြည့် ဝအောင် ပျိုးထောင်လေ့ကျင့်ပေး ဖို့၊ နောက်ပြီး ရုံးအဖွဲ့မှူး (Head of Office) ဆိုတဲ့ရာထူးကိုလည်း အချို့ နိုင်ငံခြားသားတွေ နား မလည်ဘူး။ အရင်ကလို အတွင်း ဝန်ပဲဖြစ်ဖြစ်၊ အခြားသင့်တော်တဲ့ ရာထူးအမည်ကိုဖြစ်ဖြစ် အဆင့် မြင့်မြင့် ပြောင်းပေးရင်ကောင်း မယ့်အကြောင်း နိုင်ငံတော်အစိုးရ သိအောင် ဆရာ့အနေနဲ့ ဆောင်း ပါးရေးတဲ့အခါ ထည့်ပြီးရေးပေး စေချင်တာပါပဲဗျာ'ဟု သူ၏စေ တနာနှင့်ဆန္ဒကို ဖွင့်ဟလာပြန်ပါ သည်။

စာရေးသူ၏ ဘဝတွင် အ လွန်ခင်မင်ရင်းနှီးသော ရုံးအဖွဲ့ မှူးလေးဦးရှိခဲ့၏။ တစ်ဦးမှာ ပါလီ မန်ခေတ်အတွင်းဝန်ကလေးဘဝ မှ မ. ဆ. လ ခေတ်တွင် ရုံးအဖွဲ့ မှူးအဖြစ် ပြောင်းလဲတာဝန်ထမ်း ဆောင်ပြီး အငြိမ်းစားယူခဲ့၏။ ကျန်သုံးဦးအနက် နှစ်ဦးမှာ ယခင် တပ်မတော် အစိုးရလက်ထက် တွင် အငြိမ်းစားယူခဲ့၏။ နောက် ဆုံးပုဂ္ဂိုလ်မှာ မျက်မှောက်ခေတ် တွင် အငြိမ်းစားယူခဲ့သော အ ထက်ပါမိတ်ဆွေကြီးဖြစ်၏။ အ ဆိုပါပုဂ္ဂိုလ်လေးဦးတို့၏ နှုတ်မှ တူညီသော စကားတစ်လုံးကို အထူးသတိထားမှတ်သားမိခဲ့၏။ အဆိုပါစကားမှာ 'ရုံးအဖွဲ့မှူးဆို တာ တကယ်တော့ စာရေးကြီးပါပဲ ဗျာ'ဟူသော စကားပင်ဖြစ်လေ သည်။

မြန်မာနိုင်ငံ လွတ်လပ်ရေး ရရှိပြီးနောက် ပါလီမန်ခေတ်ဟုဆို သော ဒီမိုကရေစီ အစိုးရခေတ် တွင် 'ဝန်ကြီးရုံး'ဟူသော ဝေါဟာ ရ လုံးဝမရှိခဲ့ပေ။ ဝန်ကြီးဌာန (Ministry) ဟူသော ဝေါဟာရသာ ရှိ၏။ ဝန်ကြီးဌာန၏ ဝန်ကြီးသည် ပြည်သူတို့၏ဆန္ဒမဲဖြင့် ရွေးချယ်ခံ ရသောပြည်သူ့ကိုယ်စားလှယ်(ပါ လီမန်အမတ်)ဖြစ်၏။ ဝန်ကြီး၏ လက်အောက်တွင် ဝန်ကြီးဌာန လုပ်ငန်းများကို နိစ္စဓူဝတာဝန်ယူ ရသူမှာ အတွင်းဝန်ဖြစ်၏။ နိုင်ငံ ဝန်ထမ်းများတွင် အဆင့်အမြင့် ဆုံးရာထူးဖြစ်၏။ သူ၏လစာနှုန်း မှာ ညွှန်ကြားရေးဝန်၊ မင်းကြီး၊ ဘုတ်အဖွဲ့ဥက္ကဋ္ဌဆိုသူများနှင့် တူ ညီ၏။ အတွင်းဝန်များသည် တက္က သိုလ်ပညာတွင် ဂုဏ်ထူးတန်း (သို့ မဟုတ်) မဟာဝိဇ္ဇာ (M.A)၊ ဥပဒေ ဝိဇ္ဇာ (B.L)စသည်ဖြင့် အဆင့်ဆင့် အောင်မြင်ကြပြီးနောက် ဗြိတိသျှ ခေတ်က အိန္ဒိယအစိုးရမှီညာဉ် ခံဝန်ထမ်းဟူသော (Indian Civil Service) စာမေးပွဲကို ခက်ခက်ခဲခဲ ဖြေဆိုအောင်မြင်ရ၏။

စာမျက်နှာ(၃၂)သို့

Business
7 DAY NEWS JOURNAL
Vol.12, No.37 • NOVEMBER 20 , 2013




*စင်ကာပူနိုင်ငံ စတော့အိတ်ချိန်းလိမိတက် SGX ကြော်ငြာဆိုင်းဘုတ်ကြီးကို ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် တွေ့ရစဉ်* DAMIR SAGOLJ/ REUTERS

# ငွေလိုနေသော မြန်မာကုမ္ပဏီများ စင်ကာပူစတော့ဈေးကွက်သို့ ဝင်နိုင်မလား

မြန်မာနိုင်ငံရှိ အကြီးဆုံးကုမ္ပဏီအချို့က ပြည်တွင်းတွင် အခက်အခဲဖြစ်နေသော ငွေအရင်းအနှီးများအတွက် စင်ကာပူဈေးကွက်တင်ပြီး ရှာဖွေလိုနေကြသည်။

လာမည့်နှစ်အနည်းငယ်အတွင်း ကုမ္ပဏီ ၁၀ ခုခန့်က စင်ကာပူတွင် စတော့တင်နိုင်ဖွယ်ရှိသော်လည်း ငွေကြေးအသည်းအသန်လိုအပ်နေသည့် ယင်းကုမ္ပဏီများသည့် အခက်အခဲအတားအဆီးများစွာကိုရင်ဆိုင်ရမည်ဖြစ်သည်။

စင်ကာပူစတော့ အိတ်ချိန်း (SGX)ကို ဝင်ရောက်ရန်အတွက် ကော်ပိုရေးရှင်းများ၏ အုပ်ချုပ်မှုအဆင့်မြင့်မားရန် လိုအပ်ပြီး ယင်းအဆင့်ကို မြန်မာကုမ္ပဏီများက ပြည့်မီရန် မလွယ်ကူကြောင်း မြန်မာကုမ္ပဏီများနှင့် လုပ်ကိုင်နေသည့် ရှေ့နေများနှင့် ဘဏ်လုပ်ငန်းရှင်များက ပြောကြပါသည်။

အမေရိကန်၏ ပိတ်ဆို့မှုစာရင်းတွင် ပါရှိနေဆဲ မြန်မာစီးပွားရေးသမားများစွာ ကျန်ရှိနေသဖြင့်လည်း အခြေအနေများက ပို၍ပင် ရှုပ်ထွေးလာသည်။ လာဘ်စားမှုများ၊ လူ့အခွင့်အရေးချိုးဖောက်မှုစသည့် နာမည်ဆိုးဖြင့် ကျော်ကြားခဲ့သော ယခင်စစ်အစိုးရနှင့် ပူးပေါင်းဆောင်ရွက်ခဲ့ကြသည်ဟု စွပ်စွဲပြီး ၎င်းတို့ကို စီးပွားရေးပိတ်ဆို့ထားခြင်း ဖြစ်သည်။ ဥရောပသမဂ္ဂက တစ်နှစ်ကြို၍ မြန်မာနိုင်ငံအပေါ် စီးပွားရေးပိတ်ဆို့မှုများကို ဖယ်ရှားခဲ့သော်လည်း အမေရိကန်က မကြာသေးမီကသာ ဖယ်ရှားခဲ့သည်။

၂၀၁၅ ခုနှစ်တွင် ပြည်တွင်းစတော့ဈေးကွက်ထူထောင်ရန်အတွက် ဂျပန် Daiwa Securities Groupထံမှ အကူအညီယူခဲ့သည့် မြန်မာအစိုးရက ကုမ္ပဏီများ ယင်းကဲ့သို့ပြည်ပတွင် စတော့တင်ခြင်းကို မလိုလားပါ။ ပြည်ပတွင် ဈေးကွက်မတင်ရန် ကုမ္ပဏီအတော်တော်များများကို အာဏာပိုင်များက တိုးတိုးတိတ်တိတ် ပြောဆိုခဲ့ကြောင်း ကုမ္ပဏီအကြီးတန်းအရာရှိတစ်ဦးက ရိုက်တာသတင်းအား ပြောဆိုခဲ့ဖူးသည်။

အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးမှုဝန်ကြီးဌာနအောက်ရှိ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများစီမံခန့်ခွဲမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ဦးအောင်နိုင်ဦးကမူ အစိုးရက ယင်းကဲ့သို့သော သတိပေးမှုမျိုးထုတ်ပြန်ခဲ့ခြင်းမရှိခဲ့ဟု ငြင်းဆိုသည်။

စာမျက်နှာ ၂၈ ››

## ပြည်တွင်းငွေလဲနှုန်း

| ယူနစ် | ဝယ် | ရောင်း | |
|---|---|---|---|
| ၁ ဒေါ်လာ (အမေရိကန်) | ၉၆၈ | ၉၇၅ | ကျပ် |
| ၁ ဒေါ်လာ (စင်ကာပူ) | ၇၇၆ | ၇၈၅ | ကျပ် |
| ၁ ယူရို (ဥရောပသမဂ္ဂ) | ၁၃၀၀ | ၁၃၁၈ | ကျပ် |
| ၁ ဘတ် (ထိုင်း) | ၃၁. ၀၅ | ၃၁. ၂၅ | ကျပ် |
| ၁ ယွမ် (တရုတ်) | ၁၆၀ | ၁၆၁ | ကျပ် |

၂၀၁၃ နိုဝင်ဘာ ၁၆ ရက် ပေါက်ဈေးနှုန်းဖြစ်သည်။

## ကမ္ဘာ့ငွေလဲနှုန်း

| | | | |
|---|---|---|---|
| ၁ ဒေါ်လာ | ၀. ၆၂၀၁ | ပေါင် | (ဗြိတိန်) |
| ၁ ဒေါ်လာ | ၀. ၇၄၁ | ယူရို | (ဥရောပသမဂ္ဂ) |
| ၁ ဒေါ်လာ | ၁၀၀. ၂၁ | ယန်း | (ဂျပန်) |
| ၁ ဒေါ်လာ | ၆. ၀၉၂ | ယွမ် | (တရုတ်) |
| ၁ ဒေါ်လာ | ၆၂. ၉၇ | ရူပီး | (အိန္ဒိယ) |
| ၁ ဒေါ်လာ | ၁. ၂၄၆၅ | ဒေါ်လာ | (စင်ကာပူ) |
| ၁ ဒေါ်လာ | ၁,၀၆၂. ၃၅ | ဝမ် | (ကိုရီးယား) |
| ၁ ဒေါ်လာ | ၃. ၂၀၃ | ရင်းဂစ် | (မလေးရှား) |
| ၁ ဒေါ်လာ | ၃၁. ၅၇ | ဘတ် | (ထိုင်း) |
| ၁ ဒေါ်လာ | ၁၁,၃၉၀. ၀၀ | ရူပီးယား | (အင်ဒိုနီးရှား) |
| ၁ ဒေါ်လာ | ၂၁,၀၈၀. ၀၀ | ဒေါင် | (ဗီယက်နမ်) |
| ၁ ဒေါ်လာ | ၄၃. ၅၃ | ပီဆို | (ဖိလစ်ပိုင်) |
| ၁ ဒေါ်လာ | ၇. ၇၅၃၆ | ဒေါ်လာ | (ဟောင်ကောင်) |
| ၁ ဒေါ်လာ | ၁. ၀၆၆၉ | ဒေါ်လာ | (ဩစတြေးလျ) |
| ၁ ဒေါ်လာ | ၁. ၁၉၈၈ | ဒေါ်လာ | (နယူးဇီလန်) |
| ၁ ဒေါ်လာ | ၁. ၀၄၃၇ | ဒေါ်လာ | (ကနေဒါ) |
| ၁ ဒေါ်လာ | ၃၂. ၅၆၁၄ | ရူဘယ် | (ရုရှား) |
| ၁ ဒေါ်လာ | ၃. ၆၇၂၉ | ဒါရမ် | (UAE) |

## အရေးကြီးပစ္စည်းများ ဈေးနှုန်း

| ပစ္စည်း | ယူနစ် | ဈေးနှုန်း (ကန်ဒေါ်လာ) |
|---|---|---|
| ရွှေ | အောင်စ | ၁,၂၈၈. ၀၀ |
| ရေနံစိမ်း | စည် | ၁၀၈. ၃၆ |
| ငွေ | အောင်စ | ၂၀. ၇၁ |
| ကြေးနီ | ပေါင် | ၃. ၁၈ |
| သဘာဝဓာတ်ငွေ့ | mmbtu | ၃. ၆၄ |

မှတ်ချက်။ ။ ဈေးနှုန်းအားလုံးကို ကန်ဒေါ်လာဖြင့် ဖော်ပြထားပြီး ကြေးနီဈေးနှုန်းမှာ ဆင့် (Cent) ဖြင့်ပြသည်။

၂၀၁၃ နိုဝင်ဘာ ၁၆ ရက် ကမ္ဘာ့ပေါက်ဈေးနှုန်းဖြစ်သည်။






# ရွှေတိဂုံစေတီတော်တွင် လုပ်ငန်း ၁၆ ခု လုပ်ကိုင်ခွင့် ချပေးမည်

**သိမ့်သိမ့်စိုး**

**ရန်ကုန်၊ နိုဝင်ဘာ-၁၇**

ရွှေတိဂုံစေတီတော် နယ်မြေအတွင်းရှိ ဘုရာဖူးလာရောက်သူများအဆင်ပြေစေရန်ပြုလုပ်ထားသည့် လုပ်ငန်း ၁၆ ခုကို လာမည့်နှစ်အတွက် ဈေးပြိုင်စနစ်ဖြင့် လုပ်ကိုင်ခွင့်ချထားပေးရန် အဆိုပြုလွှာများ စတင်ရောင်းချနေပြီဖြစ်ကြောင်း ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့မှ သတင်းရရှိသည်။

ယခုဈေးပြိုင်စနစ်ဖြင့် လုပ်ကိုင်ခွင့်ချထားပေးမည့် လုပ်ငန်းများကိုလက်ရှိလုပ်ကိုင်နေသူများမှာ ၂၀၁၃ ခုနှစ် ဒီဇင်ဘာ ၃၁ ရက်တွင် သက်တမ်းကုန်ဆုံးမည်ဖြစ်သောကြောင့် ပြန်လည်ရွေးချယ်၍ လုပ်ကိုင်ခွင့်များ ပြန်လည်ချထားပေးမည်ဖြစ်သည်။

အဆိုပါဈေးပြိုင်စနစ်ဖြင့် ရွေးချယ်၍ လုပ်ကိုင်ခွင့်ပြုသွားမည်လုပ်ငန်း ၁၆ ခုမှာ ယာဉ်ဝင်ခွင့်ကောက်ခံခြင်းလုပ်ငန်း၊ ဓာတ်ပုံလုပ်ငန်း၊ ရွှေဆိုင်းရောင်းချခြင်းလုပ်ငန်း၊ သန့်စင်ခန်းလုပ်ငန်း၊ စားသောက်ဆိုင်လုပ်ငန်း၊ လက်ဆောင်ပစ္စည်းရောင်းချခြင်းလုပ်ငန်း၊ ပန်းဆိုင်ရောင်းချခြင်းလုပ်ငန်း၊ ဖိနပ်အပ်လုပ်ငန်း၊ နိဗ္ဗာန်ကုန်ရောင်းချခြင်းလုပ်ငန်း၊ အုန်းပွဲငှက်ပျောပွဲရောင်းချခြင်းလုပ်ငန်း၊ လိပ်စာငါးစာရောင်းချခြင်းလုပ်ငန်း၊ ကားကွင်းများ၌ ထီကားရပ်နားရောင်းချခြင်းလုပ်ငန်းများ၊ အုန်းသီးထန်းသီးခူးဆွတ်ရောင်းချခြင်းလုပ်ငန်း၊ သရက်သီးပိန္နဲသီးခူးဆွတ်ခြင်းလုပ်ငန်း၊ ကုန်မျိုးစုံရောင်းချခြင်းလုပ်ငန်း၊ ဂုဏ်ပြုလွှာမှန်ပေါင်သွင်းခြင်းလုပ်ငန်းတို့ဖြစ်သည်။




စာမျက်နှာ ၂၇ မှ

## ငွေလိုနေသော မြန်မာကုမ္ပဏီများ စင်ကာပူစတော့ဈေးကွက်သို့ ဝင်နိုင်မလား

မြန်မာနိုင်ငံက အကြီးဆုံးစုပါမားကက်ဖြစ်သည့် စီးတီးမတ်ကလည်း စင်ကာပူစတော့ကို မျက်စိကျနေသော်လည်း အခြားဖြစ်နိုင်ခြေအခွင့်အလမ်းများကိုလည်း လေ့လာနေကြောင်း ကုမ္ပဏီပြောခွင့်ရသူက ရိုက်တာအားပြောသည်။

မွန်ဂိုလီးယာအခြေစိုက် Silk Road Finance က ၎င်း၏ အကြံပေးဝန်ဆောင်မှုလုပ်ငန်းတစ်ခုဖြစ်သည့် Mandalay Capital ကို လာမည့် သုံးနှစ်အတွင်း စင်ကာပူတွင် ဈေးကွက်တင်ရန် ကမ်းလှမ်းထားကြောင်း ဥက္ကဋ္ဌဖြစ်သူ အလစ်ရှာအာလီက ပြောဆိုသည်။

မြန်မာနိုင်ငံသို့ မကြာမီဝင်ရောက်လာမည့် စတော့ဈေးကွက်အခြေအနေပေါ်တွင် မူတည်ပြီး ၎င်းတို့၏ ကုမ္ပဏီအတွက် အစီအစဉ်များရေးဆွဲမည်ဟု ဆောက်လုပ်ရေးနှင့် ရေအားလျှပ်စစ်ဖက်စပ်ရွှေတောင်ကုမ္ပဏီများအဖွဲ့၏ ဦးဆောင်ညွှန်ကြားရေးမှူးဦးအောင်ဇော်နိုင်ကပြောသည်။

"ဒီကနေ့အထိ မြန်မာနိုင်ငံမှာစတော့ဈေးကွက်မရှိဘူး။ ဘွန်းဈေးကွက်မရှိဘူး။ ဘဏ်လုပ်ငန်းဈေးကွက်ဆိုပြီး ပြောစရာကိုမရှိဘူး။ ကုမ္ပဏီတချို့က ပိုင်ဆိုင်မှုတွေရှိပြီး ငွေသားအရင်းအမြစ်မရှိဘူး"ဟု Yoma ကုမ္ပဏီဥက္ကဋ္ဌ အင်ဒရူးရစ်ကတ်ကပြောသည်။ ရိုးမသည်စင်ကာပူအိတ်ချိန်းတွင် ၂၀၀၆ ခုနှစ်ကစပြီးစတော့ဈေးကွက်တင်ခဲ့ကာ အများပိုင်ကုမ္ပဏီအဖြစ် လုပ်ကိုင်ခဲ့ သည်။

"၂၀၀၆ ခုနှစ်မှ ရိုးမကုမ္ပဏီကို အများပိုင် လုပ်ခဲ့တာမှန်တယ်ဆိုရင် အခုလည်းကုမ္ပဏီတွေအနေနဲ့ နိုင်ငံတကာဈေးကွက်ကို ဝင်နိုင်ဖို့အတွက် လုံးဝကို လုပ်သင့်နေပြီ"ဟု ၎င်းကဆိုသည်။

သို့သော်ရိုးမကုမ္ပဏီဥက္ကဋ္ဌလိုတော့ လူတိုင်းက အဆင်မပြေကြပါ။ ဦးဇော်ဇော်၏ အများပိုင်ဈေးကွက်တင်ရန် ကမ်းလှမ်းချက်ကို စင်ကာပူအိတ်ချိန်းက ဧပြီလက ပယ်ချခဲ့သည်။ သူ၏ ရေနံအရောင်းလုပ်ငန်းကို အိပ်ရာခင်းအရောင်းကုမ္ပဏီဖြစ်သည့် Aussino Group က ပူးပေါင်းလိုသော်လည်း ဦးဇော်ဇော်၏ အမည်က အမေရိကန်ပိတ်ဆို့မှုစာရင်းတွင် ပါရှိနေသောကြောင့် SGX က ပယ်ချခဲ့ခြင်းဖြစ်သည်။

လက်ရှိတွင်စုပေါင်းဖက်စပ်ကုမ္ပဏီအဖွဲ့ကြီး ၂၀က မြန်မာနိုင်ငံတွင် လုပ်ကိုင်နေကြသည်။

မြန်မာနိုင်ငံတွင် အစပြုရောင်းချနေသော စတော့လုပ်ငန်း Myanmar Securities Exchange Centre (MSEC) တွင်တော့ စာရင်းသွင်းထားသောကုမ္ပဏီနှစ်ခုသာ ရှိသေးသည်။ စတော့ရောင်းဝယ်မှုကလည်း မရှိသလောက်နည်းပါးနေပြီး ငွေသားဖြင့်သာ ပေးချေနေကြသည်။

လတ်တလောတွင် ကုမ္ပဏီအချို့ကမူ ၎င်းတို့၏ ရှယ်ယာများကို ကုမ္ပဏီရုံးများတွင် ရောင်းချနေသလို သတင်းစာများမှ တရားဝင်ကြေညာရောင်းချနေပြီး ရင်းနှီးမြှုပ်နှံမည့်သူများကို ရှာဖွေနေကြလေသည်။

**ခင်မေဇော်(ဝါရှင်တန်ဒီစီ)**

**ကိုးကား-Cash Starved Myanmar Firms Singapore Listings With Caution http://www.ibtimes.co.uk/articles/521627/20131112/myanmar-companies-singapore-stock-exchange-sgx-listing.htm**



# အာဖရိကစွမ်းအင်အိပ်မက် လက်တွေ့ဖြစ်လာမလား

ကြည်နေဝင်းမင်း

အာဖရိကတိုက် အလယ်ပိုင်းကွန်ဂိုနိုင်ငံရှိ တဝေါဝေါစီးဆင်းနေသော ကွန်ဂိုမြစ်၏ ရေအားမှာ အာဖရိကတိုက်နေရာအများစုကို လင်းထိန်သွားစေနိုင်လောက်အောင် ရေအားလျှပ်စစ်စွမ်းအင်အလားအလာရှိပါသည်။

ဤပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင် အသုံးချရေးမှာ အာဖရိကတိုက်သားတို့ နှစ်ပေါင်းများစွာဆုပ်ကိုင်ထားသော အိပ်မက်ဖြစ်သည်။ သို့သော် ဒီမိုကရက်တစ်ကွန်ဂိုသမ္မတနိုင်ငံ၏ ကံကြမ္မာအတက်အကျ မတည်ငြိမ်မှုကြောင့် ယင်းမှာ အိပ်မက်အဖြစ်ပင် ရှိနေခဲ့သည်။

သို့သော် ယခုအချိန်တွင် အဆိုပါတည်ဆောက်ရန် စီစဉ်ထားသော ရေအားလျှပ်စစ်စီမံကိန်းမှ ထွက်ရှိလာမည့် လျှပ်စစ်ဓာတ်အားကို ဝယ်ယူရေး တောင်အာဖရိကနိုင်ငံက လက်မှတ်ရေးထိုးလိုက်၍ ရှစ်နှစ်ကြာသော ကာလတွင် ယင်းအိပ်မက်အမှန်တကယ်လက်တွေ့ဖြစ်လာနိုင်သည်။

ကွန်ဂိုမြစ်နှင့်အပြိုင် ယှဉ်လျက်တည်ရှိပြီး ရွာသားပေါင်း ၁၀,၀၀၀ နေထိုင်သော ဘွန်ဒီမြစ်ဝှမ်းကို တမံတုတ်၍ ရေများပြည့်နှက်စေကာ ကြီးမားသော ရေကန်ကြီး ဖန်တီးလိုက်ပါမည်။

Grand Inga ဟုခေါ်မည့် စီမံကိန်းကြီးတစ်ခုလုံးသာ ပြီးစီးသွားပါက ယင်းမှာ ကမ္ဘာ့အကြီးဆုံးရေအားလျှပ်စစ်စက်ရုံကြီးဖြစ်လာပြီး တရုတ်နိုင်ငံမှ မြစ်ကျဉ်းသုံးသွယ်ရေကာတာထက် လျှပ်စစ်စွမ်းအင်နှစ်ဆ ထုတ်ယူနိုင်ပါမည်။

စီမံကိန်းတည်ဆောက်မည့်နေရာမှာ ကွန်ဂိုနိုင်ငံ၏ အနောက်တောင်ဘက်စွန်းတွင် တည်ရှိသော ဘက်စ်ကွန်ဂိုပြည်နယ်ဖြစ်ပြီး မြစ်ဝမှ မိုင် ၃၀ ကွာဝေးကာ ရေစီးသန်ပြီး ရေတံခွန်များလည်းရှိရာနေရာဖြစ်သည်။

“တစ်နေရာတည်းမှာပဲ ရေကာတာနံရံပိတ်ထားမှာပါ။ ဒါပေမဲ့မတူညီတဲ့နေရာခြောက်ခုမှာ ရေအားလျှပ်စစ်စက်ရုံတွေ တည်ထားပြီး စုစုပေါင်း လျှပ်စစ်မဂ္ဂါဝပ် ၄၀,၀၀၀ အထိထုတ်ယူနိုင်ပါမယ်”ဟု ကွန်ဂိုနိုင်ငံအရင်းအမြစ်နှင့် လျှပ်စစ်ဝန်ကြီးဌာနဝန်ကြီး ဘရူနိုကာပန်ဂျီကပြောပါသည်။

ရေအားလျှပ်စစ်စက်ရုံတစ်ခုချင်းဆီကို စီမံကိန်း၏ သီးခြားအဆင့်များတွင် တည်ဆောက်သွားမည်ဖြစ်သော်လည်း (Inga-3)ဟုခေါ်သော ပထမဆုံးရေအားလျှပ်စစ်စက်ရုံတည်ဆောက်ပြီးစီးမည်ဖြစ်သော ၂၀၂၀ ပြည့်နှစ်တွင် လျှပ်စစ်ဓာတ်အား စတင်ရရှိနိုင်ပါသည်။ ယင်းမှမဂ္ဂါဝပ်၄,၈၀၀ ထုတ်လုပ်ပြီး ၂,၅၀၀ ကို တောင်အာဖရိကနိုင်ငံသို့ပို့လွှတ်မည်ဖြစ်ကာ ၁,၃၀၀ မဂ္ဂါဝပ်ကိုမိုင်းလုပ်ငန်းအများအပြားတည်ရှိရာ ကာတန်ဂါဒေသတွင် အသုံးပြုပါမည်။

အာဖရိကတစ်ဝန်းတွင် ကြီးမားသော စွမ်းအင်လိုအပ်ချက်ရှိနေ၍လည်း ရေကာတာ၏ အခြားအစိတ်အပိုင်းများအားလုံး တည်ဆောက်ပြီး လျှပ်စစ်ထုတ်လုပ်နိုင်ချိန်တွင်လည်း ကွန်ဂိုနိုင်ငံအတွက် ဖောက်သည်ရှားမည်မဟုတ်ဟု စွမ်းအင်ဝန်ကြီး မစ္စတာကာပန်ဂျီက ပြောပါသည်။

“ကာတန်ဂါဒေသမှာပဲ အခုဆိုရင် မဂ္ဂါဝပ် ၃၀၀ လောက် ကျွန်တော်တို့ လိုအပ်နေတယ်။ ၂၀၂၀ ပြည့်နှစ်လောက်ဆိုရင် အဲဒီမိုင်းလုပ်ငန်းဒေသမှာ မဂ္ဂါဝပ် ၂,၀၀၀ လောက် လိုလာလိမ့်မယ်။ ကျွန်တော်တို့ ဒီအတိုင်း ဆက်သွားမယ်ဆိုရင် တောင်အာဖရိကမှာလည်း လျှပ်စစ်လုံလောက်မှာမဟုတ်ဘူး။ နိုင်ဂျီးရီးယားမှာလည်း လောက်မှာမဟုတ်ဘူး။ Inga က လျှပ်စစ်စွမ်းအင်ကို အီဂျစ်နိုင်ငံအထိ စောင့်မျှော်နေကြတယ်”ဟု ကွန်ဂိုစွမ်းအင်ဝန်ကြီး ကာပန်ဂျီကဆိုသည်။

၂၀၂၀ ပြည့်နှစ်အရောက်တွင် ပင်မရေထိန်းနံရံနှင့် Inga-3 ရေအားလျှပ်စစ်စက်ရုံကို တည်ဆောက်မည်ဖြစ်သလိုမဟာဓာတ်အားလိုင်း အသစ်နှစ်ခုကိုလည်း သွယ်တန်းသွားမည်ဖြစ်သည်။ မဟာဓာတ်အားလိုင်းတစ်ခုကို တောင်အာဖရိကနိုင်ငံသို့ သွယ်တန်းမည်ဖြစ်ပြီး အခြားတစ်ခုကို ကွန်ဂိုနိုင်ငံ၏ မြို့တော်ကင်ရှာဆာသို့ သွယ်တန်းမည်ဖြစ်သည်။

စီမံကိန်းတည်ဆောက်ရေးလုပ်ငန်းပထမအဆင့်ကို ကမ္ဘာ့ဘဏ်၊ အာဖရိကဖွံ့ဖြိုးတိုးတက်ရေးဘဏ်နှင့် ရှာဖွေရဦးမည်ဖြစ်သော ပုဂ္ဂလိကရင်းနှီးမြှုပ်နှံသူများက ငွေကြေးစိုက်ထုတ်သွားမည်ဖြစ်သည်။ “အခုဆိုရင် ကျွန်တော်တို့မှာ ယုံကြည်စိတ်ချရတဲ့ ဖောက်သည်တောင်အာဖရိကရှိနေပြီဖြစ်လို့ ဆည်တည်ဆောက်ဖို့ရာ ရင်းနှီးမြှုပ်နှံသူတွေရှာဖို့ ခက်တော့မှာမဟုတ်ပါဘူး”ဟု မစ္စတာကာပန်ဂျီက ဆက်လက်ပြောပါသည်။

ကနေဒါနိုင်ငံမှ AECOM နှင့် ပြင်သစ်နိုင်ငံမှ EDF ကုမ္ပဏီတို့၏ ကနဦးဖြစ်နိုင်ခြေ လေ့လာမှုများမှာလည်း အပြုသဘောဆောင်ပါသည်။ သို့သော် မိမိနိုင်ငံမှာပင် လူဦးရေ ၁၀ ရာခိုင်နှုန်းသာ လျှပ်စစ်မီးရရှိသော နိုင်ငံက အာဖရိကတစ်တိုက်လုံးကို လျှပ်စစ်မီးပေးရန် ကြိုးစားခြင်းမှာ ရည်မှန်းချက်ကြီးလွန်းပါသည်။

ကွန်ဂိုနိုင်ငံ မြို့တော်ကင်ရှာဆာတွင် ချမ်းသာသော မိသားစုများအိမ်တွင်သာ ဂျင်နရေတာများထားရှိနိုင်ပြီး လူများစုအတွက်မူ လျှပ်စစ်မီးမှာ ဇိမ်ခံပစ္စည်းဖြစ်သည်။ “သီတင်းတစ်ပတ်မှာ ကျွန်တော်တို့နာရီအနည်းငယ်လျှပ်စစ်မီးရတယ်။ ညပိုင်း ဘယ်တော့မှ မရဘူး”ဟု မြို့တော်၏ အဆင်းရဲဆုံးဒေသမှ ကျောင်းသား အာမဲလ်က ဆိုသည်။ “နေ့ပိုင်းမှာ ကျွန်တော် အတတ်နိုင်ဆုံး ကြိုးစားလုပ်ကြတယ်။ ညဘက်ဆိုရင်တော့ ဖယောင်းတိုင်၊ ဓာတ်မီးတွေနဲ့ပဲ နေကြတယ်”ဟု ၎င်းကဆက်ပြောပါသည်။

ပြီးခဲ့သည့်လအတွင်း တောင်အာဖရိကသမ္မတ ဂျက်ကော့ဘ်ဇူးမား မြို့တော်ကင်ရှာဆာသို့ရောက်ရှိပြီး လျှပ်စစ်ဓာတ်အား ဝယ်ယူရေး လက်မှတ်ရေးထိုးပြီးနောက် မြို့တော်တွင် နေထိုင်သူ အများအပြားက မိမိနိုင်ငံမှာပင် လိုအပ်ချက်ကြီးမားနေချိန်တွင် ကွန်ဂိုမြစ်မှ ရရှိသော လျှပ်စစ်ဓာတ်အားကို အဘယ်ကြောင့် တောင်ပိုင်းနိုင်ငံဆီ ပို့လွှတ်မည်ကို မေးခွန်းထုတ်ကြပါသည်။

ကွန်ဂိုအစိုးရကမူ ၎င်းတို့အနေဖြင့် အတိတ်က ကျူးလွန်ခဲ့သော အမှားများကို ထပ်မံကျူးလွန်ခြင်းမှ ရှောင်ရှားလိုကြောင်းနှင့် Inga စီမံကိန်းမှာ စီးပွားရေးအရ တွက်ခြေကိုက်သော စီမံကိန်းဖြစ်လိုကြောင်း ပြောသည်။ ၁၉၇၀ နှင့် ၁၉၈၀ ကျော်နှစ်များအတွင်း သမ္မတဟောင်း မိုဘွတ်သူဆီဆေဆီကိုက Inga-1 နှင့် Inga-2 စီမံကိန်းများကို နိုင်ငံတွင်း၌ အသုံးပြုရန် တည်ဆောက်ခဲ့သည်။ သို့သော် ယင်းဆည်များ တည်ဆောက်ပြီး ဆယ်နှစ်ခန့်ကြာသော အခါ ငွေကြေးထောက်ပံ့မှုနည်းပါး၍ ဆည်နှစ်ခုစလုံး ပျက်စီးယိုယွင်းလာသည်။

“ကျွန်တော်တို့ လိုချင်တဲ့ပုံစံဖြစ်မလာဘူးဆိုတာကတော့ ကျွန်တော်တို့မှာ ပိုက်ဆံမရှိလို့ဘဲ”ဟု အစိုးရလျှပ်စစ်ကုမ္ပဏီ အကြီးအကဲဟောင်း ဒယ်နီယယ်ရန်ဂိုကဆိုသည်။ “ကျွန်တော်တို့ရဲ့ တစ်ခုတည်းသောဝင်ငွေရင်းမြစ်က လျှပ်စစ်ရောင်းချတာပဲ။ ထွက်လာတဲ့ လျှပ်စစ် ၄၀ ရာခိုင်နှုန်းကို သုံးတဲ့ အစိုးရက ကျွန်တော်တို့ရဲ့ အကြီးမားဆုံး ဖောက်သည်ပဲ။ ဒါပေမဲ့ အစိုးရက ဓာတ်အားခတွေ မပေးဘူး။ ဒီဆည်တွေကို စနစ်တကျထိန်းသိမ်းဖို့ ဘာလုပ်ရမလဲဆိုတာ ကျွန်တော်တို့ သိတယ်။ ဒါပေမဲ့ ကျွန်တော်တို့ လိုအပ်တာတွေမရတော့ ဘာမှမလုပ်နိုင်ဘူး”ဟု မစ္စတာ ဒယ်နီယယ်ရန်ဂိုက ပြောသည်။

ယနေ့အချိန်မှာပင် အစိုးရက လျှပ်စစ်ဓာတ်အားခကျသင့်ငွေ သုံးပုံနှစ်ပုံသာ ပေးချေသည်ဟု ၎င်းကဆိုသည်။ ထို့အပြင် သမ္မတ မိုဘွတ်သူ လက်ထက်တွင် ခြစားမှုမှာ အရိုးစွဲနေသည်။ ယခုအချိန်တွင် ကွန်ဂိုမှာ ကမ္ဘာတွင် ခြစားဆုံးနိုင်ငံ တစ်နိုင်ငံဖြစ်နေသေးသော်လည်း စီးပွားရေးတည်ငြိမ်လာသည်။

Grand Inga စီမံကိန်းကိုလည်း ပုဂ္ဂလိကက စီမံခန့်ခွဲကာ ပုဂ္ဂလိကကပင် ငွေကြေးရင်းနှီးစိုက်ထုတ်မည်ဖြစ်၍ ယခင်စီမံကိန်းများနှင့် တူမည်မဟုတ်ဟု စွမ်းအင်ဝန်ကြီး မစ္စတာကာပန်ဂျီကဆိုသည်။ အစိုးရမဟုတ်သော အဖွဲ့အစည်းများကမူ Inga-1 နှင့် Inga-2 ရေကာတာများကို ပြန်လည်ပြင်ဆင်လိုက်လျှင်ပင် တစ်နိုင်ငံလုံးအတွက် လျှပ်စစ်မီးလုံလောက်နေပါလျက် အသစ်ဆောက်လုပ်မည့် အစိုးရ၏ ရည်ရွယ်ချက်များကို မယုံသင်္ကာရှိကြသည်။

မစ္စတာကာပန်ဂျီက ယင်းမယုံသင်္ကာမှုများကို သတိပြုမိကြောင်း ပြောကြားသည်။ သို့သော် ယခုအခါ ကွန်ဂိုသမ္မတ ဂျိုးဆက်ကာဘီလာ၏ နိုင်ငံရေးဦးဆောင်မှုကြောင့် ယခင်ကနှင့်မတူ ကွဲပြားသွားလိမ့်မည်ဟုဆိုသည်။

လျှပ်စစ်ထုတ်လုပ်ရေးမှ မစ္စတာ ဒယ်နီယယ်ရန်ဂိုကလည်း ယခုအခွင့်အရေးကို အမိအရ မဆုပ်ကိုင်နိုင်လျှင် အာဖရိကတစ်ခုလုံးအတွက် မှားယွင်းမှုဖြစ်လိမ့်မည်ဟု ဆိုသည်။ နိုင်ငံတွင်းနှင့် ဒေသတွင်း လျှပ်စစ်လိုအပ်ချက် မြင့်တက်နေ၍ တိုင်းပြည်ဖွံ့ဖြိုးရေးနှင့် အာဖရိကတိုက်ဖွံ့ဖြိုးတိုးတက်ရေးမှာ အဆိုပါစီမံကိန်းပေါ်တွင် မူတည်နေကြောင်း ပြောသည်။

*—Ref: Can DR Congo Inga dam project power-Africa*

7DAY NEWS JOURNAL
Vol.12, No.37 • NOVEMBER 20 , 2013

7DAY BOOK REVIEW

## စာဟောင်းတွေရဲ့ ဘဝသစ်

(ဝင်းတင်)




သတင်းစာဆရာကြီး ဟံသာဝတီဦးဝင်းတင် ၁၉၆၂ မှ ၁၉၈၈ အတွင်း စာနယ်ဇင်းများတွင် ထိုပိုင်းထိုပိုင်း ရေးသားခဲ့သော ဆောင်းပါးများကို စာချစ်သူတစ်ဦးက စုဆောင်း၍ စုစည်းထုတ်ဝေလိုက်ခြင်း ဖြစ်သည်။ စာအုပ်တွင် ဆောင်းပါး ၁၉ ပုဒ်ပါဝင်ပြီး အချို့ဆောင်းပါးများတွင် သတင်းစာသမိုင်းဗဟုသုတများကိုလည်းကောင်း၊ အချို့ဆောင်းပါးများတွင် စာရေးဆရာ၊ သတင်းစာဆရာကြီးများ၏ အနီးအဝေးပုံရိပ်နှင့် အချို့ကမူ အနုပညာယဉ်ကျေးမှုတို့ကို တို့ထိထားသည်။ အထူးသဖြင့် သတင်းစာဆရာတစ်ဦးဖြစ်သည့် ဆရာဦးဝင်းတင်၏ လူငယ်နှင့် သတင်းစာ၊ စာနယ်ဇင်းဘာလဲ၊ အိပ်မက်ကြိုးမျှင်ဟူသော ဆောင်းပါးများက ယခုအချိန်ထိ စာဖတ်သူရင်ထဲ ထိရှနေဆဲ ဖြစ်ပါလိမ့်မည်။

ဆရာ၏"အိပ်မက်ကြိုးမျှင်"ဟူသော ဆောင်းပါးတစ်နေရာတွင် . . .

"ခေတ်၊ စနစ်၊ သမိုင်းတို့သည် ပြောင်းလဲလာသည်။ ပြောင်းလဲနေသည်။

သတင်းစာသည် ခေတ်သမိုင်းကို ထင်ဟပ်သည်။ သတင်းစာသည် ခေတ်သမိုင်းကို ပြောင်းလဲသည်။ သတင်းစာသည် ခေတ်သမိုင်းကို ဖန်တီးသည်ဆိုသော ယုံကြည်ချက်ကို လက်တွေ့ သတင်းစာဘဝက ပေးသည်။

သတင်းစာသည် သူဌေး တစ်ဦး၊ သူဌေးတစ်စုပိုင် မဟုတ်။ အဖွဲ့အစည်းတစ်ခုပိုင် မဟုတ်။ ပြန်ကြားရေးဌာနပိုင် မဟုတ်။ ပြည်သူပိုင်သည်။ ခြယ်လှယ်ကြိုးကိုင်သော လူတစ်စု၏ အာဘော် မဟုတ်။ အလုပ်လုပ်သော ပြည်သူအများစု၏ အာဘော်ဖြစ်သည် ဆိုသော သဘောထားကို လက်တွေ့သတင်းစာဘဝက ပေးသည်။

သတင်းစာသည် ဖျော်ဖြေစာမဟုတ်။ သံတော်ဦးတင်လွှာ မဟုတ်။ အစီရင်ခံစာမဟုတ်။ ပြည်သူ့နားမျက်စိကို ကာဆီးပိတ်ဆို့သော စက္ကူကန့်လန့်ကာ မဟုတ်။ သတင်းစာသည် ပြည်သူတို့၏ အသိဉာဏ်စည်ပင်ပွင့်လင်းမှုကို စီးဆင်းရာမြစ်ကြီးနှင့် အလားတူသည်။ ထိုမြစ်ကြီး ညစ်ညမ်းအောင်၊ သောင်ထွန်းအောင်၊ တိမ်ကောအောင်၊ ကိုယ်ကျိုးကိုယ့်စီးပွား၊ လူတစ်စုလူတစ်ဖွဲ့ အကျိုးစီးပွားကို ငဲ့လျက် သတင်းနှင့် ထင်မြင်ချက်များကို ညှီအောင်၊ ဟောင်အောင်၊ နံအောင်၊ သတင်းနှင့် ထင်မြင်ချက်များကို မလိုတစ်မျိုး၊ လိုတစ်မျိုး ချုံးခြင်း၊ ပြည်သူတို့နှင့် သက်ဆိုင်၍ ပြည်သူတို့၏ အကျိုးအတွက်၊ ပြည်သူတို့ သိသင့်သိထိုက်သော သတင်းနှင့် ထင်မြင်ချက်များကို ပိတ်ခြင်း၊ ဆို့ခြင်း၊ ဖုံးခြင်း၊ ဖိခြင်းတို့ကို မလုပ်ရဟူသော ရပ်တည်ချက်ကို လက်တွေ့သတင်းစာဘဝက ပေးသည်။

သတင်းစာသည် ပုဂ္ဂိုလ်ရေး မာနတံခွန်လွှင့်ထူရာ လုပ်ငန်း မဟုတ်။ ပြည်သူတို့၏ ဆန္ဒ သဘောထား ထင်မြင်ချက်များကိုနာခံရာ၊ ထင်ဟပ်ရာ၊ ထိန်းမတ်ရာ လုပ်ငန်းဖြစ်သည်ဟူသော အယူအဆကို လက်တွေ့ သတင်းစာဘဝက ပေးသည်။ သတင်းစာသည် ပြည်သူတို့၏ လမ်းပြသမား၊ ပြည်သူတို့၏ အသိပညာပေးသမား၊ ပြည်သူတို့၏ စည်းရုံးရေးသမား၊ ပြည်သူတို့၏ လှုံ့ဆော်ရေးသမား၊ ပြည်သူအချင်းချင်းအကြား၊ ပြည်သူတို့နှင့် အစိုးရအကြား၊ ပြည်သူတို့နှင့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးအဖွဲ့အစည်းများအကြား ပေါင်းကူးဆက်ဆံရေးသမားဖြစ်သည်ဟူသော ခံယူချက်ကို လက်တွေ့သတင်းစာသမားဘဝက ပေးသည်"ဟု သတင်းစာအပေါ် ဦးဝင်းတင်၏ အိပ်မက်တို့ကို တွေ့ရသည်။ ပုဂ္ဂလိကသတင်းစာများ ပြန်လည်တောက်ပလာသော ယနေ့အချိန်တွင် ထွက်ရှိလာသော သတင်းစာဆရာဦးဝင်းတင်၏"စာဟောင်းတွေရဲ့ ဘဝသစ်"မှာ သတင်းစာသမားများ လက်ကိုင်ပြုရမည့် စာအုပ်၊ စာမွေ့သူများ ဆောင်ထားရမည့်စာအုပ်ဟု သာညွှန်းချင်ပါတော့သည်။ လူထုကြီးပွားရေးစာအုပ်တိုက်က ထုတ်ဝေပြီး တန်ဖိုး ၂၀၀၀ ကျပ် ဖြစ်သည်။

Knowledge ဗဟုသုတ

## ခြင်ထောင်ကို ဘယ်တုန်းကတည်းက သုံးခဲ့ကြသလဲ

ခြင်ထောင်ကို ခြင်၊ ယင်နှင့် အခြားအင်းဆက်များအန္တရာယ်နှင့် ငှက်ဖျား၊ သွေးလွန်တုပ်ကွေး၊ ဆင်ခြေထောက်ရောဂါ စသည့်ခြင်မှတစ်ဆင့် ကူးစက်သော ရောဂါများမှ ကာကွယ်နိုင်ရန် အသုံးပြုကြခြင်းဖြစ်သည်။ ခြင် ထောင်၏ ရာဇဝင်ကိုပြန်ပြောရမည်ဆိုလျှင် သမိုင်းမတိုင်မီကာလကတည်းက အသုံးပြုခဲ့ဖွယ်ရှိပြီး ၁၈ ရာစုအလယ်ပိုင်းကာလတွင် အသုံးတွင်ကျယ်လာခဲ့သည်ဟုဆိုသည်။

အီဂျစ်ဘုရင်မ ကယ်လီယိုပက်ထရာပင်လျှင် ခြင်ထောင်ဖြင့် အိပ်စက်ခဲ့သည်ဟုဆိုကြပြီး စူးအက်တူးမြောင်းတည်ဆောက်ချိန် ငှက်ဖျား ရောဂါ ကပ်ဆိုးဖြစ်ပွားချိန်တွင် ခြင်ထောင်များကို အသုံးပြုခဲ့ကြသည်ဟု ဆိုသည်။ ခြင်ထောင်ကို ချည်သား၊ ပေါ်လီသင်း၊ နိုင်လွန်၊ ဇာပါးတို့ဖြင့် ချုပ်လုပ်သုံးစွဲလေ့ရှိသည်။ ယခုနောက်ပိုင်းကာလများတွင်ခြင်ထောင်အပြင်ခြင်မဝင်နိုင်သည့်ဆန်ခါများ ကာရံထားခြင်း၊ ခြင်းမကိုက်လိမ်းဆေး၊ ဖျန်းဆေးများသုံးစွဲခြင်းများကိုပါ ပြုလုပ်ကာကွယ်လာကြသည်။

—*Ref: Wikipedia*






### ARIES မိဿရာသီဖွား (မတ်၂၁-ဧပြီ၂၀)

လမ်းသစ်ထွင်၍ တိုးတက်မည်။ အခက်အခဲများ ကျော်လွှားနိုင်မည်။ စိတ်ကူးအကြံသစ်များ လက်တွေ့ဆောင်ရွက် အဆင်ပြေမည်။ ဦးတည်ချက်ပြောင်းပြီး လုပ်ကိုင်လိုက်သည့်ကိစ္စများမှ တက်လမ်းအဆင့်ဆင့်ရရှိမည်။ လုပ်ငန်းတွင်ဖြစ်စေ၊ နေအိမ်ဝန်းကျင်တွင် ဖြစ်စေ အပြောင်းအလဲများ ကြုံမည်။ စတင်လိုက်သော လုပ်ငန်းများမှ ကောင်းသောအကျိုးဆက်များ ဖြစ်ထွန်းသွားမည်။



### TAURUS ပြိဿရာသီဖွား (ဧပြီ၂၁-မေ၂၁)

အကြံအောင်မည်။ ဆောင်ရွက်သမျှ ထိထိမိမိနှင့် တိုးတက်မည်။ အလုပ်ရှာသူ အလုပ်ရမည်။ အလုပ်တိုးတက်မည်။ ဝင်ငွေတိုးပွားမည်။ ထူးခြားစွာ ငွေဝင်မည်။ လက်ဝယ်ရှိသောငွေ ပြောင်ခါအောင် ကုန်သွားသည့်အချိန် အိပ်စက်ပင် နေသည့်တိုင်အောင် တံခါးခေါက်၍ ငွေလာပေးသူပေါ် မည်။ ရလာသော ငွေသည်လည်း လက်ဝယ်မမြဲ အခိုးအငွေ့သဖွယ် ကုန်သွားမည်။ ပြန်ရလိမ့်မည်ဟု လုံးဝမမျှော်လင့်ထားသော ငွေလက်ဝယ် ပြန်ရကိန်း ရှိမည်။



### GEMINI မေထုန်ရာသီဖွား (မေ ၂၂-ဇွန် ၂၁)

မိသားစုနှင့် ပတ်သက်သော ကိစ္စများ ဆောင်ရွက်အောင်မြင်မည်။ စုပေါင်းလုပ်ငန်းများ လုပ်ကိုင်၍ တိုးတက်အောင်မြင်မည်။ မိတ်ကောင်းဆွေကောင်း အကြီးအကဲများထံမှ အထောက်အကူကောင်း ရရှိမည်။ လွန်ခဲ့သော ကာလအတွင်း အနှောင့်အယှက်များ ကြုံရာမှ ကင်းလွတ်မည်။ အရပ်ဝေးမှ သတင်းကောင်းရမည်။ ကျန်းမာရေးအနည်းငယ် အညံ့ရှိမည်။ ပျိုရွယ်သူများ စန်းပွင့်မည်။ လူချစ်လူခင်ပေါများမည်။



### CANCER ကရကဋ်ရာသီဖွား (ဇွန် ၂၂-ဇူလိုင် ၂၂)

ဖြစ်ပေါ် လာသော အပြောင်းအလဲမှန်သမျှသည် မိမိအတွက် အကျိုးရှိမည်။ လူမျိုးကွဲ အကျိုးပေးမည်။ ဤရက်ပိုင်းအတွင်း ဝင်လာသမျှ ငွေသည်ကား ကိုယ့်အတွက်မဟုတ် သူတစ်ပါးအတွက် သုံးစွဲကုန်ကျမည်။ အပြောင်းအရွှေ့ကြုံမည်။ ခရီးသွား၍ အကျိုးရှိမည်။ မြုံ၊ ကား၊ အခန်းအလဲအလှယ်၊ အပြောင်းအလဲကိစ္စအတွက် ဆောင်ရွက်၍ အကျိုးရှိမည်။



### LEO သိဟ်ရာသီဖွား (ဇူလိုင်၂၃-ဩဂုတ်၂၃)

ကာလအတန်ကြာ လွှမ်းမိုးချုပ်ကိုင်ခံရသည့် ကိန်းမှလွတ်မြောက်သည်။ စိတ်ပင်ပန်း၊ လူပင်ပန်းဖြစ်ပြီး အနှောင့်အယှက်ကြုံသည်မှ လွတ်မြောက်အဆင်ပြေမည်။ အတိုက်အခံ၊ အခက်အခဲများ ကျော်လွှားဖြေရှင်းနိုင်မည်။ စာရွက်စာတမ်းကိစ္စများ အသစ်ပြင်ဆင်ချုပ်ဆိုရမည်။ မတော်မတရား အနိုင်ယူခံနေရသော ကိန်းမှ လွတ်ကင်းမည်။ အခက်အခဲများ ပြေလည်သွားမည်။



### VIRGO ကန်ရာသီဖွား (ဩဂုတ်၂၄-စက်တင်ဘာ၂၂)

လုံးဝမပြောတော့ဟု သတ်မှတ်ထားသော စကားများပြောရမည်။ ပြဿနာဟောင်းများ အသစ်သဖွယ် ပြန်လည်ဖြေရှင်းရကိန်းကြုံမည်။ လမ်းကြောင်းဟောင်းတစ်ခုကို ရပ်တန့်ပြီး လမ်းကြောင်းသစ်တစ်ခု စတင်နိုင်သော ကာလဖြစ်သည်။ ကျန်းမာရေးသတိရှိပါ။ မတော်တဆ ထိခိုက်မှု သတိရှိပါ။ ဒူးနှင့်ခါးတွင် ထိခိုက်မှုအန္တရာယ်ရှိမည်။ လက်ဝယ်ရရှိထားသော အခွင့်အလမ်းများကို လုယူလိုသူများ ရှိမည်။



### LIBRA တူရာသီဖွား (စက်တင်ဘာ၂၃-အောက်တိုဘာ၂၃)

သစ္စာမဲ့သူများနှင့် တွေ့တတ်သည်။ အခက်အခဲများနှင့် ထိပ်တိုက်ရင်ဆိုင်ရမည်။ မှန်ကန်သော လမ်းကြောင်းပေါ် တွင် တစ်စစ မြင့်မားအောင် ဆောင်ရွက်လာရာမှ အဆုံးသတ်နောက်ဆုံးအချိန်မှ ဆုံးဖြတ်ချက်များယွင်းသွား၍ ကြိုးစားခဲ့သမျှ သဲထဲရေသွန် ဖြစ်မည်။ အလောတကြီး ဆောင်ရွက်ခြင်းမပြုရ။ စိတ်ရှည်ခြင်းကြောင့် ဖြစ်ပေါ် လာသည့် အပြောင်းအလဲများကို သုံးသပ်မှုမှန်ကန်ခြင်းဖြင့် အညံ့များကို ကျော်လွှားနိုင်သည်။



### SCORPIO ဗြိစ္ဆာရာသီဖွား (အောက်တိုဘာ၂၄-နိုဝင်ဘာ၂၂)

ရန်အနှောင့်အယှက်များမည်။ စိတ်လိုက်မာန်ပါ လုပ်လိုစိတ်များ လွှမ်းမိုးနေသည်။ ကန့်လန့် ပြောလိုခြင်း၊ စိတ်တို၊ စိတ်ဆတ်ခြင်း ခန္ဓာကိုယ်အတွင်း မကောင်းဆိုးဝါး ပူးကပ်နေသည့်အလား ထင်ရာစိုင်းလိုစိတ်နှင့် ဇွတ်တရွတ်လုပ်လိုစိတ်များ လွှမ်းမိုးနေသည်။ အထူးသဖြင့် ပျိုရွယ်သူများအဖို့ မိသားစုနှင့် ပဋိပက္ခဖြစ်သည့် အရာများကိုမှ ရွေးချယ်လုပ်ကိုင်လို စိတ်လွှမ်းမိုးနေသည်။



### SAGITTARUS ဓနုရာသီဖွား (နိုဝင်ဘာ၂၃-ဒီဇင်ဘာ၂၁)

ဆောင်ရွက်သမျှ အဆင်ပြေ၍ ရည်ရွယ်ထားသည်များ ပြီးမြောက်အောင်မြင်သွားနိုင်သည်။ ကာလအတန်ကြာ အဖြေရှာမရကြန့်ကြာနှောင့်နှေးနေသည့် ကိစ္စများကို အပြီးသတ်ဆောင်ရွက်နိုင်မည်။ ထူးခြားသော အထောက်အကူကောင်းများ ရမည်။ ငွေကြေးလာဘ်လာဘ တိုးပွားမည်။ စိတ်ကူးသစ်နှင့် ဆောင်ရွက်ခြင်းမှ ထင်ရှားသော တက်လမ်းရမည်။ အလုပ်အကိုင်ကောင်းမည်။ အလုပ်ရှာသူ အလုပ်ရမည်။



### CAPRICORN မကာရရာသီဖွား (ဒီဇင်ဘာ၂၂-ဇန်နဝါရီ၂၀)

အနှောင့်အယှက် အတိုက်အခံများ၊ အခက်အခဲများနှင့် ထိပ်တိုက်ရင်ဆိုင်ရန် ကြုံမည်။ လွယ်လင့်တကူဖြစ် မြောက်သည်ဟူ၍ မရှိ။ မတော်တဆ ထိခိုက်မှုများ ဖြစ်တတ်သည်။ ယာဉ်၊ ကားနှင့်ပတ်သက်သော အသွား အလာမှန်သမျှ သတိရှိရမည်။ အလုပ်ကိစ္စ၊ စီးပွားကိစ္စ၊ အလုံးစုံနှင့် အလောတကြီးဆောင်ရွက်၍ မရ။ သတိနှင့်ယှဉ်၍ လုပ်ကိုင်သင့်သည်။ ယှဉ်ပြိုင်မှုများတွင် အနိုင်ရမည်။



### AQUARIUS ကုမ်ရာသီဖွား (ဇန်နဝါရီ၂၁-ဖေဖော်ဝါရီ၁၈)

နွံနစ်နေသော ပတ္တမြားအလား လုပ်ရေး၊ ကိုင်ရေးများတွင် အစွမ်းရှိသလောက် ဆောင်ရွက်နိုင်ခြင်းမရှိ၊ လောင်းရိပ်မိနေသလို ကြုံပြီး လုပ်သလောက် မရ။ မှန်းထားသည့်ကိစ္စနှင့် လက်တွေ့ဖြစ်ပေါ်မှုတို့သည် ကပြောင်းကပြန် ဖြစ်နေမည်။ မှန်းသည်နှင့် လက်တွေ့ကွာခြားနေမည်။ ဘယ်ခြေတွင် မတော်တဆ ထိခိုက်တတ်သည်။ ဥပဒေနှင့်မကင်းသော လုပ်ငန်းမှန်သမျှ ရှောင်ပါ။ အမှုဖြစ်ပေါ် က ဖြေရှင်းရန် အလွန် ခက်ခဲမည်။



### PISCES မိန်ရာသီဖွား (ဖေဖော်ဝါရီ၁၉-မတ်၂၀)

ဆောင်ရွက်ထားသော ကိစ္စများမှ ကောင်းသောအကျိုးဆက် ရရှိမည်။ ဘဝအခြေအနေ အပြောင်းအလဲနှင့် တက်လမ်းရမည်။ အတတ်ပညာနှင့်ပတ်သက်သော တိုးတက်မှု ဖြစ်ထွန်းမည်။ စိတ်ထဲတွင် တွေးဆထင်မြင်လိုက်သည့်ကိစ္စများ လက်တွေ့ဖြစ်လာတတ်သည်။ စိတ်စွမ်းအင်ထက်မြက်နေသည်။ ကြိုတင်မှန်းဆပြီး လုပ်လိုက်သည့် ကိစ္စများမှ အကျိုးဆက်ကောင်း ရရှိမည်။ နေရာသစ်သို့ ကူးပြောင်းခြင်း ကြုံမည်။

# 7DAY PUZZLE ပဟေဠိ အမှတ်စဉ်(၂၅၉)

## အလျားလိုက်

၅။ ကမ္ဘာ့ဘဏ်ကပြောသော မြန်မာတွင် ၇ ရာခိုင်နှုန်းရှိလာသောအရာ
၇။ ကားတစ်စီး၏ ဒက်ရှ်ဘုတ်တွင် မြင်တွေ့နိုင်သောအရာတစ်ခု
၈။ မြန်မာပြည်မှာ အားနည်းနေတဲ့ အရင်းအမြစ်တစ်ခု
၁၀။ ပြည်တွင်းငြိမ်းချမ်းရေးစောင့်ကြည့်ရေးအဖွဲ့
၁၁။ ရန်ကုန်မြို့မှ ရထားခရီးစဉ်ပြန်ပြေးဆွဲမည့်မြို့
၁၂။ ကျန်းမာရေးအတွက် တိုးချဲ့ဆောက်လုပ်မည့် အရာများ

## ဒေါင်လိုက်

၁။ အာရှတစ်ဝန်းကွန်ပျူတာများကို ဒုက္ခပေးနေသူများ
၂။ အင်တာနက်မလိုဘဲရနိုင်သောဝန်ဆောင်မှု
၃။ စကားပြောချိန်ဒုတိယအများဆုံးရသောဖုန်း
၄။ မြန်မာနိုင်ငံရှိ အာဆီယံစံနှုန်း မမီသော အရာများ
၆။ ကျပ်တစ်ထောင်ကျော်စျေး ရောက်ရှိသွားသောအရာ
၉။ သဘာဝဓါတ်ငွေ့ကို တိုင်းတာသောယူနစ်



**ပဟေဠိအမှတ်စဉ်(၂၅၈) အတွက် အဖြေမှန်သူမရှိပါ။**

### ပဟေဠိ အမှတ်စဉ်(၂၅၈)အဖြေမှန်




အမည် ........................................ မှတ်ပုံတင်အမှတ် ........................................

နေရပ်လိပ်စာ ........................................

အချိန်မီပေးပို့လာသော အဖြေမှန်သူများထဲမှ SMART Dictionary ၏ ပံ့ပိုးကူညီမှုဖြင့် အဖြေမှန်သူ (၇)ဦးကို မဲနှိုက်ရွေးချယ်ပြီး၊ ထိုထဲမှတစ်ဦးကို ထပ်မံမဲနှိုက်ရွေးချယ်ကာ SMART Electronic Dictionary ချီးမြှင့်မည်ဖြစ်ပြီး ကျန်၆ ဦးကို 7Day News မှ မေတ္တာလက်ဆောင်ဆုများ ချီးမြှင့်မည်ဖြစ်ပါသည်။ Puzzle မေးခွန်းများကို ယခင်အပတ်ထွက်ရှိပြီး 7Day News မှသတင်း၊ ဆောင်းပါးများမှ စကားစုများ၊ စာလုံးများအပြင် ပြင်ပဉာဏ်စမ်းမေးခွန်းတစ်ခုစီ ထည့်သွင်းမေးမြန်းမည်ဖြစ်ကြောင်း Puzzle ဝါသနာရှင်များသို့ အသိပေးအပ်ပါသည်။ အဖြေလွှာများကိုမူရင်းသာလက်ခံမည်ဖြစ်ပြီး နယ်ဝေးမှ ဖြေဆိုသူများမှာ Fax ဖြင့် ပေးပို့နိုင်သည်။

**အဖြေလွှာများကို ၂၂-၁၁-၂၀၁၃ သောကြာနေ့၊ မွန်းလွဲ ၂နာရီနောက်ဆုံးထား၍ ဂျာနယ်တိုက်သို့ပေးပို့ရမည်။**

ဤအစီအစဉ်ကို SMART Electronic Dictionary မှ ပံ့ပိုးကူညီပါသည်။

**ပဟေဠိ ဝါသနာရှင်များသို့ -** 7 Day Daily တနင်္ဂနွေနေ့ သတင်းစာတွင် ပဟေဠိကဏ္ဍပါရှိပြီး အဖြေမှန်သူ ဝါသနာရှင်များအား ဆုချီးမြှင့်သည့် အစီအစဉ် စတင်လိုက်ပြီဖြစ်ပါသည်။ ဝါသနာရှင်များအနေဖြင့် 7 Day News ဂျာနယ်တွင်သာမက၊ သတင်းစာတွင်ပါ ပဟေဠိ အဖြေညှိကြည့်ပါရန် သတင်းကောင်းပါးလိုက်ပါသည်။

# Free Classified

## အခမဲ့ကြော်ငြာကဏ္ဍ

**Japanese Language**

ဂျပန်ဘာသာကို အခြေခံမှစ၍ JLPT Exam များအတွက် သီးသန့်တန်းခွဲများ စီစဉ်ပေးပါသည်။

ဖုန်း-၀၉-၄၉၈၇၃၂၄၉

**အလိုရှိသည်**

ယာဉ်မောင်းအလိုရှိသည်။ လူလွတ်၊ မြောက်ဒဂုံနေသူ ဦးစားပေးမည်။

ဖုန်း-၀၁-၅၈၄၈၇၄

**ဝန်ဆောင်မှု**

**TODAY Ogilvy & Mather Myanmar**

အမှတ်(၂၁)၊ အောင်မြေသာစည်လမ်း၊ အောင်မြေသာစည်အိမ်ရာ၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း-၀၁-၅၁၃၆၄၃

**သင်တန်း**

- Software Development House မှ ကွန်ပျူတာသင်တန်းများကို လုပ်ငန်းခွင်ဝင်ရောက်နိုင်သည်အထိ သင်ကြားပေးပါသည်။ Computer For Kids, Basic, Graphic Design, DTP, Multimedia.

ဖုန်း-၀၉-၂၅၀၁၂၈၉၃၂

**ငှားမည်**

မေတ္တာညွန့်၊ ဒဂုံလွင်လမ်း၊ ဘူတာကားဂိတ်ဈေးအနီး၊ ပေ (၃၀×၄၀) 1 MBR, 2BR,3F ရေမီးစုံ တစ်လ-နှစ်သိန်း။

ဖုန်း-၀၉ ၈၆၂၉၉၁၁

**ရောင်းမည်**

မှော်ဘီမြို့၊ တိုးဂိတ်ကျော်၊ ပြည်လမ်းမကြီးနောက်ဘက် မြေတစ်ဧက ရောင်းမည်။

ဖုန်း-၀၉ ၅၄၀၉၂၉၀

**ရောင်းမည်**

ရွှေပေါက်ကံမြို့နယ်၊ အထက (၆) နဲ့ နီး လမ်းမပေါ် ထောင့်ကွက်၊ ကျောင်း၊ ဈေး၊ မီးသတ်နှင့် နီး။ ပေ (၄၀×၆၀)။ သိန်း (၆၅၀)။

ဖုန်း-၀၉ ၄၂၀၁၆၉၁၂၇

**ငှားမည်**

ဗိုလ်တထောင် ၄၅ လမ်း (121/2'x 60) GF-4.5 သိန်း။

ဗိုလ်တထောင် ၄၅ လမ်း (15'x60) GF- 6 သိန်း။

ဖုန်း-၀၉ ၅၀၃၂၁၁၄

**ဝယ်မည်**

တိုက်ခန်းတစ်ခန်း ဘုရင့်နောင်လမ်းဆုံအနီး ရွှေထီးအိမ်ရာ (သို့မဟုတ်) သမိုင်း ၁ ရပ်ကွက်။

ဖုန်း-၀၉ ၃၁၄၂၂၇၃၀

**ရောင်းမည်**

၉ မိုင်၊ ရွှေနှင်းဆီ(၇)လမ်း၊ ပေ(၉၀×၉၀) L 8000.

ဖုန်း-၀၉ ၄၂၁၇၁၀၅၂၁

**ရောင်း/ငှား**

မြယမုံအိမ်ရာ၊ သဃ်န်းကျွန်း ပေ (၄၂× ၇၀)၊ 2RC,2MBR,4B, အသင့်နေ။ ဈေး-4500L,ငှားတစ်လ-၁၅ သိန်း။

ဖုန်း-၀၉ ၃၁၆၈၇၀၁၂

**ဝယ်လိုသည်**

"မြန်မာ့မြေ"အိမ်ခြံမြေမှ မရမ်းကုန်း၊ ဗဟန်း၊ စမ်းချောင်း၊ အလုံ၊ ကြည့်မြင်တိုင်၊ ရန်ကင်း၊ ကမာရွတ်နှင့် မြို့နယ်စုံမှ မြေကွက်များဝယ်လိုသည်။ ပိုင်ရှင်များ ဆက်သွယ်ပါ။

**ရောင်းမည်**

ချမ်းသာရွှေပြည်အိမ်ရာ၊ အရှေ့ဒဂုံ၊ ပေ (၈၀×၇၅)၊ AC (7), 2RC,2MBR, 3BR, အသင့်နေ။ ဈေး-4000L။

ဖုန်း-၀၉ ၃၁၆၈၇၀၁၂

**ရောင်းမည်**

နတ်မောက်လမ်း၊ ဗဟန်းမြို့နယ်၊ sqft, 7000,1sqft(4)သိန်း။

ဖုန်း-၀၉ ၃၁၆၈၇၀၁၂

**ရောင်းမည်**

ငွေကြာရုံ၊ တ/ဥက္ကလာ ပေ (၄၀×၆၀) ဂရန်၊ ဈေး-3800L

ဖုန်း-၀၉ ၃၁၆၈၇၀၁၂

**ရောင်းမည်**

အမှတ် (၃) လမ်းမပေါ် ပေ (၈၀× ၁၀၀) ဂရန်အမည်ပေါက်၊ (၆၀၀၀) သိန်း။ မဥက္ကလာ-ကျောက်ရေတွင်း ၁ ဒသမ ၅ ဧက၊ ဂရန်၊ 1sqf-80000

ဖုန်း-၀၉ ၂၅၀၂၈၉၆၀၂

**ရောင်းမည်**

သဃ်န်းကျွန်း၊ လေးထောင့်ကန်လမ်းမပေါ် ပေ (၁၀၀×၁၁၀) ဂရန်၊ (၄၀၀၀၀) သိန်း။

ဖုန်း-၀၉ ၂၅၀၂၈၉၆၀၂

**ရောင်းမည်**

မ/ဒဂုံ U10 ပေ (၁၃၆×၈၀)၊ ဂရန်၊ ဈေး-2800L။

ဖုန်း-၀၉ ၃၁၈၅၆၈၁

**ဝယ်လိုသည်**

တောင်ဒဂုံ၊ လေးထောင့်ကန်၊ စိုက်/မွေးရှိ မြေကွက်များဝယ်လိုပါသည်။

ဖုန်း-၀၉ ၂၅၀၂၈၉၆၀၂

**ရောင်း/ဝယ်**

စိုက်ပျိုးရန်မြေကေ အကျယ်ရှာဖွေနေသလား။ ရောင်းလို/ဝယ်လိုပါက ဆက်သွယ်ပါ။ လွင်မြင့်မိုရ်အောင်

ဖုန်း- ၀၉ ၇၃၀၅၄၅၄၃

**မင်္ဂလာရတနာတိုးရောင်းဝယ်ရေး**

လိပ်သည်းကျောက်၊ ကျောက်စရစ်၊ ကွန်ကရစ်အုတ်ရောင်းဝယ်ရေး။ အမှတ်-၂၊ လမ်းမကြီး၊ တောင်မြောက်လမ်းဆုံအနီး၊ ၁၆ ရပ်ကွက်၊ မြောက်ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။

**ဆရာမင်းသုန္ဒြ(မန်းတက္ကသိုလ်)**

ရင်သွေးငယ်အမည်ပေးခြင်း၊ နိုင်ငံခြားမှာ စီးပွားရှာရန် သင့်၊ မသင့်နှင့် ပြည်တွင်းမှာ ဘယ်ကာလမှာ ကြီးပွားမှုရှိ၊ မရှိ စီစစ်ပေးပါသည်။

ဖုန်း-၀၉ ၇၃၂၃၄၆၂၄

**DREAM FUTURE**

-Window Installation, Software Insta -llation,Virus Cleaning,Game Insta- llation,Server Installation (DHCP,AD, ISA,Handy Cafe)

PH: 09 420110247

**ဖွေးအထပ်သားလုပ်ငန်း**

ဈေးနှုန်းချိုသာစွာဖြင့် ရောင်းချပေးနေပါသည်။ ဖုန်း- ၀၉ ၄၂၅၂၉၅၆၄၁

**သင်တန်း**

Super Magnetic အနုပညာသင်တန်းကျောင်းမှ မော်ဒယ်သင်တန်း၊ Dancer သင်တန်း၊ Vocal သင်တန်း၊ Presenter သင်တန်းများ လက်ခံသင်ကြားနေပါသည်။ ဖုန်း- ၀၉ ၂၂၈၃၈၀

**ထွန်းနိုင်လင်းစာကျက်ဝိုင်း**

သူငယ်တန်းမှ သတ္တမတန်းအထိ ဘာသာစုံ သင်ကြားပေးပါသည်။ သင်တန်းကြေးတစ်လ-၅၀၀၀ ကျပ်ပေးသွင်းရပါမည်။(မန္တလေး) ဖုန်း-၀၉ ၄၄၄၀၄၄၆၈၅

**Teacher Candy**

International School,Primary 1-6 အစိုးရကျောင်း၊ ကိုယ်ပိုင်ကျောင်းသားများ ၅ တန်းမှ ၁၀ တန်းအထူးသီးသန့်သင်သည်။ ဖုန်း-၀၉ ၂၅၀၀၁၂၁၉၄

**ဆန်းသစ်**

ရေခဲသေတ္တာ၊ အဲကွန်း၊ အဝတ်လျှော်စက်၊ ပြုပြင်၊ ရောင်းဝယ်၊ တပ်ဆင်၊ဆေးကြောသည်။ စက်ရုံ၊ အိမ်၊ လျှပ်စစ်မီးသွယ်တန်းပေးသည်။

ဖုန်း- ၀၉ ၄၂၁၀၈၇၉၁၃

**အိမ်လိုက်သင်သည်**

Miscroft Excelဖြင့် Financial Statement အထိ (Function) များအသုံးပြုပြီး Software တစ်ခုကဲ့သို့ အသုံးပြုနိုင်အောင် သင်ကြားပေးသည်။

ဖုန်း- ၀၉ ၄၂၃၆၉၄၂၃၄

**အိမ်အရောက်သင်သည်(ကွန်ပျူတာ)**

IT Era Computer Training ကလေးများအတွက် ပညာရေးအထောက်အကူပြုအခြေခံကွန်ပျူတာ (Typing/games/ learning/internet. . . .)အိမ်အရောက်သင်သည်။တစ်လ-ကျပ် ၃,၅၀၀၀

ဖုန်း-၀၉ ၄၂၀၀၃၀၈၇၈

**Applied Engineering Groups**

လေအေးပေးစက် အမျိုးမျိုးအတွက် အဆင်မပြေမှုများဖြစ်နေပါက နံနက် ၈ နာရီမှ ည ၈နာရီအတွင်း ဖြေရှင်းပေးပါသည်။

ဖုန်း-၀၉ ၇၃၀၅၆၄၄၁

**English Language**

Communicative English Course (2 လ) အထိရောက်ဆုံးအင်္ဂလိပ်စာ စကားပြောသင်တန်းအခြေခံမှစ၍ သင်ကြားပေးသည်။ ဖုန်း-၀၉ ၄၀၀၄၉၄၃၉၇

**ဆရာ Bryan**

စင်ကာပူတွင် စာသင်ကြားပေးခဲ့သော ဝါရင့်၊ ကျွမ်းကျင်သင်ကြားလမ်းညွှန်မှု (၁၂ နှစ်) ရှိ Int'l School (Primary & Secondary Levels)(All Subjects)

PH: 09 420070692

**WEBS**

General English Courses

-Four Skills, Grammar+Reading+ Writing, Cambridge Exams, LCCI Level 1,2,3 PH:09 5151398

**အိမ်လိုက်သင်သည်**

English School မှ ကလေးများအတွက် Pre-KG မှ Primary 5 ထိ တစ်ဘာသာချင်း (သို့) ဘာသာစုံသင်သည်။ Science သီးသန့်သင်သည်။

ဖုန်း-၀၉ ၄၃၁၆၈၉၈၉

**မြန်မာစကားပြောသင်သည်**

Foreigners နှင့် International School မှ မြန်မာကျောင်းသားများ၊ အစိုးရပညာရေးကျောင်းမှ ကျောင်းသားများအတွက် Myanmar Speaking မြန်မာစာ Home Auaitable သင်ကြားပါသည်။

ဖုန်း- ၀၉ ၇၃၀၄၉၅၄၃

7 DAY NEWS JOURNAL
Vol.12, No.37 • NOVEMBER 20 , 2013

စာမျက်နှာ(၂၆) မှ

# ရုံးအဖွဲ့မှူးဆိုသည်မှာ

လွတ်လပ်ရေးရပြီးသောအခါတွင် Burma Civil Service ခေါ် B.C.S စာမေးပွဲကို အောင်မြင်ရ၏။ မြို့ပိုင်၊ နယ်ပိုင်ဝန်ထောက်၊ ခရိုင်ဝန်၊ တိုင်းမင်းကြီးစသော ရာထူးများကို ထမ်းဆောင်ခဲ့ဖူးသော အုပ်ချုပ်မှုအတွေ့အကြုံရှိ၏။ ဥပဒေရေးရာတွင် လွန်စွာကျွမ်းကျင်၏။ အင်္ဂလိပ်ဘာသာကို ကျွမ်းကျင်နိုင်နင်းစွာ ပြောတတ်၊ ရေးတတ်၏။ အချို့မှာ သိပ္ပံမောင်ဝကဲ့သို့ အင်္ဂလန်နိုင်ငံ အောက်စဖို့ဒ်တက္ကသိုလ်ဘွဲ့ရများဖြစ်၏။ ဌာနဆိုင်ရာလုပ်ငန်းကိုလည်း ခြုံငုံလေ့လာသိရှိထား၏။ နိုင်ငံခြားနှင့်ချုပ်ဆိုမည့် စာချုပ်စာတမ်းများကို ကိုယ်တိုင်ကိုယ်ကျ ရေးသားနိုင်၏။ ဌာနနှင့်ပတ်သက်၍ နိုင်ငံတကာလုပ်ထုံးလုပ်နည်းများကိုပါ နှံ့နှံ့စပ်စပ်သိရှိ၏။ ဝန်ကြီးဌာန၏ လုပ်ငန်းစီမံကိန်းများကိုလည်းကောင်း၊ဘဏ္ဍာရေးစီမံကိန်းကိုလည်းကောင်း၊ ဥပဒေသစ်များ ရေးဆွဲရာတွင်လည်းကောင်း၊ဦးဆောင်နိုင်စွမ်းရှိ၏။ သူ၏လက်အောက်ရှိ ဒုတိယအတွင်းဝန်နှင့် အတွင်းဝန်ကလေးတို့မှာ သူ၏အမွေကိုခံမည့် ဒေါင်ဒေါင်မည်အရာထမ်းများဖြစ်ကြ၏။ ဝန်ကြီးဌာနလက်အောက်ရှိ ဌာနအသီးသီးတွင် လုပ်ငန်းများကို တာဝန်ယူသောညွှန်ကြားရေးဝန်၊ မင်းကြီး၊ ဘုတ်အဖွဲ့ဥက္ကဋ္ဌ၊ အင်ဂျင်နီယာချုပ်၊ အမှုဆောင်အရာရှိချုပ် စသူများမှာလည်း သက်ဆိုင်ရာဌာန၏ လုပ်ငန်းများကို နိုင်နင်းကျွမ်းကျင်သော ပညာရှင် (Professional) များဖြစ်ကြ၏။

အမှန်စင်စစ် ပါလီမန်ဒီမိုကရေစီခေတ်တွင် ဝန်ကြီးနှင့် အတွင်းဝန်တို့သည် တစ်ဦးနှင့် တစ်ဦး အပြန်အလှန်ထိန်းကျောင်းမှု (Check and Balance) ရှိ၏။ ဝန်ကြီးသည် နိုင်ငံရေးကျွမ်းကျင်ပြီး ဝန်ကြီးဌာန၏ အုပ်ချုပ်မှု အာဏာပိုင်ဖြစ်၏။ အတွင်းဝန်သည် ပြည်သူ့ ဝန်ထမ်းဖြစ်ပြီး နိုင်ငံ့တာဝန်ကို ဦးဆွေးဆံမြည့်ထမ်းဆောင်မည့်သူဖြစ်၏။ နိုင်ငံရေးသမားနှင့် ပြည်သူ့ဝန်ထမ်းတို့ အပြန်အလှန်ထိန်းကျောင်းသော စနစ်ဖြင့် လုပ်ငန်းများကို လက်တွဲဖော်ဆောင်ကြခြင်းဖြစ်၏။

မ. ဆ. လခေတ်တွင် ၁၉၇၂ ခုနှစ် အုပ်ချုပ်ရေးစနစ်သစ်ပေါ်ပေါက်လာ၏။ ဝန်ကြီးသည် တပ်မတော်မှလာသူများဖြစ်လာ၏။ ဒုဝန်ကြီးသည်လည်း တပ်မတော်မှလာသူဖြစ်၏။ ဗဟိုဦးစီးစနစ်ဖြစ်၍ ၎င်းတို့ကို ပြန်လှန်ထိန်းကျောင်းမည့်သူကို လုံးဝအလိုမရှိပေ။ အတွင်းဝန်၊ ဒုတိယအတွင်းဝန်နှင့် အတွင်းဝန်ကလေးတို့ကို ဖယ်ရှားလိုက်၏။ ဝန်ကြီးရုံး၏ ရုံးအဖွဲ့မှူးဟူသော တပ်မတော်ပုံစံ (Staff Duty) ဆောင်ရွက်မည့် ရုံးလုပ်ငန်းတာဝန်ခံကို လစာနှုန်း ၈၀၀၊ ၄၀၊ ၁၀၀၀ အဆင့်သာပေးအပ်လိုက်၏။ အဓိကအရည်အချင်းမှာ ယုံကြည်စိတ်ချရမှုနှင့် ဦးစီးတာဝန်ဟု တပ်မတော်၌ခေါ်ဆိုသည့် ရုံးလုပ်ငန်းကျွမ်းကျင်မှုသာဖြစ်၏။ ‘ခေါ်ရင်သွား၊ ခိုင်းတာလုပ်၊ ခံမပြောနဲ့’ ဟူသော ‘ခ’ သုံးလုံးကိုလည်း ဦးထိပ်ထားရ၏။ ဝန်ကြီးဌာနအလုပ်နှင့် ဝန်ကြီးရုံးအလုပ်ဟု နှစ်ပိုင်းခွဲပြီး ပထမပိုင်းကို ဝန်ကြီးနှင့်ဒုဝန်ကြီးက တာဝန်ယူ၏။ ရုံးအဖွဲ့မှူးကား ဒုတိယအလုပ်ကိုသာလျှင် အဓိကတာဝန်ယူရလေတော့၏။

ထိုအခါမှစ၍ ပါလီမန်ဒီမိုကရေစီခေတ်က အတွင်းဝန်နှင့် ရုံးအဖွဲ့မှူးတို့မှာ ဆီနှင့်ရေလိုခြားနားလာခဲ့လေသည်။ ဝန်ကြီးနှင့် ဒုဝန်ကြီးတို့က တပ်မတော်မှရောက်လာပြီး အရပ်ဘက်လုပ်ငန်းကို ‘မုဆိုးစိုင်သင်’ လုပ်ကြ၏။ သူတို့ခမျာ လက်အောက်ကိုအားကိုး၍လည်း မရ၊ ညွှန်ကြားရေးမှူးချုပ်ကလည်း တပ်မတော်မှ၊ ဒုညွှန်ချုပ်ကလည်း တပ်မတော်မှ၊ ညွှန်ကြားရေးမှူးနှင့် ဒုညွှန်ကြားရေးမှူး စသည်တို့ကလည်း တပ်မတော်မှ။ ရှေ့မီနောက်မီ လုပ်ငန်းနားလည်သူ အရပ်သား လက်ထောက်ညွှန်ကြားရေးမှူးများကိုသာ အားပြုကြရ၏။ တပ်မတော်အရာရှိများတွင် ဉာဏ်ပညာထက်မြက်ပြီး လုပ်ရည်ကိုင်ရည်ရှိသူအချို့လည်း ပါဝင်ကြောင်းတွေ့ရ၏။ အများအားဖြင့် မသိသူနှင့် မတတ်သူတို့ အကြားတွင် ဝန်ကြီးရုံး၊ ရုံးအဖွဲ့မှူးကလည်း အလုပ်ဖြစ်အောင် စခန်းသွားနေခဲ့ကြရှာလေသည်။ ဤသို့ဖြင့် အမြင့်ဆုံး အုပ်ချုပ်မှုအဖွဲ့အစည်းဖြစ်သော ဝန်ကြီးဌာနများ၏ လုပ်ရည်ကိုင်ရည်မှာ တဖြည်းဖြည်းကျဆင်းလာသည်ကိုတွေ့ရ၏။ အထူးသဖြင့် ဝန်ကြီးဌာန အတွင်း Check and Balance စနစ်လည်းမရှိတော့ပေ။

ထို့အပြင် ယခင်က နယ်ဘက်ဝန်ထမ်းလောက၌ ရုံးအကူမှ အရာထမ်းအဆင့်ရာထူးများအလိုက် အရည်အချင်းသတ်မှတ်ချက်များ အသေးစိတ်ပြဋ္ဌာန်းထား၏။ အင်္ဂလိပ်ဘာသာဖြင့် Qualification Sheet ဟုခေါ် ပြီး အတိုကောက် Q-Sheet ဟုခေါ်၏။ န. အ. ဖ လက်ထက်တွင် အဆိုပါ Q-Sheet ကို အလေးအနက်မထားတော့ပေ။ ကိုယ့်လူကိုယ်ရာထူးပေး၍ရအောင် အမိန့်အာဏာဖြင့် လွှမ်းမိုးခဲ့ကြသည်ကိုတွေ့ရှိရ၏။

ထို့မျှမက ဝန်ထမ်းများရာထူးတိုးမြှင့်ရေးအလို့ငှာ ‘လျှို့ဝှက်အရည်အချင်း၊အကဲဖြတ်မှတ်တမ်း’ (Confidential Report) ကို အမှုထမ်းများအတွက် အနက်ရောင်စာလုံးပုံစံ၊ အရာထမ်းများအတွက် အပြာရောင်စာလုံးပုံစံဖြင့် နှစ်စဉ်အထက်အရာရှိက လျှို့ဝှက်မှတ်တမ်းတင် လက်မှတ် ရေးထိုးပြီး ဌာနကြီးမှူးထံတင်ပြကြရ၏။ ရာထူးတိုးမြှင့်ရေးအတွက် တစ်ဦးနှင့်တစ်ဦး ယှဉ်ပြိုင်ကြရာတွင် နှစ်စဉ် အရည်အချင်းအကဲဖြတ်မှတ်တမ်းကိုပါ သုံးသပ်၍ အမှတ်ပေးရ၏။ အရည်အချင်း အကဲဖြတ်ချက်အရ ကိုယ့်လူကည့်နေလျှင် ဆွဲတင်၍ မရမည်ကိုစိုးရိမ် သဖြင့်အဆိုပါစနစ်ကိုလည်း ဖျက်သိမ်းခဲ့ပြန်၏။

မျက်မှောက်ကာလ ဒီမိုကရေစီခေတ်သစ်ကြီးတွင် ပြည်ထောင်စုအဆင့်ဝန်ကြီးဌာနများမှ ရုံးအဖွဲ့မှူးများကို ရှေးယခင်က အတွင်းဝန်များကဲ့သို့ အရည်အချင်းမြင့်မားစေလိုပါသည်။ ‘အမိန့်ချမှတ်နိုင်ရန် တင်ပြပါသည်’ ဟူသော အဆင့်ထက်ကျော်လွန်၍ လုပ်ပိုင်ခွင့်နှင့် အဆုံးအဖြတ် ပေးနိုင်ခွင့်လည်း ရှိကြစေလိုပါသည်။ ထိုအခါမျက်မှောက်ခေတ်တွင် များပြားလှစွာသော ဝန်ကြီး ၃၆ ဦး၊ ဒုဝန်ကြီး ၆၀ ဦး စုစုပေါင်း ၉၆ ဦးကိုလည်း အထိုက်အလျောက် လျှော့ချနိုင်မည်ဖြစ်၏။ ထိုင်းနိုင်ငံတွင် ဝန်ကြီးချုပ်၊ ဒုဝန်ကြီးချုပ်အပါအဝင် ၃၈ ဦး၊ ဗီယက်နမ်တွင် ၂၃ ဦး၊ အိန္ဒိယတွင် ၅၀ ဦး စသည်တို့ထက် များစွာပိုမိုနေသော ပြည်ထောင်စု အစိုးရအဖွဲ့၏ဝန်ကြီး၊ ဒုဝန်ကြီး ဦးရေလျှော့ချရေးကိစ္စကိုရုံးအဖွဲ့မှူးများ၏ "Capacity Building" နှင့် ယှဉ်တွဲစဉ်းစားစေချင်ပါသည်။

အတွင်းဝန် (Secretary) ရာထူးနှင့်ပတ်သက်၍ အခြားနိုင်ငံများ၏ ဝန်ကြီးဌာနဖွဲ့စည်းပုံကို လေ့လာကြည့်ရာတွင် စင်ကာပူနိုင်ငံ၌ဝန်ကြီးလက်အောက်တွင် အမြဲတမ်းအတွင်းဝန် (Permanent Secretary)ရာထူးရှိ၏။ မလေးရှား၌ ဒုဝန်ကြီး လက်အောက်အတွင်းဝန်ချုပ် (Secretary General) နှင့် ဒုအတွင်းဝန်ချုပ် (Deputy Secertary General) ရှိ၏။ အိန္ဒိယတွင်လည်းအတွင်းဝန်ရာထူးမှာလွတ်လပ်ရေးရသည့်အချိန်မှ ယနေ့အထိရှိ၏။ စာရေးသူ သိရှိသမျှ မြန်မာနိုင်ငံတွင်သာ ရှိမည်ထင်သောနိုင်ငံရေးသမားလည်း မဟုတ်၊ လွှတ်တော်ကိုယ်စားလှယ်လည်း မဟုတ်၊ ဝန်ထမ်းလည်း မဟုတ်သည့် ဝန်ကြီး၊ ဒုဝန်ကြီးတို့၏လက်အောက်တွင် ရုံးအဖွဲ့မှူးများမှာလည်း ဘာမဟုတ်ညာမဟုတ် စာရေးကြီးပါပဲဗျာဟု ဝေဖန်ပြောဆိုခံရခြင်းမှ လုံးဝလွတ်ကင်းကြစေချင်ပါသည်။ နိဂုံးချုပ်အားဖြင့် ရုံးအဖွဲ့မှူးဆိုသည်မှာ ဗဟိုဦးစီးစနစ်ကို ကျင့်သုံးသော ဆိုရှယ်လစ်ခေတ်အတွက် တီထွင်ခဲ့သော ရာထူးသာဖြစ်ပြီး အတွင်းဝန်ဆိုသည်မှာ ဒီမိုကရေစီစနစ်နှင့် လိုက်လျောညီထွေရှိသော ရာထူးဖြစ်ပါသည်။ ဒီမိုကရေစီခေတ် ပြည်ထောင်စုအစိုးရဝန်ကြီးဌာနတွင်ဆိုရှယ်လစ်အမွေခံရာထူးနှင့်ဖွဲ့စည်းပုံကိုဆက်လက်ရှင်သန်ခွင့်မပြုသင့်တော့ကြောင်း တင်ပြလိုက်ရပါသတည်း။ ။

## Super Seven Stars Co.,Ltd

No,22B,23A,Kabar Aye PagadaRoad,Yankin Township,Yangon.Ph: 657866,657867
kiahr@supersevenstars.com.mm, Facebook:facebook.com/KIA Myanmar

(ကမ္ဘာ့အေးရုံးချုပ်တွင်တာဝန်ထမ်းဆောင်ရန်)

**1. Network/System Engineer (Junior) - *M(4) Posts***
Must have basic knowledge on AD,DNS,RAIDUS,WDS,DHCP,DFS,File Server,Group Policy,Email Server, Linux, Virtualization, VM technologies, Can use Microsoft Word, Power Point, Visio, Outlook, Troubleshoot and Maintain client and Backup System, Mush have strong knowledge on LAN, WAN, Wireless, Troubleshoot and Maintain Wireless and LAN, Must have basic knowledge on Cisco routing and switching,CCTV,VPNandMPLS University Degree, Age between (19-23).Can work closely with other departments. Able to work and live in a remote area. Can travel when necessary

**2. M&E Enginer - *M(3) Posts***
A.G.T.I,B.Tech,B.E(Mechanical/Electrical) At least one yaerexperience.

**3. Sernior Accountant/Accountant - F(3) Posts**
B.Com, CPA / B.A(Eco) Level (III)အောင်ပြီးသူဖြစ်ရမည်။

**4. Office Staff - *M/F(5) Posts***
At least one yaer experience.Agebetween (20to30).AnyGraduate.Fluent in English, Computer Knowleadge (Microsoft office, Excel, Page Maker, Internet e-mail)

**5. Sales and Marketing - *M/F(10) Posts***
Able to work independently.Montivated and good working attitude.Able to work as a team Overseas experience is an advantage. Salary plus high commission. Training Provided.

**6. Driver - *M(10) Posts***
Al least one year driving experience.Possess valid Myanmar Driving License.Familiar with Yangon roads.Attentive, reliable, punctual and good working attiude.Able to speak English.Red(E)Driving License Advantage.High Starting Pay.

**7. သန့်ရှင်းရေး (သို့)ကားရေဆေး - *M(3) Posts***

(ရွာသာကြီးစက်ရုံတွင်တာဝန်ထမ်းဆောင်ရန်)

**1. Project /Production Engineer - M/F(6) Posts**
ME,BE,B.Tech,AGTI(Mechanical,Electrical) ဖြစ်ရမည်။ Project, Planing, Production Control, Q.C Management, Microsoft Office, Auto CAD (2D,3D) နှင့် Internet&Email အသုံးပြုနိုင်ရမည်။English 4Skills ကျွမ်းကျင်ရမည်။

**2. Adimin Supervisor - M/F(3) Posts**
Leader Ship Skill နှင့်စီမံခန့်ခွဲနိုင်သည့်အရည်အချင်းရှိရမည်။

**3. Sernior Accountant - F(5) Posts**
B.Com, CPA လက်မှတ်ရှိသူဖြစ်ရမည်။

**4. Store Accountant - F(5) Posts**
B.A(Eco), LCCI (I,II) အောင်မြင်ပြီးသူဖြစ်ရမည်။

**5. Cashier - F(5) Posts**
ဘွဲ့ရ LCCI (I,II) အောင်မြင်ရမည်။

**6. Office Staff /Computer Operator - M/F(10) Posts**
Microsoft office, Excel, Page Maker, Internet e-mail ကျွမ်းကျင်စွာသုံးတတ်ရမည်။

**7. Receptionist - M(5) Posts**
အသက်(၂၀/၂၅)နှစ်အတွင်းဖြစ်ရမည်။ရုပ်ရည်ချောမောပြေပြစ်ရမည်။

(သဃ်န်းကျွန်းဆားဗစ်စင်တာတွင်တာဝန်ထမ်းဆောင်ရန်)

1. ကားစက်ပြင်ဆရာ - M(10) Posts
2. ကားAircon ပြင်ဆရာ - M(3) Posts
3. Store Keeper - M(3) Pos ts
4. Driver - M(1) Posts

လျှောက်ထားလိုသူများသည် ကိုယ်ရေးရာဇဝင်၊ ပညာအရည်အချင်းထောက်ခံချက်၊(၃)လအတွင်းရိုက်ကူးထားသော ဓါတ်ပုံ(၂)၊ မှတ်ပုံတင်မိတ္တူ၊ ရဲစခန်း/ ရပ်ကွက်ထောက်ခံချက်မိတ္တူ၊ သန်ခေါင်စာရင်းမိတ္တူ၊ အလုပ်သမားမှတ်ပုံတင်မိတ္တူ အပြည့်အစုံနှင့်အတူအောက်ပါလိပ်စာသို့ကြော်ငြာပါသည့်ရက်မှ နှစ်ပတ်အတွင်းပေးပို့ လျှောက်ထားနိုင်သည်။

## (၁) နှစ်ပြည့် မွေးနေ့ဆုတောင်း

ဖားကန့်မြို့နယ်၊ စပေါ့ကျေးရွာနေ
ဖေဖေဦးအောင်မိုး+မေမေဒေါ်အေလွန်း(ခ)နန်းအေးနွယ်
တို့၏သားသား



**စိုင်းဟန်နွမ်(ခ)စိုင်းခန့်ဇေယျာ**



၏
(၁၃-၁၁-၂၀၁၃) နေ့တွင်ကျရောက်သော
(၁)နှစ်ပြည့်မွေးနေ့မှသည် နောင်နှစ်ပေါင်း(၁၂၀)တိုင်
ပျော်ရွှင်ချမ်းမြေ့လိုရာဆန္ဒပြည့်ဝနိုင်ပြီး ထူးချွန်ထက်မြက်သော
သားကောင်းရတနာဖြစ်ပါစေကြောင်းဆုမွန်တောင်းလိုက်ပါသည်။
ဖိုးဖိုး+ဖွားဖွား၊ ဖေဖေ+မေမေ၊ ဘကြီး၊ ကြီးကြီး နှင့် မိသားစုများ

## နောင်ရိုးနည်းပညာများကုမ္ပဏီလီမိတတ်

၁။ **Project Manager** ကျား (၁)ဦး
**M.E,B.E,(EP,EC,IT)**ဘွဲ့ရ ပြီးသူဖြစ်ရမည်။အသက်(၃၀) နှစ်နှင့်အထက်ဖြစ်ရမည်။လုပ်ငန်းအတွေ့အကြုံ (၃) နှစ် နှင့်အထက် ရှိ၍ နည်းပညာများအားစီမံခန့်ခွဲ နိုင်သူဖြစ်ရမည်။**Project**အားကောင်းမွန်စွာစီမံခန့်ခွဲနိုင်သူဖြစ်၍တာဝန်ခံနိုင်ရမည်။**English** နှင့် **Computer**ကောင်းစွာပြောဆိုအသုံးချနိုင်သူဖြစ်ရမည်။

၂။ **Marketing Manager** ကျား (၁)ဦး
**BE(EP,EC)**ဘွဲ့ရနှင့် **Marketing Diploma**တတ်ရောက်အောင်မြင်ပြီးသူဖြစ်ရမည်။လုပ်ငန်းသဘောအရနည်းပညာများနှင့် **IT** ပညာရပ်များအားကောင်းမွန်စွာ သိရှိနားလည်ရမည်။**English** နှင့်**Computer** ကောင်းစွာပြောဆိုအသုံးချနိုင်သူဖြစ်ရမည်။

၃။ **Technician** ကျား (၅)ဦး
**AGTI** နှင့် ရိုးရိုး ဘွဲ့ ရသူများလျှောက်ထားနိုင်သည်။ နည်းပညာကိုစိတ်ဝင်စား၍ လေ့လာသင်ယူနိုင်သူဖြစ်ရမည်။လုပ်ငန်းတွေ့အကြုံ(၁)နှစ်ရှိရမည်၊

* အမှတ်စဉ်အားလုံးအတွက်လျှောက်ထားလိုသူများသည်ခရီးသွားလာနိုင်သူ ဖြစ်ရမည်၊လိုအပ်ပါက နေပြည်တော်နှင့် မန္တလေးရုံး များသို့သွားရောက်တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်၊အတွေ့အကြုံရှိသူ ဦးစားပေးမည်။ လျှောက်ထားလိုသူများသည်**CV Form**၊ဓါတ်ပုံ(၂)ပုံ၊နိုင်ငံသားမှတ်ပုံတင်၊ သန်းခေါင်စာရင်း၊ပညာအရည်အချင်းအထောက်အထားမိတ္တူတို့နှင့်အတူ ကြော်ငြာပါသည့် နေ့မှစ၍(၁၅)ရက်အတွင်းအမှတ်(၁၁၀)၊ဝေဇယန္တာလမ်း၊ တောင်ဥက္ကလာပမြို့နယ်သို့ လူကိုယ်တိုင်လာရောက် လျှောက်ထားနိုင်ပါသည်။
➤ ဖုန်းနံပါတ်-၀၁-၈၅၀၀၃၃၇၊၀၁-၅၆၆၅၀၃၊၀၉-၇၃၀၁၇၇၇၇။

Environment
7 DAY NEWS JOURNAL
Vol.12, No.37 • NOVEMBER 20 , 2013



*ရှမ်းပြည်နယ်ရှိ အင်းလေးကန်အနီးရှိ တောင်တန်းအားတွေ့ရစဉ်*
ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

# အင်းလေးကန် အနောက်မြောက်ဘက် တောင်တန်းဒေသဖွံ့ဖြိုးရေး သုံးနှစ်စီမံကိန်းဖြင့် ဖော်ဆောင်မည်

**နိုင်နိုင်စိုး**

**ရန်ကုန်၊ နိုဝင်ဘာ-၁၆**

အပြည်ပြည်ဆိုင်ရာတောင်တန်းဒေသများဖွံ့ဖြိုးရေးအဖွဲ့(ICIMOD) မှအင်းလေးကန်အနောက်မြောက်ဘက်ရှိတောင်တန်းဒေသတွင် သုံးနှစ်စီမံကိန်းဖြင့်ဖွံ့ဖြိုးရေးလုပ်ငန်းများဖော်ဆောင်မည်ဟု သတင်းရရှိသည်။

အဆိုပါဒေသဖွံ့ဖြိုးရေးလုပ်ဆောင်နိုင်ရန် (ICIMOD) နှင့်အခြားအဖွဲ့အစည်းများဖွံ့ဖြိုးရေးလုပ်ငန်းများကို ၂၀၁၃မှ ၂၀၁၅အထိ သုံးနှစ်စီမံကိန်းဖြင့်လုပ်ဆောင်သွားမည်ဟုအင်းလေးကန်ဘေးမဲ့တောအုပ်ချုပ်ရေးမှူးဦးစိန်ထွန်းက ပြောသည်။

"အင်းလေးကန်တောင်တန်းဒေသမှာ ဖွံ့ဖြိုးရေးလုပ်ငန်းတွေလုပ်ဖို့ ကနဦးလုပ်ငန်းစဉ်တွေကိုတော့ စလုပ်နေပြီ။ (ICIMOD) အပြင် အခြားအဖွဲ့အစည်းတွေလည်းပါတယ်" ဟု ဦးစိန်ထွန်းက ပြောသည်။

အင်းလေးကန်တောင်တန်းဒေသတွင်တောင်ပေါ်တောထိန်းသိမ်းရေးလုပ်ငန်းများ၊ တောင်တန်းဒေသရှိဒေသခံများ၏အခြေခံလိုအပ်ချက်များနှင့် လူနေမှုဘဝလုပ်ငန်းစဉ်များဖွံ့ဖြိုးတိုးတက်ရေး၊ အင်းလေးကန်ရေဝေရေလဲဒေသနှင့် သစ်တောစိုက်ခင်းများ၊ အစုအဖွဲ့ပိုင်သစ်တောစိုက်ခင်းများနည်းစနစ်မှန်ကန်စွာစိုက်ပျိုးနိုင်ရေး၊ ယင်းဒေသခရီးသွားလုပ်ငန်းများမြှင့်တင်ရေးတို့ကို စီမံကိန်းကာလတွင်လုပ်ဆောင်သွားမည်ဟု ဆိုသည်။

လက်ရှိတွင် အင်းလေးကန်ထိမ်းသိမ်းရေးအတွက်သစ်တောရေးရာဝန်ကြီးဌာနကရေးဆွဲထားသော ငါးနှစ်စီမံကိန်း ဆောင်ရွက်ရမည့် လုပ်ငန်းများအနက် နော်ဝေးနိုင်ငံမှ ထောက်ပံ့ကူညီသည့် ဒေါ်လာနှစ်သန်းနှင့် (UNDP) မှ ဒေါ်လာခြောက်သိန်းဖြင့် ၂နှစ် စီမံကိန်းချမှတ်၍ ထိန်းသိမ်းရေးလုပ်ငန်းအချို့ကို အကောင်အထည်ဖော်ဆောင်ရွက်နေသည်။

# ပတ်ဝန်းကျင်ထိခိုက်မှု စစ်တမ်းလုပ်ဆောင်ပေးသည့် ကြားခံကုမ္ပဏီ နှစ်ဆယ်ကျော်ရှိနေ

**အိဖြူမွန်**

**ရန်ကုန်၊ နိုဝင်ဘာ-၅**

စီမံကိန်းများ အကောင်အထည်ဖော်ရာတွင် ပတ်ဝန်းကျင်ထိခိုက်မှုစစ်တမ်း လုပ်ဆောင်ပေးမည့် ပညာရှင်များ ပါဝင်သော ကြားခံကုမ္ပဏီများမှာ တစ်နိုင်ငံလုံးတွင် ၂၁ ဖွဲ့ရှိကြောင်း ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးနေအေးက ပြောကြားသည်။

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနည်းဥပဒေထွက်ရှိလာပါက စီမံကိန်းများသည် ပတ်ဝန်းကျင်ထိခိုက်မှုစစ်တမ်း ပြုလုပ်ရမည်ဖြစ်ရာ ၎င်းတို့ကို လုပ်ဆောင်ရမည့် ကြားခံကုမ္ပဏီများသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနသို့ လိုင်စင်လျှောက်ရမည်ဖြစ်သည်။

"နည်းဥပဒေက Draft အဆင့်ပဲရှိသေးတော့ ဒီကုမ္ပဏီတွေကလိုင်စင်လုပ်စရာမလိုသေးဘူး။ နောက်ပိုင်းကျရင်လိုင်စင်လျှောက်ထားရမယ်" ဟု အထက်ပါပုဂ္ဂိုလ်က ပြောသည်။

အထူးစီးပွားရေးဇုန်များ၊ သယံဇာတတူးဖော်ရေးလုပ်ငန်းများနှင့်ဓာတုပစ္စည်း သုံးကုန်ထုတ်လုပ်ငန်းများ ပါဝင်သော လုပ်ငန်းအမျိုးအစားပေါင်း ၂၇၂ မျိုးသည် ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်းနှင့် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း (Environmental Impact Assessment) မဖြစ်မနေ လုပ်ဆောင်ရမည်ဖြစ်ကြောင်း ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း(မူကြမ်း)တွင် ဖော်ပြထားသည်။

ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်း (EIA) လုပ်ထုံးလုပ်နည်းအရ အထူးရင်းနှီးမြှုပ်နှံမှုစီမံကိန်းများ၊ စွမ်းအင်ကဏ္ဍဖွံ့ဖြိုးရေး စီမံကိန်းများ၊ စိုက်ပျိုးရေးနှင့် သစ်တောရေးရာဖွံ့ဖြိုးရေးစီမံကိန်းနှင့် စက်မှုကဏ္ဍ ဖွံ့ဖြိုးရေးစီမံကိန်းတွင် အစားအစာနှင့် အဖျော် ယမကာ၊ သစ်အခြေခံပစ္စည်းများနှင့် ဓာတုပစ္စည်း၊ အိမ်သုံးပစ္စည်း၊ သတ္တုစက်ပစ္စည်းနှင့် လျှပ်စစ်ပစ္စည်းများ ပါဝင်သည်။

ထို့အပြင် ယာဉ်များ၊ ရေပေးဝေရေး၊ အခြေခံအဆောက်အအုံနှင့် ဝန်ဆောင်မှုဖွံ့ဖြိုးရေး လုပ်ငန်း စီမံကိန်းများ၊ ပို့ဆောင်ရေး၊ သတ္တုတူးဖော်ရေး လုပ်ငန်းနှင့် ထုတ်လုပ်ရေးလုပ်ငန်း၊ လူမှုရေးဆိုင်ရာ လုပ်ငန်းများအောက်တွင် ပါသည့် စုစုပေါင်း ၂၇၂ မျိုးသည် ဝန်ကြီးဌာနက လုပ်ထုံးလုပ်နည်းအရ သတ်မှတ်ထားသော အရွယ်အစား၊ အမျိုးအစား သတ်မှတ်ချက်ပေါ် မူတည်ပြီး ကနဦးပတ်ဝန်းကျင် ဆန်းစစ်ခြင်းနှင့် ပတ်ဝန်းကျင် ထိခိုက်မှုဆန်းစစ်ခြင်း မဖြစ်မနေ လုပ်ဆောင်ရမည် ဖြစ်သည်။

ယခင်က ရင်းနှီးမြှုပ်နှံမှုကော်မရှင်တွင် ခွင့်ပြုထားသော စီမံကိန်း အမျိုးအစား ၃၀ သည် ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်း စစ်တမ်းနှင့်လူမှုစီးပွားရေး ဆန်းစစ်ခြင်း စစ်တမ်းများပြုလုပ်ရမည် ဖြစ်သည်။

## အစိမ်းရောင်ကွန်ရက်တတိယအကြိမ်တွေ့ဆုံပွဲ ဘားအံတွင်ပြုလုပ်မည်

**နိုင်နိုင်စိုး**

**ရန်ကုန်၊ နိုဝင်ဘာ-၁၆**

သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအကြောင်းအရာများ ဆွေးနွေးမည့် မြန်မာအစိမ်းရောင်ကွန်ရက်၏ တတိယအကြိမ်မြောက် နိုင်ငံလုံးဆိုင်ရာတွေ့ဆုံပွဲကို ဒီဇင်ဘာ ပထမပတ်တွင် ကရင်ပြည်နယ်၊ ဘားအံမြို့၌ ပြုလုပ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

တတိယအကြိမ်မြောက် နိုင်ငံလုံးဆိုင်ရာ တွေ့ဆုံပွဲကို မြန်မာနိုင်ငံတစ်နိုင်ငံလုံးရှိပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ဆောင်နေသည့် အဖွဲ့အစည်း ၂၀၀ ခန့်နှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးပညာရှင်များတက်ရောက်ကြမည်ဖြစ်ပြီး ဒီဇင်ဘာ ၂ရက်မှ ၅ရက်အထိ ကရင်ပြည်နယ်၊ ဘားအံမြို့၊ သုမေဓရာမဘုန်းတော်ကြီးကျောင်း၌ ပြုလုပ်သွားမည်ဖြစ်ကြောင်း စပက်ထရမ် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့မှ ဒေါ်မေဇင်သော်က ပြောသည်။

"ဘားအံကလည်း ဆည်တွေနဲ့ ပတ်သက်နေတယ်။ ပညာရှင်တွေကိုခေါ်ပြီး ဆွေးနွေးခြင်းအားဖြင့် ဒေသတွေမှာရှိတဲ့ ပြဿနာ၊ အခက်အခဲတွေကို ဘယ်လိုဖြေရှင်းလို့ရမလဲ။ ပြီးတော့ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနဲ့ပတ်သက်တဲ့ အကြောင်းအရာတွေကို ချိတ်ဆက်ဆောင်ရွက်နိုင်မယ်" ဟု ဒေါ်မေဇင်သော်က ပြောသည်။

တတိယအကြိမ်မြောက် နိုင်ငံလုံးဆိုင်ရာ တွေ့ဆုံပွဲတွင် သစ်တောပြုန်းတီးမှု၊ ရေအားလျှပ်စစ်ဆည်များ၊ ရာသီဥတုပြောင်းလဲခြင်းဆိုင်ရာ အကြောင်းအရာများ၊ သတ္တုတွင်း စသည့် သဘာဝပတ်ဝန်းကျင်ကိစ္စရပ်များကို ပညာရှင်များ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့အစည်းများနှင့် ဒေသခံများက အပြန်အလှန်ဆွေးနွေးကြမည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောသည်။

တတိယအကြိမ်မြောက် နိုင်ငံလုံးဆိုင်ရာ တွေ့ဆုံပွဲကို မြန်မာအစိမ်းရောင်ကွန်ရက်၊ Spectrum နှင့် Rain Forest Foundation တို့ ပူးပေါင်း ပြုလုပ်ခြင်းဖြစ်ပြီး ပထမအကြိမ် နိုင်ငံလုံးဆိုင်ရာ တွေ့ဆုံပွဲကို ၂၀၁၁ မှစတင်၍ ပြင်ဦးလွင်မြို့၌ပြုလုပ်ခဲ့၍ ၂၀၁၂ တွင် ပုပ္ပားတောင်၌ ပြုလုပ်ခဲ့ကြောင်း သတင်းရရှိသည်။



# Tourism

7 DAY NEWS JOURNAL

Vol.12, No.37 • NOVEMBER 20 , 2013


# လာမည့် ခုနစ်နှစ်အတွင်း နိုင်ငံခြားခရီးသည် ခုနစ်သန်းခွဲရောက်ရှိရေး ဆောင်ရွက်မည်

**ခန့်ထက်**

**ရန်ကုန်၊ နိုဝင်ဘာ-၁၆**

ဝင်ပေါက်အသီးသီးမှ နိုင်ငံခြားသားခ ရီးသည် ဝင်ရောက်မှုမှာ ယခုနှစ် ဆယ်လတာ ကာလအတွင်း ၁ ဒသမ ၆ သန်းကျော်ရှိနေပြီး ယမန်နှစ်က ဝင်ရောက်ခဲ့သော အရေအတွက်ကို စက်တင်ဘာတွင်ပြည့်မီခဲ့ကြောင်း ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာနမှ သတင်းရရှိသည်။

မြန်မာနိုင်ငံသို့ နိုင်ငံခြားသားခရီးသည် ဝင်ရောက်မှုမှာ ဇန်နဝါရီမှ အောက်တိုဘာလကုန်အထိ စုစုပေါင်း ၁ ဒသမ ၆ ကျော်ရှိနေပြီဖြစ်ကြောင်း ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး ဦးဌေးအောင်က နိုဝင်ဘာ ၁၅ ရက်တွင် ပြောကြားသည်။

ယခုနှစ်ကုန်တွင်မြန်မာနိုင်ငံအတွင်းသို့ ဝင်ပေါက်အသီးသီးမှ နိုင်ငံခြားသား ခရီးသည်ဝင်ရောက်မှုမှာ နှစ်သန်းအထိရှိမည်ဟု ခန့်မှန်းကြောင်း ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ဦးအောင်ဇော်ဝင်းက ပြောသည်။

ပြည်ပမှ လေကြောင်းလိုင်း ၂၄ လိုင်းပုံမှန်ဆင်းသက်နေသော ရန်ကုန်လေဆိပ်ဝင်ပေါက်တစ်ခုတည်းမှာပင် နိုင်ငံခြားသားခရီးသည် ဝင်ရောက်မှုမှာ ငါးသိန်းကျော်ရှိနေပြီး နေ့စဉ်ပျမ်းမျှဦးရေ နှစ်ထောင်ကျော်ဝင်ရောက်နေကြောင်း ရန်ကုန်လေဆိပ်၏ စာရင်းများအရ သိရသည်။

"မြန်မာနိုင်ငံအကြောင်းကို နိုင်ငံတကာက သိရှိနိုင်အောင် ယခုနှစ်အတွင်း ဘီဘီစီ၊ စီအင်န်အင်န်၊ စီအင်န်အေစတဲ့ သတင်းဌာနတွေက ထုတ်လွှင့်နိုင်ရေး ဆောင်ရွက်ခဲ့ပါတယ်" ဟု ပြည်ထောင်စုဝန်ကြီး ဦးဌေးအောင်က ပြောသည်။

နိုင်ငံခြားသားခရီးသည်ဝင်ရောက်မှုမြင့်တက်လာသော မြန်မာနိုင်ငံတွင် ခရီးသွားလုပ်ငန်းပင်မစီမံကိန်းကို နော်ဝေးနိုင်ငံအကူအညီဖြင့် ရေးဆွဲပြီးဖြစ်ရာ စီမံကိန်း ၃၈ ခုဖြင့် ခရီးသွားလုပ်ငန်းမြှင့်တင်ဆောင်ရွက်မည်ဖြစ်ပြီး ၂၀၁၃ မှ ၂၀၂၀ ပြည့်နှစ်အတွင်း နိုင်ငံခြားသားဧည့်သည်ခုနစ်သန်းခွဲကျော်ဝင်ရောက်နိုင်ရန်အတွက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ညွှန်ကြားရေးမှူးချုပ် ဦးအောင်ဇော်ဝင်းက ပြောသည်။

# ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးရန် လူဇင်ဘတ် ယခုနှစ်ကုန် စတင်ဆောင်ရွက်မည်

**ခန့်ထက်**

**ရန်ကုန်၊ နိုဝင်ဘာ-၁၆**

မြန်မာ့ခရီးသွားလုပ်ငန်း ပင်မစီမံကိန်းအရ ဆောင်ရွက်မည့် စီမံကိန်း၃၈ခုအနက်လူဇင်ဘတ်နိုင်ငံမှကူညီထောက်ပံ့မည့်လူ့စွမ်းအားအရင်းအမြစ်ဆိုင်ရာ လုပ်ငန်းရပ်များ ယခုနှစ်ကုန်တွင် စတင်ဆောင်ရွက်မည်ဖြစ်ကြောင်း ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီးက ပြောကြားသည်။

မြန်မာ့ ခရီးသွားလုပ်ငန်း ပင်မစီမံကိန်းကို နော်ဝေး နိုင်ငံအစိုးရ၏ အကူအညီဖြင့် အပြီးသတ်ရေးဆွဲပြီဖြစ်ရာယခုနှစ်ကုန်ပိုင်းတွင် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် စတင်မည်ဖြစ်ပြီး ဆောင်ရွက်ရာတွင် နိုင်ငံခြားသား ခရီးသည်များ အဝင်အထွက်များသော နယ်မြေများ၌ အဓိကထားဆောင်ရွက်မည်ဖြစ်ပြီး ရေးဆွဲပြီးသော ခရီးသွားပင်မ စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် နည်းပညာပိုင်းများ လိုအပ်မှု၊ ငွေကြေးများ လိုအပ်မှုများ ရှိနေသောကြောင့် နိုင်ငံတကာမှ ပညာရှင်များအား ဖိတ်ခေါ်ကာ စီမံကိန်းများ ချပြဆွေးနွေးမှုကို ပြီးခဲ့သည့် စက်တင်ဘာလက ပြုလုပ်ခဲ့သည်။

ခရီးသွား လုပ်ငန်းဆိုင်ရာ ဘာသာရပ် သင်ကြားနေသော ကျောင်းသား၊ ကျောင်းသူများအတွက် လက်တွေ့ကွင်းဆင်းလေ့လာမှုများ ပြုလုပ်ရန် ဝန်ကြီးဌာနမှ ကူညီဆောင်ရွက်ပေးမည်ဖြစ်ပြီး ပြည်ပအဖွဲ့အစည်းများကလည်း ထိရောက်စွာအကူအညီပေးမည်ဖြစ်ကြောင်း ပြည်ထောင်စုဝန်ကြီးဦးဌေးအောင်က အမျိုးသားစီမံခန့်ခွဲမှု ပညာကောလိပ်ရှိ ခရီးသွားလုပ်ငန်းဆိုင်ရာ ဘာသာရပ်သင် ဆရာများနှင့် တွေ့ဆုံစဉ် ပြောကြားသည်။

ဝန်ကြီးဌာနသည် နိုဝင်ဘာ ၁၅ ရက်တွင် ဥရောပနိုင်ငံများနှင့် ခရီးသွားလုပ်ငန်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုအဖြစ် ရေရှည်တည်တံ့မှုရှိသော တာဝန်သိ ခရီးသွားလုပ်ငန်းမြှင့်တင်နိုင်ရေးအတွက် ခရီးသွားနယ်ပယ်အတွင်း ပူးပေါင်းပါဝင်ရန်အတွက် သဘောတူစာချုပ် လက်မှတ်ရေးထိုးခဲ့သည်။

ခရီးသွားလုပ်ငန်းပင်မ စီမံကိန်းကို ယခုနှစ်တွင် စတင်ကာ ဆောင်ရွက်နေပြီး စီမံကိန်းအချို့ကို ရေတိုစီမံချက်အဖြစ် ၂၀၁၅ ခုနှစ်အထိ ဆောင်ရွက်မည်ဖြစ်ပြီး စီမံကိန်းရေရှည်စီမံကိန်းအဖြစ် ၂၀၂၀ ပြည့်နှစ်အထိ ဆောင်ရွက်မည်ဖြစ်ကြောင်း ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ဦးစီးဌာနမှ သတင်းရရှိသည်။



*ပုဂံဘုရားစေတီပုထိုးများ*

ဓာတ်ပုံ - heraldsun.com.au

# ခရီးသွားဧည့်သည် များလာသော မြန်မာနိုင်ငံ၏ အခက်အခဲများ

**ထားထားမြင့်**

**ရန်ကုန်၊ နိုဝင်ဘာ-၁၆**

တစ်ကမ္ဘာလုံးနှင့် နှစ်၆၀ပေါင်းခန့် အဆက်အသွယ် ဖြတ်ထားပြီး နောက်တွင် ယခုအခါမြန်မာနိုင်ငံသည် ခရီးသွားဧည့်သည်များကို ဈေးနှုန်းကြီးကြီးဖြင့် ကြိုဆိုလျက်ရှိသည်။ နိုင်ငံရေးပြောင်းလဲမှုများ ပြုလုပ်ပြီးနောက်တွင် ၂၀၁၀ ပြည့်နှစ်က သုံးသိန်းသာရှိခဲ့သော ခရီးသွားဦးရေမှာ ပြီးခဲ့သည့်နှစ်က တစ်သန်းနီးပါးထိ ရောက်လာသည်။

လာမည့် ၂၀၂၀ ပြည့်နှစ်တွင် ခရီးသွားခုနှစ်သန်းခွဲလာရောက်မည်ဟု မှန်းထားကြသည်။ လာမည့် ဒီဇင်ဘာတွင် ဆီးဂိမ်းပြိုင်ပွဲက ၄၄ နှစ်အတွင်း ပထမဆုံးကျင်းပမည့်ပွဲဖြစ်သည်။ ဩစတြေးလျက Go Myanmar ခရီးသွားအင်တာနက် စာမျက်နှာကို တည်ထောင်သူ မာကပ်အဲလင်ဒါက မြန်မာနိုင်ငံသည် အလျင်အမြန်ပြောင်းလဲနေသည်ဟုဆိုသည်။

Accor ကဲ့သို့ ဟိုတယ်အုပ်စုကြီးများက မြန်မာနိုင်ငံတွင် ဟိုတယ်များအသစ်ဖွင့်ရန်ပြင်ဆင်နေသလိုတိုးတက်မှုများကလည်း ဈေးကွက်တောင်းဆိုချက်ကို အမီလိုက်ရန် ကြိုးပမ်းနေရသည်။ ခရီးသွားများသည် နိုင်ငံဒေသအချို့တွင် ဟိုတယ်ဈေးနှုန်းများအဆမတန်တောင်းခံခြင်းကို ကြုံနေရသည်ဟု အယ်လင်ဒါကဆိုသည်။

"ရန်ကုန်မှာ အင်းလေးကန်လို နေရမျိုးမှာဟိုတယ်ဆောက်ရတာသိပ်မြန်တယ်။ ဒါပေမဲ့ အထူးသဖြင့် ရန်ကုန်မှာဟိုတယ်ဆောက်ဖို့နေရာရှားနေပြီ။ ဟိုတယ်တွေမှာ လုံးဝပြည့်နေလို့ ဘွတ်ခ်ကင်ကြိုလုပ်မှရမယ်။ ဈေးကလည်း ရှိသင့်တာထက်ဈေးကြီးတယ်။ ရန်ကုန်အပြင်ဘက်မှာတော့ ဈေးကမဆိုးပါဘူး။ ဒါပေမဲ့ ရှိသင့်တာထက်တော့ဈေးပိုကြီးတယ်"ဟု အယ်လင်ဒါကပြောသည်။ ရန်ကုန်မြို့ရှိ Park Royal ဟိုတယ်သည် လွန်ခဲ့သည့်လေးနှစ်ကတစ်ညလျှင်တည်းခိုခ ဒေါ်လာ ၆၀ဖြစ်သော်လည်း ယခုအခါတစ်ည ဒေါ်လာ ၃၀၀ ဖြစ်နေပြီဟု ၎င်းကဆိုသည်။

"အရင်ကတော့မြန်မာနိုင်ငံ အနှံ့သွားဖို့မဖြစ်နိုင်ဘူး။ အခုတော့ အစိုးရကထိုင်းနယ်စပ်ကနေသွားဖို့ နယ်စပ်အပေါက်လေးခုကိုဖွင့်ပေးလိုက်ပြီ"ဟု အယ်လင်ဒါက ပြောကြားသည်။

သို့ရာတွင် မြန်မာနိုင်ငံတွင် အဓိကလိုအပ်နေသည်က လမ်းတံတားနှင့်အခြေခံအဆောက်အအုံများဖြစ်သည်ဟု နိုင်ငံတကာခရီးသွားလုပ်ငန်းရှင်များက မှတ်ချက်ပြုခဲ့ကြသည်။

"အခုအချိန်မှာ တစ်နိုင်ငံလုံးကနေရာတော်တော်များများတော့ သွားလို့ရပါပြီ။ ဒါပေမဲ့အချိန်နဲ့စိတ်ရှည်ဖို့လိုပါတယ်။ လူတွေကတော့ သဘောကောင်းတဲ့ အပြင်ခရီးသွားတွေကို ကြိုဆိုရတာအသစ်အဆန်းလိုဖြစ်နေကြတယ်။

Herald Sun မှ ထားထားမြင့် ဘာသာပြန်ဆိုပါသည်။




7 DAY NEWS JOURNAL
Vol.12, No.37 • NOVEMBER 20 , 2013

# Cartoon

























7DAY NEWS JOURNAL
Vol.12, No.37 • NOVEMBER 20 , 2013

# တရုတ်နိုင်ငံ ပြုပြင်ပြောင်းလဲမှုအပေါ် ဘေဂျင်းတက္ကသိုလ် စီးပွားရေးပါမောက္ခ ကိုင်ဟွန်ဘင်နှင့် တွေ့ဆုံခြင်း



ခင်မေဇော်(ဝါရှင်တန်ဒီစီ)

နိုဝင်ဘာလလယ်က ပြုလုပ်ခဲ့သော တရုတ်ကွန်မြူနစ်ပါတီ ညီလာခံနောက်ပိုင်း မူဝါဒဆိုင်ရာပြုပြင်ပြောင်းလဲမှုအချို့ကို စတင်တွေ့ရှိနေရသည်။ ယင်းမတိုင်မီ နိုဝင်ဘာလဆန်းပိုင်းက တရုတ်နိုင်ငံခေါင်းဆောင်များက စီးပွားရေးပညာရှင်များ၊ စီးပွားရေးသမားများနှင့် လေးရက်ကြာ တွေ့ဆုံပြီး ကမ္ဘာ့ဒုတိယအကြီးဆုံး စီးပွားရေးနိုင်ငံ၏ မကြာမီ ပြုလုပ်မည့် စီးပွားရေး အပြောင်းအလဲများအတွက် ဆွေးနွေးခဲ့ကြသည်။ မကြာမီ ပြုလုပ်တော့မည့် စီးပွားရေးပြုပြင်ပြောင်းလဲမှုများတွင် အခွန်တိုးမြှင့်ကောက်ခံခြင်း၊ မြေယာနှင့် မိသားစုစီမံကိန်း၊ ပြည်နယ်အစိုးရများ၏ အကြွေးများပြားလွန်းသည့် ပြဿနာအပေါ် ဖြေရှင်းခြင်း၊ အစိုးရပိုင် လုပ်ငန်းများကို ပြန်လည်ပြုပြင်ဖွဲ့စည်းခြင်းနှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုအပေါ် ချုပ်ကိုင်မှုလျှော့ချရေးတို့ ပါဝင်လာမည်ဟုဆိုသည်။

မေးခွန်းကမူ တရုတ်ခေါင်းဆောင်အနေဖြင့် ပြုပြင်ပြောင်းလဲမှု ဖြစ်ပေါ်လာရန် မည်မျှအထိ တွန်းအားပေးမည်နည်းဟူ၍ ဖြစ်သည်။ ယင်းကိစ္စနှင့် ပတ်သက်ပြီး စီအင်န်အင်န် ဘေဂျင်းရုံးအုပ် ဂျေမီဖလော်ခရစ်က ဘေဂျင်းတက္ကသိုလ် ဂွမ်ဟွာစီမံခန့်ခွဲမှုကျောင်း ဌာနမှူး ပါမောက္ခကိုင်ဟွန်ဘင်ကို မေးမြန်းထားသည်။

**တရုတ်အစိုးရအနေနဲ့ အခုဘယ်လိုစိန်ခေါ်မှုတွေနဲ့ ရင်ဆိုင်နေရသလဲ။**

တရုတ်စီးပွားရေးဟာ စိန်ခေါ်မှုတွေ အများကြီးနဲ့ ရင်ဆိုင်နေရပါတယ်။ မြို့ပြတည်ထောင်တာ၊ စက်ရုံတွေကို မွမ်းမံတာ၊ ပိုပြီးအလုပ်ဖြစ်တဲ့ ဈေးကွက်အခြေခံ အဆောက်အအုံတွေ ဖြစ်လာအောင် ပြောင်းလဲတာ၊ ဘဏ္ဍာရေးကဏ္ဍကို ပြုပြင်ပြောင်းလဲတာတွေပါ။ ပြဿနာတွေကတော့ အများကြီးပါ။ ဒါပေမဲ့ အတော်များများကတော့ ကိုင်တွယ်ဖြေရှင်းလို့ ရနိုင်ပါတယ်။ တရုတ်စီးပွားရေးက ပြောရမယ်ဆိုရင် ပြိုင်ကားတစ်စီးကွေ့လိုက်သလိုပါပဲ။ လမ်းကြောင်းပြောင်းမသွားအောင် အင်မတန်သတိထားနေရပြီး အရှိန်ကိုလည်း လျှော့မသွားအောင် ထိန်းထားရပါတယ်။ ကွေ့နေတုန်း ဘရိတ်သွားအုပ်လိုက်ရင် ထိန်းလို့မရတော့ဘဲ အဲဒီမှာ ပြဿနာဖြစ်တော့တာပါပဲ။

**ဒါပေမဲ့ တရုတ်စီးပွားရေးဖွံ့ဖြိုးမှုက နှေးလာတယ်မဟုတ်လား။ ဒါက စိုးရိမ်စရာဖြစ်မနေဘူးလား။**

အမှန်ပါပဲ။ ပြီးခဲ့တဲ့သုံးနှစ်အတွင်း တရုတ်ရဲ့ စီးပွားရေးက နှေးကွေးလာပါတယ်။ ဒါပေမဲ့ လတ်တလော အချက်အလက်တွေနဲ့ အခြားအညွှန်းကိန်းတွေအရ အဲဒါက ပြောင်းနေပါပြီ။ တရုတ်စီးပွားရေးဖွံ့ဖြိုးမှုက အတော်လေးကို ပြန်ပြီး ခိုင်မာလာမယ်ဆိုတာ ကျွန်တော်ကတော့ အကောင်းမြင်မျှော်လင့်ထားပါတယ်။ အခြေအနေတွေကလည်း ရှေ့ဆက်ပြောင်းလဲဖြစ်ပေါ်လာမှာပါ။ အဓိကကတော့ ကျွန်တော်တို့ဖြည်းဖြည်းမှန်မှန်နဲ့ ဖွံ့ဖြိုးမှုကို ထိန်းထားတဲ့ အချိန်အတွင်းမှာ စီးပွားရေးပြုပြင်ပြောင်းလဲမှုတွေကို ဆက်လုပ်ဖို့ လိုအပ်တဲ့အချက်ပါပဲ။

**တရုတ်က ဘာလို့ စီးပွားရေးပြုပြင်ပြောင်းလဲမှုတွေ ဆက်လုပ်မှာလဲ။**

ရေတိုကာလမှာ တရုတ်အစိုးရက မြို့ပြတည်ဆောက်ရေးလုပ်ငန်းစဉ်ပေါ်မှာ အာရုံစိုက်သင့်ပါတယ်။ နေထိုင်သူတွေ စာရင်းသွင်းတဲ့ဟာကို (hukou)စနစ်ကို ပြုပြင်ရပါတယ်။ မြို့ကို ပြောင်းရွှေ့လာတဲ့ ရွှေ့ပြောင်းအလုပ်သမားအသစ်တွေကလည်း ပညာသင်ခွင့်၊ အလုပ်လုပ်ခွင့်၊ လူမှုဖူလုံရေးကွန်ရက်နဲ့ ပြည်သူ့ဝန်ထမ်းဝန်ဆောင်မှုတွေကို သာတူညီမျှ ခံစားခွင့်ရအောင် လုပ်ပေးဖို့ လိုပါတယ်။ နောက်အဓိကကျတဲ့ အချက်ကတော့ စီးပွားရေးဝန်းကျင်ကို ကောင်းမွန်လာအောင်ပြုပြင်ဖို့ပါ။ ဒါလုပ်ဖို့က အစိုးရရဲ့ ပြုပြင်ပြောင်းလဲမှုလိုပါတယ်။ အစိုးရကဝင်ပြီး အလွန်အကျွံထိန်းချုပ်တာ၊ အလွန်အကျွံဝင်ပြီးချုပ်ကိုင်တာ။ ဈေးကွက်မှာ အလွန်အကျွံဝင်ပါတာတွေနဲ့ အရင်းအမြစ်တွေကိုဝင်ပြီး အလွန်အကျွံထိန်းချုပ်တာတွေကို ပြုပြင်ရပါမယ်။

**တချို့က ပြောပါတယ်။ တရုတ်က စီးပွားရေးပြုပြင်ပြောင်းလဲမှု လုပ်သလောက် နိုင်ငံရေးပြုပြင်ပြောင်းလဲမှုလည်း လုပ်ဖို့လိုနေပါတယ်တဲ့။ ဘယ်အပိုင်းတွေမှာ နိုင်ငံရေးအရ ပြုပြင်ပြောင်းလဲမှုတွေ ဖြစ်လာနိုင်မယ်လို့ မျှော်လင့်နိုင်ပါသလဲ။**

စီးပွားရေးပြုပြင်ပြောင်းလဲမှုတွေဟာ နိုင်ငံရေးပြုပြင်ပြောင်းလဲမှုတွေနဲ့ ခွဲခြားလို့မရနိုင်ပါဘူး။ ဒါကလည်း တရုတ်နိုင်ငံမှာ လူတိုင်းနားလည်နေကြပါပြီ။ ကျွန်တော့်အမြင်မှာတော့ လက်ရှိတရုတ်အခြေအနေမှာ အရေးကြီးဆုံး နိုင်ငံရေးပြုပြင်ပြောင်းလဲမှုတွေက အစိုးရထဲက အပြောင်းအလဲတွေပဲ။

အစိုးရရဲ့ တရားဝင်မှတ်တမ်းတွေထဲမှာ ဆက်ဆံရေးသုံးခုကို ပြန်ပြီးအဓိပ္ပာယ်ဖွင့်ဆိုချင်တယ်လို့ သူတို့ ရှင်းရှင်းလင်းလင်း ရေးထားပါတယ်။ အစိုးရနဲ့ ဈေးကွက်ကြားက ဆက်ဆံရေး။ အဲဒီမှာ အရင်းအမြစ်ကို ဘယ်လိုချထားသုံးစွဲမလဲဆိုတာကို ဈေးကွက်က တောင်းဆိုသလို ခွင့်ပြုဖို့ပါပါတယ်။ နောက် အစိုးရနဲ့ လူမှုအဖွဲ့အစည်းတွေရဲ့ ဆက်ဆံရေးကိုပြန်ပြီး အဓိပ္ပာယ်ဖွင့်ဆိုတဲ့နေရာမှာ လူမှုရေးအဖွဲ့အစည်းတွေကို လူမှုအသိုင်းအဝိုင်းထဲမှာ ပိုပြီးအရေးပါတဲ့ အခန်းကဏ္ဍကနေ ပါဝင်ခွင့်ရစေဖို့ ဖြစ်ပါတယ်။ ဗဟိုနဲ့ ပြည်နယ်အစိုးရကြား ဆက်ဆံရေးမှာတော့ မတူတဲ့ အစိုးရအဆင့်ဆင့်က ခိုင်မာကောင်းမွန်တဲ့ စီးပွားရေးဖွံ့ဖြိုးမှုနဲ့ လူမှုရေးတိုးတက်ဖြစ်ပေါ်မှုတွေကို တွန်းအားပေးနိုင်ဖို့အတွက် မှန်ကန်တဲ့ မက်လုံးနဲ့ အားပေးမှုတွေကို ရရှိဖို့ဖြစ်ပါတယ်။

**တရုတ်က GDP ဖွံ့ဖြိုးမှုမှာ တည်တံ့တဲ့ စီးပွားရေးဖွံ့ဖြိုးမှုနဲ့ လူမှုရေးတည်ငြိမ်မှုရှိဖို့အတွက် နံပါတ်(၈)ဆိုတဲ့ မှော်ဂဏန်းကို ထိန်းထားဖို့ လိုတယ်လို့ တချို့ကပြောပါတယ်။ အဲဒါကို ဘယ်လိုထင်ပါသလဲ။**

ဖွံ့ဖြိုးမှုနံပါတ်(၈)ဆိုတာက မှော်ဂဏန်းမဟုတ်ပါဘူး။ တကယ်ဆိုရင်တော့ အစိုးရက လျှော့ပြီးပြရမယ်လို့တောင် ကျွန်တော်က ပြောချင်တယ်။ ဒါမှမဟုတ် အဲဒီ GDP ဖွံ့ဖြိုးနှုန်းကိုမကြေညာသင့်ပါဘူး။ ရောထွေးနေတဲ့ စီးပွားရေးမျိုးရှိတဲ့ တရုတ်လို ဈေးကွက်စီးပွားရေးမှာ နောက်နှစ်မှာ ဖွံ့ဖြိုးမှုနှုန်းထား ဘယ်လောက်ရှိမယ်ဆိုတာကို စီစဉ်ရတာ အတော်ခက်ပါတယ်။ ဒါမှမဟုတ် နောက်ငါးနှစ်ဆိုတာမျိုးပေါ့။

အစိုးရသစ်က အမှန်တကယ်ဖြေရှင်းနိုင်မယ့် နည်းတွေကို ရှာနေပါတယ်။ တရုတ်က ပြည်နယ်အစိုးရတွေရဲ့ လုပ်ပုံကိုင်ပုံတွေကို ပြောင်းလဲတာက ဖွံ့ဖြိုးတိုးတက်မှုပုံစံ ပြောင်းလဲလာဖို့အတွက် အဓိကသော့ချက်ပါပဲ။ ဗဟိုအစိုးရက အစပြု၊ GDP ပန်းတိုင်ကို ဘေးဖယ်ထားလိုက်။ ပြီးတော့ ပြည်နယ်အစိုးရအတွက် မက်လုံးတွေကို

CROWN EDUCATION
Yangon • Myanmar

AMERICAN COLLEGE PROGRAM
(The world most recognised University Preparation Program)

အမေရိကန် ပညာသင်ထောက်ပံ့ကြေးနှင့် တက္ကသိုလ်ကြီးများဝင်ခွင့်လျှောက်ထားနိုင်သည့် ACT စာမေးပွဲအတွက်ပါပြင်ဆင်ပေးမည့်ပရိုဂရမ်ဖြစ်ပါသည်။

- ဤပရိုဂရမ်သည် GCE 'A', Grade 12 တို့နှင့် ညီမျှပြီး အမေရိကန်မှ လက်မှတ်ထုတ်ပေးမည့်ပရိုဂရမ်ဖြစ်ကာ SAT ဖြေဆိုစရာမလိုပဲ အမေရိကန်တက္ကသိုလ်များသို့ ဝင်ခွင့်တိုက်ရိုက်လျှောက်ထားနိုင်သည့်အပြင် State University of New York ကဲ့သို့သောတက္ကသိုလ်များမှ Credit 31 မှ 39 ကို ကင်းလွတ်ခွင့်ပေးပါသည်။
- မြန်မာပြည်တွင် (၁၀)လ ပြီးဆုံးပါက စင်ကာပူတွင် (၂)နှစ်ဖြင့် ဘွဲ့ရရှိမည်ဖြစ်ပါသည်။ ဤပရိုဂရမ်သင်ယူပြီးဆုံးမှ မိမိတို့နှင့်သင့်လျော်သော အထူးပြုဘာသာရပ်ကိုရွေးချယ်တက်ရောက်နိုင်ပါသည်။
- မြန်မာပြည်တွင် Foundation ပြီးဆုံးသူများ သတ်မှတ်အရည်အချင်းပြည့်မီပါက အောက်ပါတက္ကသိုလ်များတွင် Foundation ထပ်မံတက်ရောက်စရာမလိုပဲတက္ကသိုလ် ပထမနှစ်သို့ တိုက်ရိုက်တက်ရောက်နိုင်သဖြင့် အချိန်နှင့် ငွေအကုန်အကျများစွာသက်သာပြီး မိမိစိတ်ကြိုက် နိုင်ငံ၊တက္ကသိုလ်များကိုရွေးချယ်တက်ရောက်နိုင်ပါသည်။

| USA | | AUSTRALIA | UK | SINGAPORE | BANGKOK |
|---|---|---|---|---|---|
| .State University of New York (SUNY) Albany | .Iowa State University | .RMIT University | .Newcastle University | .PSB Academy | .AIT |
| .State University of New York (SUNY) Fredonia | .Johnson & Wales University | .Macquarie University | .Kingston University, London | .JCU | .University of the Thai Chamber of Commerce(IC-UTCC) |
| .Oklahoma State University | .University of Maine | .University of Newcastle | .University of Huddersfield | .SIM | |
| .University of Arkansas | .University North Alabama | .University of Wollongong | .University of Sussex | .Curtin Singapore | |
| .University of Georgia | .University of Oklahoma | .Griffith University | .Brunel University | | |
| .University of Iowa | .Pacific Lutheran University | .University of Adelaide | .University of Hertfordshire | | |
| | | .Edith Cowan University | .University of Portsmouth | | |
| | | .Murdoch University | .Swansea University | | |

Call us :
01 527 838
09 5085 185

ACT EDUCATION SOLUTIONS, LIMITED
GLOBAL ASSESSMENT CERTIFICATE

အမေရိကန်၊ အင်္ဂလန်၊ ဩစတြေးလျ တက္ကသိုလ်ကြီးများ၏ ပထမနှစ်သို့ တိုက်ရိုက်တက်ရောက်နိုင်သော ပရိုဂရမ်ဖြစ်ပါသည်။



STRINGER/REUTERS

ပြောင်းလဲဖို့ စနစ်တကျပြင်ဆင်ထားတဲ့ အစီအစဉ်ကို ပြဋ္ဌာန်းရမယ်။ ဒါဆိုရင် ပြည်နယ်အရာရှိတွေဟာ သူတို့ဒေသတွင်း စီးပွားရေးနဲ့ ဈေးကွက်ကို ဘယ်လိုတိုးတက်အောင် လုပ်မယ်ဆိုတဲ့အပေါ် ပိုပြီးတော့အာရုံထားလာကြမယ်။ စီမံကိန်းကြီးတွေလာအောင်ဆွဲဆောင်တာတွေထက်အရမ်းကောင်းတဲ့GDPတွေရဖို့ဆိုတာတွေထက်သူတို့မြို့တွေကိုပိုပြီးနေလို့ကောင်းလာအောင်ဘယ်လိုလုပ်ကြမလဲ၊သဘာဝဝန်းကျင်အခြေအနေကိုဘယ်လိုပြုပြင်မွမ်းမံမလဲ။အဲဒီဒေသတွေမှာမက်လုံးတွေဆွဲဆောင်မှုတွေကိုပြောင်းလဲရမယ်။ ဒါတွေကို အဓိကထား ပြောင်းလဲရမယ်။

**တရုတ်ရဲ့ အိမ်ရာဈေးနှုန်းတွေ မတရားခုန်တက်နေတဲ့အပေါ် ဘယ်လောက်အထိစိတ်ပူသင့်သလဲ။အဲဒီပြဿနာကဘယ်လောက်အထိကြီးမားပြီး ဒါက ရုတ်တရက်ပြောင်းလဲသွားနိုင်မလား။**

ဒီအပေါ်မှာ ကျွန်တော်တို့စိတ်ပူသင့်ပါတယ်။ ဒါပေမဲ့ တရုတ်ရဲ့အိမ်ရာကဏ္ဍတစ်ခုလုံးနဲ့မြို့ကြီးတွေကအိမ်ဈေးတွေကထိန်းမရနိုင်လောက်တဲ့အနေမှာရှိမနေပါဘူး။ချုံကြည့်မယ်ဆိုရင်မြို့ကြီးတွေက အိမ်ဈေးတွေအတွက် ကျွန်တော်တို့ စိုးရိမ်စရာရှိပေမယ့် ဒီကိစ္စကို ကျွန်တော်တို့ကိုင်တွယ် ဖြေရှင်းနိုင်ပါတယ်။ ဒါက အဲဒီဈေးတွေ ရုတ်တရက်ထိုးကျပြီး ဘဏ္ဍာရေးပြဿနာအမျိုးမျိုး ဖြစ်လာစေတဲ့အထိ ဈေးတွေထိန်းမနိုင်သိမ်းမရ အခြေအနေတစ်ခုအထိ ရောက်မလာနိုင်ပါဘူး။

**ဈေးကွက်ကို ဦးတည်ပြီး ပြုပြင် ပြောင်းလဲမှုအတွက် ရှေ့ဆက်ပြီး တွန်းအားပေးနေတဲ့နေရာမှာတရုတ်အတွက်ဒါက ဘယ်လောက်အထိ အန္တရာယ်များပါသလဲ။**

ပြုပြင်ပြောင်းလဲမှုလုပ်တယ်ဆိုရင်တော့ စိန်ခေါ်မှုတွေကို လမ်းတစ်လျှောက်မှာ ရင်ဆိုင်ကြုံတွေ့ရမှာပါပဲ။ အခက်အခဲတွေနဲ့ ကြုံတွေ့ရမှာပါ။ အချို့ကိစ္စလေးတွေမှာ ရှေ့ဆက်တွန်းအားပေးဖို့ဆိုတာက အခုအချိန်မှာ ဟိုအရင်ကထက် ခက်ခဲတာလေးတွေ ရှိပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ဒီပြုပြင်ပြောင်းလဲမှုတွေမှာ ခင်ဗျားက အကျိုးစီးပွားတွေ အင်မတန်ကိုရောထွေးနေတဲ့ အဖွဲ့တွေနဲ့ ဆက်ဆံနေရလို့ပါပဲ။ ဒီတော့ ခင်ဗျားက အပေးအယူ အလျှော့အတင်း အများကြီးလုပ်ရသလို အင်မတန်ကို ခက်ခက်ခဲခဲ ညှိနှိုင်းရတာတွေရှိပါတယ်။ ဒါက အင်မတန်လုပ်ရတာ ခက်ခဲပါတယ်။ ဒါပေမဲ့ ရှေ့ကိုဆက်သွားဖို့ တွန်းအားမပေးရင် ဒီထက်ကို ပိုပြီးအန္တရာယ်ရှိပါတယ်။ စီးပွားရေးပြုပြင်ပြောင်းလဲမှုအတွက် အရေးပေါ် တွန်းအားပေးဖို့လိုအပ်နေပြီဆိုတာကို တရုတ် ခေါင်းဆောင်တွေက ကောင်းကောင်းသဘောပေါက်ကြတယ်။

*—Ref: CNN: Cai Hongbin on China's reform hopes as Communist Party chiefs meet.*

# ပြစ်မှုကျူးလွန်ခဲ့သော ဟက်ကာအုပ်စုနှင့် ဆက်စပ်သည့် ကွန်ပျူတာကျွမ်းကျင်သူတစ်ဦး ထောင် ၁၀ နှစ် ချမှတ်ခံရ

**နယူးယောက်၊ နိုဝင်ဘာ-၁၆**

ထောက်လှမ်းရေးလုပ်ငန်းကုမ္ပဏီ၏ ကွန်ပျူတာများကိုဖောက်ထွင်းဝင်ရောက်ရာတွင် အပြစ်ရှိကြောင်း ဝန်ခံခဲ့သော Anonymous ဟက်ကာအုပ်စုနှင့် ဆက်စပ်သော ကွန်ပျူတာပရိုဂရမ်မာတစ်ဦးကို ထောင် ၁၀ နှစ် ချလိုက်ကြောင်း အမေရိကန်အစိုးရရှေ့နေများက ပြောသည်။

ဂျယ်ရီမီဟမ်းမွန်း (၂၈)နှစ်သည် အမေရိကန်ဖက်ဒရယ် ထောက်လှမ်းရေးဗျူရို (FBI)၏ ကွန်ပျူတာကွန်ရက်ကို ဖောက်ထွင်းဝင်ရောက်ပြီးနောက် စာရွက်စာတမ်းများအား ဝီကီလိခ်အဖွဲ့သို့ ပေးအပ်ခဲ့ကြောင်း စုံစမ်းစစ်ဆေးရေးမှူးများက ပြောသည်။

၂၀၁၁ ခုနှစ်က FBI အတွက် လုပ်ကိုင်ပေးနေသော Stratfor ကုမ္ပဏီ ကွန်ပျူတာများကို ဖောက်ထွင်းမှုနှင့် ဆက်စပ်၍ ပူးပေါင်းကြံစည်မှုပြစ်ဒဏ်များ ကျူးလွန်ခဲ့ကြောင်း မေလအတွင်းက ဝန်ခံခဲ့သည်။ ယင်းအတွက်နယူးယောက်မြို့တွင် အမေရိကန်ဖက်ဒရယ် တရားသူကြီးတစ်ဦးက အမိန့်ချမှတ်ခဲ့သည်။

ဂျယ်ရီမီဟမ်းမွန်းသည် ၎င်း ဝန်ခံခဲ့သလို လုံခြုံရေးအေဂျင်စီများ၊ ကုမ္ပဏီများနှင့် လူထောင်ပေါင်းများစွာ၏ ကွန်ပျူတာများ အတွင်း ဖောက်ထွင်းဝင်ရောက်ခဲ့ကြောင်းနှင့် ကွန်ပျူတာဖောက်ထွင်းဝင်ရောက်မှုများမှာ လေးနက်သော ဥပဒေချိုးဖောက်မှုဖြစ်ကြောင်းကိုရင်းအပေါ် ချမှတ်ထားသောပြစ်ဒဏ်က ထင်ရှားစေသည်ဟု တရားသူကြီးက အမိန့်ချရာတွင် ပြောကြားသည်။*—Ref: AFP*



7 DAY NEWS JOURNAL
Vol.12, No.37 • NOVEMBER 20 , 2013



ဘေဂျင်းမြို့ လမ်းမတစ်ခုပေါ်တွင် မိန်းကလေးတစ်ဦး ၎င်း၏မိဘများနှင့် ကစားနေစဉ် WANG ZHAO/AFP

# တရုတ်နိုင်ငံတွင် တစ်အိမ်ထောင် ကလေးတစ်ယောက်ဥပဒေ ဖြေလျှော့ပေးပြီး ရဲဘက်စခန်းများ ဖျက်သိမ်း

**ဘေဂျင်း၊ နိုဝင်ဘာ-၁၆**

စီးပွားရေးထိန်းချုပ်မှုများကို ဖြေလျှော့ပေးခြင်းနှင့် ရဲဘက်စခန်းများ ဖျက်သိမ်းခြင်းတို့ အပါအဝင် တစ်အိမ်ထောင် ကလေးတစ်ယောက်သာ ယူရမည်ဆိုသော အငြင်းပွားဖွယ်မူဝါဒကို ဖြေလျှော့ပေးလိုက်ကြောင်း တရုတ်ကွန်မြူနစ်အာဏာပိုင်များက နိုဝင်ဘာ ၁၅ ရက်တွင် ကြေညာလိုက်သည်။

ယင်းကြေညာချက်တွင် သေဒဏ်ပေးခြင်း လျှော့ချပေးမှုအပါအဝင် အိမ်ထောင်စုများ မှတ်ပုံတင်ရေး အစီအစဉ်ပြောင်းလဲမှုများလည်း ပါဝင်သည်။ ဘေဂျင်းမြို့တွင် ကျင်းပခဲ့သည့် ကွန်မြူနစ်ထိပ်သီး ခေါင်းဆောင်အစည်းအဝေးပြီးနောက် သုံးရက်အကြာတွင် ယင်းကြေညာချက်ထွက်ပေါ်လာခြင်းဖြစ်သည်။

ကမ္ဘာပေါ်တွင် လူဦးရေအထူထပ်ဆုံးဖြစ်သည့် တရုတ်နိုင်ငံ၏ လူဦးရေတိုးပွားမှုကို ထိန်းချုပ်ရန် ၁၉၇၀ ပြည့်နှစ်များ နှောင်းပိုင်းကျင့်သုံးခဲ့သည့် ဥပဒေတစ်ရပ်ကို ဖြေလျှော့ကာ မိဘတစ်ဦးဦးသည် တစ်ဦးတည်းသော သားသမီးဖြစ်ခဲ့ပါက ယင်းအိမ်ထောင်သည် ကလေးနှစ်ယောက် ယူခွင့်ပြုလိုက်ပြီဖြစ်သည်။

တစ်အိမ်ထောင်လျှင်ကလေးတစ်ဦးသာ ယူခွင့်ရှိသည့် ယခင်ဥပဒေကြောင့် မွေးဖွားမည့်ကလေးကို ယောကျ်ားလေး၊ မိန်းကလေး ခွဲခြားကာ ကိုယ်ဝန်ဖျက်ချမှုများမှာ ရှိနေဆဲဖြစ်ပြီး မိန်းကလေးငါးဦးမွေးဖွားချိန်တွင် ယောကျ်ားလေး ခြောက်ဦး မွေးဖွားခြင်းကြောင့် အမျိုးသားနှင့် အမျိုးသမီးအရေအတွက်ဟန်ချက်မညီဖြစ်စေသည်ဟု ဝေဖန်သူများက ပြောကြားခဲ့ကြသည်။

တရုတ်နိုင်ငံ၏ အလုပ်လုပ်နိုင်သောအရွယ်လူဦးရေမှာမကြာမီဆယ်စုနှစ်များအတွင်းပထမဆုံးအကြိမ်အဖြစ် စတင်လျော့နည်းလာပြီး ယခင်ကထက် ၃ ဒသမ ၄၅ သန်း လျော့နည်းကာ ၂၀၁၂ ခုနှစ်အတွင်း ၉၃၇ သန်းသို့ လျော့ကျခဲ့သည်ဟု တရုတ်နိုင်ငံ၏ စာရင်းအင်းဆိုင်ရာ ပညာရှင်များက သတိပေးထားသည်။

လက်ရှိဥပဒေမှာ အိမ်ထောင်စုအများစုကို တစ်အိမ်ထောင် ကလေးတစ်ယောက်သာ ယူရန် ခွင့်ပြုထားပြီး ကျေးလက်ဒေသအချို့မှ လူနည်းစုလူမျိုးများ၏ ပထမဆုံးမွေးဖွားသည့်ကလေးမှာ မိန်းကလေးဖြစ်ခဲ့လျှင် ဇနီးမောင်နှံနှစ်ဦးလုံး တစ်ဦးတည်းသော သား၊ သမီးများဖြစ်ပါမှသာ နောက်ထပ်ကလေးတစ်ဦး ထပ်ယူခွင့်ရှိသည်။

ယင်းကဲ့သို့ တရုတ်နိုင်ငံ၏ ဥပဒေပြောင်းလဲကြောင်းကြေညာချက်များမှာ လူ့အခွင့်အရေးနှင့်တရားစီရင်ရေးကို တိုးတက်စေရန် ကြိုးစားမှု၏ တစ်စိတ်တစ်ပိုင်းဖြစ်ကြောင်း ဆင်ဟွာသတင်းဌာနက ဖော်ပြသည်။ —*Ref: AFP*




# အလွဲသုံးစားပြုလုပ်ခဲ့သော ဗီယက်နမ် စီးပွားရေးသမားနှစ်ဦး သေဒဏ်ချမှတ်ခံရ

**ဟနွိုင်း၊ နိုဝင်ဘာ-၁၆**

ဗီယက်နမ်ဘဏ်မန်နေဂျာဟောင်းတစ်ဦးနှင့် ၎င်း၏စီးပွားရေးလုပ်ဖော်ကိုင်ဖက်တစ်ဦးကို ကန်ဒေါ်လာ ၂၅ သန်း အလွဲသုံးစားလုပ်မှုဖြင့် ဟိုချီမင်းမြို့ရှိ တရားရုံးတစ်ရုံးက သေဒဏ်ချမှတ်ခဲ့သည်ဟု ဗီယက်နမ်နိုင်ငံပိုင်မီဒီယာများက နိုဝင်ဘာ ၁၆ ရက်တွင် ဖော်ပြသည်။

ဟိုချီမင်းမြို့တွင် ယင်းစီးပွားရေးသမားနှစ်ဦးအပါအဝင် တရားခံ ၁၁ ဦးကို ကိုးရက်ကြာ တရားရုံး၌ အမှုစစ်ဆေးခဲ့သည်။ အသက် (၅၈)နှစ်အရွယ် ဗူကွက်ဟောင်သည် ဗီယက်နမ်စိုက်ပျိုးရေးဘဏ်ခွဲ၏ အကြီးအကဲတစ်ဦး ဖြစ်ခဲ့ပြီး အသက်(၅၆)နှစ်အရွယ် ဒန်ဗန်ဟိုင်းမှာ ဆောက်လုပ်ရေးကုမ္ပဏီ သူဌေးတစ်ဦးဖြစ်သည်။ ၎င်းတို့နှစ်ဦးသည် တန်ဖိုးကြီးပစ္စည်းများ အလွဲသုံးစားမှု၊ အုပ်ချုပ်ရေးညံ့ဖျင်းမှု၊ အာဏာအလွဲသုံးစားမှုနှင့် လိမ်လည်မှုများ ပြုလုပ်ခဲ့ပြီး ပြည်သူလူထုကို အမျက်ဒေါသဖြစ်စေ၍ နိုင်ငံတော်ကို ဆိုးရွားသော အကျိုးဆက်များ ဖြစ်ပေါ်စေသောကြောင့် ၎င်းတို့နှစ်ဦးကို သေဒဏ်ပေးခဲ့ကြောင်း နိုင်ငံပိုင်ရုပ်သံလိုင်းက ဖော်ပြသည်။

အဆိုပါတရားခံ ၁၁ ဦးသည် ၂၀၀၈ ခုနှစ် ဧပြီလမှ ၂၀၀၉ ခုနှစ် မတ်လအတွင်း နိုင်ငံ့ဘဏ္ဍာ ကန်ဒေါ်လာ ၂၅ သန်းကျော် အလွဲသုံးစား လုပ်ခဲ့သည်ဟု စွပ်စွဲခံခဲ့ရသည်။ ဗီယက်နမ်နိုင်ငံသည် ကမ္ဘာပေါ်တွင် အကျင့်ပျက်ခြစားမှုအများ ဆုံးနိုင်ငံဖြစ်ပြီး ပြည်သူများစွာအတွက် အဂတိလိုက်စားမှုသည် အဓိကပူပန်သောကရောက်ရသည့် အကြောင်းရင်းတစ်ခုလည်းဖြစ်သည်။

—*Ref: AFP*

7 DAY NEWS JOURNAL

# Entertainment

Vol.12, No.37 • NOVEMBER 20 , 2013




## ပိန်ဆေးကြော်ငြာမိလို့ ဝေဖန်ခံရတဲ့ လူးဝစ်တွမ်လင်ဆန်

**လန်ဒန်၊ နိုဝင်ဘာ-၁၅**

One Direction အဖွဲ့သားတစ်ဦးဖြစ်သူ လူးဝစ်တွမ်လင်ဆန်သည် ၎င်း၏ တွစ်တာစာမျက်နှာတွင် ပိန်ဆေးများရောင်းချနေသော အွန်လိုင်းစာမျက်နှာ တစ်ခုကို တင်ခဲ့သောကြောင့် တာဝန်မဲ့လုပ်ရပ်ဟု ဝေဖန်ခြင်းခံခဲ့ရသည်။

လူးဝစ်တွမ်လင်ဆန်သည် ကြည့်ရှုသူပေါင်း ၁၃ ဒသမ ၉ သန်းကျော်ရှိသည့် ၎င်း၏ တွစ်တာစာမျက်နှာတွင် ၎င်းသောက်နေသော လက်ဖက်ရည်မှာ အရသာကောင်းကြောင်း ရေးသားခဲ့သည်။ သို့ရာတွင် လူးဝစ်သည် ၎င်းသောက်သောလက်ဖက်ရည်မှာ အဆီကျပိန်ဆေးဖြစ်ကြောင်း သိရှိပြီးနောက်တွင် ချက်ချင်းဖျက်ပစ်ခဲ့သော်လည်း ကျန်းမာရေး အသိရှိသူ လူကြီးများ၏ ဝေဖန်ခြင်းခံခဲ့ရသည်။

စာမျက်နှာ ၄၀ »

## ‘ကျော်ကျော်ဗိုက အနုပညာသမားအဖြစ်ပဲ တောက်လျှောက်ရှိနေမယ်’

**ကျော်ကျော်ဗိုနှင့်တွေ့ဆုံခြင်း**

**ဖွဲ့ညက်**

အဘိုးဖြစ်သူ၏ မျိုးဆက်အမွေဖြစ်သော သဘင်အနုပညာတွင်သာမက ရုပ်ရှင်အနုပညာဘက်တွင်လည်း ပရိသတ်အားပေးမှုရရှိနေသူတစ်ဦးမှာ ရွှေမန်းတင်မောင်၏မျိုးဆက်ဖြစ်သူ ကျော်ကျော်ဗိုဖြစ်သည်။ ရင်းနှီးသူများက ကြံ့ဟုခေါ် ဆိုကြသလို သရုပ်ဆောင်အဖြစ်သာမက ပရိသတ်များအားပေးမှုရရှိသည့် နှင်းဆီအငြိမ့်အဖွဲ့တွင်လည်း လူရွှင်တော်တစ်ဦးအဖြစ်ပါဝင် သူတစ်ဦးဖြစ်သည်။ ထို့အပြင် ရုပ်ရှင်လောကအတွက် အနုပညာနှင့်ပတ်သက်သည့် ကုမ္ပဏီတစ်ခုကိုလည်းထူထောင်ထားပြီး ပရိသတ်များအတွက်အရည်အသွေးကောင်းမွန်သည့် ရုပ်ရှင်ကားများထုတ်ရန် အစီအစဉ်ရှိသည်ဟုဆိုသည့် ကျော်ကျော်ဗိုနှင့် ရှေ့ဆက်မည့်အနုပညာအကြောင်း တွေ့ဆုံမေးမြန်းခဲ့ပါသည်။


ဓာတ်ပုံ-နစ်ကီ

**၂၀၁၃အထိဆိုကိုကြံ့ရဲ့အနုပညာသက်တမ်းဘယ်လောက်ရှိပြီလဲ။**

အနုပညာသက်တမ်းက ဆယ်တန်းအောင်ကတည်းက စလုပ်တာဆိုတော့ကြာပြီ အတိအကျတော့ မမှတ်မိဘူး။ ဒီရုပ်ရှင်ကိုပြောတာမဟုတ်ဘူး။ အရင်က သီချင်းလည်းဆိုတယ်။ ဇာတ်လည်းလိုက်ကခဲ့တယ်။

**ဇာတ်သဘင်မျိုးဆက်တစ်ယောက်ပေမယ့် ရုပ်ရှင်အနုပညာဘက်ကိုလုပ်ဖြစ်တာဘာကြောင့်လဲ။**

ကိုကြံ့က အနုပညာသမားဖြစ်ချင်တာကိုး၊ ဆယ်တန်းအောင်တုန်းက Mr.Guiter မှာသီချင်းဆိုတယ်။ စီးရီးလုပ်ဖို့ကြိုးစားသေးတယ်။ အဲဒီမှာငါးနှစ်လောက်ကြာမှ ဦးချမ်းရဲ့ဇာတ်နောက်လိုက်။ အဲဒီမှာလည်းငါးနှစ်လောက်ကြာတယ်။

စာမျက်နှာ ၄၁ »



7 DAY NEWS JOURNAL
Vol.12, No.37 • NOVEMBER 20 , 2013

# ကန် Fuse ရုပ်သံလိုင်းရဲ့ ဆွဲဆောင်မှုအရှိဆုံးအဆိုတော်များအဖြစ် Big Bang အဖွဲ့သား TOP နဲ့ ဘရစ်တနေစပီးယားတို့ ရွေးချယ်ခံရ





**ဆိုးလ်၊ နိုဝင်ဘာ-၁၅**

တောင်ကိုရီးယားနာမည်ကျော် Big Bang အဖွဲ့သား TOP နှင့် အမေရိကန်ပေါ့ပ်ဘုရင်မ ဘရစ်တနေစပီးယားတို့သည် Fuse တီဗီရုပ်သံလိုင်း၏ ၂၀၁၃ ခုနှစ် ဆွဲဆောင်မှုအရှိဆုံး အဆိုတော်များအဖြစ် ရွေးချယ်ခြင်း ခံခဲ့ရသည်။

အမေရိကန် Fuse ရုပ်သံလိုင်းကြည့် ပရိသတ်များသည် ပြီးခဲ့သည့် သီတင်းပတ် လေးပတ်မှစ၍ ၂၀၁၃ ခုနှစ်၌ ဆွဲဆောင်မှုအရှိဆုံး အဆိုတော်များကို အွန်လိုင်းမဲစနစ်ဖြင့် မဲပေးခဲ့ကြသည်။

TOP နှင့် ဘရစ်တနေစပီးယားတို့နှစ်ဦးသည် Fuse ရုပ်သံလိုင်း၏ အွန်လိုင်းမဲစနစ်တွင် အခြားသော နာမည်ကျော် အဆိုရှင်နှစ်ဒါဇင်ခန့်ကို ဖြတ်ကျော်၍ ၂၀၁၃ ခုနှစ် ဆွဲဆောင်မှုအရှိဆုံး အဆိုရှင်များအဖြစ် ရွေးချယ်ခြင်း ခံခဲ့ရသည်။

တောင်ကိုရီးယားအဆိုတော် TOP သည် အမေရိကန်တေးရေးတေးဆိုဂျပ်စတင်တင်းမ်ဘားလိတ်၊ ကနေဒါပေါ့ပ်အဆိုတော် ဂျပ်စတင်ဘီဘာတို့နှင့် ဗြိတိန် One Direction အဖွဲ့သား ဟယ်ရီစတိုင်တို့ကို ဖြတ်ကျော်အနိုင်ယူခဲ့သည်။ ဘရစ်တနေစပီးယားက လူငယ်အဆိုတော် ဆယ်လီနာဂိုမက်ဇ်၊ တေလာဆွစ်ဖ်နှင့် လေဒီဂါဂါတို့ကို ဖြတ်ကျော်၍ ဆွဲဆောင်မှုအရှိဆုံး အမျိုးသမီးအဆိုရှင်အဖြစ် ရွေးချယ်ခြင်းခံခဲ့ရသည်။

TOP နှင့် ဘရစ်တနေစပီးယားတို့နှစ်ဦးသည် တစ်ဦးလျှင် မဲအရေအတွက်ပေါင်း တစ်သန်းခွဲကျော်ဖြင့် Fuse ရုပ်သံလိုင်းမှ ရွေးချယ်သော ၂၀၁၃ ခုနှစ် ဆွဲဆောင်မှုအရှိဆုံး အဆိုရှင်များဖြစ်သည်။

*—Ref: KpopStarz*

စာ(၃၉)မှ

## ပိန်ဆေးကြော်ငြာမိလို့ ဝေဖန်ခံရတဲ့ လူးဝစ်တွမ်လင်ဆန်

1D စတားလူးဝစ်၏ အပြုအမူမှာ တာဝန်မဲ့ရာရောက်ကြောင်း၊ ၎င်း၏ တွစ်တာပရိသတ်အများစုမှာ ဆယ်ကျော်သက်မိန်းကလေးများဖြစ်ကြောင်းနှင့် ၎င်း၏ ပေါ့ဆသော ဖော်ပြချက်ကြောင့် ပရိသတ်များ ထိခိုက်နိုင်ကြောင်း လူငယ်ဘဝ တိုးတက်စေရေးအဖွဲ့မှ ဒါရိုက်တာ လူစီရက်စ်ဆဲလ်က ပြောကြားသည်။

လူးဝစ်တွမ်လင်ဆန်၏ ပြောရေးဆိုခွင့်ရှိသူတစ်ဦးကမူ လူးဝစ်သည် ၎င်းသောက်သော လက်ဖက်ရည်မှာ အရသာကောင်းကြောင်းကို နှစ်သက်သဘောကျ၍ တွစ်တာ၌ ရေးသားခဲ့ခြင်းဖြစ်ကြောင်း၊ ယင်းမှာ အဆီကျပိန်ဆေးတစ်မျိုးဖြစ်သည်ကို မသိရှိခဲ့ကြောင်းနှင့် အဆီချပိန်ဆေးများကိုမူ ကောင်းသည်ဟု ထောက်ခံကြော်ငြာပေးမည်မဟုတ်ကြောင်း ပြောကြားသည်။

*—Ref: Hollywood Buzz*






ရ ရက် သတင်းဂျာနယ် 7 DAY NEWS JOURNAL
Vol.12, No.37 • NOVEMBER 20 , 2013

စာ(၃၉)မှ

# ကျော်ကျော်ဗိုနှင့်တွေ့ဆုံခြင်း

ပြီးမှ ဒီရုပ်ရှင်လောကထဲ ရောက်လာတာ။ အဲဒီတော့ ကိုယ်က အနုပညာသမားဖြစ်ချင်တာ။ ဇာတ်မင်းသားမှ ရုပ်ရှင်မင်းသားမှ မဟုတ်ဘူး။ ပရိသတ်ကိုဖျော်ဖြေနေရရင် ဘာမဆိုအကုန်လုပ်ချင်တာ။ အခုလည်းအကုန်လုပ်နေတာပဲ။ လူရွှင်တော်လုပ်တယ်။

**ခုနောက်ပိုင်းမှာ ဇာတ်ကားရိုက်ကူးမှုတွေများလာတော့ ပရိသတ်တွေငြီးငွေ့မသွားအောင်ဘယ်လိုဇာတ်မျိုးတွေရွေးချယ်ရိုက်ကူးဖြစ်လဲ။**

ဟိုတုန်းကငြီးငွေ့တယ်ဆိုတဲ့ သဘောတရားက ကိုယ်တို့အနုပညာဖန်တီးရတဲ့ဘက်မှာကျော်လို့မရတဲ့စည်းတွေရှိတယ်။ ခုဆိုရင် ထိုက်သင့်သလောက်လွတ်လပ်စွာဖန်တီးခွင့်ရှိလာပြီဆိုတော့ ကိုကြံ့တို့လုပ်ချင်တာလုပ်လို့ရလာပြီ။ ပရိသတ်ကိုတင်ပြဖို့ပုံသဏ္ဍာန်အသစ်လေးတွေလုပ်ပိုင်ခွင့်ရလာတာက ကောင်းသောလက္ခဏာပေါ့။ ငြီးငွေ့တယ်ဆိုတာက အရေအတွက်များတာလည်းပါတာပေါ့။ မင်းသားတစ်ယောက်တစ်ပတ်ကို တစ်ကားနှုန်းပုံမှန်ထွက်နေတော့ အမြဲတမ်းမြင်နေရတဲ့အပေါ်မှာ ငြီးငွေ့ကောင်း ငြီးငွေ့နိုင်လိမ့်မယ်။ အရေအတွက်များတာကိုလျှော့စရာမလိုပါဘူး။ အရေအတွက်များတဲ့အပေါ်မှာ အကြောင်းအရာအဖြစ်အပျက်တင်ဆက်ပုံများများလေးတွေးခေါ်ပြီး ဖန်တီးနိုင်မယ်ဆိုရင်တော့ ပရိသတ်ငြီးငွေ့စရာအကြောင်းမရှိပါဘူး။

**ကိုကြံ့အနေနဲ့ဇာတ်ရုပ်အစုံမှာပီပီပြင်ပြင်သရုပ်ဆောင်နိုင်တယ်လို့ပရိသတ်တွေကသတ်မှတ်ထားပေးမယ့် ရုပ်ရှင်ကားတွေမှာ ဟာသကားတွေပဲ တွေ့နေရတာဘာကြောင့်လဲ။**

ရုပ်ရှင်က ဟာသချည်းပဲရိုက်နေတာ။ ပရိုဂျူဆာတွေကလည်း ပိုက်ဆံရမယ့်ကားတွေပဲရိုက်ကြမှာပေါ့။ သူတို့ကိုလည်းအပြစ်ပြောလို့မရဘူး။ လူတစ်ယောက်က အရင်းအနှီးထုတ်ထားရင် မရှုံးရင်တောင် အရင်းတော့ပြန်လိုချင်ကြတာပဲလေ။ ပရိသတ်က ဟာသကားလက်ခံတယ်ဆိုတော့ ဟာသကားတွေပဲရိုက်ရတာပေါ့။ အမှန်ကစွန့်စားမှုတစ်ခုယူပြီး ထိုးဖောက်မယ့် ဇာတ်ကားတွေလည်း ရှိသင့်ပါတယ်။

**မကြာခင်ကရိုက်ခဲ့တဲ့ "အိန်ဂျယ်" ဇာတ်ကားကိုရော အကိုတို့ထုတ်လုပ်ရေးအနေနဲ့လုပ်ခဲ့တာလား။**

ထုတ်လုပ်ရေးအနေနဲ့တော့ မဟုတ်ပါဘူး။ ပူးပေါင်းဆောင်ရွက်တဲ့ အနေနဲ့လုပ်ခဲ့တာပါ။ ဇာတ်ကားတစ်ခုလုံးထုတ်ဖို့ကတော့ ရုပ်ရှင်ဇာတ်ကားအနေနဲ့ လုပ်ဖြစ်မှာပါ။ 'အိန်ဂျယ်'ဇာတ်ကားကတော့ ပရိသတ်တွေကို သမားရိုးကျဇာတ်ကားတွေကနေ ခွဲထွက်ပြီးဖန်တီးပေးချင်တဲ့ ဇာတ်လမ်းလေးပါ။ စိတ်ကူးယဉ်ဇာတ်လမ်းလို့လည်းပြောလို့ရတယ်။ အကြောင်းအရာဆန်းဆန်းဇာတ်လမ်းလေးပါ။

**ACE Digital Warehouse Production ကိုလုပ်ဖြစ်ခဲ့တာကရော ဘာကြောင့် လုပ်ဖြစ်ခဲ့တာလဲ။ ဘယ်လိုလုပ်ငန်းတွေလုပ်နေလဲ။**

အဓိက ကတော့ အနုပညာလုပ်ငန်းတွေကို သေသေချာချာလုပ်ချင်တယ်။ အဲဒါကြောင့် ACE ကုမ္ပဏီက မိတ်ဆွေတွေနဲ့သူငယ်ချင်းတွေပေါင်းပြီးအနုပညာလောကအတွက် အုတ်တစ်ချပ်၊ သဲတစ်ပွင့်အနေနဲ့ ထူထောင်ဖြစ်တာပါ။ ဒီမှာက အနုပညာနဲ့ပတ်သက်တဲ့ စီးပွားရေးပဲလုပ်တယ်။ကျန်တဲ့စီးပွားရေးတွေမပါဘူး။ တကယ့်ဒစ်ဂျစ်တယ်ရုပ်ရှင်ကင်မရာကြီးတွေ ငှားပေးတယ်။ ရုပ်ရှင်ရိုက်ဖို့ အစီအစဉ်ဆွဲပေးတယ်။ ရုပ်ရှင်လောကအတွက် ကိုယ်လည်းကိုယ်တတ်နိုင်တဲ့ဘက်က ဝင်ပြီးလုပ်ပေးဖြစ်တာပါ။

**နှင်းဆီအဖွဲ့သားတွေအနေနဲ့ အရင်ကဆိုရင် အမြဲတမ်းလိုလိုတွဲပြီးတွေ့ရတယ်။ အခုနောက်ပိုင်းမှာ အဲဒီလိုမျိုးတွေ့ရတာနည်းသွားတာကရောဘာကြောင့်ပါလဲ။**

ကိုယ်တို့က တကယ့်အငြိမ့်ကနေတဲ့ပရော်ဖက်ရှင်နယ်တွေမှ မဟုတ်တာ။ အားလုံးအကြောင်းအရာတိုက်ဆိုင်တဲ့အချိန်၊ ပင်မလုပ်ငန်းလေးတွေအားတဲ့အချိန်မှ သာကဖြစ်တော့ နေ့သွားတာမနေ့သွားတာတော့ မရှိပါဘူး။ ကိုကြံ့တို့တွဲတယ်ဆိုတာက အနုပညာလုပ်ငန်းအရတွဲတာရှိသလို အပြင်မှာသူငယ်ချင်းတွေအနေနဲ့လည်းတွဲဖြစ်တာရှိတယ်။

**ထုတ်လုပ်ရေးလည်းလုပ်ဖြစ်တယ်ဆိုတော့ ကိုကြံ့အတွက်အနုပညာမှတ်တိုင်ဖြစ်နိုင်မယ့် ဇာတ်ကားရိုက်ဖို့ရှိလား။ဦးလေးဖြစ်တဲ့ဦးချမ်းသာရဲ့ ဇာတ်လမ်းတွေကလည်းကောင်းတာတွေများတယ်လေ။**

ဦးချမ်းဇာတ်တွေကို ကိုကြံ့ ဗီဒီယိုမင်းသားဖြစ်ကတည်းက ရိုက်ခဲ့တာပဲ။ ရုပ်ရှင်ကားကြီးအနေနဲ့ ဖန်တီးဖို့ရှိပါတယ်။ ဦးချမ်းဇာတ်တွေယူထားတာလည်းရှိပါတယ်။ လောလောဆယ်တော့ အကုန်လုံးတိုင်ပင်နေတယ်။ ဖုတ်ပူမီးတိုက်နဲ့ ဝတ္ထုတစ်အုပ်ကောက်ဝယ် ချက်ချင်းဇာတ်ညွှန်းရေးပြီးတော့ မရိုက်ချင်ဘူး။ ရုပ်ရှင်တစ်ကားလုံးမှာပါဝင်ပတ်သက်တဲ့ မီးထိုးမှန်ထိုးကအစ သူ့ကဏ္ဍနဲ့သူပြည့်စုံမှ လုပ်ချင်တယ်။

**ဦးချမ်းသာတို့လက်ထက်မှာ ရွှေမန်းတင်မောင်သဘင်သက်နှစ်(၈၀)ပြည့်အမှတ်တရပွဲကိုအောင်မြင်အောင်လုပ်နိုင်ခဲ့တော့ ကိုကြံ့တို့လက်ထက်မှာရော ဇာတ်သဘင်အတွက်ဘာတွေလုပ်ဖို့ရှိလဲ။**

အဘိုးအတွက်လုပ်ပေးပြီးပြီ။ ကိုကြံ့တို့မြေးတစ်ယောက်အနေနဲ့တော့အတိုင်းအတာတစ်ခုအထိတော့အောင်မြင်ပြီလို့ထင်ပါတယ်။ ဒါပေမဲ့ သဘင်အတွက်လည်း အများကြီးလုပ်ပေးဖို့ရှိပါသေးတယ်။ အခွင့်အခါသင့်တိုင်းလည်းလုပ်ဖြစ်ပါတယ်။

**ကိုကြံ့ရဲ့လှုပ်ရှားမှုတွေကို ဖေ့စ်ဘွတ်ခ်မှာအမြဲတမ်းupdateတွေ့ရတော့ ဖေ့စ်ဘွတ်ခ်ကို တစ်နေ့ဘယ်လောက်အချိန်အထိသုံးဖြစ်လဲ။**

ဖေ့စ်ဘွတ်ခ်ကတော့ ရှူတင်ပြီးတဲ့အချိန်သုံးဖြစ်တယ်။ တစ်ခါတလေ ရှူတင်မှာပဲ တယ်လီဖုန်းနဲ့ ပရိသတ်တွေ ကိုယ်ဘာလုပ်နေတယ်ဆိုတာကို သိစေချင်လို့တင်ပေးဖြစ်တယ်။ ဖေ့စ်ဘွတ်ခ်က ပရိသတ်နဲ့ကိုယ့်အတွက်ဆက်သွယ်မှုတစ်ခုပါပဲ။

**ဖေ့စ်ဘွတ်ခ်မှာ ပရိသတ်တွေပြန်ရေးပေးတဲ့ ဝေဖန်ထားတဲ့မှတ်ချက်တွေကိုရောဖတ်ဖြစ်လား။**

အဲဒါတွေကိုတော့အမြဲတမ်းဂရုတစိုက်ဖတ်ဖြစ်ပါတယ်။ ကိုယ် post တစ်ခုတင်တိုင်းတင်တိုင်း ပရိသတ်တွေရဲ့ comment တွေ reply တွေကို အမြဲတမ်းဖတ်ပါတယ်။ ပရိသတ်တွေရဲ့အမြင်က တစ်ယောက်နဲ့တစ်ယောက်မတူဘူးလေ။ လူတိုင်းက ကိုယ့်ကိုယ်ကိုယ်ကောင်းတယ်ထင်တော့ ကိုယ်မဟုတ်တဲ့တစ်ခြားလူရဲ့အမြင်ကိုလည်း ကိုကြံ့တို့လက်ခံရမယ်။

**ကိုကြံ့သမီးလေးရဲ့ပုံတွေကို ပရိသတ်တွေက ချစ်ဖို့ကောင်းတယ်လို့ ပြောကြတယ်။ သမီးလေးကရော အခုအချိန်ကတည်းက အနုပညာကို စိတ်ဝင်စားတာမျိုးရှိလား။**

သမီးလေးကိုအဓိက ကတော့ အဖေ၊ အဘိုး၊ ဘကြီးတွေရဲ့ အရှိန်နဲ့ ပင်ကိုယ်ကလည်းချစ်စရာကောင်းတော့ ပရိသတ်တွေက ချစ်ကြတယ်။ ကိုယ်ချစ်တဲ့အနုပညာသမားတစ်ယောက်တင်မဟုတ်ဘဲ သူ့ရဲ့သားစဉ်မြေးဆက်အထိ မေတ္တာထားတဲ့ ပရိသတ်တွေကို ကျေးဇူးတင်ပါတယ်။အနုပညာသမားမိဘက မွေးလာတာဆိုတော့ အနုပညာကို ၁၀၀ရာခိုင်နှုန်း စိတ်ဝင်စားတယ်။

**ကိုကြံ့ရဲ့ ပရိသတ်တွေအတွက် စကားတစ်ခွန်းလောက်ပြောပေးပါ။**

ကျော်ကျော်ဗိုက အနုပညာသမားအဖြစ်ပဲ ရပ်တည်ချင်တာပါ။ အနုပညာသမားအဖြစ်ပဲ တောက်လျှောက်ရှိနေမှာပါ။ **ကျေးဇူးတင်ပါတယ်။**

ORIENT CLINIC အရှေ့တိုင်းဆေးခန်း

အရှေ့တိုင်းဆေးခန်းတွင် ခေတ်မီစက်ကိရိယာများ၊ ထူးချွန်သောပညာရှင်များ၊ ကျွမ်းကျင်သောဆရာဝန်များ၏ ကုသမှု၊
ဆေးခန်းအတွင်းရှိ ဝန်ထမ်းများ၏ ဖော်ရွေသောဝန်ဆောင်မှုကောင်းများဖြင့် ပြုစုကုသပေးလျက်ရှိပါသည်။

လိပ်ခေါင်းရောဂါ

အမေရိကန်နိုင်ငံမှ ခေတ်မီတိုးတက်သည့် စက်ပစ္စည်း ကိရိယာဖြင့် အပြင်လိပ်ခေါင်း၊ အတွင်းလိပ်ခေါင်း၊ ပေါင်းစပ် လိပ်ခေါင်း၊ စအိုနင်းရူ၊ စအိုကျွံခြင်း၊ အူအဆုံးပိုင်းအသားပို ထွက်ခြင်း၊ စအိုအက်ကွဲခြင်း၊ ဂရင်ဂျီနာ၊ စအိုဝနာကျင် ကိုက်ခဲခြင်း၊ ကျင်ကြီးစွန့်ရာ၌ သွေးထွက်ခြင်း စသည့် စအိုအူမကြီး ရောဂါတို့ကို အထူးကုသပါသည်။ ခွဲစိတ်စရာ မလိုအပ်ပါ။ သွေး မထွက်၊ နာကျင်ခြင်းမရှိဘဲ ဆေးဝါးကုသသည့် အချိန်ကာလမှာ တိုတောင်းပါသည်။ ၁၀ မိနစ်မှ မိနစ် ၂၀ အတွင်း ကုသရေးဖြစ်စဉ်ကို ပြီးမြောက်သွားစေပါသည်။ ဆေးရုံတက်ရန် မလိုဘဲ တစ်ကြိမ်တည်းနှင့်ပျောက်ကင်းအောင် ကုသပေးပါသည်။ ရောဂါပြန်လည် ဖြစ်ပွားခြင်း မရှိတော့ပါ။ အကယ်၍ ကုသပျောက်ကင်းပြီး ၁၀နှစ်အတွင်း ရောဂါဖြစ်သူများအား အရှေ့တိုင်းဆေးခန်းမှ အခမဲ့ ဆေးဝါးကုသပေးမည်ဖြစ်ပါသည်။

အမျိုးသမီးရောဂါ

အမျိုးသမီးများတွင် ရာသီသွေးမမှန်ခြင်း၊ ရာသီသွေးဆင်းချိန်၌ ဝမ်းဗိုက်ကိုက်ခဲခြင်း၊ ခါးကိုက်ခြင်း၊ အဖြူဆင်းမှုအလွန်များပြားခြင်း၊ မိန်းမကိုယ်အင်္ဂါရောင်ရမ်းခြင်း၊ သားအိမ်ရောင်ခြင်း၊ သားအိမ်လမ်းကြောင်း ပြည်တည်ခြင်း၊ မျိုးဥပို့ဆောင်ပေးသည့်ပြွန်ချောင်းပိတ်ဆို့နေခြင်း၊ အိမ်ထောင်သက်ကြာညောင်းသော်လည်း ကလေးမရခြင်း၊ သားအိမ်ကင်ဆာ၊ ရင်သားကင်ဆာစသည့်ရောဂါတို့ကို ကုသပေးပါသည်။

လိင်အင်္ဂါကြွက်နို့ရောဂါ

လိင်အင်္ဂါကြွက်နို့သည် HPV ကြောင့် ဖြစ်ပွားရခြင်းဖြစ်ပြီး မသန့်ရှင်းသည့် ကာမဆက်ဆံခြင်းမှ ကူးစက်လာသည့် ရောဂါဖြစ်ပါသည်။ ရောဂါလက္ခဏာမှာ ကျား/မ လိင်အင်္ဂါတွင် ဖော်ဖီပန်းပွင့်ပုံသဏ္ဍာန်များ ထွက်လာပြီး ၎င်းအသားဖုများမှ လွယ်လွယ်ကူကူနှင့် သွေးထွက်ပြီး ညှီစို့စို့အနံ့ဆိုးထွက်နေပါသည်။

အကယ်၍ လိင်အင်္ဂါကြွက်နို့ (HPV)ရောဂါကို အချိန်မီကုသခြင်းမရှိပါက သို့မဟုတ် သမားရိုးကျ အကျိုးသက်ရောက်မှုရှိသည့် ကုသမှုမျိုးမရှိပါက လျင်မြန်စွာဖြင့် ဖနီးမောင်းနံနှင့် မိသားစုဝင်များကိုပင် ကူးစက်ပျံ့နှံ့သွားနိုင်ပါသည်။ အမျိုးသမီးများမှာ ပို၍ ဆိုးရွားစွာဖြင့် ကူးစက်ခံရပြီးနောက် သားအိမ်ကင်ဆာအဖြစ်သို့ ပြောင်းလဲသွားတတ်ပါသည်။ အမျိုးသားများတွင် လိင်တံကင်ဆာ ဖြစ်ပွားတတ်ပါသည်။

၅ မိနစ်မှ ၁၀ မိနစ်ထိ လျင်မြန်စွာဖြင့် လိင်အင်္ဂါကြွက်နို့(HPV) ဗိုင်းရပ်(စ်)ပိုးများကို ဖယ်ရှားပစ်လိုက်နိုင်သည်။ အထူးအကျိုးသက်ရောက်မှုရှိသည့် တိုင်းရင်းဆေးဝါးများနှင့် ပေါင်းစပ်ထားလိုက်ခြင်းဖြင့် ခန္ဓာကိုယ်တွင်ရှိနေသည့် လိင်အင်္ဂါကြွက်နို့(HPV) ဗိုင်းရပ်(စ်) ပိုးများကို ရှင်းလင်းသုတ်သင်ပစ်လိုက်နိုင်ပါသည်။ ရောဂါခုခံနိုင်သည့် ကိုယ်ခံစွမ်းအားကို တိုးမြင့်စေ၍ ရောဂါမှာ ပြန်လည်ထလာခြင်း မရှိတော့ပါ။ အကယ်၍ ၁၀ နှစ်တာကာလအတွင်း၌ ရောဂါပြန်လည်ထလာသောသူများအား အရှေ့တိုင်းဆေးခန်းမှ အခြားမည်သည့်အခကြေးငွေကိုမှ ရယူခြင်းမရှိဘဲ အခမဲ့ပျောက်ကင်းအောင် ကုသပါမည်။

အမျိုးသားရောဂါများ

အမျိုးသားများတွင် ပန်းသေပန်းညှိုးရောဂါဖြစ်ပြီး သုက်လွှတ်မြန်ခြင်း၊ လိင်စွမ်းအားအပာန့်အတားဖြစ်ခြင်း၊ အချိန်ကာလ အတော်ကြာ အိမ်ထောင်သက်ရှိပြီးသော်လည်း ကလေးမရခြင်း၊ သုက်ရည်ဂလင်း ရောင်ရမ်းနာ၊ သုက်ရည်ဂလင်းဆူဖြိုးလာခြင်း၊ ကာလသားရောဂါပိုး၊ ဆီးသွားရာတွင် နာကျင်ကိုက်ခဲခြင်း၊ ဆီးသွားရာ၌ ပြည်များ စီးထွက်လာခြင်း၊ ဆီးသွားရာတွင် သွေးထွက်ခြင်း၊ အမျိုးသားလိင်တံတို/သေးငယ်/အရေပြားရှည်နေခြင်း စသည့် ရောဂါများနှင့် အခက်အခဲများကို ကုသဖြေရှင်းပေးသည်။ အထူးအကျိုးသက်ရောက်မှုရှိသည့် တိုင်းရင်းဆေးဝါးများဖြင့် ကုသမှုပေးသောကြောင့် ကုသပြီးလျှင်ပြီးချင်း အကျိုးသက်ရောက်မှုကို မြင်တွေ့ရမှာဖြစ်ပါသည်။

အရိုးရောဂါ

ခေတ်မီတိုးတက်ဆုံးသော အကျိုးသက်ရောက်မှုအရှိဆုံးသော နည်းပညာကို အသုံးပြုပြီး ခါးဆစ်ရိုးအကြော အတက်ထွက်လာခြင်း၊ ခါးကိုက်ခြင်း၊ အောက်ပိုင်းခြေထောက် ထုံကျဉ်ခြင်း၊ တင်ပါးနာ့ဗ်ကြောကိုက်ခဲခြင်း၊ လည်ဆစ်ရိုးခွက်အကြားအတက်ထွက်ခြင်း၊ ခေါင်းကိုက်လည်ပင်းနာကျင်ခြင်း၊ လက်ထုံကျဉ်ခြင်း၊ ပခုံးကိုက်ခဲခြင်းနှင့် အရိုးအဆစ်နာကျင်ကိုက်ခဲခြင်း၊ လေးဖက်နာ အရိုးအဆစ်နာခြင်း၊ လေးဖက်နာနှင့် အလားတူသည့် ရောဂါစသည်တို့မှာ အလျင်အမြန် အကိုက်အခဲပျောက်ကင်းပါသည်။ ခွဲစိတ်ကုသမှု မလိုအပ်ဘဲ ခါးဆစ်ရိုး၊ လည်ဆစ်ရိုး အတက်ထွက်သည့် ကုသရန်ခက်ခဲသော ရောဂါများကို ကုသနိုင်ပါသည်။

ဆီးချိုရောဂါနှင့် သွေးတိုးရောဂါ

နာတာရှည်ရောဂါ တစ်မျိုးဖြစ်ပါသည်။ ရောဂါလက္ခဏာမှာ ခေါင်းမူးခြင်း၊ အမြင်အာရုံကျဆင်းခြင်း၊ စိတ်ရှုပ်ထွေးခြင်း၊ ဒေါသထွက်လွယ်ခြင်း၊ ပါးစပ်ခြောက်သွေ့ခြင်း၊ ဆီးများလွန်းခြင်း၊ ပိန်ချုံးသွားခြင်း၊ တစ်ကိုယ်လုံးအား မရှိခြင်း၊ လက်ထုံကျဉ်ပြီး ခြေထောက် ကိုက်ခဲခြင်း သို့မဟုတ် ကြွက်သားများ နာကျင် ကိုက်ခဲခြင်း၊ ဆိုးရွားသည့်အခါ၌ ခြေထောက်အောက်ပိုင်းတွင် မည်းလာခြင်း၊ ခြေထောက်ပြည်တည် အနံ့ထွက်ခြင်း၊ ကျောက်ကပ်စွမ်းအားမှာ ပုံမှန်မဖြစ်ခြင်းနှင့် နလုံးရောဂါ၊ ဦးနှောက်သွေးထွက်ရောဂါ၊ ကိုယ်တစ်ပိုင်းသေခြင်းစသည့် လက္ခဏာများဖြစ်ကြပါသည်။ မျက်မှောက်ကာလ၌ ဆီးချိုရောဂါ၊ သွေးတိုးရောဂါသည်တို့မှာ နေ့စဉ် ဆေးဝါးသောက်သုံးခြင်းဖြင့် သွေးချို၊ ဆီးချိုနှင့် သွေးတိုးတို့ကို ထိန်းချုပ်ပါသည်။ အချိန်ကာလကြာရှည်စွာ ဆေးဝါးကို အမှီပြုနေခြင်းသည် ကျောက်ကပ်စွမ်းအားနှင့် အသည်းစွမ်းအားကို အတိုင်းထက်အလွန် ထိခိုက်စေခဲ့ပါသည်။ ဘေးထွက်အာနိသင်ကြီးမားပါသည်။ အရှေ့တိုင်းဆေးခန်းရှိ ဆီးချိုရောဂါပညာရှင်မှာ လူတိုင်း၏ ကိုယ်ခန္ဓာအခြေအနေ မတူညီသည့် အခြေအနေ ဦးတည်သည့်သဘောတရားဖြင့် ကုသပါသည်။ ပန်ကရိယ (မုန့်ချိုအိတ်) နှိုးဆွနည်းဖြင့် ဆီးချိုသွေးချိုကုသပေးနေပါသည်။ ၎င်းဆေးများသည် ပန်ကရိယနှိုးဆွပေးပြီး ပုံမှန်အတိုင်း အလုပ်လုပ်စေပါသည်။ ဆီးချိုသွေးချိုကျ၍ ရောဂါပျောက်ကင်းပြီး နောက်ဆက်တွဲရောဂါလည်း မရှိတော့ပါ။ ဆေးစသောက်သည့်ရက်တွင် ချက်ချင်းအကျိုးသက်ရောက်မှုရှိသည်။ ဘေးထွက်ဆိုးကျိုးမရှိပါ။





လာရောက်ကုသသောလူနာများအား
ကြေညာစာစောင်အပါယူခဲ့လျှင် ၃၀ ရာခိုင်နှုန်း လျှော့ပေးမည်။

ပိတ်ရက်မရှိ
ဆေးခန်းဖွင့်ချိန် – နံနက် ၈း၃၀ နာရီမှည ၈း၃၀ အထိ

လမ်းမတော်မြို့နယ်၊ (၁)လမ်းထိပ်၊ ပုဂံအိမ်ရာအမှတ် (၃၃၄/၃၄၄)၊ အနော်ရထာလမ်း၊ Ph : 01 226917, 01 227285

# Sports

7 DAY NEWS JOURNAL

Vol.12, No.37 • NOVEMBER 20 , 2013


## ဆီးဂိမ်းမီးရှူးတိုင် သယ်ဆောင်ရာတွင် ကစားသမားဟောင်း ကိုးဆယ်ကျော်ပါဝင်မည်

**ဗိုလ်ဗိုလ်ဝင်း**

**ရန်ကုန်၊ နိုဝင်ဘာ-၁၈**

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ (ဆီးဂိမ်း) ဖွင့်ပွဲအခမ်းအနားတွင် ထည့်သွင်းပြုလုပ်မည့် ဆီးဂိမ်းမီးရှူးတိုင်လက်ဆင့်ကမ်းသယ်ဆောင်ထွန်းညှိမှုအစီအစဉ်တွင် ရွှေတံဆိပ်ဆုရှင် မြန်မာ့လက်ရွေးစင်ကစားသမားဟောင်းကိုးဆယ်ကျော် ပါဝင်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

ဆီးဂိမ်းမီးရှူးတိုင်ကို ဖွင့်ပွဲမတိုင်မီတစ်ရက်ကြို၍ ဒီဇင်ဘာ ၁၀ ရက် ညနေ ၄ နာရီခွဲအချိန်တွင် ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်ရှိမြန်မာနိုင်ငံဆောက်လုပ်ရေးလုပ်ငန်းရှင်များ အသင်း (ရုံးချုပ်) နေရာမှ အမျိုးသားအားကစားပြိုင်ပွဲရုံ(၁)သုဝဏ္ဏသို့ သယ်ယူမည်ဖြစ်ပြီး မီးရှူးတိုင်ထွန်းညှိပေး၍ ညအိပ်ရပ်နားမည် ဖြစ်သည်။

ဒီဇင်ဘာ ၁၁ ရက် နံနက် ၅ နာရီခွဲအချိန်တွင် ဆီးဂိမ်းမီးရှူးတိုင်အား သုဝဏ္ဏအားကစားရုံမှ ဝေဇယန္တာလမ်းနှင့် သစ္စာလမ်းဆုံအထိ လက်ဆင့်ကမ်းသယ်ယူမည်ဖြစ်ကာ သစ္စာလမ်းဆုံမှ နေပြည်တော် မြို့တော်ခန်းမအထိ ယာဉ်ဖြင့် ဆက်လက်သယ်ဆောင်မည်ဖြစ်သည်။

"ဒီဇင်ဘာ ၁၀ ရက် အစီအစဉ်မှာ နိုင်ငံ့ဂုဏ်ဆောင်အားကစားသမားနှစ်ဦးက မီးရှူးတိုင်သယ်ဆောင်မှာဖြစ်ပြီး ဒီဇင်ဘာ ၁၁ ရက် မနက်ပိုင်း သုဝဏ္ဏအားကစားရုံကနေ သစ္စာလမ်းဆုံအထိ မီးရှူးတိုင်လက်ဆင့်ကမ်းသယ်ဆောင်မယ့် အစီအစဉ်မှာတော့ အားကစားသမား ၂၀ ဦးပါဝင်မှာဖြစ်ပါတယ်" ဟု အဆိုပါ အစီအစဉ်ဆောင်ရွက်သည့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ဆီးဂိမ်းမီးရှူးတိုင်အား နေပြည်တော်မြို့တော်ခန်းမမှ ဖွင့်ပွဲအခမ်းအနားကျင်းပမည့် ဝဏ္ဏသိဒ္ဓိအားကစားကွင်းသို့လက်ဆင့်ကမ်းသယ်ယူခြင်းအစီအစဉ်တွင် ရွှေတံဆိပ်ဆုရှင် အားကစားသမားဟောင်း ၇၀ က ပါဝင်ဆောင်ရွက်မည်ဖြစ်သည်။

"နေပြည်တော်မြို့တော်ခန်းမကနေ ဝဏ္ဏသိဒ္ဓိအားကစားကွင်းအထိ ၁၄ ကီလိုမီတာ အကွာအဝေးရှိပါတယ်။ မီးရှူးတိုင်ကို အားကစားသမားတစ်ဦးကမီတာ ၂၀၀ နှုန်းနဲ့လက်ဆင့်ကမ်းသယ်ဆောင်မှာ ဖြစ်ပါတယ်" ဟု တာဝန်ရှိသူက ပြောသည်။

ဝဏ္ဏသိဒ္ဓိအားကစားကွင်းအတွင်းပိုင်းပတ်လမ်းတွင် ဆီးဂိမ်းမီးရှူးတိုင်အား နိုင်ငံ့ဂုဏ်ဆောင်ရွှေတံဆိပ်အားကစားသမားဟောင်းများဖြစ်သည့် ဦးတင်အောင်(ဂိုး)၊ ဒေါ်ဂျနီဖာတင်လေး၊ ဒေါ်သန်းသန်း၊ ဒေါ်ခင်ခင်ထွေး၊ ဦးစောဆာလောလ(ပြေးခုန်ပစ်)၊ ဦးမြင့်အောင်(ကျွမ်းဘား)စသည့် ခြောက်ဦးက ဆက်လက်သယ်ဆောင်မည်ဖြစ်သည်။

၂၀၁၃ ဆီးဂိမ်းပြိုင်ပွဲ ဖွင့်ပွဲပင်မမီးရှူးတိုင် မီးထွန်းညှိမည့်အစီအစဉ်တွင် နောက်ဆုံးသယ်ယူလာသော အားကစားသမားမှ မြားပစ်မီးထွန်းညှိမည့် မြန်မာ့လက်ရွေးစင်မြားပစ်အားကစားသမား ဝေလင်းထွန်းသို့ မီးကူးပေးပြီး မီးရှူးတိုင်ကို မြားဖြင့်မှန်အောင်ပစ်၍ ထွန်းညှိမည်ဖြစ်ကြောင်း သတင်းရရှိသည်။

ရန်ကုန်မြို့တွင် ဆီးဂိမ်းမီးရှူးတိုင်သယ်ဆောင်ခြင်း အစီအစဉ်တွင်ကျောင်းသား၊ ကျောင်းသူအင်အား နှစ်ရာကျော်နှင့် နေပြည်တော်၌ ပြုလုပ်မည့် အစီအစဉ်တွင် ကျောင်းသား၊ ကျောင်းသူအင်အား ၃၅၀ ကျော် ပါဝင်ဆင်နွှဲကြမည်ဖြစ်သည်။

ဆီးဂိမ်းမီးရှူးတိုင် သယ်ဆောင်ခြင်း အစမ်းလေ့ကျင့်မှုအစီအစဉ်ကို နိုဝင်ဘာ ၂၅ ရက်၊ ၂၆ ရက်များတွင် နောက်ဆုံးအကြိမ်အဖြစ် ရန်ကုန်နှင့် နေပြည်တော်တို့တွင် ပြုလုပ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

## ကမ္ဘာ့အကောင်းဆုံးဘောလုံးသမားဆုအတွက် မြန်မာအသင်းနည်းပြနှင့် အသင်းခေါင်းဆောင်က မက်ဆီအားဆန္ဒမဲပေး




TONI ALBIR/ EPA

*ကမ္ဘာ့အကောင်းဆုံးဆုလေးကြိမ်ရရှိထားသည့် အာဂျင်တီးနားကစားသမား မက်ဆီ*

**ဗိုလ်ဗိုလ်ဝင်း**

**ရန်ကုန်၊နိုဝင်ဘာ-၁၈**

၂၀၁၃ ကမ္ဘာ့အကောင်းဆုံး ဘောလုံးသမားဆုအတွက် ပဏာမ ၂၃ ဦးစာရင်းထွက်ပေါ်လာချိန်တွင် မြန်မာအသင်းနည်းပြချုပ် ပတ်ဆောင်ဟွာနှင့် အသင်းခေါင်းဆောင်ကျော်ဇေယျာဝင်းတို့က ဘာစီလိုနာအသင်း၏ အာဂျင်တီးနားတိုက်စစ်မှူး မက်ဆီအား မဲပေးရွေးချယ်ထားကြောင်း သတင်းရရှိသည်။

ယခင်နှစ်ကလည်း မက်ဆီတွင်အရည်အချင်းကောင်းအားလုံးရှိသည်ဟု မှတ်ချက်ပြုကာ မဲပေးရွေးချယ်ခဲ့သူ ပတ်ဆောင်ဟွာအနေဖြင့် ယခုနှစ်တွင်လည်း အဆိုပါကစားသမားကိုသာ နံပါတ်(၁) ရွေးချယ်ထားသည်။ မြန်မာအသင်းနည်းပြ မဲပေးရွေးချယ်ထားသည့် ကမ္ဘာ့အကောင်းဆုံး ဘောလုံးသမားဆုအတွက် သုံးဦးစာရင်းမှာမက်ဆီ(ဘာစီလိုနာ)၊ ရော်နယ်ဒို (ရီးရဲလ်)၊ ရစ်ဘာရီ(ဘိုင်ယန်မြူးနစ်)တို့ဖြစ်ကြသည်။

ပေါ်တူဂီကစားသမားစီရော်နယ်ဒို၏ ပရိသတ်ဖြစ်သော်လည်း အသင်းနှင့် ကစားကွက်စုစည်းမှုပိုရှိသူ မက်ဆီကိုသာ နံပါတ်(၁)မဲပေးထားကြောင်း မြန်မာအသင်းခေါင်းဆောင်ကျော်ဇေယျာဝင်းက ပြောသည်။

"ကျွန်တော်က ဒိုလေး(ရော်နယ်ဒို)ရဲ့ ပရိသတ်ဆိုတော့ သူ့ကိုတော့ရစေချင်ပါတယ်။ ဒါပေမဲ့ ဒိုလေးရဲ့ တစ်ကိုယ်ကောင်းဆန်တဲ့ ကစားကွက်ပုံစံကိုတော့ မနှစ်သက်ပါဘူး။ ဒါကြောင့်အသင်းနဲ့နားလည်မှုရှိပြီး စုစည်းမှုပေးနိုင်တဲ့ မက်ဆီကို ဦးစားပေးရွေးချယ်ခြင်းဖြစ်ပါတယ်"ဟု ကျော်ဇေယျာဝင်းကပြောသည်။

မြန်မာအသင်းခေါင်းဆောင်မဲပေးထားသည့် ကမ္ဘာ့အကောင်းဆုံးဘောလုံးသမားဆုအတွက် သုံးဦးစာရင်းမှာ မက်ဆီ(ဘာစီလိုနာ)၊ ရော်နယ်ဒို(ရီးရဲလ်)၊ ဇာဗီ(ဘာစီလိုနာ)တို့ဖြစ်ကြသည်။ မြန်မာအသင်းနည်းပြနှင့် အသင်းခေါင်းဆောင်တို့ မဲပေးထားသည့် ကမ္ဘာ့အကောင်းဆုံးဘောလုံးသမားဆု သုံးဦးစာရင်းတွင် ဦးစားပေး (၁) နှင့်(၂)နှစ်ဦးမှာ တူညီနေပြီး ကျန်တစ်ဦးသာကွဲလွဲနေသည်။

ကမ္ဘာ့အကောင်းဆုံးနည်းပြဆုအတွက်မူ ပတ်ဆောင်ဟွာက ဘိုင်ယန်မြူးနစ်နည်းပြဟောင်းဂျက်ဟေးနက်၊ ကျော်ဇေယျာဝင်းက မန်ယူအသင်းနည်းပြဟောင်းဖာဂူဆန်အား ဦးစားပေးမဲပေးရွေးချယ်ထားကြောင်းသိရှိရသည်။

၂၀၁၃ ကမ္ဘာ့အကောင်းဆုံးဘောလုံးသမားဆုကို ၂၀၁၄ ခုနှစ်၊ ဇန်နဝါရီ ၁၃ ရက်တွင် ဆွစ်ဇာလန်နိုင်ငံ၊ ဇူးရစ်မြို့တွင် ပေးအပ်ချီးမြှင့်သွားမည်ဖြစ်ပြီး ပဏာမ ၂၃ ဦးစာရင်းမှ အမှတ်အများဆုံးရရှိသော နောက်ဆုံးဆန်ခါတင်သုံးဦးစာရင်းကို ဒီဇင်ဘာလအတွင်း ထုတ်ပြန်သွားမည်ဖြစ်သည်။









စိမ့်ရေလိုအေး အမောလည်းပြေ
ရှောက်သံပုရာ အချိုရည်
၃၀၀*
ကျပ်
Sprite
မြန်မာပြည်တွင် ဂုဏ်ယူစွာဖြင့် စတင်ထုတ်လုပ်နေပါသည်။
*ဆိုင်တိုင်းတွင် ဤဈေးနှုန်းဖြင့် ဝယ်ယူရရှိနိုင်ပါသည်။
Sprite is a registered trademark of The Coca-Cola Company. ©2013 The Coca-Cola Company.

7 DAY NEWS JOURNAL
Vol.12, No.37 • NOVEMBER 20 , 2013




REUTERS

# မာဆေးဆိုက် ဒါဘီမှာ ဘယ်အသင်း အခြေအနေကောင်းမလဲ

## စနေ၊ တနင်္ဂနွေ ဥရောပလိဂ်ပွဲများ ပွဲကြိုသုံးသပ်ချက်

### အဲဗာတန် – လီဗာပူး

| နောက်ဆုံး(၃)ကြိမ်တွေ့ဆုံမှု |
|---|
| အဲဗာတန် ၂ – ၂ လီဗာပူး |
| လီဗာပူး ၀ – ၀ အဲဗာတန် |
| လီဗာပူး ၂ – ၁ အဲဗာတန် |

ဒါဘီပွဲစဉ် ဖြစ်နေလို့ နှစ်သင်း စလုံးအတွက် နိုင်ပွဲပေါ်ဖို့ ခက်ခဲပါတယ်။ အဲဗာတန် အိမ်ကွင်းမှာ ခံစစ်ပိုင်း ကောင်းမွန်တာတွေ့ရတယ်။ လီဗာပူး တိုက်စစ် မဆိုးလှပေမယ့် ဂိုးအနည်းနဲ့ သရေကျမယ့် ပွဲပါပဲ။

### မန်စီးတီး – စပါး

| နောက်ဆုံး(၃)ကြိမ်တွေ့ဆုံမှု |
|---|
| မန်စီးတီး ၂ – ၁ စပါး |
| စပါး ၃ – ၁ မန်စီးတီး |
| မန်စီးတီး ၃ – ၂ စပါး |

အဝေးကွင်းမှာဆို စပါးအသင်း တိုက်စစ်က ဂိုးရဖို့ အတော်လေး ရုန်းကန်ရတာတွေ့ရတယ်။ မန်စီးတီးက အိမ်ကွင်းကစားအား ကောင်းလှတဲ့ အသင်းပါပဲ။ မနှစ်ကလိုပဲ မန်စီးတီး ဂိုးမပြတ်ဘဲ နိုင်မှာပါ။

### အာဆင်နယ် – ဆောက်သမ်တန်

| နောက်ဆုံး(၃)ကြိမ်တွေ့ဆုံမှု |
|---|
| အာဆင်နယ် ၆ – ၁ ဆောက်သမ်တန် |
| ဆောက်သမ်တန် ၁ – ၁ အာဆင်နယ် |
| ဆောက်သမ်တန် ၁ – ၁ အာဆင်နယ် |

ဆောက်သမ်တန်အသင်းရဲ့ ခြေစွမ်းကောင်းနေပေမယ့် အာဆင်နယ်ကွင်းမှာ ဆောက်သမ်တန် ရလဒ်ကောင်းလေ့မရှိပါဘူး။ ချန်ပီယံလိဂ်နဲ့ပြည်တွင်းမှာ နှစ်ပွဲဆက်ရှုံးနိမ့်ထားတဲ့ အာဆင်နယ် အနိုင်ရမှာ ဖြစ်ပေမယ့် ဂိုးမပြတ်လောက်ဘူး။

### ဒေါ့မွန် – ဘိုင်ယန်မြူးနစ်

| နောက်ဆုံး(၃)ကြိမ်တွေ့ဆုံမှု |
|---|
| ဒေါ့မွန် ၄ – ၂ ဘိုင်ယန်မြူးနစ် |
| ဒေါ့မွန် ၁ – ၂ ဘိုင်ယန်မြူးနစ် |
| ဒေါ့မွန် ၁ – ၁ ဘိုင်ယန်မြူးနစ် |

နိုင်ငံအသင်းပွဲစဉ်တွေကြောင့် လက်ရွေးစင်ကစားသမားအများစုပွဲပန်းပါလိမ့်မယ်။ တိုက်စစ်ကောင်းလှတဲ့ အသင်းနှစ်သင်းရဲ့ ထုံးစံအတိုင်းဂိုးများပါလိမ့်မယ်။ နှစ်ပွဲဆက်ရှုံးထားတဲ့ အိမ်ရှင်ဒေါ့မွန် အနိမ့်ဆုံးသရေကစားနိုင်ပါလိမ့်မယ်။

# ဥရုဂွေးနဲ့ မက္ကဆီကို အောင်ပွဲခံမယ့်

## ကမ္ဘာ့ဖလားခြေစစ်ပွဲ ရှုံးထွက် ဒု-ကျော့ပွဲစဉ်များ

### နယူးဇီလန် – မက္ကဆီကို

| ပထမအကျော့ ရလဒ် |
|---|
| မက္ကဆီကို ၅–၁ နယူးဇီလန် |

ပထမအကျော့မှာ မက္ကဆီကိုက ၅ ဂိုးပြတ် ခြေမှုန်းလိုက်တာက နယူးဇီလန်ကို နာလန်မထူနိုင်အောင် ဖြစ်သွားစေပါတယ်။ ခြေစွမ်းပိုင်းအရလည်း မက္ကဆီကို ခြေစွမ်းက နယူးဇီလန်ထက် သာလွန်ကောင်းမွန်တယ်လို့ပဲ ဆိုရမှာပါ။ နယူးဇီလန်ကွင်းဖြစ်ပေမယ့် မက္ကဆီကိုက အနည်းဆုံး သရေယူပါလိမ့်မယ်။

## BIG MATCH

### ဥရုဂွေး – ဂျော်ဒန်

| ပထမအကျော့ ရလဒ် |
|---|
| ဂျော်ဒန် ၀ – ၅ ဥရုဂွေး |

တောင်အမေရိက ထိပ်သီးအသင်း ဥရုဂွေးရဲ့ ခြေစွမ်းနဲ့ ဂျော်ဒန်အသင်းရဲ့ ခြေစွမ်းက အဆင့်မတူသလို အသင်းအင်အားချင်းလည်း မတူပါဘူး။ ရှင်းရှင်းပြောရရင် ဂျော်ဒန်ကစားအားက ဥရုဂွေးကို ဘယ်လိုမှမမီလို့ ပထမအကျော့တုန်းကလည်း ဂျော်ဒန်က ငါးဂိုးပြတ် အရှုံးပေးခဲ့ရပြီးပါပြီ။ ဒုတိယကျော့ ကစားဖို့ကျန်နေသေးပေမယ့်လည်း အိမ်ကွင်းမှာတောင် ငါးဂိုးပြတ်အရှုံးပေးခဲ့ရတဲ့ ဂျော်ဒန်ဟာ ဥရုဂွေးကွင်းမှာ အနိုင်ရလဒ်ကို မျှော်လင့်နိုင်စရာ ဘယ်လိုမှ အကြောင်းမရှိပါဘူး။ ဥရုဂွေးဘက်က နောက်တစ်ဆင့်တက်ဖို့ သေချာသလောက် ရှိနေပြီဆိုပေမယ့် ဒီတစ်ပွဲပဲ ကျန်တော့တာကြောင့် ဒီပွဲမှာ အဓိက ကစားသမားတွေကို အသုံးပြုပြီး အနိုင်ရအောင် စွမ်းဆောင်ဦးမှာပါ။ ဥရုဂွေးဘက်က အနိုင်သေချာနေသေးတဲ့ပွဲဖြစ်ပြီး၊ ပထမအကျော့ကလိုပဲ ဂိုးလည်းပြတ်သွားနိုင်ပါတယ်။



# ရေခဲဖြင့်ဆောက်လုပ်ထားသည့် ဟိုတယ်တွင် မီးလောင်မှုအချက်ပေးကိရိယာများ တပ်ဆင်ရန် ဆွီဒင်အာဏာပိုင်များ အမိန့်ပေး

**စတော့ဟုမ်း၊ နိုဝင်ဘာ-၁၆**
ဆွီဒင်နိုင်ငံရှိရေခဲများဖြင့်ဆောက်လုပ်ထားသောနာမည်ကျော်ရေခဲဟိုတယ် (Ice Hotel)တွင် နဂိုတပ်ဆင်ထားပြီးဖြစ်သည့် အလိုအလျောက် မီးငြိမ်းသတ်ရေးစနစ် (Sprinkler System)များတွင် မီးလောင်မှု အချက်ပေးကိရိယာ (Fire Alarm)များပါ တပ်ဆင်ရန် အာဏာပိုင်များက အမိန့်ပေးလိုက်သည်။

ယင်းရေခဲဟိုတယ်ကို ဂျူကတ်စ်ဂျာဗီမြို့တွင် နှစ်စဉ် ရေခဲတုံးကြီးများနှင့် ဆီးနှင်းများဖြင့် အစအဆုံး တည်ဆောက်ကြခြင်းဖြစ်သည်။

ယခုနှစ်တွင် ယင်းဟိုတယ်၌ တည်းခိုသူများ၏ အန္တရာယ်ကင်းရေးအတွက် မီးလောင်မှုအချက်ပေးကိရိယာများ တပ်ဆင်ရန်ဆွီဒင်နိုင်ငံအမျိုးသားအိမ်ရာအဖွဲ့က အမိန့်ပေးခဲ့သည်။

"နည်းနည်းတော့ အံ့သြမိပါတယ်။ ဒါပေမဲ့ သဘောပေါက်ပါတယ်။ အန္တရာယ်ကင်းရှင်းရေးက အဓိကကျတယ်လေ။ သမင်ရေစောင်တွေ၊ မွေ့ရာတွေနဲ့ ခေါင်းအုံးတွေလိုမျိုး မီးစွဲနိုင်တဲ့ပစ္စည်းတွေ ဒီဟိုတယ်မှာရှိတယ်လေ"ဟု ရေခဲဟိုတယ်မှ ပြောရေးဆိုခွင့်ရှိ အမျိုးသမီး ဘီထရီစီကာလ်ဆင်က ဆွီဒင်သတင်းဌာန The Local အား ပြောသည်။

ရေခဲဟိုတယ်ရှိ အေးစိမ့်သောရေခဲခုတင်များပေါ်တွင်ခင်းထားသော အပူပေးအိတ်မွေ့ရာများ၌ အိပ်စက်အနားယူလိုသည့် အအေးကြိုက် ကမ္ဘာလှည့်ခရီးသည်များသည် နိုင်ငံအနှံ့မှ လာရောက်တည်းခိုလေ့ရှိကြသည်။

ယင်းဟိုတယ်ကို၁၉၉၀ပြည့်နှစ်စတင်ဖွင့်လှစ်ချိန်မှစ၍ ကမ္ဘာလှည့်ခရီးသွားများကို ဆွဲဆောင်နိုင်ခဲ့ပြီး အအေးကြိုက်သူများအတွက် ယင်းဟိုတယ်တွင် တစ်ညတာတည်းခိုခကန်ဒေါ်လာ ၂၀၀မှ ၅၀၀ အထိ သတ်မှတ်ထားသည်။

—*Ref: Fox News*


ရေခဲဟိုတယ်ရှိ အခန်းတစ်ခုအတွင်း ရေခဲခုတင်နှင့် အပူပေးအိတ်မွေ့ရာ

# လစ်ဗျားနိုင်ငံ ဘင်ဂါဇီမြို့ရှိ ကန်သံရုံး တိုက်ခိုက်သူများ ဖော်ထုတ်နိုင်ပါက ဒေါ်လာဆယ်သန်း ဆုငွေပေးမည်

**ဝါရှင်တန်၊ နိုဝင်ဘာ-၁၆**
လစ်ဗျားနိုင်ငံ ဘင်ဂါဇီမြို့ရှိ သံရုံးတိုက်ခိုက်မှုနှင့်ပတ်သက်၍ သတင်းပေးသူအား ဆုတော်ငွေ ကန်ဒေါ်လာ ၁၀ သန်း ပေးမည်ဟု အမေရိကန်အစိုးရက ဇန်နဝါရီလမှစ၍ တိတ်တဆိတ်ကမ်းလှမ်းထားသည်။

ယင်းသို့ဆုတော်ငွေပေးအပ်မည်ဖြစ်ကြောင်း အဆိုပါကိစ္စအပေါ် မေးခွန်းထုတ်သည့် လွှတ်တော်အမတ်တစ်ဦးထံသို့ ပေးပို့သည့်စာတွင်ကန်နိုင်ငံခြားရေးဝန်ကြီးဌာနက အတည်ပြုထားခဲ့သည်။ သို့သော် လုံခြုံရေးစိုးရိမ်ရသဖြင့် ဆုတော်ငွေချီးမြှင့်ခြင်းနှင့်ပတ်သက်၍ လူသိရှင်ကြား မကြေညာခဲ့ဟု ကန်နိုင်ငံခြားရေးဝန်ကြီးဌာနက ပြောသည်။

၂၀၁၂ခုနှစ်စက်တင်ဘာလအတွင်း ဘင်ဂါဇီမြို့ရှိ ကန်သံရုံး တိုက်ခိုက်ခံရစဉ် လစ်ဗျားနိုင်ငံဆိုင်ရာ ကန်သံအမတ်ကြီးတစ်ဦးအပါအဝင် ကန်နိုင်ငံသားလေးဦး သေဆုံးခဲ့ရသည်။

ယင်းတိုက်ခိုက်မှုတွင် ပါဝင်သူများကို ပြစ်ဒဏ်ချမှတ်နိုင်မည့် (သို့မဟုတ်) ဖမ်းဆီးနိုင်မည့် သတင်းပေးသူ မည်သူမဆို ယင်းဆုတော်ငွေ ပေးအပ်မည်ဖြစ်သည်။ ယင်းကဲ့သို့ ဆုတော်ငွေပေးအပ်မည်ဆိုသည်ကို လူသိရှင်ကြား မကြေညာခဲ့သည်မှာ ပုံမှန်မဟုတ်ကြောင်း ကန်နိုင်ငံခြားရေးဝန်ကြီးဌာန အာဏာပိုင်တစ်ဦးက အေပီသတင်းဌာနအား ပြောသည်။

အဆိုပါ တိုက်ခိုက်မှုကို လစ်ဗျားပြည်သူ့စစ်တပ်ဖွဲ့များက ကြိုတင်ကြံစည်လုပ်ဆောင်ကြောင်း သိရှိခဲ့ရပြီးနောက် အမေရိကန်အစိုးရက လစ်ဗျားပြည်သူ့စစ်တပ်ဖွဲ့အကြီးအကဲအာမက်အဘူခါတာလာကိုဩဂုတ်လအတွင်း စွဲချက်တင်ခဲ့ကာ မည်သူမည်ဝါမသိရသော တိုက်ခိုက်ရေးသမားများဟု ဆိုသူများကိုလည်း စွဲချက်တင်ခဲ့သည်။

ကြိုတင်ကြံစည်မှုသတင်းရရှိခြင်းအတွက် ဆုတော်ငွေပေးအပ်ခဲ့သည်လားဆိုသည်ကိုမူ ကန်နိုင်ငံခြားရေးဝန်ကြီးဌာနက ပြောကြားထားခြင်းမရှိပေ။—*Ref: BBC*



7 DAY NEWS JOURNAL
Vol.12, No.37 • NOVEMBER 20 , 2013

# တိုကျိုမြို့ကားပြပွဲတွင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကားများ ပြသမည်

**တိုကျို၊ နိုဝင်ဘာ-၁၈**

ကာဗွန်ဒိုင်အောက်ဆိုက်ထုတ်လွှတ်မှုနည်းသော မော်တော်ကားဈေးကွက်ကြီးထွားလာစေရန် ရည်ရွယ်၍ ဂျပန်နိုင်ငံမှ ကားကုမ္ပဏီများက ၎င်းတို့၏ နောက်ဆုံးပေါ် အီလက်ထရွန်နစ်နည်းပညာနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကားများကို နိုဝင်ဘာ ၂၀ ရက်တွင် ကျင်းပမည့် တိုကျိုမြို့ကားပြပွဲ၌ ပြသရန်စီစဉ်ထားသည်။

၂နှစ်တစ်ကြိမ် ကျင်းပသည့် တိုကျိုမြို့ကားပြပွဲကို နိုဝင်ဘာ ၂၀ ရက်မှ ဒီဇင်ဘာ ၁ ရက်အထိ ကျင်းပမည်ဖြစ်ပြီး ပြည်တွင်းမော်တော်ကားကုမ္ပဏီများက ခရီးသည်တင်ကားများ၊ စီးပွားရေးသုံးကားများနှင့် ကုန်ကားများကို ၎င်းတို့၏ ဥရောပမှ ပြိုင်ဘက်ကားကုမ္ပဏီများနှင့်အပြိုင် ပြသလေ့ရှိသည်။

ကမ္ဘာ့ဘဏ္ဍာရေးအကျပ်အတည်းကာလမတိုင်မီ အချိန်ကပင် ယင်းပွဲကို ပါဝင်ဆင်နွှဲခြင်းမရှိခဲ့သည့် အမေရိကန်အခြေစိုက် ကားကုမ္ပဏီများမှာ ယခုနှစ်တွင်လည်း ယင်းပြပွဲ၌ ပါဝင်မည်မဟုတ်ပေ။ ဟွန်ဒိုင်းကုမ္ပဏီတစ်ခုမှ လွဲ၍ တောင်ကိုရီးယားကားကုမ္ပဏီများလည်း ပါဝင်မည်မဟုတ်ပေ။

ယင်းပြပွဲတွင်ပါဝင်ပြသမည့် အဓိကကားကုမ္ပဏီများအနက် ကမ္ဘာ့အကြီးဆုံး ကားကုမ္ပဏီဖြစ်သည့် တိုယိုတာကုမ္ပဏီလည်း ပါဝင်မည်ဖြစ် သည်။

ဂျာမနီနိုင်ငံမှ ဇိမ်ခံကားထုတ်လုပ်သည့်ကုမ္ပဏီ မာစီဒီးဘင့်ဇ်၊ BMW နှင့် Porsche ကုမ္ပဏီတို့ တိုကျိုမြို့ကားပြပွဲတွင် ပါဝင်ပြသမည်ဖြစ်သလို Audi ၊ Volkswagen ၊ Renault ၊ Peugeot-Citroen ၊ Land Rover နှင့် Volvo ကုမ္ပဏီတို့လည်း ပါဝင်ပြသသွားမည်ဖြစ်သည်။

ယခုကားပြပွဲတွင် ကြီးထွားလာသော အစိမ်းရောင်ကားများဈေးကွက်ကို ရယူနိုင်ရန် ကုမ္ပဏီကြီးများက အဆင့်မြင့်နည်းပညာများ၊ သဘာဝပတ်ဝန်းကျင်နှင့် ကိုက်ညီသောနည်းပညာများ အဓိကထား ပြသသွားမည်ဖြစ်သည်။

—*Ref: AFP*




# ဖူကူရှီးမားနျူကလီးယားဓာတ်အားပေးစက်ရုံမှ လောင်စာတောင့်များ စတင်ဖယ်ရှား

**တိုကျို၊ နိုဝင်ဘာ-၁၈**

ဂျပန်နိုင်ငံတွင် ဆူနာမီကြောင့် ပျက်စီးခဲ့သော ဖူကူရှီးမားနျူကလီးယားဓာတ်အားပေးစက်ရုံမှ လောင်စာတောင့်များဖယ်ရှားရေး ဂျပန်နျူကလီးယားအင်ဂျင်နီယာများက ပြင်ဆင်နေကြသည်။ ယင်းမှာ လွန်ခဲ့သည့် ၂နှစ်က ပေါက်ကွဲလုဆဲဆဲဖြစ်ခဲ့သော နျူစက်ရုံများကို ထိန်းချုပ်ခဲ့ပြီးနောက်ပိုင်း အခက်ခဲဆုံးနှင့် အန္တရာယ်အများဆုံး လုပ်ငန်းဖြစ်သည်။

လောင်စာတောင့်များ ဖယ်ရှားရေး အတိမ်းအစောင်းမခံသောလုပ်ငန်းကိုနိုဝင်ဘာ ၁၈ ရက်မှာပင် စတင်မည်ဟု မျှော်လင့်ရသည်။ ယင်းမှာ စက်ရုံများကို ဖျက်သိမ်းပစ်ရေး ဆယ်စုနှစ်ချီ၍ ကြာနိုင်သော လုပ်ငန်းစဉ်၏ ပထမအဆင့်ဖြစ်သည်။

လောင်စာတောင့်များ ဖယ်ရှားရေး ကြိုတင်ပြင်ဆင်မှုများ စတင်နေပြီဖြစ်ကြောင်း နျူဓာတ်ပေါင်းဖိုများပိုင်ရှင် တိုကျိုလျှပ်စစ်စွမ်းအားကုမ္ပဏီ (TEPCO)မှ ပြောခွင့်ရပုဂ္ဂိုလ်တစ်ဦးက အေအက်ဖ်ပီသတင်းဌာနအား ပြောသည်။

၂၀၁၁ ခုနှစ် မတ်လလ မြေငလျင်ကြောင့် ဖြစ်ပေါ်ခဲ့သော ဆူနာမီဒဏ်ခံရပြီး နောက်ပိုင်းကတည်းကထားရှိသော သိုလှောင်ကန်အတွင်းမှ ယူရေနီယမ်နှင့် ပလူတိုနီယမ်လောင်စာတောင့်ပေါင်း ၁,၅၀၀ ကျော်ကို ဖယ်ရှားရမည်ဖြစ်သည်။

နှစ်ရက်တာကာလအတွင်း လောင်စာ ၂၂ တောင့်ကို ဖယ်ရှားနိုင်ရေး မျှော်လင့်ကြောင်း TEPCO ကုမ္ပဏီကပြောကြားသည်။ ဤသို့ဆိုလျှင်လောင်စာတောင့်များဖယ်ရှားရေး အချိန်တစ်နှစ်ကျော်ကြာမည်ဖြစ်သည်။ လောင်စာတောင့်များ ဖယ်ရှားခြင်းမှာ နျူကလီးယားဓာတ်ပေါင်းဖိုများတွင် လုပ်နေကျဖြစ်သော်လည်း ဆူနာမီဘေးပျက်စီးမှုများကြောင့် ၎င်းတို့လုပ်ငန်းစဉ်ကို ပိုမိုရှုပ်ထွေးသွားစေခဲ့သည်ဟု ဓာတ်ပေါင်းဖိုများပျက်စီးမှုကိုင်တွယ်ရာတွင် ဝေဖန်မှုများစွာကြုံခဲ့ရသော TEPCO ကုမ္ပဏီကပြောကြားသည်။

—*Ref: AFP*

# ဗြိတိန်မင်းသားဟယ်ရီ တောင်ဝင်ရိုးစွန်းသို့ သွားရန် တောင်အာဖရိကသို့ ရောက်လာ

**လန်ဒန်၊ နိုဝင်ဘာ-၁၈**

တောင်ဝင်ရိုးစွန်းသို့ သွားရောက်ရန် ဗြိတိန်မင်းသားဟယ်ရီသည် အန္တာတိကတိုက်ကိုခရီးကြမ်းဖြတ်ကျော်ရန် တောင်အာဖရိကနိုင်ငံသို့ နိုဝင်ဘာ ၁၈ ရက်တွင် ဆိုက်ရောက်လာသည်။

ဗြိတိန်၊ အမေရိကန်နှင့် ဓနသဟာယနိုင်ငံများကို ကိုယ်စားပြုသည့် ဒဏ်ရာရစစ်သားလေးဦး၏ အဖွဲ့သုံးဖွဲ့ကြား ၃၃၅ ကီလိုမီတာဝေးသည့်ခရီးကို ယှဉ်ပြိုင်ရာတွင် မင်းသားဟယ်ရီ ပါဝင်မည်ဖြစ်သည်။ ၁၆ ရက်ကြာမည်ဟု မျှော်လင့်ထားသည့် ကမ္ဘာ့တောင်ဘက်အကျဆုံးအမှတ်သို့ ရန်ပုံငွေရရှိရေး ယှဉ်ပြိုင်သွားလာကြရာတွင် မင်းသားဟယ်ရီ (၂၉)နှစ်သည် ဗြိတိန်အသင်းနှင့်အတူ ပါဝင်မည်ဖြစ်သည်။

လန်ဒန်မြို့မှ လေယာဉ်ဖြင့် ထွက်ခွာလာကာ ကိပ်တောင်းမြို့သို့ ရောက်ရှိပြီးနောက် ပြိုင်ပွဲဝင်အဖွဲ့များသည် အန္တာတိကတိုက်အစွန်ရှိ ရုရှားနိုင်ငံပိုင် နိုဗိုလာဇာရီကာယာလေတပ် အခြေစိုက်စခန်းသို့ နိုဝင်ဘာ ၁၉ ရက်တွင် လေကြောင်းခရီးဖြင့် ထွက်ခွာမည်ဖြစ်သည်။

ယင်းအဖွဲ့များ၏ ပြိုင်ပွဲကို နိုဝင်ဘာ ၂၉ ရက်တွင်စတင်ကြမည်ဖြစ်ပြီး ဒီဇင်ဘာ ၁၇ ရက်တွင် တောင်ဝင်ရိုးစွန်းသို့ရောက်ရန် မျှော်လင့်ထားကြသည်။ အသင်းတစ်သင်းစီတွင် နည်းပြတစ်ဦးနှင့် လမ်းပြတစ်ဦး ပါရှိသည်။

ဒဏ်ရာရစစ်သားများ ပြန်လည်လေ့ကျင့်ရေးရန်ပုံငွေပေးရန်နှင့် ၎င်းတို့ကို စစ်သားဘဝအပြင်ဘက်တွင် အလုပ်အကိုင်သစ်များ ကူညီရှာဖွေပေးရန် ကျင်းပသည့် 'ဒဏ်ရာရသူများနှင့်အတူ လမ်းလျှောက်ပွဲ' အစီအစဉ်တွင် မင်းသားဟယ်ရီသည် စည်းရုံးရေးမှူးဖြစ်သည်။

ယင်းခရီးကြမ်းမှာ တစ်နေ့လျှင် ကီလိုမီတာ ၂၀ ခန့် သွားရောက်ရမည်ဖြစ်ပြီး ပြိုင်ပွဲဝင်အဖွဲ့များကို ကီလိုမီတာ ၇၀ အထိ စွပ်ဖားများဖြင့် ဆွဲခေါ်ပေးမည်ဖြစ်သည်။

၎င်းတို့သည် အပူချိန်အနုတ် ၃၅ ဒီဂရီဆဲလ်စီးယက်စ်၊ လေတိုက်နှုန်း တစ်နာရီလျှင် ကီလိုမီတာ ၈၀ နှုန်း ကြုံတွေ့ကြရဖွယ်ရှိနေသည်။ ၂၀၀၇ ခုနှစ်အတွင်း အာဖဂန်နစ္စတန်နိုင်ငံ လမ်းဘေးတစ်နေရာ ဗုံးပေါက်ကွဲမှုကြောင့် ညာဘက်လက် ပြတ်တောက်ခဲ့ရသည့် ဗြိတိသျှစစ်ပြန် အီဘာရာအလီက ရှေ့တွင်စောင့်ကြိုနေမည့် စိန်ခေါ်မှုများအတွက် ရင်ခုန်ပြီး စိုးရိမ်မိနေသည်ဟု လန်ဒန်မြို့ဟီးသရိုးလေဆိပ်မှ မထွက်ခွာမီ ပြောကြားသွားသည်။

—*Ref: AFP*

7 DAY NEWS JOURNAL
Vol.12, No.37 • NOVEMBER 20 , 2013

# ဆီးရီးယားဓာတုလက်နက်များ လက်ခံဖျက်ဆီးပေးမည့် အစီအစဉ် အယ်လ်ဘေးနီးယားအစိုးရပယ်ချ

**သည်ဟော့ဂ်၊ နိုဝင်ဘာ-၁၆**

အမေရိကန်-ရုရှား သဘောတူညီမှုအရ ဆီးရီးယားနိုင်ငံရှိ ဓာတုလက်နက်များကို ဖျက်ဆီးရန် ဆောင်ရွက်နေသော ဓာတုလက်နက် တားဆီးပိတ်ပင်ရေးအဖွဲ့ (OPCW)၏ ဆီးရီးယားနိုင်ငံမှ ဓာတုလက်နက်များကို အယ်လ်ဘေးနီးယားနိုင်ငံတွင် ဖျက်ဆီးရေး အမေရိကန်အစိုးရ၏ တောင်းဆိုမှုကို အယ်လ်ဘေးနီးယား အစိုးရက ပယ်ချလိုက်သည်။

OPCW အဖွဲ့က ယင်းလက်နက်များ အချိန်မီဖျက်ဆီးရေးအစီအစဉ်တစ်ရပ်ကို နိုဝင်ဘာ ၁၅ ရက်ညကအထိ ရေးဆွဲခဲ့ပြီး အသေးစိတ်အချက်အလက်များ ပါဝင်သည်။

သို့သော် ယင်းလက်နက်များ လက်ခံဖျက်ဆီးမည့်နိုင်ငံ (သို့မဟုတ်) လုံခြုံရေးအစီအစဉ် အသေးစိတ်ကိုမူ ဖော်ပြခဲ့ခြင်းမရှိပေ။

အယ်လ်ဘေးနီးယားအစိုးရက ယင်းသို့ ငြင်းဆိုလိုက်သည့်အတွက် ဆီးရီးယားဓာတုလက်နက်များ နောက်ဆုံးသတ်မှတ်ရက်အမီ ဖျက်ဆီးရန် ခက်ခဲကောင်း ခက်ခဲသွားဖွယ်ရှိသည်ဟု ရိုက်တာ သတင်းက ဖော်ပြသည်။

“ဒီလုပ်ငန်းစဉ်မှာ အယ်လ်ဘေးနီးယားနိုင်ငံဝင်ပါဖို့ မဖြစ်နိုင်ပါဘူး”ဟု အယ်လ်ဘေးနီးယား ဝန်ကြီးချုပ် အက်ဒီရာမာက ပြောသည်။ ဆီးရီးယားဓာတုလက်နက်များ အယ်လ်ဘေးနီးယားအစိုးရက လက်ခံဖျက်ဆီးပေးရမည့် အစီအစဉ်ကို ကျောင်းသားများအပါအဝင် ဆန္ဒပြသူရာပေါင်းများစွာက ၎င်းတို့၏ မျက်နှာများပေါ်တွင် 'No' ဟု ဆေးခြယ်ကာ ဆန့်ကျင်ဆန္ဒပြခဲ့ကြသည်။




ARBEN CELI /REUTERS

*နိုဝင်ဘာ ၇ ရက်က အယ်လ်ဘေးနီးယားနိုင်ငံ တီရာနာမြို့ ဝန်ကြီးချုပ်ရုံးရှေ့တွင် ဆီးရီးယားဓာတုလက်နက်များ မိမိတို့နိုင်ငံတွင် ဖျက်ဆီးရေး ဆန့်ကျင်ကန့်ကွက်နေကြသူများကို တွေ့ရစဉ်*

သို့သော် ယင်းလက်နက်များကို လက်ခံဖျက်ဆီးပေးရန် အခြားသော နိုင်ငံများစွာက အလေးအနက် စဉ်းစားနေကြကြောင်း ကန်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောခွင့်ရအမျိုးသမီး ဂျန်ပက်စကီးကပြောသည်။

လက်ခံဖျက်ဆီးပေးရန် စဉ်းစားနေသည်ဆိုသော နိုင်ငံများကို ၎င်းက ဖော်ပြခြင်းမရှိပေ။ သို့သော် အယ်လ်ဘေးနီးယားအစိုးရက လက်ခံဖျက်ဆီးပေးရန် ငြင်းဆိုလိုက်သော်လည်း ဆီးရီးယားဓာတုလက်နက်များကို နောက်ဆုံးသတ်မှတ်ရက်အမီ ဖျက်ဆီးနိုင်မည်ဟု အမေရိကန်အစိုးရက မျှော်လင့်ကြောင်း ၎င်းကပြောသည်။

*—Ref: Reuters*



7 DAY NEWS JOURNAL

# International

Vol.12, No.37 • NOVEMBER 20 , 2013




ဖိလစ်ပိုင်နိုင်ငံ တက်ခ်လိုဘန်မြို့ အစွန်အဖျား ဆန်ဂျို့စ်တံငါရွာတွင် အကူအညီပေးရေးတောင်းပန်ထားသော စာတန်းများကြား အသက်ရှင်ကျန်ခဲ့သူတစ်ဦး ဖြတ်လျှောက်လာသည်ကို နိုဝင်ဘာ ၁၈ ရက်က တွေ့ရစဉ်

PHILIPPE LOPEZ/AFP

## တိုင်ဖွန်းမုန်တိုင်းဒဏ်ခံခဲ့ရသော ဖိလစ်ပိုင် ဝေးလံဒေသများရှိ အသက်ရှင်ကျန်ရစ်သူများထံသို့ လေကြောင်းမှ အကူအညီများပေးပို့

**မနီလာ၊ နိုဝင်ဘာ-၁၈**

ကယ်ဆယ်ရေးရဟတ်ယာဉ်များသည်ဟိုင်ယန်မုန်တိုင်းဒဏ်ခံစားခဲ့ရသော ဝေးလံသည့်ကျွန်းများနှင့် တောင်တန်းများပေါ်ရှိ အသက်ရှင်ကျန်ရစ်သူများထံသို့ အရေးပေါ်ထောက်ပံ့ပစ္စည်းများ ချပေးခဲ့သည်။ ဟိုင်ယန်မုန်တိုင်းဒဏ်ခံစားခဲ့ရသည့် ဟိုမွန်ဟွန်းကျွန်းငယ်ပေါ်တွင် နေထိုင်ကြသော ဒေသခံများသည် အမေရိကန်ရဟတ်ယာဉ်မှ ရေများချပေးနေသည်ကို စိတ်ရှည်လက်ရှည် စောင့်ဆိုင်းနေခဲ့ကြသည်။

အမေရိကန်လေယာဉ်တင်သင်္ဘော USS George Washington သည် နိုဝင်ဘာ ၁၄ ရက်တွင် ဖိလစ်ပိုင်နိုင်ငံသို့ရောက်ရှိပြီး ကျယ်ပြန့်သော နိုင်ငံတကာကယ်ဆယ်ရေးလုပ်ငန်းကို လုပ်ကိုင်လျက်ရှိသည်။ ယင်းလေယာဉ်တင်သင်္ဘောကြီးပေါ်မှ ရဟတ်ယာဉ်များသည် ကုန်းတွင်း လေဆိပ်များတွင် ထောက်ပံ့ပစ္စည်းပေးပို့ခြင်းနှင့် ပို၍ဝေးလံသော ဒေသများသို့ ပစ္စည်းများ ပို့ပေးခြင်းများ ပြုလုပ်လျက်ရှိသည်။ ရဟတ်ယာဉ်ဆင်းသက်ရန် ကွင်းပြင်မရှိသောနေရာများတွင် ရဟတ်ယာဉ်များသည် မြေပြင်အနီးရစ်ဝဲလျက် ပစ္စည်းများချပေးခဲ့သည်။

တိုင်ဖွန်းမုန်တိုင်းဟိုင်ယန် တိုက်ခတ်ပြီးနောက် ၁၀ ရက်အကြာတွင် အကူအညီပေးရေးအဖွဲ့များနှင့်လူသားချင်းစာနာထောက်ထားမှုအဖွဲ့များသည် တက်ခ်လိုဘန်မြို့တွင် ကယ်ဆယ်ရေးနှင့် အကူအညီပေးရေး လုပ်ငန်းများထိရောက်စွာဆောင်ရွက်နေပြီဖြစ်သည်။ တက်ခ်လိုဘန်မြို့တွင်ပုံမှန်လျှပ်စစ်ဓာတ်အား မရရှိသေးသော်လည်း ဓာတ်ဆီဆိုင်အချို့ ပြန်ဖွင့်နေပြီဖြစ်သည်။ ယာယီဆိုင်ငယ်လေးများတွင်လည်း လတ်ဆတ်သော အသီးအနှံများရရှိနေပြီဖြစ်သည်။ မုန်တိုင်းဒဏ်သင့်ဒေသများသို့ အကူအညီပေးရေးအဖွဲ့များ ရောက်ရှိနေပြီဖြစ်သော်လည်း ယေဘုယျအခြေအနေမှာ စိုးရိမ်နေရဆဲဖြစ်သည်။

ဖိလစ်ပိုင်ဟိုင်ယန်မုန်တိုင်းကြောင့် သေဆုံးသူပေါင်း ၃,၉၇၆ ဦးရှိပြီး ၁,၅၉၈ ဦး ပျောက်ဆုံးနေသည်။ ကုလသမဂ္ဂအဖွဲ့၏ ခန့်မှန်းချက်အရပြည်သူလေးသန်းခန့်မှာ အိုးအိမ်များကို စွန့်ခွာထွက်ပြေးခဲ့ရပြီး ယင်းအနက် သုံးသိန်းခွဲကိုသာ ဘေးအန္တရာယ်လုံခြုံသောနေရာများတွင် နေရာချပေးနိုင်ခဲ့သည်။ *— Ref: AFP*



## Telenor ထုတ်ကုန်များနှင့် ဝန်ဆောင်မှုများကို ဖြန့်ချိရောင်းချရန်အတွက် တရားဝင်အသိအမှတ်ပြု ဖြန့်ချိရေးကိုယ်စားလှယ်နှင့် လက်လီအရောင်းဆိုင်ရှင်များအဖြစ် လျှောက်ထားရန် ပြည်တွင်းရှိစီးပွားရေးလုပ်ငန်းရှင်များနှင့် စွန့်ဦးတီထွင်လုပ်ငန်းရှင်များအား Telenor မှ ဖိတ်ကြားခြင်း

ခေတ်မီဆန်းသစ်သည့် မိုဘိုင်းဆက်သွယ်ရေးပစ္စည်းများနှင့် ဝန်ဆောင်မှုများကို မြန်မာပြည်သူများလက်ဝယ်သို့ရောက်ရှိအောင် ကူညီဖြန့်ချိပေးမည့် လက်လီအရောင်းဆိုင်ရှင်များနှင့် ဖြန့်ချိရေးကိုယ်စားလှယ်များကို Telenor မှ ဖိတ်ခေါ်နေပါပြီ။

Telenor စီးပွားရေးလုပ်ငန်းစုသည် ၂၀၁၃ ဘဏ္ဍာနှစ် တတိယပတ် လုပ်ငန်းလည်ပတ်မှုစုစုပေါင်းတွင် မှာယူသုံးစွဲသူ ၁၆၁ သန်း၊ ၂၀၁၂ ၌ ဝင်ငွေ နော်ဝေခရုန်း ၁၀၂ ဘီလီယံ နှင့် ဝန်ထမ်းအင်အား ၃၄၀၀၀ ရှိ၍ ကမ္ဘာ့အကြီးဆုံး မိုဘိုင်းအော်ပရေတာများတွင် တစ်ခုအပါအဝင်ဖြစ်ပါသည်။ ကမ္ဘာ့ဆက်သွယ်ရေးကုမ္ပဏီ Telenor စီးပွားရေးလုပ်ငန်းစုသည် နော်ဝေနိုင်ငံတွင် ရုံးချုပ်တည်ရှိ၍ ဥရောပမြောက်ပိုင်း၊ အလယ်ပိုင်းနှင့် အရှေ့ပိုင်းဒေသများရှိ ဈေးကွက် ၁၃ ခုနှင့် အာရှဒေသတွင်းရှိ ထိုင်း၊ ပါကစ္စတန်၊ ဘင်္ဂလားဒေ့ရှ်၊ မလေးရှားနှင့် အိန္ဒိယ စသည့်နိုင်ငံများတွင် မိုဘိုင်းဆက်သွယ်ရေးလုပ်ငန်းများ လည်ပတ်လျက်ရှိနေပြီး ယခုအခါ မြန်မာဈေးကွက်သို့ ဝင်ရောက်လာခြင်းဖြစ်ပါသည်။

Telenor သည် မြန်မာနိုင်ငံတွင်လည်း ခေတ်မီဆက်သွယ်ရေးကွန်ယက်တစ်ခုကို အလျင်အမြန်အစပျိုးနိုင်ရန်နှင့် အရည်အသွေးမြင့်မားပြီး လူတိုင်းဝယ်ယူသုံးစွဲနိုင်သည် အထိ ဈေးနှုန်းချိုသာသော မိုဘိုင်းဆက်သွယ်ရေးဝန်ဆောင်မှုများကို နေရာဒေသမရွေး နေထိုင်သူအားလုံးအတွက် ဖြန့်ချိပေးနိုင်ရန်ပြင်ဆင်လျက်ရှိပါသည်။

မြန်မာနိုင်ငံတဝန်းလုံးရှိ ဒေသများတွင် Telenor ထုတ်ကုန်နှင့် ဝန်ဆောင်မှုများကို ဖြန့်ချိရောင်းချရန်အတွက် စိတ်ပါဝင်စားသော မိတ်ဖက်ဖြန့်ချိရေးကိုယ်စားလှယ်နှင့် လက်လီအရောင်းဆိုင်ရှင်များကို Telenor မှ ဖိတ်ခေါ်အပ်ပါသည်။

### ဖြန့်ချိရေးကိုယ်စားလှယ်အဖြစ် လျှောက်ထားလိုသူများအနေဖြင့် အောက်ပါအချက်များနှင့်ပြည့်စုံရန် လိုအပ်ပါသည်။

- သက်ဆိုင်ရာနယ်မြေဒေသအသီးသီးရှိ လက်လီအရောင်းဆိုင်များအတွက် လိုအပ်သောထုတ်ကုန်တံဆိပ်မျိုးစုံကို သိုလှောင်ပံ့ပိုးဖြန့်ချိရောင်းချပေးနိုင်မည့် ခိုင်မာသော ငွေကြေးတောင့်တင်းမှု ရှိရပါမည်။
- လက်ကားဖြန့်ချိရေးနှင့် လက်လီရောင်းဝယ်ရေးလုပ်ငန်း လက်ရှိလုပ်ကိုင်နေသူဖြစ်ရပါမည်။
- လုပ်ငန်းရေရှည်ဖွံ့ဖြိုးရေးအတွက် သက်ဆိုင်ရာဒေသတွင်း၌ ခန့်အပ်ထားပြီးသော ဝန်ထမ်းအင်အားရှိနေပြီး ဒေသအတွင်းရှိ လက်လီအရောင်းဆိုင်များနှင့် လုပ်ငန်းဆက်သွယ်ရင်းနှီးမှုရှိနေရပါမည်။

### မိတ်ဖက်လက်လီအရောင်းဆိုင်ရှင် (Franchising Retail Partner) အဖြစ် လျှောက်ထားလိုသူများအနေဖြင့် အောက်ပါအချက်များနှင့်ပြည့်စုံရန် လိုအပ်ပါသည်။

- သင့်လျော်သည့် ဆိုင်ခန်းနေရာ အကျယ်အဝန်း (၂၀၀ - ၃၀၀ စတုရန်းပေ၊ မြေညီထပ်) နှင့် တည်နေရာ (ဈေးဝယ်စင်တာ၊ လမ်းမကြီးသို့မဟုတ် လူစည်ကားရာနေရာ) ရှိရပါမည်။
- လက်လီအရောင်းဈေးကွက်အတွင်း ရောင်းဝယ်ရေးနှင့် စားသုံးသူဝန်ဆောင်မှု အတွေ့အကြုံရှိသူများကို ဦးစားပေးပါမည်။




### လျှောက်ထားရန်

ဖြန့်ချိရေးကိုယ်စားလှယ်နှင့် လက်လီအရောင်းဆိုင်ရှင်အဖြစ် လျှောက်ထားရန် စိတ်ပါဝင်စားသူများအနေဖြင့် Telenor ဝက်ဘ်ဆိုဒ် www.telenor.com/myanmar မှ လျှောက်လွှာရယူကာ partner.myanmar@telenor.com.mm သို့ အီးမေးလ်ဖြင့်လည်းကောင်း၊ အမှတ်(၄၂-အေ)၊ ပန်တျာလမ်း၊ Telenor Myanmar (My Yangon Office) သို့ စာတိုက်မှပေးပို့၍လည်းကောင်း လျှောက်ထားနိုင်ပါသည်။ လျှောက်လွှာတွင် ဖြည့်သွင်းထားသော အချက်အလက်များကိုကြည့်ရှုကာ Telenor ၏ လိုအပ်ချက်များနှင့် ကိုက်ညီမှုရှိ၊ မရှိ ကိုဆုံးဖြတ်၍ သင့်အား ပြန်လည်ဆက်သွယ်မည် ဖြစ်ပါသည်။ လျှောက်လွှာများကို ၂၀၁၃၊ ဒီဇင်ဘာလ ၁၇ ရက်နေ့ နောက်ဆုံးထားပေးပို့ရပါမည်။

telenor



မြန်မာပြည်ရဲ့ ပထမဦးဆုံး ရေခဲပြင်စကိတ်ကွင်းထဲမှာ
ပျော်ရွှင်စွာကစားရင်း ဆောင်းရာသီရဲ့ လေပြေလေညှင်းလေးတွေနှင့်
ထိတွေ့ခံစားခွင့်ရမယ့် Winter Festival
နှင်းမြို့တော်ထဲက ပျော်စရာကောင်းတဲ့ Fun Park မှာ
ကစားရင်း နိုင်ငံတကာ စားသောက်ပွဲကြီးနှင့် နိုင်ငံတကာ
ကုန်ပစ္စည်း အရောင်းပွဲတော်မှာ ပျော်ပျော်ရွှင်ရွှင် ဆင်နွှဲကြပါစို့...
ဒီလိုပျော်ပွဲရွှင်ပွဲကြီးကို တပြိုင်နက်ထဲ နှစ်နေရာမှာ ကျင်းပပြုလုပ်မှာ
ဖြစ်တဲ့အတွက် ပါဝင်ဆင်နွှဲဖို့ အဆင်သင့်ပြင်ထားလိုက်နော်...
ရန်ကုန် – Myanmar Event Park
(မြေနီကုန်း ကားပါကင်အနီး)
၂၀၁၃ ဒီဇင်ဘာလ ၆ ရက်နေ့ မှ ၃၁ ရက်နေ့ အထိ
ညနေ ၃ နာရီ မှ ည ၁၀ နာရီ အထိ
နေပြည်တော် – Capital Hypermarket
၂၀၁၃ ဒီဇင်ဘာ ၆ ရက်နေ့ မှ ၂၂ ရက်နေ့အထိ
ညနေ ၄ နာရီ မှ ည ၁၀ နာရီ အထိ
Bangkok Airways
ASIA'S BOUTIQUE AIRLINE
Presents
BANGKOK AIRWAYS WINTER FESTIVAL 2013
by FOREVER GROUP
SHOPPING
SALE
CP
Signal
POND'S




နောက်အပတ်တွင် ကျင်းပမည်
MYANBUILD'13
MYANMAR INTERNATIONAL BUILDING & CONSTRUCTION INDUSTRY SHOW
26-28 NOV 2013 • TATMADAW HALL, YANGON, MYANMAR
မြန်မာ့အကောင်းဆုံး ဆောက်လုပ်ရေး လုပ်ငန်းများ ဆိုင်ရာ
နိုင်ငံတကာ စက်မှုကုန်စည်ပြပွဲကြီး
MYANWATER'13
INTERNATIONAL WATER & WASTEWATER TECHNOLOGY SHOW
26-28 NOVEMBER 2013 • TATMADAW HALL • YANGON, MYANMAR
မြန်မာ့အကောင်းဆုံး ရေ နှင့် ရေသန့်စင်ရေး လုပ်ငန်းများ ဆိုင်ရာ
နိုင်ငံတကာ စက်မှုကုန်စည်ပြပွဲကြီး
MYANENERGY'13
INTERNATIONAL POWER & ELECTRICAL ENGINEERING SHOW
26-28 NOVEMBER 2013 • TATMADAW HALL • YANGON, MYANMAR
မြန်မာ့အကောင်းဆုံး စွမ်းအင်လျှပ်စစ်အင်ဂျင်နီယာ လုပ်ငန်းများဆိုင်ရာ
နိုင်ငံတကာ စက်မှုကုန်စည်ပြပွဲကြီး
မြန်မာ့အကောင်းဆုံး ဆောက်လုပ်ရေး လုပ်ငန်းများ ၊ ရေ နှင့် ရေသန့်စင်ရေး လုပ်ငန်းများ ၊
စွမ်းအင်လျှပ်စစ်အင်ဂျင်နီယာ လုပ်ငန်းများဆိုင်ရာ နိုင်ငံတကာ စက်မှုကုန်စည်ပြပွဲကြီး
ကျင်းပမည့်ရက်စွဲ - ၂၀၁၃ ခုနှစ် နိုဝင်ဘာ ၂၆ မှ ၂၈ ရက် အထိ • နေရာ - တပ်မတော်ခန်းမ ၊ ဦးဝိစာရလမ်း၊ ဒဂုံမြို့နယ် • အချိန် - မနက် ၉ နာရီ မှ ညနေ ၅ နာရီ အထိ
• နိုင်ငံပေါင်း ၂၂ နိုင်ငံမှ ပြပွဲလာရောက်ပြသသူ ၃၀၀ကျော် တို့နှင့်ထိတွေ့ဆက်ဆံနိုင်ခြင်း
• နိုင်ငံတကာ ကုမ္ပဏီ အသစ်များစွာနှင့် ထိတွေ့ဆက်ဆံနိုင်ခြင်း
• မြန်မာပြည်အတွက် ကိုယ်စားလှယ်သစ်ရှာဖွေနေသော နိုင်ငံတကာကုမ္ပဏီ များဖြင့်ဆက်သွယ် လုပ်ကိုင်နိုင်ခြင်း
• နောက်ဆုံး ပေါ်ကုန်ပစ္စည်းများ နှင့် နည်းပညာများကို ထိတွေ့နိုင် ခြင်း
Country Pavilions: China, Singapore, Malaysia, Korea, Japan, Thailand,Chinese Taipei.
In Conjunction with:
MYANMAR INFRASTRUCTURE '13
26-28 NOV 2013 • TATMADAW HALL, YANGON
www.ambexpo.com
Organised by:
AMB EVENTS SDN. BHD
Tel: +(603) 4041 9889
Fax: +(603) 2770 5301
michelle@ambexpo.com
MYANMAR REP. OFFICE
Tel : +95-1- 254765
Hp : 0973050840
khant@ambexpo.com
AMB EVENTS GROUP


လျှော်ဖွပ်ရခက်တဲ့ အစွန်းအထင်းဆိုတာ
ပြဿနာမဟုတ်ပါ။
အဖြေက ဒီမှာ... အိုမို ဆပ်ပြာမှုန့်
Remove Stains in 1 Scrub*
OMO
Powder Detergent
အစွန်းအထင်းများကို
ပြိုင်ဘက်မရှိ ဖယ်ရှားပေးသည်


မကြာမီ ကျင်းပမည်
AGRI LIVESTOCK '13
MYANMAR INTERNATIONAL AGRICULTURE, FEED & LIVESTOCK SHOW
2 - 4 DECEMBER 2013
TATMADAW HALL, YANGON
MYANMAR
MEET THESE INTERNATIONAL EXHIBITORS
ADEPTA
ADISSEO ASIA PACIFIC PTE LTD
ALLTECH THAILAND
ALTUNTAS HAV. TURIZM SAN TIC. A.S
ANJARL ENTERPRISE CO LTD
ARDES
ASIA NUTRI-CHEMICAL SB
ASIA VETERINARY
ASTINO AGRO - HOUSE MULTI SYSTEM SDN BHD
AWILA ANLAGENBAU GMBH
BD AGRICULTURE (THAILAND) SDN BHD
BEIJING CENTRE BIOLOGY CO., LTD.
BEIJING ENHALOR INTERNATIONAL TECH CO., LTD
BEIJING SMILE
BEIJING YUNFENG LIMIN LIVESTOCK EQUIPMENT CO. LTD
BIG DUTCHMAN AGRICULTURE SDN BHD
BIOCHEM DAEHENG
BIOMIN SINGAPORE PTE LTD
BUHLER
CERES AGRICULTURAL & CHEMICAL CO.
CEVA
CHAANG CHERNG CO., LTD
CITOFORTE ASIA PACIFIC PTE LTD
CPM/PACIFIC (PRIVATE) LTD
CUC
DAESANG GROUP
DEXCHEM INDUSTRIES SDN BHD
DR. ECKEL GMBH
EON ANIMAL HEALTH PRODUCTS LTD
EURODUNA
FARM INNOVATION TEAM GMBH
FORMOSA BIOMEDICAL INC
FRANCEAGRIMER
GUANGDONG DAHUANONG ANIMAL HEALTH PRODUCTS CO.,LTD
GUANGZHOU GUANGXING POULTRY EQUIPMENT CO., LTD
GUANGZHOU HUANAN POULTRY EQUIPMENT CO., LTD
HAI-YU ENTERPRISE CO LTD
HANGZHOU PEPSHIFINE IMP. & EXP.CO., LTD
HONGHE CHEMICAL
HOWARD ALAT PERTANIAN
HUBEI SANJIANG SPACE MECHANICAL & ELECTRONIC EQUIPMENT CO., LTD.
IDAH CO., LTD
IFIP
J.N.JORENKU
JANSEN POULTRY QUIPMENT
JAPFA
JIANG XI GAO XIANG INTERNATIONAL CO., LTD.
K-PRO GMBH
LLK AGRO SYSTEM SDN BHD
LOMON
MIRASCO INC.
MOBA GROUP
MUDANJIANG
MUNCH-EDELSTAHL GMBH
MUYANG GROUP
NAM PHARMA SDN BHD
NANOVA CO., LTD
NB GROUP
NUFOER
OLMIX
OSMOSIS NUTRITION SDN. BHD.
OTTEVANGER MILLING ENGINEERS
PAS REFORM HATCHERY TECHNOLOGIES
PETERSIME NV
PHARMACEUTICAL AND VETERINARY MATERIAL JSC (HANVET)
PHYTOBIOTICS FEED ADDITIVES
POTACHCORP
PRINZEN ASIA
PRISTINE DYNAMICS SDN BHD
PT PLASINDO BHAMA
QINGYUN JINYUAN COMPOSITE MATERIAL CO., LTD
R & M RAS AQUACULTURE FARMING SYSTEMS
RANGE PHARMA
RIZHAO FANGYUAN CAGE CO., LTD
SASSO
SHANDONG SHIFENG GROUP
SHANDONG YINCHUN STEEL SILO MANUFACTURING CO., LTD
SHANGHAI ZHENGCHANG INTERNATIONAL MACHINERY & ENGINEERING CO., LTD.
SHT ENGINEERING SDN BHD
SNA
SOLO KLEINMOTOREN GMBH
SPARKLER FAR EAST LTD
STIF ASIA PTE LTD
STOLZ ASIA PTE., LTD
SUNCUE COMPANY LTD
SYK ENGINEERING
TAIWAN AGRICULTURAL BIOTECHNOLOGY CO LTD
TERMOTECNICA PERICOLI S.R.L
TFPMA
TODAY EXPOSITIONS BEIJING SHIFEN GROUP
UNCEIA
VALLI S.P.A
VOSTERMANS B.V.
VREUGDENHIL FEED DIVISION
XINFUTAI GLOBAL SYSTEM CO., LTD.
YELLOW MAIZE
ZAGRO SINGAPORE PTE LTD
LIST AS AT 1ST NOV 2013
မြန်မာ့ အကောင်းဆုံး စိုက်ပျိုးရေး နှင့်
မွေးမြူရေးလုပ်ငန်းဆိုင်ရာ နိုင်ငံတကာကုန်စည်ပြပွဲကြီး
ဒီဇင်ဘာ ၂ - ၄ ရက် အထိ ၊ တပ်မတော်ခန်းမ၊ ရန်ကုန်။
● နောက်ဆုံးပေါ် မွေးမြူရေးဆိုင်ရာ ဆေးပညာ၊အာဟာရ၊အစားအစာ ထုတ်လုပ်မှု ၊ခေတ်မှီ မွေးမြူရေးစနစ်၊ နှင့် ထုတ်လုပ်မှု နည်းပညာများကို လာရောက် ကြည့်ရှုလေ့လာ နိုင်ခြင်း
● နိုင်ငံပေါင်း ၁၈ နိုင်ငံမှ လာရောက်ပြသသူ ပေါင်း ၂၀၀ ကျော်နှင့် တွေ့ဆုံနိုင်ခြင်း
● နောက်ဆုံးပေါ် ထုတ်ကုန်အသစ်များကို တွေ့မြင်နိုင်ပြီး လုပ်ငန်းသစ်များစွာကို စတင်နိုင်ခြင်း
● နိုင်ငံတကာမှ ပညာရှင်များ၏ မွေးမြူရေးနှင့် အစာ ထုတ်လုပ်ခြင်း ဆွေးနွေးပွဲများကို အခမဲ့တက်ရောက်နိုင်ခြင်း
● ပြင်သစ်၊မလေးရှား၊စင်ကာပူ၊အီတလီ၊တရုတ် အစရှိသည့်နိုင်ငံများမှ လုပ်ငန်းပေါင်းများစွာကို လာရောက်လေ့လာနိုင်ခြင်း
Hosted by:
Supported by:
Platinum Sponsor:
Big Dutchman
Gold Sponsors:
JAPFA
MUYANG
Biomin
ZHENG CHANG
Organised by:
AMB EVENTS GROUP


နှစ်သစ်ကူးအထူးလက်ဆောင်
GS Battery ဝယ်ယူခြင်းဖြင့် Suzuki Carry Truck နှင့်
Honda Super Cub Motorcycle များရရှိနိုင်မည့်အခွင့်အရေး
SUZUKI
GS
Double Lid
GS
PLUS ONE
Conventional
Suzuki Carry Truck
Honda Super Cub Motorcycle
GS Battery Packing
WIN CHERRY COMPANY LIMITED
95-1-542844 (0) : 95-1-543882 (0) : 95-1-558542 (0)
GS BATTERY
World - Class Technology



DAIKIN
ဂျပန်ပြည်မှ
အေးမြသောလေညှင်းများကို
ကြိုဆိုပါသည်။
ဂျပန်နိုင်ငံ နံပါတ် (၁)
အထူးလေအေးပေးစက်ပညာရှင်မှ
မြန်မာနိုင်ငံအားအေးမြသွားအောင်
ဆောင်ရွက်ပေးနေပါသည်။
ဂျပန်နိုင်ငံမှ အထူးလေအေးပေးစက်ပညာရှင်ဖြစ်သောဒိုင်ကင်း(Daikin) သည် မြန်မာနိုင်ငံတွင် မိတ်ဆွေတို့၏ စီးပွားရေးသုံး၊ အိမ်သုံးလိုအပ်ချက် အားလုံးကို ဆန်းသစ်တီထွင်မှု၊ အေးမြမှု၊ သက်တောင့်သက်သာရှိမှုတို့ဖြင့် ဖြည့်ဆည်းပေးနေပါသည်။
AUTHORISED SERVICE AGENT AND PARTS CENTER:
Poh Meng Myanmar Co, Ltd
AUTHORISED DEALERS:
Air-Condition Related Products Trading Co. Ltd
Ywar Taw International Trading Co. Ltd
Zeya & Associates
နေရာတိုင်းမှာသင်နှင့်အတူ

7 DAY NEWS JOURNAL
Vol.12, No.37 • NOVEMBER 20 , 2013

စာမျက်နှာ(၂၄)မှ

# ဂဠုန်ဆရာစံ၏ အာဂသတ္တိ

အလံတောင်စခန်းကို ဗြိတိသျှတပ်တွေဝင်သိမ်းပြီးတဲ့နောက်ဆရာစံဟာ ရှမ်းပြည်ဘက်ကို တိတ်တဆိတ်တိမ်းရှောင်သွားတယ်။ သိပ်မကြာပါဘူး။ တော်လှန်သူရဲ့နောက်တော်လှန်ရေး ပါလာမြဲဖြစ်လို့ ရှမ်းပြည်မှာပုန်ကန်ခြားနားမှုတွေပေါ်ပေါက်လာပါတယ်။ ဗြိတိသျှတပ်တွေနဲ့ အာဏာပိုင်တွေဟာ ဆရာစံကို ဖမ်းမိဖို့နဲ့ ပုန်ကန်ခြားနားမှုတွေ နှိမ်နင်းဖို့ ရှမ်းပြည်နယ်ဘက်ကို တရကြမ်းထိုးစစ်ဆင်တော့တာပါပဲ။

ဒီလိုနဲ့. . . နောက်ဆုံး ၁၉၃၁ ဩဂုတ်လ ၂ရက်နေ့မှာ ခြောင့်စူးနေတဲ့ ဆရာစံကိုဖမ်းမိခဲ့ကြတယ်။

**ဆရာစံရဲ့အာဂသတ္တိ**

ဆရာစံကို ဖမ်းမိပြီးတဲ့နောက် သာယာဝတီတရားရုံးမှာ ရုံးတင်စစ်ဆေးရာမှာ လူထုပရိသတ်ကြီးဟာ မျက်ရည်လည်ရွဲလာရောက်ကြည့်ရှုခဲ့တယ်။ “တို့ဆရာစံ၊ တို့ဆရာပေါ့” အဲဒီလူထုကြီးထဲမှာ ဂဠုန်တပ်သားတချို့ဟာ အံတကြိတ်ကြိတ်လက်သီးတဆုပ်ဆုပ်နဲ့ သူတို့ခေါင်းဆောင်ကိုမျှော်ငေးကြည့်နေခဲ့ကြတယ်။ အံ့ဩစရာကောင်းတာက ပထမဆုံးတရားစစ်ဆေးမယ့်နေ့မှာပဲ ဆရာစံဟာတရားခံတစ်ဦးအဖြစ် မတ်တတ်ရပ်မနေဘဲ သူ့ကိုထားတဲ့နေရာမှာအိပ်လျက်၊ လဲလျောင်းနေပြီး တရားစီရင်မယ့်ခုံအဖွဲ့ကိုပမာမခန့်၊ မထီမဲ့မြင်၊ ဂရုမစိုက်သလိုလုပ်နေတာပါ။ တရားသူကြီးတွေရောက်လာတော့ အားလုံးမတ်တတ်ရပ်အရိုအသေပြုကြပေမယ့် ဆရာစံကတော့ လှဲနေမပျက်၊ ဒူးများပင်တဆတ်ဆတ်နှံ့နေပါသေးတယ်။ ဒါကြောင့် အင်္ဂလိပ်တရားသူကြီးဟာ ဆရာစံရှိရာကို ဆင်းလာပြီးစကားပြန်ကတစ်ဆင့်“ဘာလို့ ဒီလိုအပြုအမူတွေလုပ်နေရကြောင်းနဲ့တရားခွင်ကို လေးလေးစားစားဆက်ဆံရမှာဖြစ်ကြောင်း” ပြောကြားခဲ့ပေမယ့် ဆရာစံကတော့ လုံးဝဂရုမစိုက်ခဲ့ပါဘူး။ လှဲမြဲလှဲနေပါတယ်။ ဒါကြောင့်တရားသူကြီးတွေဟာ ခေါင်းတယမ်းယမ်းနဲ့ အဲဒီနေ့က ရုံးသာဆင်းလိုက်ရှိပါတယ်။ အမှုစစ်ဆေးလို့မရခဲ့ပါဘူး။

နောက်တော့ သာယာဝတီဦးပု၊ ဒေါက်တာဘမော်၊ ဦးထွန်းအောင်ကျော်၊ သခင်မြအစရှိတဲ့ ဆရာစံဘက်ကလိုက်မယ့်ရှေ့နေကြီးတွေရဲ့ ဖျောင်းဖျမှုကြောင့်သာ တရားစစ်ဆေးမှုစတင်နိုင်ခဲ့တာပါ။ ဆရာစံကတော့ သူ့အခြေအနေသူသိပြီးဖြစ်ပါလိမ့်မယ်။ တရားစစ်ဆေးချိန်မှာတောင် သူ့အပေါ် အပြစ်တွေလျှော့ပေါ့ပေးဖို့နေနေသာသာ စစ်ဆေးနေတဲ့တရားသူကြီးတွေကိုတောင် မေးခွန်းတွေထုတ်လိုထုတ်၊စွဲချက်တွေတင်လိုတင် ပြန်လည်ဆက်ဆံခဲ့တာပါ။ ဆရာစံက ဒီလိုတုံ့ပြန်ပြောဆိုရာမှာ အခွန်တော်ကောက်ခံတဲ့အချိန်က နယ်ချဲ့အရာရှိအချို့ရဲ့ တောင်သူလယ်သမားဆင်းရဲသားပြည်သူတွေ အပေါ်နိုင့်ထက်မတရားပြုကျင့်ခြင်းများ၊ ဘုရားစေတီပုထိုးတော်တွေကို တုတ်နဲ့ရိုက်ခြင်း၊ ခြေနဲ့ကန်ကျောက်ခြင်း၊ သေးနဲ့ပန်းခြင်းစတဲ့ ယုတ်ညံ့တဲ့အပြုအမူတွေကို ပြုကျင့်ခဲ့တဲ့လုပ်ရပ်များသာမက အခွန်မဆက်သနိုင်တဲ့ ရွာသူ၊ ရွာသားတွေကို နေပူကျဲကျဲကြီးမှာ ရပ်ခိုင်းပြီး နေကိုကြည့်ခိုင်းခြင်း၊ မကြည့်တဲ့သူကို နောက်ကနေနှိပ်စက်ခြင်းများအပြင် နယ်ချဲ့အရာရှိတစ်ဦးက သောက်ရေအိုးထဲ ခြေထောက်ဝင်ဆေးခြင်းအပြုအမူတွေနဲ့ ပတ်သက်ပြီး တရားရုံးမှာ တစ်ခုချင်းစီပြန်လည်မေးခွန်းထုတ်ခဲ့ပါတယ်။ ဆရာစံရဲ့ အဲဒီအချိန်ကအမေး၊ အဖြေတွေကိုသာ စနစ်တကျမှတ်တမ်းတင်ပြီး မပျောက်မပျက်ထိန်းသိမ်းထားနိုင်ခဲ့ရင် **ကမ္ဘာကျော်လျှောက်လဲချက်များ**လို တခမ်းတနားတည်ရှိနေမှာပါ။ ဒါကတော့သုတေသနပညာရှင်တွေရဲ့ အလုပ်ပါ။

ဆရာစံကိုစီရင်ချက်ချရာမှာတော့ ဖော်ပြခဲ့သလိုမသေမချင်းကြိုးကွင်းတပ်၍ သေစေဆိုတဲ့ အများမျှော်လင့်နေတဲ့ ဆုံးဖြတ်ချက်တစ်ခုပါပဲ။ ဒီဆုံးဖြတ်ချက်ကို အင်္ဂလန်ပြည့်ရှင်မင်းအထိ အယူခံဝင်ဖို့အရေး သခင်မြကပြောလာတော့ **ပုန်ကန်မှုကြောင့်သေဆုံးခဲ့ရတဲ့ ရဲဘော်များ နောက်သို့သာလိုက်လိုတော့ပြီ**လို့သာ ပြန်ပြောခဲ့ပါတယ်။ တစ်ဆက်တည်း ဆရာစံက **ကျုပ်ဟာဘုရား ဆုပန်တဲ့ယောကျ်ားမဟုတ်ဘူး။ လူမျိုးခြားလက်အောက်ကလွတ်လိုတဲ့ဆုကိုသာပန်တယ်**လို့ အနားမှာရှိတဲ့ သတင်းစာဆရာတစ်ဦးကိုပြောခဲ့ပါသေးတယ်။

ဗြိတိသျှဂျော့ချ်ဘုရင်ထံ အယူခံဝင်ဖို့ငြင်းပယ်ခဲ့တဲ့ ဆရာစံဟာ နောက်ဆုံးတော့ကြိုးစင်ရှိရာကို ရဲရဲဝံ့ဝံ့မကြောက်မရွံ့တက်သွားပါတယ်။ စက်တိုင်တက်ခါနီးမှာ တစ်ချက်လှည့်ပြီး **အမျိုးဘာသာ သာသနာ ပညာကြီးပွားရေးအတွက် ကြိုးစားခဲ့လို့ အခုလိုကြိုးပေးခံရတာပါ။ အားလုံးပဲသွားပြီ။ အောင်မြင်ပါစေ။ အောင်ပါစေ**လို့ လက်သီးလက်မောင်းတန်းကာ ကြွေးကြော်ပြီး ထောင်သားတွေရဲ့ တွဲခေါ်တာကိုတောင်မခံဘဲ ရှန်းဖယ်ကာ တစ်ဦးတည်းကြိုးစင်ပေါ် သုတ်သုတ်တက်သွားပါတယ်။ အဲဒီနေ့ကတော့ ၁၉၃၁ နိုဝင်ဘာ ၂၈ ရက်ပါ။

**နှစ်များစွာကြာပြီးတဲ့နောက်**

ဆရာစံဦးဆောင်ခဲ့တဲ့ တောင်သူလယ်သမားအရေးတော်ပုံလှုပ်ရှားမှုကြီးဟာ အခုဆိုရင် မျိုးဆက်သုံးခုအကွာ ရောက်ရှိလာပါပြီ။ အဲဒီတုန်းက အရေးတော်ပုံကြီးမှာ ပါဝင်ဆင်နွှဲခဲ့တဲ့ ဆရာစံအပါအဝင် တောင်သူလယ်သမားတွေဟာ ပြဇာတ်တစ်ပုဒ်ထဲက ဇာတ်ကောင်တွေမဟုတ်ကြပါဘူး။ နယ်ချဲ့လက်အောက်မှာ နင်းပြားဘဝအဖြစ်ရောက်နေချိန် အလွန်တရာလက်နက်အင်အားကြီးမားတဲ့ ဗြိတိသျှတွေကို တန်ပြန်တော်လှန်ဖို့ ဘယ်သူမှစိတ်မကူးဝံ့တဲ့အချိန်၊ သူ့ကျွန်ဘဝမှာ ပထမဆုံးပုန်ကန်ထကြွရဲတဲ့ဆရာစံရဲ့စိတ်ဓာတ်နဲ့သတ္တိကတော့ အံ့မခန်းနိုင်အောင်ပါပဲ။ ဆရာစံ ဦးဆောင်တဲ့ တောင်သူလယ်သမားအရေးတော်ပုံကြီးဟာ လက်နက်အင်အားကွာခြားလွန်းတာကြောင့် မအောင်မြင်ခဲ့ပေမယ့် တော်လှန်ဝံ့တဲ့သတ္တိကိုတော့ အသိအမှတ်ပြုရပါမယ်။ တကယ်တော့ဆရာစံဟာ အိုင်ယာလန်မျိုးချစ်ခေါင်းဆောင် မိုင်ကယ်ကောလင်း၊ ဖိလစ်ပိုင် မျိုးချစ်ခေါင်းဆောင် ဒေါက်တာ ဂျိုဆေရီဇော်၊ အာဂျင်တီးနားဖွား တော်လှန်ရေးသမားချေဂွေဗားရားနဲ့ ချက်တော်လှန်ရေးသမား ဂျူးလိယက်ဖူးချစ်တို့လိုကမ္ဘာမြေကြီးပေါ်မှာ အမှန်တကယ်ရပ်တည်နေထိုင်ရင်းမတရားမှုတွေကို ကြံ့ကြံ့ခံတွန်းလှန်ပယ်ရှားဖို့ကြိုးပမ်းခဲ့တဲ့ ပုဂ္ဂိုလ်တစ်ယောက်ပါ။ အဲဒီလိုလူတစ်ယောက်မြန်မာပြည်ကြီးမှာမြန်မာ့လေကိုရှူရင်း၊မြန်မာ့ရေကိုသောက်ရင်း၊ မြန်မာ့မြေကိုနင်း ရင်းရဲစွမ်းသတ္တိ ထွန်းပြောင်အောင်ပြသွားရင်းကြိုးပေးကွပ်မျက်ခံခဲ့ရတာပါ။

ရည်ညွှန်း
၁။ ၁၉၃၁ ဒီဇင်ဘာ ၁၄ ရက်ထုတ် မြန်မာ့အလင်းသတင်းစာ
၂။ သတင်းစာ ဆရာနှစ်ငါးဆယ်ခရီး (ဦးမောင်မောင်ခင်)
၃။ ရှေးဟောင်းသူရိယနေ့စဉ်သတင်းစာများ



နယူးဟောင်ကောင် ဆေးကုခန်း
အဆင့်မြင့်နည်းပညာများ နောက်ဆုံးပေါ် စက်ကိရိယာများဖြင့် အထူးကုသပေးနေပါသည်။

နှာခေါင်းရောင်နာ၊ လည်ချောင်းရောင်နာကိုတစ်ကြိမ်တည်းဖြင့် အမြစ်ပြတ်ကုသပေးခြင်း



နာတာရှည် နှာခေါင်း၊ လည်ချောင်းရောင်နာ၏ အဓိက လက္ခဏာရပ်မှာ နှာပိတ်ခြင်း၊ နှာရည်ယိုခြင်း၊ နှာချေခြင်း၊ နှာခေါင်းယားယံခြောက်သွေ့ခြင်း၊ နှာခေါင်းသွေးထွက်ခြင်း၊ အနံ့မရခြင်း၊ လည်ချောင်းနာကျင် ယားယံခြင်းနှင့် ခိုးလိုခုလုဖြစ်နေခြင်းတို့မှာ ကင်ဆာ ရောဂါသို့ အလွယ်တကူပြောင်းလဲသွားနိုင်သည်။
နယူးဟောင်ကောင်ဆေးကုခန်းမှ နှာခေါင်းအလာဂျီ၊ နှာတွင်း လိုက်မြောင်းရောင်ရမ်းခြင်း၊ နှာခေါင်းထွက်သက် အသားဖု၊ နာတာရှည်လည်ချောင်းနာ၊ အာသီးရောင်ခြင်း ရောဂါများကို ကွန်ပျူတာစက်ကြီးများ(သို့မဟုတ်)နှာခေါင်းအတွင်းသို့ ပြောင်စင်ဆေးကြောကုသသည့်နည်း အသုံးပြု၍ တစ်ကြိမ်တည်းဖြင့် အမြစ်ပြတ် ကုသပေးပါသည်။

အိမ်ထောင်ရေးသုခ သုတ်လွှတ်မြန်ခြင်း ပန်းသေရောဂါ ကုသပေးခြင်း
ကျောက်ကပ်အားနည်းခြင်း၊ ပန်းသေရောဂါ သုတ်လွှတ်မြန်သော ရောဂါများမှာ နေထိုင်မှုဘဝတွင် အရေးတကြီး လုပ်ငန်း ဖိအားများခြင်းကြောင့်ဖြစ်သည်။
နယူးဟောင်ကောင်ဆေးကုခန်းသည် နိုင်ငံတကာတွင်ခေတ်စားနေသည့် DEA အာရုံကြောဆေးထိုးကုသနည်းကိုအသုံးပြုပြီး ကျောက်ကပ်အားနည်းခြင်း၊ သုတ်လွှတ်မြန်ခြင်း၊ ပန်းသေခြင်း၊ အမျိုးသားအင်္ဂါသေးငယ်သွားခြင်းစသော ရောဂါတို့ကို အထူးကုသပေးနေပါသည်။
ဆေးကုသကြိမ်တစ်ကြိမ်တည်းဖြင့် သက်သာစေသည်။ အမျိုးသားတို့၏ မာန် တစ်ကြိမ်ထပ်မံတက်ကြွလာပါသည်။ ဤကုသနည်းဖြင့် ကမ္ဘာ့မြောက်များစွာသော အမျိုးသားများအတွက် သတင်းကောင်း ဖြစ်ပါသည်။

PPH စအိုအူလမ်းကြောင်းကုထုံး
ကျွန်တော်တို့ ဆေးခန်း၏ စအို အူလမ်းကြောင်း ဌာနသည် ဂျာမနီနိုင်ငံ နောက်ဆုံးပေါ် စက်ကြီးများဖြင့် အတွင်းလိပ်၊ အပြင်လိပ်၊ ရောရာလိပ်၊ စအိုကွဲခြင်း၊ စအိုပတ်လည် ရောင်ရမ်းခြင်း၊ ဂရင်ဂျီနာ၊ အူအဆုံးပိုင်းအသားပို၊ အူမကြီးရောင်နာ၊ ဝမ်းချုပ်စသော ရောဂါများကို တစ်ကြိမ်တည်းဖြင့် အမြစ်ပြတ်ကုသပေးပါသည်။ မနာမကျင် ဆေးစွမ်းထက် အလုပ် မထိခိုက်သောကြောင့် ယနေ့ခေတ်၏ အကောင်းဆုံး၊ အမြန်ဆုံး၊ ထိရောက်မှုအရှိဆုံးနှင့် အန္တရာယ်အကင်းဆုံး ကုသနည်းဖြစ်ပါသည်။

လည်ပင်း၊ ပုခုံး၊ ခါး၊ ပေါင်၊ အဆစ်အမြစ်ရောင်ရမ်းနာကျင်ခြင်းကို ကုသပေးခြင်း
လည်ပင်း၊ ပုခုံး၊ ခါး၊ ပေါင်၊ အဆစ်အမြစ် ရောင်ရမ်းနာကျင်ခြင်း အရိုးကျီးပေါင်းတက်ခြင်း၊ ခြေလက်ထုံကျဉ်ကိုက်ခဲခြင်းတို့သည် နာတာရှည်ရောဂါဖြစ်၍ ကျန်းမာရေးကို လွန်စွာ ထိခိုက်စေပါသည်။
နယူးဟောင်ကောင်ဆေးခန်းတွင် “လေဆာရောင်ခြည်”ဖြင့် ကုသပေး၍ရောဂါနေရာ အတိအကျ ရှာဖွေတွေ့ရှိခြင်း၊ ဆေးစွမ်းထိရောက်ခြင်း၊ လျှင်မြန်စွာ ပျောက်ကင်းသောကြောင့် လည်ပင်း၊ ပုခုံး၊ ခါး၊ ပေါင်၊ ခါးရိုးဆစ်ခွက် အစွယ်ထွက်၊ အဆစ်အမြစ် ရောင်ရမ်းနာကျင်ခြင်း၊ အရိုးကျီးပေါင်းတက်ခြင်း၊ ခြေလက်ထုံကျဉ်ကိုက်ခဲခြင်း၊ လေဖြတ်ပြီး နောက်ဆက်တွဲ ရောဂါများကို ပျောက်ကင်းအောင် ကုသပေးနေပါသည်။

အချိန်တိုတွင်း ဆီးချိုရောဂါကို ပျောက်ကင်းအောင် ကုသပေးခြင်း
ဆီးချိုရောဂါသည်များသည် ရေ ခဏခဏသောက်ခြင်း၊ အစာခဏခဏစားခြင်း၊ ဆီးခဏခဏသွားခြင်း၊ ကိုယ်အလေးချိန်ကျဆင်းခြင်းတို့ကို တွေ့ရှိနိုင်ပါသည်။ အချိန်မှီ ကုသခြင်းမပြုပါက ရောဂါတိုး၍ မျက်စေ့မှုန်ခြင်း၊ အတွင်းတိမ်ဖြစ်ခြင်း၊ အရေပြား ယားယံခြင်း၊ ခြေလက် ထုံကျဉ်ခြင်း၊ ကိုယ်ခန္ဓာယဉ်းရောင် ပြည်တည်ခြင်း၊ အားယုတ်ခြင်း၊ ပန်းသေခြင်း၊ ရာသီသွေး ရပ်စဲသွားခြင်း စသော ရောဂါများဖြစ်စေ ပါသည်။
ယခင်က ကုသနည်းမှာ ဆီးချိုကျဆေးနှင့် အင်ဆူလင်ဆေးတို့ဖြင့် ကုသပြီး အစားအစာကို တင်းကျပ်စွာ ထိန်းချုပ်ရပါသည်။ ဆီးချိုသွေးချိုကျလာသော်လည်းတစ်သက်လုံး ဆေးစားနေရပါသည်။ အသည်းနှင့်ကျောက်ကပ်ကိုပါ ထိခိုက်စေပြီး ဆေးစားနေသော်လည်း နောက်ဆက်တွဲ ရောဂါများကို ကာကွယ်မပေးနိုင်ပါ။ နယူးဟောင်ကောင်ဆေးခန်းတွင် ဆီးချို သွေးချိုကျ၍ ရောဂါပျောက်ကင်းပြီး နောက်ဆက်တွဲ ရောဂါလည်းမရှိတော့ပါ။ နေ့စဉ် ဆေးစားနေရသည့် ဒုက္ခလည်း လွတ်ငြိမ်းသွားလေတော့သည်။

အရေပြားရောဂါအမျိုးမျိုး
ကြက်နို့အစို၊ နင်းခူ၊ အရေပြားယားယံခြင်း

မကြာခဏခေါင်းကိုက်ခြင်း

အိပ်မပျော်ခြင်း

ဝက်ရူးပျံ့ရောဂါ
ပါးစပ်အမြှုပ်ထွက်ခြင်း၊ ခြေလက်ကောက်ကွေးခြင်း၊ မျက်ဖြူလှန်ခြင်း

ပိတ်ရက်မရှိ။



ဆေးခန်းဖွင့်ချိန် - နံနက် (၈:၀၀)နာရီမှ ည (၈:၀၀)နာရီအထိ

အမှတ် (၂၄၇ A)၊ ဗိုလ်မြတ်ထွန်းလမ်းအပေါ်ဘလောက်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၁-၈၆၁၀၅၁၀

7 ရက် သတင်းဂျာနယ်
7DAY NEWS JOURNAL
Vol.12, No.37 • NOVEMBER 20 , 2013



စာမျက်နှာ(၂၄)မှ

## မင်းဒင်ရဲ့သက်ခိုင်(၂)

ရနောင်း၊ ဖူးခက်အဝေး ပြေးလမ်းမကြီးတစ်လျှောက် ကတ္တရာလမ်းပေါ်က အနီအဝါ အဖြူမျဉ်းကြောင်းတွေ၊ ယာဉ်အန္တရာယ်သတိပေးဆိုင်းဘုတ်တွေ၊ လမ်းညွှန်ဆိုင်းဘုတ်တွေကိုကြည့်ရင်း ငါတို့နိုင်ငံမှာ ဒီလိုမျဉ်းကြောင်းဆွဲဖို့နဲ့ လမ်းညွှန်ဆိုင်းဘုတ်ရေးဖို့တောင် အနှစ်နှစ်ဆယ်နဲ့ ပြီးပါ့မလားလို့ တွေးမိတဲ့အထိပါပဲ။ ဒီလိုလမ်းမကြီးတွေမျိုးဖြစ်လာဖို့ဆိုတာ ဝေလာဝေးပေါ့။ ဒီကြားထဲ မောင်အက်ဆိုတဲ့မောင်ကလည်း ကျွန်တော့်ကိုတောသားများ ထင်ရော့သလားမသိပါဘူးဗျာ။ ကျောင်းရှိသည်။ ဖြည်းဖြည်းမောင်း၊ လမ်းချော်တတ်သည်၊ မိုင် ၆၀ ထက် မပိုရ၊ ရှေ့ကားကို မကျော်ပါနှင့်ဆိုတဲ့ လမ်းညွှန်ဆိုင်းဘုတ်တွေရဲ့ အဓိပ္ပာယ်ကို ရှင်းပြနေသေးဗျာ။ အမယ် သူက လုပ်သေးဗျာ။ ခင်ဗျားတို့နိုင်ငံမှာ မီးမလာဘူးဆိုတဲ့။ မီးမလာရင် ခါတ်မီးတိုင်လဲလိုက်ရင် ပြီးတာပဲမဟုတ်လားတဲ့။ သူနားမလည်လို့ ပြောနေပေမယ့်ကျွန်တော့်စိတ်ထဲတော့ အတော်ခံပြင်းမိတယ်ဗျ။ ဘယ်နှယ့် ထိုင်းလို ကျွန်တော်တို့ ဘိုးဘွားတွေရဲ့ သစ္စာတော်ခံဘဝနဲ့ နေလာခဲ့တဲ့ မောင်တွေက မီးပျက်တာကို နားမလည်တဲ့အချိုးလာချိုးနေတယ်လို့ထင်မိတာကိုး။ နောက်ပိုင်းမှာ ကျွန်တော်သိရတာက ထိုင်းနိုင်ငံမှာ သုံးစွဲနေတဲ့ လျှပ်စစ်မီး ၇၀ ရာခိုင်နှုန်းဟာ ဗမာပြည်က ဝယ်ထားတာတဲ့ဗျာ။

ဒီတစ်ခေါက်မှာတော့ဖူးခက်ရောက်တဲ့အထိ ဘာအခက်အခဲမှ မရှိဘူးလို့ ဆိုရမယ်ဗျ။ တိုက်တိုက်ဆိုင်ဆိုင် ကိုဇော်ဝင်းဦးတို့လင်မယားလည်း စင်ကာပူကနေ ဖူးခက်ကို ရောက်နေသဗျာ။ ကျွန်တော်တို့ မိသားစုလည်း သူတို့တည်းတဲ့ ပါတောင်ကမ်းခြေနဲ့ကပ်နေတဲ့ ဒန်းဂျစ်ဆိုတဲ့ ရောမဟိုတယ်ကြီးမှာ တည်းတယ်။ ဒန်းဂျစ်ဟိုတယ်ဟာ မြေနေရာအကျယ်ကြီးထဲမှာ ရေကူးကန်တွေ၊ လေးထပ်အဆောက်အအုံတွေနဲ့ ပြည့်နေတဲ့ ကြယ်ငါးပွင့်အဆင့် ဟိုတယ်ကြီးပါပဲ။

ကျွန်တော်ဟာဖူးခက်မှာနေရာအနှံ့ကို ခြေဆန့်ခဲ့တယ်။ နာမည်ကျော် ဖီဖီကျွန်းကိုလည်း ရောက်၊ ဖန်တက်စီရှိုးကိုလည်း မလွတ်၊ နာမည်ကျော် ဆွိုင်ဘန်ဂလာလမ်းကြားကိုပါ မကျန်ဆိုပါတော့။ ကျွန်တော်ဟာ ဖူးခက်မှာ ငါးရက်နေပြီး ရနောင်းကိုပြန်လာသဗျ။ ကိုဇော်ဝင်းဦးတို့လင်မယားကတော့ ဖူးခက်မှာတစ်ညအိပ်ပြီး ပြန်သွားကြလေရဲ့။ အမှန်တော့ ဖူးခက်ကို ဆူနာမီဝင်ဖို့ ၄၈ နာရီသာလိုပါတော့တယ်။ နေ့မြင်ညပျောက်ဆိုတဲ့စကားဟာ တယ်မှန်သကိုး။ ဖူးခက်မှာ ကျွန်တော်ရောက်ဖူးခဲ့တဲ့နေရာအတော်များများဟာ နောက် ၄၈ နာရီအကြာမှာ ရစရာမရှိအောင် ကြေမွပြိုလဲပြီး ပျက်စီးခြင်းငါးပါးဆိုက်ကုန်ပါတော့တယ်။ အသေးစိတ်ပြောရရင် ဒီလိုဗျ။

ဒီဇင်ဘာ ၂၆ ရက် မနက် ၁၁ နာရီလောက် ရနောင်းကအိမ်မှာ ကျွန်တော်ဟာ တီဗီဖွင့်ပြီး ထိုင်းသတင်းတွေကိုကြည့်နေတုန်းပေါ်လာတာက မုန်တိုင်းတစ်ခုဝင်ပြီးစမြို့ပျက်ကြီးတစ်ခုမှာ ဝရုန်းသုန်းကားဖြစ်နေတဲ့ ရေဘေးဒုက္ခမြင်ကွင်းတွေပါပဲ။ ကျွန်တော်နားလည်သလောက်တော့ ဖူးခက်၊ ဖူးခက်၊ ဖန်င၊ ဖန်ငဆိုတဲ့အသံတွေ ထပ်နေတယ်ဗျ။ ဒါနဲ့ တခြားတီဗီလိုင်းတွေကို ဖွင့်ကြည့်ပြန်တော့လည်း ဒီသတင်းတွေကို ချည်းတစ်ပြိုင်တည်းထုတ်လွှင့်နေတယ်ဗျာ။ အဲဒီအချိန်မှာပဲ ကိုဇော်ဝင်းဦးဆီက ဖုန်းဝင်လာတယ်။ ဥက္ကဋ္ဌနေကောင်းရဲ့လား။ အခု ဘယ်ရောက်နေတုံး။ ဖူးခက်မှာပဲလား။ ရနောင်းမှာလား။ ဘာတွေဖြစ်ကုန်ပြီလဲ။ ဂြိုဟ်တုသတင်းမှာတော့ ဖူးခက်တစ်မြို့လုံးရစရာမရှိတော့ဘူး။ အိန္ဒိယ၊ အင်ဒိုနီးရှား၊ သီရိလင်္ကာ၊ မလေးရှားတွေမှာလည်း ငလျင်လှုပ်ပြီးရေလှိုင်းတွေကြီးတယ်လို့ကြားတယ်။ ကျွန်တော်စိတ်ပူလို့ဆက်တာပါတဲ့။

ကျွန်တော်လည်း နည်းနည်းတော့ ရိပ်မိသလိုဖြစ်လာတယ်။ ဒါနဲ့ ဖူးခက်က ကျွန်တော်မိတ်ဆွေ ထိုင်းရှေ့နေမစ္စတာဝါရင်းကိုလှမ်းပြီး ဖုန်းဆက်ကြည့်လိုက်တော့ အံ့ဩစရာကောင်းတာက ဖူးခက်မြို့ထဲမှာနေတဲ့ဝါရင်းဟာ အဲဒီအချိန်မှာ ဖူးခက်ဆူနာမီရေဘေးကိုမသိသေးဘူးဗျ။ သူပြောတာက ဖူးခက်မြို့မထဲမှာ အခြေအနေအေးအေးဆေးဆေးပါပဲ။ ပါတောင်ကမ်းခြေဘက်မှာတော့ ရေလှိုင်းရိုက်လို့အပျက်အစီးတချို့ရှိတယ်လို့တော့ ကြားမိသတဲ့။ သူ့ဖုန်းချအပြီးမှာ ဆက်တိုက်ဝင်လာတာက ဖူးခက်မှာ ကမ္ဘာပျက်နေပြီဆရာရေ။ ကျွန်တော့် တစ်သက်နဲ့တစ်ကိုယ် တစ်ခါမှ မကြုံဖူးဘူး။ ရေတွေက ရေနွေးဆူသလိုထပွက်တယ်။ သိပ်မကြာခင်မှာ ရောမလှိုင်းလုံးကြီးတွေတက်လာပြီး ကမ်းခြေကလေးငါးထပ်မြင့်တဲ့ တိုက်ကြီးတွေကို ရိုက်တော့တာပဲ ဆရာ၊ ဆရာတို့သိပ်ကံကောင်းတယ်။ ပါတောင်ကမ်းခြေက ဆရာတို့တည်းခဲ့တဲ့ ဒန်ဂျစ်ဟိုတယ်ကြီးလည်းရစရာမရှိအောင် ပျက်စီးသွားပြီ။ ကားတွေရောလူတွေပါပင်လယ်ထဲကိုဆွဲချခံရသလိုပဲ။ လူတွေလည်း သေလိုက်တာမှသောက်သောက်လဲပဲ ဆရာ၊ ကျွန်တော်အခုပဲသွားကြည့်ပြီးပြန်လာတာ။ ကြောက်စရာကောင်းလိုက်တာ ဆရာရယ်တဲ့။ ကျွန်တော့်စိတ်ထဲမှာ ဖုန်းသတင်းတွေကိုနားထောင်ရင်း နားဝေတိမ်တောင်ဖြစ်လာတာအမှန်ပါပဲ။ သူတို့ပြောနေတဲ့နေရာတွေကို ကျွန်တော်ရောက်ခဲ့တာနှစ်ရက်တောင်မပြည့်သေးတာမို့ ဟုတ်မှဟုတ်ရဲ့လားလို့ သံသယရှိနေတုန်းပါပဲ။ တကယ်တော့အိပ်မက်မဟုတ်ခဲ့ပါဘူး။ မှားယွင်းနေတဲ့သတင်းလည်း မဟုတ်ခဲ့ပါဘူး။ ကျွန်တော်နဲ့လက်တစ်ကမ်းလွဲခဲ့တဲ့၊ အာရှနိုင်ငံဆယ့်တစ်နိုင်ငံက လူဦးရေတစ်သိန်းခွဲကို သေပျောက်စေခဲ့တဲ့၊ လူဦးရေသန်းချီပြီးအိုးမဲ့အိမ်မဲ့ဖြစ်စေခဲ့တဲ့၊ ဒုတိယကမ္ဘာစစ်အတွင်းက ဥရောပနိုင်ငံတွေ ကြုံတွေ့ခဲ့ရတဲ့ ဒုက္ခထက်ဆိုးတဲ့၊ လွန်ခဲ့တဲ့အနှစ်လေးဆယ်အတွင်း အဆိုးဝါးဆုံးဖြစ်ခဲ့တဲ့၊ ကုလသမဂ္ဂသမိုင်းမှာ မကြုံတွေ့ဖူးတဲ့၊ တဲ့ပေါင်းများစွာရဲ့အဓိကလက်သည်တရားခံရေဘေးဒုက္ခဆိုးကြီးရဲ့အမည်သညာခေါ်စရာကတော့ ဆူနာမီပါပဲဗျာ။

အေးဗျာ။ ကျွန်တော်သာရှေ့ဖြစ်နောက်ဖြစ်ကို ကြိုသိနိုင်တဲ့ တန်ခိုးရှင်ဖြစ်ခဲ့ရင် ဒီလိုဒုက္ခဆိုးကြီးကို ကြုံတွေ့ရတော့မယ့်ရက်သတ္တပတ်အလိုအချိန် ဖူးခက်ကိုသွားရင်း လမ်းတစ်လျှောက်မှာရှိနေတဲ့ မြို့ကြီးတွေတိုင်းလိုလိုမှာ ဇာတိမြေကိုခွဲခွာပြီး ရေခြားမြေခြားမှာ တစ်ဝမ်းတစ်ခါးအတွက်လာပြီးအလုပ်လုပ်နေကြတဲ့ ဗမာအလုပ်သမားတွေကို အသေအချာသတိပေးခဲ့မှာပေ့ါ။

ခင်ဗျားတို့ ဒီနေရာမှာ မနေကြပါနဲ့တော့။ ပင်လယ်ထဲကိုလည်း မထွက်ကြပါနဲ့။ နောက်ခုနစ်ရက်ကြာတဲ့နေ့ မနက်ကိုးနာရီမှာ ဆူနာမီဆိုတဲ့ငလျင်ကြောင့် ၉ ရာမလှိုင်းကြီးတွေတက်လာပါလိမ့်မယ်။ အဲဒီရေလှိုင်းကြီးတွေကြောင့် ခင်ဗျားတို့အထဲက အရေအတွက်အတိအကျမသိနိုင်တဲ့လူတွေသေဆုံးကြရမယ်။ ကျန်ရစ်သူတွေဟာလည်း ဒုက္ခသည်ချင်းအတူတူ ပိုပြီးဆိုးဝါးတဲ့ ဒုက္ခကိုခါးစည်းပြီးခံကြရပါလိမ့်မယ်လို့ပေ့ါဗျာ။ ။

(ဆက်လက်ဖော်ပြပါမည်)

အမှတ်(၈)၊ စဉ်းအိုးတန်းအောက်လမ်း၊
လသာမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - 09-421180800

ခေတ်မှီ ဆေးကုခန်း

ပိတ်ရက်မရှိ။
ဆေးခန်းဖွင့်ချိန်
နံနက် (၈)နာရီမှ ည (၈)နာရီထိ

**တစ်ကြိမ်တည်းဖြင့် လိပ်ခေါင်းရောဂါကို အမြစ်ပြတ် ကုသပေးခြင်း**

လိပ်ခေါင်းရောဂါမှာ ဖြစ်လေ့ဖြစ်ထရှိသော ရောဂါဖြစ်ပါသည်။ ရောဂါရပြီဆိုလျှင် သွေးဝမ်းပါခြင်း၊ စအိုနာကျင်ခြင်း၊ ယားယံခြင်း၊ စအိုတွင် အသားပိုထွက်နေတတ်ပါသည်။ သမာရိုးကျ ကုသနည်းများသည် အမြစ်ပြတ်ခြင်းမရှိပဲ ပြန်ဖြစ်ပွားတတ်ပါသည်။ အလွန်ဒုက္ခပေးပါသည်။ ရောဂါပြင်းလျှင် စအိုအူကင်ဆာဖြစ်၍ အသက်အန္တရာယ်ရှိပါသည်။

ကျွန်တော်တို့ ဆေးကုခန်းတွင် အမေရိကန်နိုင်ငံမှ PPH စအိုအူလမ်းကြောင်း ကုထုံးဖြင့် အတွင်းလိပ်၊ အပြင်လိပ်၊ ရောရာလိပ်၊ စအိုကွဲ၊ ဂရင်ဂျီနာစသော ရောဂါများကို တစ်ကြိမ်တည်းဖြင့် ပျောက်ကင်းအောင် ကုသပေးပါသည်။ ကုသရာတွင် အားသာချက်မှာ အမြစ်ပြတ်၍ နာကျင်မှုနည်းခြင်း၊ သွေးမထွက်ခြင်း၊ ဒဏ်ရာသေး၍ ပျောက်လွယ်သည်။ ၎င်းသည် စအိုအူလမ်းကြောင်းရောဂါ ကုသရာတွင် ခေတ်အမှီဆုံး၊ သိပ္ပံနည်းအကျဆုံး၊ အန္တရာယ်အကင်းဆုံး ကုထုံးဖြစ်ပါသည်။

**နှာခေါင်းရောင်နာ လည်ချောင်းရောင်နာ အမြန်ပျောက်ကင်းစေသော ကုထုံးသစ်**

နှာခေါင်းရောင်နာ လည်ချောင်းရောင်နာ ရောဂါများသည် နှာပိတ်ခြင်း၊ နှာရည်ယိုခြင်း၊ နှာချေခြင်း၊ ခေါင်းကိုက်ခြင်း၊ မှတ်ဉာဏ်ကျဆင်းခြင်း၊ လည်ချောင်းခြောက်သွေ့ခြင်း၊ နာခြင်း၊ ချောင်းဆိုးရာတွင် ချွဲသလိပ်များခြင်း၊ အော့ဂလီဆန်ခြင်းများ ဖြစ်တတ်ပါသည်။

ကျွန်တော်တို့ဆေးကုခန်းတွင် အမေရိကန်နိုင်ငံမှ ခေတ်အမီဆုံး နား၊ နှာခေါင်း၊ လည်ချောင်းစစ်ဆေးသော ကွန်ပျူတာ စက်ကြီးများဖြင့် စစ်ဆေးကုသပေးနေပါသည်။ ၃-၅မိနစ်အတွင်း နှာခေါင်းရောင်နာ၊ လည်ချောင်းရောင်နာ ရောဂါများကို တိတိကျကျ စစ်ဆေးတွေ့ရှိနိုင်ပါသည်။ အမေရိကန်နိုင်ငံ၏ **6G-YNT** နည်းပညာဖြင့် နာတာရှည် နှာခေါင်းရောင်နာ၊ နှာခေါင်းအလာဂျီ၊ နှာတွင်းလိုဏ်ခေါင်းရောင်နာ၊ အာသီးရောင်နာစသော ရောဂါများတစ်ကြိမ်တည်းဖြင့် ပျောက်အောင် ကုသပေးနေပါသည်။

**အမျိုးသားစွမ်းဆောင်ရည်ကျဆင်းခြင်း**

ယနေ့ခေတ်တွင် လူနေမှုစနစ်သည် လျှင်မြန်သွက်လက်၍ ဖိအားများသောကြောင့် ကျောက်ကပ် အားနည်းခြင်း၊ ပန်းသေခြင်း၊ သုတ်လွှတ်မြန်ခြင်းစသော ရောဂါများအဖြစ်များလာပါသည်။ ရောဂါသည် အများစုသည် မှန်ကန်တိကျသော ကုထုံးဖြင့် ထိရောက်စွာ ကုသနိုင်ခြင်း မရှိသဖြင့် ကုသချိန် ကြာလာသည်နှင့်အမျှ ရောဂါဆိုးရွားလာရပါသည်။ ကိုယ်စိတ် ဒုက္ခရောက်စေပြီး အိမ်ထောင်ရေးပြိုကွဲသည်အထိ ဆိုးကျိုးများဖြစ်လာနိုင်ပါသည်။

ကျွန်တော်တို့ ဆေးကုခန်းသည် အမျိုးသားရောဂါ အထူးကုသသော ဆေးကုခန်းဖြစ်ပါသည်။ အဆင့်မြင့် နည်းပညာဖြင့် ထုတ်လုပ်ထားသောဆေးဝါးများဖြင့် ကျောက်ကပ်အားနည်းခြင်း၊ ပန်းသေခြင်း၊ သုတ်လွှတ်မြန်ခြင်း၊ အိမ်မက်သုတ်လွှတ်ခြင်း၊ လိင်တံသေးငယ်သွား ခြင်း၊ ကလေးမရမြဲနေခြင်းစသော ရောဂါများကို အထူးကုသပေးပါသည်။ ဆေးစွမ်းထက်ခြင်း၊ ကုသချိန် တိုတောင်းခြင်း၊ အန္တရာယ်ကင်းခြင်း၊ ဘေးထွက်ဆိုးကျိုးကင်းခြင်းစသော အားသာချက်များ ရှိပါသည်။



**အစာအိမ်နှင့် အူလမ်းကြောင်းအထူးကု**

အစာအိမ်ရောင်နာ၊ အစာအိမ်ပြည်တည်နာ၊
အစာအိမ် (နာခြင်း၊ အောင့်ခြင်း)၊ လေချဉ်တက်ခြင်း၊
အူမကြီးရောင်နာနှင့် ဝမ်းချုပ်ခြင်း။

**လည်ဆစ်ရိုး၊ ခါးဆစ်ရိုး၊ လေးဘက်နာရောဂါများအတွက် လျှင်မြန်စွာသက်သာစေသည့် သုံးမျိုးစပ်ကုထုံး**

လည်ပင်း၊ ပုခုံး၊ ခါး၊ တင်ပါးဆုံ၊ လေးဘက်နာရောဂါ ရှိသူများသည် ခေါင်းမူးခြင်း၊ မျက်စေ့ပြာခြင်း၊ ခြေလက်ထုံကျဉ်ခြင်း၊ အဆစ်အမြစ်ရောင်ယမ်းခြင်း၊ မခံရပ်နိုင်အောင် နာကျင်ခြင်း၊ အဆစ်အမြစ်များ ပုံပျက်နေခြင်းတို့ကို တွေ့ရှိပါသည်။ ရောဂါသေးလျှင်အနေအထိုင်ဒုက္ခဖြစ်သည်။ ရောဂါပြင်းလျှင် မသန်မစွမ်းဖြစ်၍ အိပ်ယာပေါ်တွင်လဲနေရမည်။ ထို့ကြောင့် လေးဘက်နာရောဂါကို မသေသောကင်ဆာရောဂါဟု ဆိုကြသည်။

ကျွန်တော်တို့ဆေးကုခန်းတွင် အဆင့်မြင့် သိပ္ပံနည်းဖြင့် ထုတ်လုပ်သော ဆေးဝါးကို အမေရိကန် နောက်ဆုံးပေါ် သုံးမျိုးစပ်ကုထုံးဖြင့် ကုသပေးပါသည်။ ဆေးစွမ်းထက်၍ အရောင်ကျ မြန်သည်။ အရိုး ကျီးပေါင်းကို ပျော့သွားစေသည်။ ပျက်စီးနေသော ဆဲလ်များနှင့် အဆစ်အမြစ်များကို ပြန်ကောင်းမွန်စေသည်။ အထူးသဖြင့် လေးဘက်နာရောဂါနှင့် ၎င်းကြောင့် ဖြစ်ပေါ်သော အဆစ်အမြစ် ပုံပျက်ခြင်း၊ ကြွက်သားကျုံ့ယုံ့ခြင်း၊ ပုခုံးရောင်ယမ်းခြင်း၊ အရိုးကျီးပေါင်းတက်ခြင်း၊ ခါးဆစ်ရိုးခွက် အစွယ်ထွက်ခြင်း၊ တင်ပါးဆုံရိုးပျက်စီးခြင်း၊ လေဖြတ်ခြင်း၏ နောက်ဆက်တွဲရောဂါများကို ကုသရာတွင် ဆေးစွမ်း အထူးထက်မြက်ပါသည်။ ယခုအခါ နိုင်ငံတကာတွင် စိတ်အချရဆုံး၊ အထိရောက်ဆုံး ကုထုံးဖြစ်ပါသည်။

**အရေပြားရောဂါသည်များအတွက် မင်္ဂလာသတင်း**

ဝှတ်၊ ပွေး၊ ညှင်း၊ ခရုသင်း၊ ဝက်သက်၊ နင်းခူ၊ အာရုံကြောကြောင့် အရေပြားရောင်ရမ်းခြင်း၊ ဝက်ခြံစသော အရေပြား ရောဂါများ ရရှိလျှင် မခံမရပ်နိုင်အောင် ယားယံသည်။ ရောင်ရမ်း ပူလောင်နာကျင်ပြီး အရေပြားတွင် သွေးထွက်တတ်သည်။

ခေတ်မှီ ဆေးခန်းသည် သွေးကြည်ရောဂါ ကာကွယ်ဆေး ဆေးထိုးကုသနည်းဖြင့် အရေပြားရောဂါအမျိုးမျိုးကို ကုသပေးပါသည်။ အာနိသင်ကောင်းကောင်းဖြင့် အရေပြားအမျိုးမျိုးကို ကုသပေးနေပါသည်။ အရေပြားရောဂါသည် တစ်သောင်းကျော်ကို အောင်မြင်စွာ ကုသပေးပြီး ဖြစ်ပါသည်။ ရောဂါခံစားနေရမှုကို အလျှင်အမြန် ပျောက်ကင်းစေပြီး ဖြစ်ပါသည်။









Rinnai
Japan
Greennovation
စွမ်းအားချွေတာဆုံး ရေပူစနစ်
Super Nova Star Award
ISO : 9001 ISO : 14001
Sentosa Island, Singapore Hotel Project
Pool Heating System
5 Years
Gas Commercial Water Heating System
New Showroom Open in Mandalay
Hot Line : 09-425029820, 09-73050338, 09-73903736




STRONG & SMART
JOHNSON
NON STOP POWER
YOU CAN TRUST!
30%
www.tharaphusoemyint.com




Samsung
LUCKY CARDS CAMPAIGN
SAMSUNG
Lucky Card ကိုအခုပဲဝယ်လိုက်ပါ!
27th SEA GAMES Lucky Card
Junction Centre, Capital, Orange, Sein Gay Har, Super One, Gandamar Wholesales, Victoria, Asia Light, Star Mart, Gamone Pwint, Ruby Mart, UCS-UNITED COURIER SERVICE, MGL-Magnate Group Logistics Company Limited,
Supermarket
https://www.facebook.com/27thSEAGamesLuckyCards
HELLO MADAM Media Group
Junction
CMG
HELLO MADAM




သာရဖူ စိုးမြင့်
JINMA လေးဘီးယက်ထွန်စက်
JINMA
www.tharaphusoemyint.com




Decorate with American Timbers
American White OAK
UEC
Tel.: 01 559 257, 01 558 673 | Fax: 01 552 708
uecyangon@gmail.com | www.uec.com.mm



UMFCCI ရုံးချုပ်တွင်တွေ့ရသည့် ဒေါ်အောင်ဆန်းစုကြည်နှင့်ကက်သရင်းအက်ရှ်တန်
ဓာတ်ပုံ-SOE THAN WIN/ AFP

# အလားအလာကောင်းသော အီးယူ၏ ခြေလှမ်း

**အောင်သူရ**

နိုဝင်ဘာ ၁၄ရက်က ရန်ကုန်မြို့ ကုန်သည်စက်မှုအသင်းချုပ်မင်္ဂလာခန်းမ၏ဆွေးနွေးပွဲသည် အခြားဆွေးနွေးပွဲများနှင့်မတူ။ ဆွေးနွေးပွဲခန်းမအတွင်းနေရာယူထားသူများ၏ထက်ဝက်ခန့်မှာ အနောက်တိုင်းဝတ်စုံဝတ်ဆင်ထားသည့်အနောက်နိုင်ငံသားများဖြစ်သည်။ ထိုပုဂ္ဂိုလ်များမှာဥရောပသမဂ္ဂမှ ထိပ်ပိုင်းခေါင်းဆောင်များနှင့်ထိပ်သီးစီးပွားရေးလုပ်ငန်းရှင်များဖြစ်ကြပြီး စုစုပေါင်းတစ်ရာကျော်ခန့်ရှိသည်။

အဆိုပါ ဆွေးနွေးပွဲသည် မြန်မာနိုင်ငံအစိုးရအဖွဲ့တာဝန်ရှိသူများ၊ အရပ်ဘက်အဖွဲ့အစည်းများမှတာဝန်ရှိသူများနှင့် စီးပွားရေးလုပ်ငန်းရှင်များပထမဆုံးအကြိမ်ပြုလုပ်သည့် အီးယူ-မြန်မာလုပ်ငန်းအဖွဲ့ဖိုရမ်ဖြစ်သည်။ အဆိုပါဖိုရမ်ကိုရန်ကုန်မြို့နှင့် နေပြည်တော်တို့တွင် နိုဝင်ဘာ ၁၄ ရက်နှင့် ၁၅ရက်တို့တွင် ကျင်းပခဲ့ခြင်းဖြစ်သည်။

မြန်မာနိုင်ငံသို့ အီးယူ၏ ထိုခြေလှမ်းသည်နိုင်ငံတွင်းပြုပြင်ပြောင်းလဲမှုများ အခြေခံပြည်သူများဆီသို့ ထိစပ်ပေးနိုင်မည့် အလားအလာကောင်းသောခြေလှမ်းတစ်ရပ်ဖြစ်သည်ဟု သုံးသပ်သူတို့ကဆိုသည်။

နေပြည်တော်တွင်ပြုလုပ်သောပွဲသို့သမ္မတဦးသိန်းစိန်၊ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဥက္ကဋ္ဌဒေါ်အောင်ဆန်းစုကြည်တို့တက်ရောက်ခဲ့ကြသည်။

အဓိကအားဖြင့်နိုင်ငံရေးနှင့်စီးပွားရေးကဏ္ဍများဆွေးနွေးခဲ့ကြပြီး နိုင်ငံရေးကဏ္ဍတွင်ငြိမ်းချမ်းရေးဖြစ်စဉ် ၂၀၁၄အာဆီယံဥက္ကဋ္ဌတာဝန်ယူချိန်နှင့် ၂၀၁၅ရွေးကောက်ပွဲတို့တွင်ကူညီရန် ဆွေးနွေးခဲ့ကြသည်။

စီးပွားရေးကဏ္ဍတွင်အသေးစား၊ အလတ်စားကုမ္ပဏီများ၊ ခရီးသွားလုပ်ငန်းနှင့် သတ္တုတူးဖော်ရေးလုပ်ငန်းတို့တွင် ကူညီရန်ဆွေးနွေးခဲ့ကြသည်။ ထို့အပြင် နိုင်ငံ၀န်ထမ်းများစွမ်းဆောင်ရေးမြှင့်တင်ရေးနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးတို့တွင် ကူညီပေးရေးတို့လည်းပါဝင်သည်။

မြန်မာနိုင်ငံ၏ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များအတွက်လိုအပ်နေသောအကူအညီများကို တရားဝင်ကူညီပေးနိုင်ရန်အတွက်လာရောက်တွေ့ဆုံမေးမြန်းခြင်းဖြစ်သည်ဟု အဆိုပါဖိုရမ်ပြုလုပ်ရခြင်းရည်ရွယ်ချက်ကို မြန်မာ့စီးပွားရေးအရင်းအမြစ်ဖွံ့ဖြိုးရေးဌာန (MDRI) မှအကြီးတန်းသုတေသနပညာရှင်ဦးအောင်သူငြိမ်းက ရှင်းပြသည်။

“ကျွန်တော်တို့ဆီကလုပ်ငန်းရှင်တွေ ဥရောပကို ကုန်ပစ္စည်းတင်ပို့ဖို့ အီးယူအစိုးရဆီက အကူအညီရယူနိုင်မှာဖြစ်တယ်။ ဒီဟာက အင်မတန်ကောင်းတဲ့အလားအလာကောင်းဖြစ်တယ်”ဟု နိုင်ငံတော်သမ္မတ၏စီးပွားရေးအကြံပေးအဖွဲ့ဝင်ဒေါက်တာဇော်ဦးက သုံးသပ်သည်။

ဆွေးနွေးပွဲဦးဆောင်သူ ဥရောပသမဂ္ဂနိုင်ငံခြားရေးနှင့်လုံခြုံရေးမူဝါဒအကြီးအကဲနှင့်ဥရောပကော်မရှင်ဒုတိယဥက္ကဋ္ဌမစ္စကတ်သရင်းအက်ရှ်တန်ကလည်းဥရောပခေါင်းဆောင်တွေအနေနဲ့မြန်မာနိုင်ငံသားတွေနဲ့ ပူးပေါင်းပြီး မြန်မာနိုင်ငံမှာ ရင်းနှီးမြှုပ်နှံကြမယ့်စီးပွားရေးလုပ်ငန်းရှင်တွေကို ခေါ်ထားတာဖြစ်တယ်”ဟု အဖွင့်မိန့်ခွန်းတွင်ထည့်သွင်းပြောကြားခဲ့သည်။

ဥရောပသမဂ္ဂအနေဖြင့်မြန်မာနိုင်ငံသို့ ၂၀၀၇ခုနှစ်မှစတင်ပြီး စီးပွားရေးပိတ်ဆို့မှုများပြုလုပ်ခဲ့ပြီး သမ္မတဦးသိန်းစိန်ဦးဆောင်သောအဖွဲ့တက်လာပြီး ပြုပြင်ပြောင်းလဲရေးအချို့လုပ်ခဲ့သဖြင့် ၂၀၁၂ခုနှစ်မှစ၍ လက်နက်တင်ပို့မှုမှလွဲ၍ ကျန်အရေးယူပိတ်ဆို့မှုများကို ပယ်ဖျက်ပေးခဲ့သည်။

ထို့နောက်နိုင်ငံတော်သမ္မတဦးသိန်းစိန်သည် ယခုနှစ်မတ်လအတွင်း ဥရောပသမဂ္ဂတည်ရှိရာဘရပ်ဆဲလ်မြို့သို့သွားရောက်ခဲ့စဉ်က သဘောတူထားခဲ့သည့်အတိုင်း မြန်မာအီးယူအလုပ်အဖွဲ့အစည်းအဝေးကို နိုဝင်ဘာ ၁၄ရက်နှင့် ၁၅ရက်တို့တွင် ကျင်းပနိုင်ခြင်းဖြစ်သည်။

နှစ်ရက်ကြာပြုလုပ်ခဲ့သည့်ဆွေးနွေးပွဲတွင်အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများ၊ ခရီးသွားလုပ်ငန်းနှင့် သတ္တုတူးဖော်ရေးလုပ်ငန်းနှင့်ဥရောပရင်းနှီးမြှုပ်နှံမှုဘဏ်နှင့်မြန်မာနိုင်ငံတော်ဗဟိုဘဏ်တို့ကြားနက်နက်ရှိုင်းရှိုင်းပူးပေါင်းဆောင်ရွက်ရန်သဘောတူလက်မှတ်ရေးထိုးခဲ့ကြသည်။

အီးယူရင်းနှီးမြှုပ်နှံမှုဘဏ်သည် အသေးစားနှင့်အလတ်စားလုပ်ငန်းရှင်များသို့ ပြည်တွင်းဘဏ်များမှ ငွေထုတ်ချေးသွားရန်ရှိပြီး လွှတ်တော်မှ နောက်ဆုံးအတည်ပြုပြီးပါက နှစ်စဉ်ယူရိုသန်း ၃၀မှ ၁၀၀ကြားထိရရှိနိုင်မည်ဖြစ်သည်။

ထို့အပြင် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဝန်ထမ်းများစွမ်းဆောင်ရေးမြှင့်တင်ရေးလုပ်ငန်းတို့တွင်ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရန်သဘောတူသည်ဟု မြန်မာအီးယူလုပ်ငန်းအဖွဲ့ပူးတွဲကြေညာချက်တွင်ဖော်ပြထားသည်။

ဥရောပသမဂ္ဂအနေဖြင့် ၂၀၁၄ခုနှစ်မှ ၂၀၂၀ပြည့်နှစ်ကာလအတွင်း ဥရောပသမဂ္ဂဘတ်ဂျက်မှနှစ်စဉ်ယူရိုငွေသန်း ၇၀မှ ၉၀အတွင်းထောက်ပံ့သွားရန်ရှိသည်ဟု မြန်မာအီးယူလုပ်ငန်းအဖွဲ့၏ပူးတွဲကြေညာချက်တွင်ဖော်ပြထားသည်။

စီးပွားရေးပိုင်းတွင်ပူးပေါင်းဆောင်ရွက်ရန်သဘောတူညီမှုများရှိသကဲ့သို့နိုင်ငံရေးကဏ္ဍတွင်လည်းပူးပေါင်းဆောင်ရွက်ရန်သဘောတူခဲ့ကြသည်။

တိုင်းရင်းသားလက်နက်ကိုင်အင်အားစုများနှင့်ဆွေးနွေးနေသော ငြိမ်းချမ်းရေးဖြစ်စဉ်များ၊ ဥရောပသမဂ္ဂပါလီမန်နှင့် မြန်မာ့လွှတ်တော်တို့ကြား ပူးပေါင်းဆောင်ရွက်ရန်နှင့် ၂၀၁၅ခုနှစ်ရွေးကောက်ပွဲတွင် ပွင့်လင်းမြင်သာမှုရှိရန်နှင့် ၂၀၁၄အာဆီယံဥက္ကဋ္ဌတာဝန်ယူခြင်းများကိုလည်း ပံ့ပိုးကူညီသွားမည်ဟု သဘောတူခဲ့ကြသည်။

“ပူးပေါင်းဆောင်ရွက်ရေးကို နှုတ်အားဖြင့် သာမက ငွေရေးကြေးရေးနဲ့ပါ အင်တိုက်အားတိုက်လုပ်ချင်တာကို ဒီအစည်းအဝေးနဲ့ စလိုက်တာဖြစ်ပါတယ်”ဟု နိုင်ငံတော်သမ္မတ၏ စီးပွားရေးအကြံပေးဒေါက်တာဇော်ဦးကဆိုသည်။

သို့သော်ထိုအစီအစဉ်ဖြစ်မြောက်လာရန်အတွက်မှာမှာမူ နှစ်ဖက်အပြန်အလှန်ညှိနှိုင်းရမှာဖြစ်ပြီး ဖေဖော်ဝါရီလအတွင်း နားလည်မှုစာချွန်လွှာရေးထိုးနိုင်ရန်စီစဉ်ထားသည်။

“အစိုးရနဲ့ ပုဂ္ဂလိကကိုဘယ်လိုပုံစံနဲ့ ငွေချေးလဲ။ အခုကစပြီးဆွေးနွေးတာ Frame Work သဘောတူညီရပြီးမှ MOU (နားလည်မှုစာချွန်လွှာ)ထိုးမယ်၊ ထိုးပြီးရင် အစိုးရProject တွေကိုငွေချေးမယ်၊ ပုဂ္ဂလိက SME (အသေးစားလုပ်ငန်း)တွေကို ငွေချေးနိုင်မယ်”ဟု ဗဟိုဘဏ်ဒုတိယဥက္ကဋ္ဌဒေါက်တာဆက်အောင်ကပြောသည်။

ဆွေးနွေးပွဲတွင် ထိုးခဲ့သောသဘောတူညီမှုများနှင့်ပတ်သက်၍ ဥရောပရင်းနှီးမြှုပ်နှံမှု ဘဏ်မှ ညွှန်ကြားရေးမှူး Dr.Tamsyn Barton က“ဒီကနေ့လက်မှတ်ထိုးလိုက်တဲ့ နားလည်မှုစာချွန်လွှာဟာအခြေခံမူဘောင်တွေအပေါ်သဘောတူထားတဲ့ စာချွန်လွှာပဲဖြစ်ပါတယ်။ သဘောတူညီချက်အပြည့်အစုံကတော့ ရှေ့နှစ်ဆန်းပိုင်းမှာ ပြီးနိုင်မယ်လို့ ကျွန်မတို့ထင်ပါတယ်”ဟု ရှင်းပြသည်။

အကူအညီပေးမှုများနှင့်ရင်းနှီးမြှုပ်နှံမှုများဝင်ရောက်ရန် ဟန်ပြင်နေချိန်တွင် ပြုပြင်ပြောင်းလဲရေးများ လုပ်ဆောင်နေသည်ဟု ပြောဆိုနေသော သမ္မတဦးသိန်းစိန်၏ သုံးနှစ်နီးပါးကာလအတွင်း မြန်မာနိုင်ငံတွင်ပြည်ပစီးပွားရေးလုပ်ငန်းရှင်များလာရောက် ရင်းနှီးမြှုပ်နှံရန်အတွက် အဟန့်အတားများစွာရှိနေသည်ဟု အစည်းအဝေးပွဲများတွင် ထောက်ပြဝေဖန်မှုများရှိသည်။

အထူးသဖြင့် အဂတိလိုက်စားမှုများ၊အခွန်အကောက်ဆိုင်ရာပြဿနာများ၊ အိမ်ခြံမြေဈေးနှုန်းများ မြင့်မားမှုနှင့် လျှပ်စစ်မီးပုံမှန်မရသည့်ပြဿနာများကိုထောက်ပြပြောဆိုခြင်းများရှိသည်။

ထိုကဲ့သို့ ရင်းနှီးမြှုပ်နှံမှု အပိုင်းတွင် အခြေခံအဆောက်အအုံများမပြည့်စုံသည်များကိုထောက်ပြမှုများရှိသလို လက်ရှိမြန်မာနိုင်ငံရေးအခြေအနေနှင့် ပတ်သက်၍ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဥက္ကဋ္ဌဒေါ်အောင်ဆန်းစုကြည်က ထောက်ပြမှုများလည်းရှိသည်။

လာမည့် ၂၀၁၅ခုနှစ်တွင် အရေးကြီးသည့် ရွေးကောက်ပွဲ တစ်ရပ်ကျင်းပရန် ရှိရာ နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများအနေဖြင့် မြန်မာ့နိုင်ငံရေးစိန်ခေါ်မှုများကိုလျစ်လျူမရှုသင့်ကြောင်း ဒေါ်အောင်ဆန်းစုကြည်က ဖိုရမ်သို့ တက်ရောက်လာသူများအား ပြောကြားခဲ့သည်။

ထို့ကြောင့်ဥရောပနိုင်ငံများ၏အကူအညီများရရန်အတွက်မူ အစိုးရပိုင်းမှ လုပ်ဆောင်ပေးရမည့်အချက်များစွာရှိသလို ပုဂ္ဂလိကပိုင်းမှလည်း လုပ်ဆောင်ပေးစရာများစွာရှိနေသေးသည်ဟုမြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်မှဒုတိယဥက္ကဋ္ဌ ဦးနှင်းဦးကဆိုသည်။

“ကျွန်မတို့ဥရောပသမဂ္ဂမှာ တင်းတင်းကျပ်ကျပ်လိုက်နာရမယ့်စည်းကမ်းသတ်မှတ်ချက်တွေရှိပါတယ်။ သဘာဝပတ်ဝန်းကျင်၊ လူမှုရေး၊ လုပ်ငန်းလုပ်ပိုင်ခွင့်ရယူမှုစတဲ့ကဏ္ဍအသီးသီးမှာလိုက်နာရမယ့် သတ်မှတ်ချက်တွေရှိပါတယ်”ဟု ဥရောပရင်းနှီးမြှုပ်နှံမှုဘဏ်မှ ညွှန်ကြားရေးမှူးဒေါက်တာ Tamsyn Barton ကပြောသည်။ လက်ရှိအနေအထားသည် အကြမ်းဖျင်းသဘောတူမှုများဖြစ်ပြီး အချိန်မရွေးပျက်ပြယ်သွားနိုင်ပြီး နှစ်ဦးနှစ်ဖက် သဘာတူစာချုပ် ချုပ်ပြီးမှသာ မြန်မာနိုင်ငံသူနိုင်ငံသားများအနေဖြင့် အီးယူမှပေးမည့်အကူအညီများ ခံစားရမည်ဖြစ်သည်။

“ဖြစ်ဖို့တော့များပါတယ်။ သူတို့ဘက်က စေတနာရှိတယ်။ လုပ်ပေးချင်တဲ့ဆန္ဒရှိတယ်”ဟု ဦးနှင်းဦးက ရှေ့အလားအလာနှင့်ပတ်သက်၍ မှတ်ချက်ပြုပြောကြားခဲ့သည်။

“ဒီလုပ်ငန်းအဖွဲ့ဖိုရမ်လုပ်ရခြင်းရဲ့ရည်ရွယ်ချက်ဟာတစ်ရက်၊ နှစ်ရက်တည်းအတွက် မဟုတ်ပါဘူး။ ဒီဖိုရမ်ဟာမတူညီတဲ့ လူမှုအသိုင်းအဝိုင်းတွေအားလုံးစုစည်းပြီး မြန်မာနိုင်ငံရဲ့ လုပ်ငန်းတွေပြီးမြောက်အောင်မြင်အောင် ကျွန်မတို့ဘက်ကသန္နိဋ္ဌာန်ချလုပ်ဆောင်ပေးသွားမယ်ဆိုတာကို ပြသဖို့ဖြစ်ပါတယ်”ဟု ရန်ကုန်မြို့တွင် ပြုလုပ်သော ဖွင့်ပွဲတွင် အဆိုပါအဖွဲ့ကို ဦးဆောင်သူ ဥရောပကော်မရှင် ဒုတိယဥက္ကဋ္ဌ မစ္စကက်သရင်းအက်ရှ်တန်က ပြောကြားခဲ့သည်။

ထို့ကြောင့် အီးယူမြန်မာအလုပ်သမားအဖွဲ့အစည်းတွင် ဆွေးနွေးခဲ့သည်များ၊ သဘောတူညီမှုများသည် နေချင်း၊ ညချင်း မဖြစ်မလာနိုင်သော်လည်း ဥရောပသမဂ္ဂမှသတ်မှတ်ထားသည့်စည်းမျဉ်းစည်းကမ်းများကို လိုက်နာဆောင်ရွက်ပါက အစိုးရအပါအဝင် မြန်မာနိုင်ငံသူနိုင်ငံသားများထံသို့ထိရောက်သော အကူအညီများရရှိလာမည်ဖြစ်သည်ဟု ဆိုသည်။

7 DAY NEWS JOURNAL
Vol.12, No.37 • NOVEMBER 20 , 2013



# ကြီးသုံးကြီးနှင့် မြန်မာ့နိုင်ငံရေးအရွေ့

■ အိမြူလွင်

"အုပ်ချုပ်ရေးပိုင်းက အကောင်းဆုံးလုပ်နေပါတယ်ဆိုတာကိုပြောနေရုံနဲ့ မလုံလောက်ဘူး ထင်ပါတယ်။ အကောင်းဆုံးဆိုတာက လုံလောက်အောင်ကောင်းဖို့လည်း လိုပါသေးတယ်"

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်က နိုဝင်ဘာ ၁၅ ရက်က နေပြည်တော်တွင် ကျင်းပခဲ့သော ဥရောပသမဂ္ဂ၏ အလုပ်ရုံဆွေးနွေးပွဲတွင် အစိုးရအဖွဲ့၏ အုပ်ချုပ်ရေးစီမံခန့်ခွဲမှုကို ထိုသို့ ဝေဖန်လိုက်ခြင်းဖြစ်သည်။

ဒေါ်အောင်ဆန်းစုကြည်က လက်ရှိအစိုးရအပေါ် ယခင်ထက်ပိုသည့်ဝေဖန်မှုများကို ယခုရက်ပိုင်းတွင် ခပ်စိပ်စိပ်တွေ့လာရပြီးနောက် နိုင်ငံတော်သမ္မတ၊ ဒေါ်အောင်ဆန်းစုကြည်နှင့် လွှတ်တော်နာယကသူရဦးရွှေမန်းတို့အကြား နေပြည်တော်နိုင်ငံရေးအခင်းအကျင်းသည် ပြောင်းလဲလာနေကြောင်း နိုင်ငံရေးစောင့်ကြည့်သူများက သုံးသပ်နေကြသည်။

ထို့အပြင် ဥရောပသမဂ္ဂ၏ အလုပ်ရုံဆွေးနွေးပွဲတွင် ဒေါ်အောင်ဆန်းစုကြည်ကို အခမ်းအနားစားပွဲဝိုင်းဒုတိယတန်းတွင် နေရာချထားပေးမှုနှင့် ပတ်သက်ပြီး အစိုးရအဖွဲ့က နိုင်ငံတကာအလယ်တွင် ဒေါ်အောင်ဆန်းစုကြည်ကို နေရာမပေးလိုခြင်းကို ထင်ထင်ရှားရှားပြသခြင်းဖြစ်သည်ဟု ဝေဖန်ယူဆကြသည်။

နိုဝင်ဘာလဆန်းက ကြိုတင်အသိပေးခြင်း မရှိဘဲ လျှပ်စစ်ဓာတ်အားခများ တိုးမြှင့်ရန် အစိုးရအဖွဲ့က စီစဉ်ခဲ့ခြင်းအပေါ် "ဒီလိုပြည်သူကို အသိမပေးဘဲ လုပ်တာကလည်း အာဏာရှင်စနစ်က အမွေဆိုးတွေရဲ့ အငွေ့အသက်မကုန်သေးဘူးလို့ပဲပြောရမှာပဲ"ဟု ဒေါ်အောင်ဆန်းစုကြည်က ဝေဖန်ပြောဆိုခဲ့သည်။

"အုပ်ချုပ်ရေးအပိုင်းမှာ ပိုပြီးထင်သာမြင်သာရှိစေချင်ပါတယ်။ နိုင်ငံတော်အစိုးရက ဘာတွေလုပ်ဖို့ ရည်ရွယ်နေလဲ။ ဘယ်သူတွေနဲ့ ဆွေးနွေးဖို့ရှိနေလဲ။ လွှတ်တော်မှာရောက်နေတဲ့ သူတွေက ဒီလိုကိစ္စမျိုးမှာပိုပြီး အားသာမှုရှိပါတယ်" ဟု ဥရောပသမဂ္ဂနှင့် ဆွေးနွေးပွဲတွင် ဒေါ်အောင်ဆန်းစုကြည်က လွှတ်တော်လုပ်ဆောင်မှုကို ပွင့်လင်းမြင်သာသည်ဟု ဆိုခဲ့သည်။

ဇင်းနေအိမ်အကျယ်ချုပ်က လွတ်မြောက်လာသော သုံးနှစ်ပြည့်နေ့တွင်လည်း အဆိုပါသုံးနှစ်တာကာလအတွင်း လွှတ်တော်၏ လုပ်ငန်းများကို ကျေနပ်မှုရှိသည်ဟုပြောကြားခဲ့သဖြင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီသည် ပြည်ထောင်စုလွှတ်တော်နာယကသူရဦးရွှေမန်းနှင့်ပိုမိုနီးစပ်လာပြီး အစိုးရအဖွဲ့နှင့် ဆက်ဆံရေးပိုမိုဝေးကွာလာသည်ဟု နိုင်ငံရေးအသိုင်းအဝိုင်းကယူဆကြသည်။

"သမ္မတနဲ့ ဒေါ်အောင်ဆန်းစုကြည်၊ အစိုးရနဲ့ဒေါ်အောင်ဆန်းစုကြည်အကြား ဝေဖန်တာတွေ၊ အပြစ်ဖို့တာတွေ များလာတာဟာ ဦးရွှေမန်းနှင့် ဒေါ်စုပိုနီးစပ်ဖို့တွန်းအားပေးတဲ့သဘောဖြစ်နေတယ်" ဟု နိုင်ငံရေးလေ့လာသူတစ်ဦးဖြစ်သည့် ဒေါက်တာ ရန်မျိုးသိမ်းကပြောသည်။

"ဒေါ်အောင်ဆန်းစုကြည်ကလွှတ်တော်ထဲမရောက်ခင်က ပထမဆုံးဦးသိန်းစိန်နဲ့ တွေ့ခဲ့တယ်။ အဲဒီတုန်းက နားလည်မှုတွေရခဲ့တယ်ဆိုပေမယ့် ရင်းရင်းနှီးနှီးမရှိခဲ့ဘူးပြောရမှာပေ့ါ။ လွှတ်တော်ထဲရောက်ပြီးတဲ့အခါကျတော့ ဦးရွှေမန်းနဲ့ ပိုရင်းနှီးသွားပြီး ဦးသိန်းစိန်နဲ့က ဝေးသွားတယ်" ဟု သံလွင် Citizen Enpowerment Program မှ ဦးဇော်မင်းကျော်က ပြောသည်။

သို့သော်"ကြီးသုံးကြီးကတော့နားလည်မှုတွေ အပေးအယူတွေနဲ့ လုပ်သွားမှ ဒီမိုကရေစီလမ်းကြောင်းက ဖြောင့်ဖြူးနိုင်မယ်။ နောက်ကွယ်မှာ ဘယ်လိုတွေဖြစ်နေတယ်ဆိုတာမပြောနိုင်ဘူး"ဟု ဦးဇော်မင်းကျော်ကဆိုသည်။

ထို့အပြင် အဆိုပါ ပုဂ္ဂိုလ်အားလုံးသည် ပြုပြင်ပြောင်းလဲရေးကို လိုလားသူများသာဖြစ်ပြီး မည်သူကပိုပြီး ပြုပြင်ပြောင်းလဲရေးကို လုပ်နိုင်သည်ဆိုခြင်းကို ကြည့်ရမည်ဖြစ်သည်ဟု ၈၈ မျိုးဆက်ငြိမ်းချမ်းရေးနှင့် ပွင့်လင်းလူ့အဖွဲ့အစည်း ခေါင်းဆောင်တစ်ဦးဖြစ်သူ ဦးဂျင်မီကပြောသည်။

"သမ္မတနဲ့ လွှတ်တော်နာယကအားပြိုင်တာ ဒါပြည်ခိုင်ဖြိုး ပါတီတွင်းက အားပြိုင်မှုပဲ။ ဒီလိုအားပြိုင်မှုမျိုးက နိုင်ငံတကာမှာလည်း ရှိတယ်။ ခေတ်အဆက်ဆက်လည်းရှိခဲ့တယ်။ ဒါပေမဲ့ ပုဂ္ဂိုလ်ရေးဩဇာထူထောင်တာမျိုးဆိုရင်တော့ ဆန့်ကျင်ရမယ်"ဟု ဦးဂျင်မီက အားပြိုင်နေမှုများနှင့် ပတ်သက်၍ ဆက်လက်ပြောကြားသည်။

အာဏာရှင်စနစ်သည် တစ်ယောက်တည်းတွင် အာဏာရှိနေခြင်းကြောင့် ဖြစ်သည့်အတွက် တစ်ယောက်နှင့်တစ်ယောက် ဝေဖန်မှုများနှင့် သုံးစုကွဲနေသည့် စနစ်ကို ကျင့်သားရရန် ကြိုးစားဖို့လည်း လိုသည်ဟု ကွန်ပျူတာပညာရှင်တစ်ဦးလည်း ဖြစ်သည့် လူငယ်စီးပွားရေးလုပ်ငန်းရှင်တစ်ဦးဖြစ်သည် ဦးရဲမြတ်သူ က ပြောသည်။

ပါမောက္ခဒေါက်တာအောင်ထွန်းသက်က မြန်မြန်သွားချင်ရင် တစ်ယောက်တည်းသွားဟူ၍ ပြောကြားသကဲ့သို့ပင် အများနှင့်သွားမည်ဆိုပါက ညှိနှိုင်းရမည်သာဖြစ်သည်ဟု ဦးရဲမြတ်သူက ဆိုသည်။

လက်ရှိအချိန်တွင် အခြေခံဥပဒေကို ပြင်ဆင်ရန် အရေးကြီးနေသော အချိန်ဖြစ်သဖြင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီက ပြည်ထောင်စုလွှတ်တော်နာယကသူရဦးရွှေမန်းဦးဆောင်သော လွှတ်တော်တွင်းအင်အားစုများနှင့်ပို၍ နီးကပ်စွာဆက်ဆံနေခြင်း ဖြစ်သည်ဟု မြန်မာ့နိုင်ငံရေးကို စိတ်ဝင်တစားစောင့်ကြည့်သူအများစုက သုံးသပ်ခဲ့သည်။

ပြီးခဲ့သည့် လပိုင်းများအတွင်းကပင် ဒေါ်အောင်ဆန်းစုကြည်နှင့် ဦးရွှေမန်းတို့ကို အခမ်းအနားအတော်များများတွင် အမြဲနီးနီးကပ်ကပ်အမြဲမြင်တွေ့နေရခြင်းကြောင့် ယင်းကဲ့သို့ သုံးသပ်မှုများထွက်ပေါ်လာခြင်းဖြစ်သည်။

> **အုပ်ချုပ်ရေးအပိုင်းမှာ ပိုပြီးထင်သာမြင်သာရှိစေချင်ပါတယ်။ နိုင်ငံတော်အစိုးရက ဘာတွေလုပ်ဖို့ ရည်ရွယ်နေလဲ။ ဘယ်သူတွေနဲ့ ဆွေးနွေးဖို့ရှိနေလဲ။ လွှတ်တော်မှာရောက်နေတဲ့ သူတွေက ဒီလိုကိစ္စမျိုးမှာပိုပြီး အားသာမှုရှိပါတယ်**

"ဦးရွှေမန်းအနေနဲ့ သူသမ္မတဖြစ်ဖို့ ဒေါ်စုနဲ့ ဒီချုပ်ရဲ့ ထောက်ခံမှုက အရေးကြီးတယ်လို့ဆိုနိုင်တယ်။ မရှိမဖြစ်လို့ပြောရင်တောင် ရနိုင်မယ်ထင်တယ်"ဟု ဒေါက်တာရန်မျိုးသိမ်းက ၎င်း၏ယူဆချက်ကို ပြောကြားသည်။

"လက်ရှိအချိန်က ၂၀၁၅ရွေးကောက်ပွဲနီးလာပြီဆိုတော့ ကျပ်တည်းလာတဲ့အခြေအနေမှာ အတိုက်အခံနဲ့ အာဏာရပါတီ ကွဲပြားလာပြီ။ အရင်တုန်းကတော့ နိုင်ငံတည်ဆောက်တဲ့သဘောထားခဲ့တာပေါ့"ဟု အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီနှင့် အစိုးရအဖွဲ့တို့ကြား ကွဲလွဲမှုများကို ဒေဂရူကုမ္ပဏီဥက္ကဋ္ဌ ဦးချစ်ခိုင်ကဆိုသည်။

" NLD က အတိုက်အခံဆိုတော့ အစိုးရရဲ့ လိုအပ်ချက်တွေကို ပြောရမှာပဲ။ အစိုးရကလည်း ဒါကို ဘယ်ကျေနပ်ပါ့မလဲ။ သူတို့ကို အကောင်းပြောတာမှ မဟုတ်တာ။ ဒီမှာ NLD ဘက်ကလည်း တကယ်လို့ဦးသိန်းစိန်ကသာဝင်ပြိုင်မယ်ဆိုရင် NLD က ဘယ်သူနဲ့ ဆက်ပြီးလက်တွဲရင် ဘယ်လမ်းကြောင်းက ပိုကောင်းမလဲဆိုတာကို ရွေးချယ်တတ်ဖို့လိုတယ်"ဟု ၁၉၉၀ ရွေးကောက်ပွဲတွင် အနိုင်ရကိုယ်စားလှယ်ဖြစ်ခဲ့သော ဦးသိန်းထွန်းက ပြောသည်။

အခြေခံဥပဒေပြင်ဆင်ရန်အတွက် သူရဦးရွှေမန်းနှင့် ဆက်ဆံရေးကောင်းမှ အောင်မြင်နိုင်မည်ဖြစ်သကဲ့သို့ တိုင်းပြည်၏ နေ့စဉ်ကိစ္စများကို စီမံခန့်ခွဲနေသူမှာလည်း သမ္မတသာဖြစ်သည့်အတွက် သမ္မတဦးဆောင်သည့် အစိုးရအဖွဲ့၏ အားနည်းချက်ကို ဝေဖန်ထောက်ပြ၍ အားနည်းသည့်နေရာများတွင် အားပေးကူညီနိုင်ပါကပို၍လက်တွေ့ကျစွာ ဖြေရှင်းနိုင်မည်ဟု ဦးဇော်မင်းကျော်ကလည်း ပြင်ပမှ လေ့လာသူတစ်ဦးအနေဖြင့် သုံးသပ်ခဲ့သည်။

"အစိုးရအဖွဲ့က ဘယ်အပိုင်းမှာ အကူအညီလိုအပ်နေလဲဆိုတာကို ဒေါ်စုက သူ့အရှိန်အဝါနဲ့ အကူအညီတွေတောင်းပြီး ဖြေရှင်းပေးနိုင်ရန် ပြည်သူတွေကြုံနေရတဲ့ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး အကျပ်အတည်းတွေက သက်သာသွားနိုင်တယ်"ဟု ဦးဇော်မင်းကျော်က ဆက်လက်ပြောကြားသည်။

"အစိုးရနဲ့ လွှတ်တော်နှစ်ပိုင်းခွဲပြီး ဒေါ်စုနဲ့ထိတွေ့နေတာလည်း ဖြစ်နိုင်တယ်။ နှစ်ဖက်လုံးကလူတွေက ပြည်ခိုင်ဖြိုးပါတီခေါင်းဆောင်တွေပဲဆိုတာမျက်ခြည်ပြတ်လို့မရဘူး။ ပါတီရဲ့မူနဲ့ လုပ်နေတာလည်းဖြစ်နိုင်ခြေရှိတယ်"ဟုလွှတ်တော်နှင့် အစိုးရအားပြိုင်နေသည်ဆိုသော်လည်း ပါတီတစ်ခုတည်းမှ ဖြစ်သည်ဆိုသော အချက်ကို ဒေါက်တာရန်မျိုးသိမ်းက ထောက်ပြသည်။

ဒေါ်အောင်ဆန်းစုကြည်အနေဖြင့် နေရာအပြည့်အဝရရန် လုံလောက်သော အာဏာရရေးမှာ NLD အဖွဲ့အစည်းတစ်ခုလုံး အင်အားပြည့်ဝရန်လိုသည်ဟု စီးပွားရေးလုပ်ငန်းရှင်တစ်ဦးက ပြောသည်။ NLD သည် လူထုအားကောင်းသော်လည်း အဖွဲ့အစည်းအားကောင်းရန်မှာ လတ်တလောမရှိမဖြစ်လိုအပ်နေသည်ဟု ဦးရဲမြတ်သူကပြောသည်။

နိုင်ငံရေးသမားများ၊ လေ့လာစောင့်ကြည့်သူဆိုသူများက မြန်မာ့နိုင်ငံရေးသည် ဟန်းနီးမွန်းကာလပြီးဆုံးသွားပြီး နွေဦးရာသီဟု ပြောဆိုနေကြစေကာမူ ကိုယ်ကျိုးမပါသော အားပြိုင်မှုများနှင့် ခန့်မှန်းရခက်သော အပြောင်းအလဲများနိုင်သော ၂၀၁၅ ရွေးကောက်ပွဲအကြို နေပြည်တော်နိုင်ငံရေးအခင်းအကျင်းက အများခန့်မှန်းသလို မှန်၊ မမှန် စောင့်ကြည့်ရဦးမည်သာဖြစ်သည်။ အခြေခံဥပဒေပြင်ဆင်ရေး ကြိုးပမ်းနေသည့် ကာလအတွင်း အရွေ့များနှင့် အခင်းအကျင်းသစ်များကိုလည်း တွေ့ရဦးမည်ဖြစ်သည်။

7 DAY NEWS JOURNAL
Vol.12, No.37 • NOVEMBER 20 , 2013

# မြက်ကျွတ်မုန်တိုင်းကြားက တောင်သူများ

■ ထွန်းနိုင်၊ ခန့်ထက်



ရောဝတီတိုင်းဒေသကြီး လယ်ယာလုပ်ငန်းခွင်တစ်ခုကိုတွေ့ရစဉ်

လွန်ခဲ့သောငါးနှစ်ခန့်က နာဂစ်မုန်တိုင်းတိုက်ခတ်ပြီးနောက်တွင် နာဂစ်ထက် ပြင်းသည့်‘မြက်ကျွတ်မုန်တိုင်း’တစ်ခုထပ်တိုက်မည်ဟု သူတို့နေထိုင်ရာရွာများ တစ်ဝိုက်တွင် ကောလာဟလများထွက်ပေါ်ခဲ့သည်။

ခေတ်ကာလက ယခုလိုပွင့်လင်းသည့်အချိန်မဟုတ်သလို မိုးလေဝသသတင်းများလည်း အစိုးရကထုတ်ပြန်ရန် တုံ့ဆိုင်းနေသည့်ကာလဖြစ်သည့်အတွက် ယင်းသတင်းသည်ကောလာဟလလောတကယ်လောသူတို့ဝေခွဲမရဖြစ်ခဲ့ရသည်။

“နာဂစ်ပြီး လပိုင်းပဲ ကြာတယ်။ လယ်ထဲက ကျွန်တော်တို့ကို မောင်းထုတ်တော့တာပဲ။ အဲဒီတော့မှ နာဂစ်တုန်းကတောင် မြက်ပင်ကျန်တယ်။ ဒီတစ်ခါတိုက်တဲ့ မုန်တိုင်းက မြက်ပင်ပါမကျန်ဘူး။ နာဂစ်ပြီး မြက်ကျွတ်မုန်တိုင်းလာမယ်ဆိုတဲ့ တဘောင်က မှန်ပါလားဆိုပြီး ပြောနေကြရတယ်”ဟု ဒဂုံဆိပ်ကမ်းမြို့နယ် တောင်တလုပ်ရွာမှ လယ်သမားဟောင်းကြီး ဦးတင်အေးကပြောသည်။

သူဘိုးစဉ်ဘောင်ဆက်လုပ်ကိုင်လာသည့် ရန်ကုန်မြို့ ဒဂုံဆိပ်ကမ်းမြို့နယ်အတွင်းရှိလယ်မြေများကို နာမည်ကျော်ကုမ္ပဏီများမှ အကျိုးတူလုပ်ဆောင်မည်ဟုဆိုကာ သိမ်းဆည်းသွားကြောင်း ၎င်းကပြောသည်။ ယင်းနေရာတစ်ခုထဲတွင် ဧက ၇၀၀၀ နီးပါးမှ လယ်သမား ရာပေါင်းများစွာ လယ်မဲ့ဘဝသို့ နေ့ချင်းညချင်း ကျရောက်သွားကြောင်း လယ်သမားများကပြောသည်။

မြန်မာနိုင်ငံသည် စိုက်ပျိုးရေးကို အခြေခံသည့် နိုင်ငံတစ်နိုင်ငံဖြစ်သော်လည်း တောင်သူလယ်သမားများမှာ လယ်ယာမြေများကို အကြောင်းအမျိုးမျိုးပြပြီး သိမ်းဆည်းခံရမှုများဆက်တိုက်ဖြစ်ပေါ်နေဆဲဖြစ်သည်။ နိုင်ငံနှင့်တစ်ဝန်းတွင် ဦးတင်အေးလိုမြက်ပင်ပင်ပြန်မရသည့်မြက်ကျွတ်မုန်တိုင်းခံစားနေရသည့် တောင်သူလယ်သမားအများအပြား ရှိနေခဲ့သည်။

အစိုးရအဆက်ဆက်က စီးပွားရေးလုပ်ငန်းရှင်များနှင့် ပေါင်းကာ သိမ်းဆည်းခဲ့သော လယ်ယာမြေများအရေးသည်သမ္မတဦးသိန်းစိန်၏ အစိုးရသစ်လက်ထက်တွင်မှ လူသိရှင်ကြားသိခွင့်ရခဲ့ကြသည်။ လွှတ်တော်အပါအဝင်ကြားဝင် ဖြေရှင်းရေးအဖွဲ့အချို့ကို အစိုးရသစ်က ခွင့်ပြုခဲ့ပြီး လယ်ယာမြေအငြင်းပွားမှုသောင်မတင်ရေမကျပြဿနာများကို ဖြေရှင်းရန် ခွင့်ပြုခဲ့သည်။

သမ္မတကိုယ်တိုင်ကသူသည် လယ်သမားမိသားစုမှ ဆင်းသက်လာကြောင်း မကြာခဏပြောဆိုခဲ့ပြီး လယ်သမားများဘဝစာနာကြောင်း၊ လယ်ယာမြေပြဿနာများအကြောင်းသူ၏ မိန့်ခွန်းထဲတွင် မကြာခဏထုတ်ဖော်ပြောကြားခဲ့သည်။

သို့သော်လည်း အစိုးရသစ်သည်လယ်သမားအရေးကို ဆောင်ရွက်ရာတွင်လူကြားကောင်းသည့် စကားများနှင့်သာ နှစ်သိမ့်ခဲ့ပြီး တကယ့်လက်တွေ့တွင် ထိထိရောက်ရောက်ဆောင်ရွက်မှုမှာ အားနည်းကြောင်း 7 Day က တွေ့ဆုံမေးမြန်းခဲ့သည့် လယ်သိမ်းခံတောင်သူအချို့နှင့် လယ်သမားအရေးဆောင်ရွက်နေသူများကပြောသည်။

လွှတ်တော်တွင်လည်း လယ်သိမ်းခံပြဿနာများအရေးစုံစမ်းရေးကော်မရှင်တစ်ခုဖွဲ့စည်းပြီး ဖြေရှင်းရန် ဆောင်ရွက်ခြင်း၊ ထောင်နှင့်ချီသော လယ်ဧကများကို လယ်သမားများထံပြန်ပေးရန် စီစဉ်ခြင်းတို့ကို အစိုးရကလုပ်ဆောင်ခဲ့သည်။ သို့သော်လည်း သိမ်းဆည်းခံလယ်မြေများနှင့်နှိုင်းယှဉ်ပါက ပြောပလောက်သည့် ပမာဏပင်မရှိပါ။

“သမ္မတရဲ့ စာနာထောက်ထားမှုက မိန့်ခွန်းထဲမှာပဲ တွေ့ရတယ်”ဟု ဒဂုံဆိပ်ကမ်းမြို့နယ် သရက်ပင်ချောင်ရွာမှ လယ်သိမ်းခံတောင်သူဦးမြင့်အောင်က ပြောသည်။

“သမ္မတရဲ့ စာနာထောက်ထားမှုက မိန့်ခွန်းထဲမှာပဲ တွေ့ရတယ်”ဟု ဒဂုံဆိပ်ကမ်း သရက်ပင်ချောင်ရွာမှ လယ်သိမ်းခံတောင်သူ ဦးမြင့်အောင်ကပြောသည်။

အစိုးရသစ်၏ လယ်ယာမြေအငြင်းပွားမှုဖြေရှင်းရေးမူဝါဒကို သံသယရှိသည့်သူများထဲတွင် ဦးမြင့်အောင်တယောက်တည်းတော့ မဟုတ်။ သူနှင့် ဘဝတူဦးတင်အေးတစ်ယောက်လည်း အပါအဝင်ဖြစ်သည်။ ဦးတင်အေးက သူသည်မြက်ကျွတ်မုန်တိုင်းဒဏ်မခံရမီရက်သတ္တပတ်အနည်းငယ်အတွင်းက သမ္မတဦးသိန်းစိန်ဖြစ်လာမည့် စစ်အစိုးရဝန်ကြီးချုပ်ဟောင်း ဦးသိန်းစိန်နှင့် တွေ့ခွင့်ရခဲ့ကြောင်း ပြောသည်။

လွန်ခဲ့သည့် ငါးနှစ်ကျော်ကာလနာဂစ်မုန်တိုင်းတိုက်ပြီး လအနည်းငယ်အကြာတွင် သူနေထိုင်ရာ ဒဂုံဆိပ်ကမ်းဆီသို့ဦးသိန်းစိန်တစ်ယောက်အခြံအရံများနှင့် ရောက်လာခဲ့သည်ဟု သူကပြောသည်။ ထိုစဉ်ဦးသိန်းစိန်ကသူတို့ လယ်များနှင့် ထိပ်တန်းကုမ္ပဏီတို့ ကိုပူးပေါင်းစေကာ အကျိုးတူလယ်ယာမြေစနစ်ဖော်ဆောင်ပေးမည်ဖြစ်ကြောင်း သူ့အား ပြောကြားခဲ့ကြောင်းဦးတင်အေးကပြောသည်။

“သူပြန်သွားပြီးနောက် နှစ်ရက်လောက်ကြာတော့ တဲတွေဖျက်ပြီး ကျွန်တော်တို့ကို မောင်းထုတ်တော့တာပဲ”ဟု ဦးတင်အေးကပြောသည်။

“အဲဒီအချိန်ကတည်းက မတွေ့ရတာ၊ ကျုပ်အခုတွေ့ရမယ်ဆိုရင်တောင် လိုက်တွေ့ချင်သေးတယ်။ သူပြောတဲ့စကားတွေလက်ညှိုးထိုးပြီး မေးပြမယ် သူ့ကို။ ကျွန်တော်မဟုတ်တာပြောရင် ကျုပ်သတ်ပစ်လိုက်။ ခင်ဗျားဘာတွေပြောသွားလဲ၊ ကျုပ်မေးရမလားလို့” ဟု ဦးတင်အေးက ဒေါသတကြီးဆက်ပြောသည်။

အစိုးရသစ်လက်ထက်တွင် လယ်ယာမြေအငြင်းပွားမှုပြဿနာသည်တစ်စတစ်စကျယ်လောင်လာခဲ့သည်။ ပြီးခဲ့သည့် ၁၄ လတာကာလအတွင်း အစိုးရအရာရှိများနှင့် လယ်သမားများအကြား လယ်ယာမြေပြဿနာကို အကြောင်းပြုပြီး ထိပ်တိုက်တွေ့ဆုံမှုများဖြစ်ပွားကာ လူသုံးဦးထက်မနည်း သေဆုံးခဲ့ပြီး ရာနှင့်ချီပြီး အနာတရဖြစ်သည်အထိ တင်းမာမှုများရှိခဲ့သည်။

လယ်ယာမြေအငြင်းပွားမှုများတွင် အစိုးရဘက်မှ ကိုင်တွယ်ဖြေရှင်းမှုတွင် ဘက်လိုက်မှုများရှိကြောင်းလည်းမကြာခဏဝေဖန်ခံခဲ့ရသည်။ အငြင်းပွားဖွယ်ရာ မြေနေရာများတွင် တောင်သူလယ်သမားများဝင်ရောက်စိုက်ပျိုးပါက ရဲတပ်ဖွဲ့မှလာရောက် အရေးယူမှုများပြုလုပ်မှုများရှိသော်လည်း သိမ်းဆည်းခဲ့သည့် အစိုးရနှင့် နီးစပ်သည့် ကုမ္ပဏီများဘက်က အဆိုပါလယ်ယာမြေများအတွင်းဝင်ရောက်ပါက အာဏာပိုင်များက လျစ်လျူရှုခဲ့ကြောင်း လယ်သမားများက စွပ်စွဲကြသည်။

“ရွှေသံလွင်က လယ်တွေသိမ်းထားတာတွေကို ပြန်ပေးဖို့စာတင်ပေမယ့် ဘာမှမထူးဘူး။ တောင်သူတွေက ပြည်မကဆန်ပြန်ဝယ်စားနေရတယ်။ လယ်သမားကိုကျတော့ သူ့လယ်သိမ်းပြီးကုမ္ပဏီက ပြန်ပြီး သီးစားချပြီးစိုက်ခိုင်းတယ်”ဟု ရှမ်းပြည်နယ်၊ ရွာငံမြို့နယ်တွင် တောင်သူများထံမှ ရွှေသံလွင်ကုမ္ပဏီက သိမ်းယူထားသည့် စိုက်ပျိုးမြေများ ပြန်လည်ရရှိရေး လှုပ်ရှားနေသူ ဓနုတိုင်းရင်းသားလူမျိုးများ ဒီမိုကရေစီပါတီ၏ အတွင်းရေးမှူး ဦးအောင်ဇော်မြင့်ကပြောသည်။

အစိုးရက သူနှင့် နီးစပ်သူများအား အရေးယူရန်ထက် လယ်သမားများကို အရေးယူရေးသာ အားသန်နေကြောင်း လယ်သမားများနှင့် ၎င်းတို့အရေးဆောင်ရွက်သူများကပြောသည်။

ဦးတင်အေးနှင့် ဦးမြင့်အောင်တို့လယ်မြေများ အနီးနေထိုင်သည့်ဦးမောင်ညိုတစ်ယောက်လည်း လယ်သိမ်းခံတောင်သူတစ်ဦးပင်ဖြစ်သည်။ သူ၏လယ်မြေများ သိမ်းဆည်းခံရမှုအတွက် ကန့်ကွက်မှုများကြောင့် တရားရုံးက ဒဏ်ငွေကျပ်တစ်သောင်းချမှတ်ခံခဲ့ရသူ တစ်ယောက်ဖြစ်သည်။ သို့သော်လည်း အဆိုပါအမှုအတွက်တရားရုံးသို့ ရုံးချိန်းအကြိမ် ၇၀အထိချိန်းဆိုခံခဲ့ရကြောင်း သူကပြောသည်။

“စားတာသောက်တာနဲ့ ရှေ့နေခမပါသေးဘူး။ လမ်းစရိတ်တစ်ရက် ၅၀၀ နှုန်းပဲထား။ သုံးသိန်းခွဲလောက် အသားတင်ကုန်တယ်။ လယ်သမားလယ်သိမ်းခံရလို့ ကျပန်းလုပ်စားမယ်ဆိုတာတောင် ရုံးချိန်းသွားနေရတာနဲ့ တင်ထမင်းငတ်လောက်တယ်”ဟု ဦးမောင်ညိုကပြောသည်။

ပညာသင်ကြားခွင့်နည်းပါးခဲ့ပြီး ငွေကြေးချို့တဲ့သည့် လယ်သမားများကို လယ်ယာမြေများလက်လွှတ်ရန် အတွက်ဖိအားပေးမှုများအနက် တရားစွဲဆိုရေးဆိုသည့်အချက်ကိုလည်း အသုံးချလာကြောင်း လယ်ယာမြေအရေးဆောင်ရွက်သူများကပြောသည်။

“အစိုးရက ဒီကိစ္စကို ဖြေရှင်းပေးတာ ဘာမှအားရစရာမရှိဘူး။ တရားခံဖြစ်တဲ့ သူကဖြစ်။ ဘဝပျက်တဲ့ သူကပျက်။ ကော်မရှင်ကလည်း တိတိကျကျဘာမှ မလုပ်နိုင်သေးဘူး။ လယ်သမားတွေက လယ်မရဘဲ အမှုပဲရင်ဆိုင်နေရတယ်”ဟု တရားစွဲဆိုခံရသည့် လယ်သမားများအား လိုက်လံကူညီပေးနေသည့် ရှေ့နေဦးရောဘတ်စန်းအောင်ကပြောသည်။

သရက်ပင်ချောင်ကျေးရွာ လယ်သိမ်းခံတောင်သူဦးမြတ်မောင်တစ်ကတော့ အထက်က ဘဝတူလယ်သမားများလို အစိုးရကိုလည်း ဝေဖန်ခြင်းမပြုခဲ့ပါ။ တရားစွဲဆိုခံရရန်လည်း လိုလားမှုမရှိသည့် သူကလယ်မြေများဆုံးရှုံးမှုကို ကိုမောင်ညိုတစ်ယောက်လိုကျယ်ကျယ်လောင်လောင်ကန့်ကွက်ခြင်းလည်း မပြုပါ။ ကုမ္ပဏီမှ ပေးသည့် ကရုဏာကြေးကို လက်ခံရန်ပြီးခဲ့သည့် ရက်ပိုင်းအတွင်း ဆုံးဖြတ်ချက်ချလိုက်ပြီး နောက်ဆယ်စုနှစ် သုံးခုကြာလုပ်ကိုင်ခဲ့သည့် လယ်မြေများကို စွန့်လွှတ်ရတော့မည်ဖြစ်သည်။

“ကုမ္ပဏီက တစ်ဧက သိန်းအစိတ်ပေးတယ်။ ၁၀ သိန်းကို လက်ငင်း။ ကျန်တာကို နောက်နှစ်လအတွင်းဆိုပြီး ပေးတယ်။ ဒါပေမဲ့ ဒီမှာကမြေတစ်ကွက်ကို သိန်း ၂၀၀ လောက်ပေးရတော့ ဒီပိုက်ဆံနဲ့ ဘယ်မှာ သွားနေမလဲ” ဟု သူကပြောသည်။

မြန်မာ့သမိုင်းတွင် အဆိုးရွားဆုံးသော သဘာဝဘေးဖြစ်သည့် နာဂစ်မုန်တိုင်းကြောင့် လူသိန်းချီသေဆုံးပြီး ကန်ဒေါ်လာသန်းချီကာ ပျက်စီးဆုံးရှုံးခဲ့မှုများရှိခဲ့သည်။ ယခင်စစ်အစိုးရက မုန်တိုင်းမတိုက်မီနှင့် မုန်တိုင်းလွန်ကာလများတွင် ပြည်သူများကို ထိထိရောက်ရောက် ကာကွယ်မှုမပေးနိုင်ခဲ့သည်မှာ အထင်အရှားပင်ဖြစ်သည်။

နာဂစ်မုန်တိုင်းအပြီး တိုက်ခတ်နေသည့် ‘မြက်ကျွတ်မုန်တိုင်း’တွင်တော့ အစိုးရက ပြည်သူများအပေါ်မည်မျှ အကာအကွယ်ပေးမည်ဆိုသည်ကိုလယ်သမားများနှင့် ၎င်းတို့အရေးဆောင်ရွက်သူများက စိတ်ဝင်စားလျက်ရှိသည်။

‘နာဂစ်က လူသိန်းနဲ့ချီပြီး ဒုက္ခရောက်တယ်။ ဒီတစ်ခါ ခင်ဗျားပြောတဲ့ ‘မြက်ကျွတ်မုန်တိုင်း’က တစ်နိုင်ငံလုံးဒုက္ခရောက်မှာ’ ဟု ရောဝတီတိုင်းဒေသကြီးအတွင်းမှ လယ်သမားများအရေးဆောင်ရွက်နေသည့် ဦးဝေဠုကပြောသည်။

7 DAY NEWS JOURNAL
Vol.12, No.37 • NOVEMBER 20 , 2013

စာမျက်နှာ (၅)မှ

## ဖေ့စ်ဘွတ်ခ်စင်မြင့်

လည်း များစွာပေါ်ထွက်ခဲ့ခြင်းဖြင့်တစ်ဟုန်ထိုးနာမည်ကျော်ကြားသွားခြင်းဖြစ်သည်။

နစ်ကီဘိုမင်းအောင်ဟူသည့်ဝါသနာရှင်အဆိုတော်လေး၏ လဲလဲလဲလဲလဲ သီချင်းနာမည်ကျော်ကြားရခြင်းမှာလည်း အားပေးသူနှင့် ဝေဖန်ရှုတ်ချသူများစွာ လွန်ဆွဲခဲ့ကြသည့်အတွက်ဖြစ်သည်။ နစ်ကီဘိုမင်းအောင်က ၎င်းကိုယ်တိုင် ရေးစပ်သီဆိုထားသည့်သီချင်းကို ကိုယ်တိုင်သရုပ်ဆောင်၍ အပျော်တမ်းဗီဒီယိုရိုက်ကူးကာ တင်ဆက်ခဲ့သည်။ ထိုသီချင်းကို နာမည်ကြီးဖေ့စ်ဘွတ်ခ်စာမျက်နှာတစ်ခုကပင် ပြန်လည်ဖြန့်ဝေပေးခဲ့သောကြောင့် နစ်ကီဟူသည့် အမည်က ဖေ့စ်ဘွတ်ခ်တွင် ဟုန်းဟုန်းတောက်ခဲ့သည်။ ဝေဖန်သူများကတော့ သီချင်းမဆိုတတ်ခြင်း၊ အသံမကောင်းခြင်းဟူ၍ အပြစ်ရှာခဲ့ကြသည်။

သို့သော်ထိုသီတင်းပတ်တစ်ခုလုံး ဖေ့စ်ဘွတ်ခ်သုံးစွဲသူများအကြား လဲလဲလဲလဲလဲဟူသည့် သီချင်းစာသား ရေပန်းစားခဲ့သည်က နစ်ကီဘိုမင်းအောင် နာမည်ကြီးသွားခြင်းကို သက်သေထူခဲ့ပါသည်။ မိမိကိုယ်တိုင်ပင်မဟုတ်သော်လည်း မိမိ၏ စွမ်းဆောင်ချက်များကို သဘောကျနှစ်သက်သူတစ်ဦးဦးက မိမိအကြောင်းကို လူမှုကွန်ရက်ပေါ် ဖြန့်ဝေလိုက်ခြင်းကြောင့်လည်း နာမည်ကျော်သွားသူများစွာရှိပါသည်။ အိုဘားမား မြန်မာနိုင်ငံသို့ လာရောက်သည့် ခရီးစဉ်တွင် သမ္မတဦးသိန်းစိန်ပုံနှင့် အိုဘားမားပုံတို့ကို လမ်းဘေးနံရံများတွင် ရေးဆွဲလက်စွမ်းပြခဲ့သည့် အသက်နှစ်ဆယ်ကျော်အရွယ် ဂရပ်ဖစ်တီသမားလေး အာကာကျော်က လူမှုကွန်ရက်အစွမ်းဖြင့် နေ့ချင်းညချင်းနာမည်ကျော်သွားခဲ့သည်။ သူ့လက်ရာများကို ဖေ့စ်ဘွတ်ခ်တွင် တင်ဆက်ပေးခဲ့ရာ လူသိများပြီး အိုဘားမားမိန့်ခွန်းပြောကြားမည့် အခမ်းအနားသို့ တက်ရောက်ရန်ပင် သံရုံးမှ ဖိတ်ကြားခြင်းကို ခံခဲ့ရသည်။ ယခုအခါတွင်လည်း ဆီးဂိမ်းအတွက် နေပြည်တော်နံရံများတွင် သရုပ်ဖော်ရေးဆွဲပေးရန် ဝန်ကြီးဌာနက ခေါ်ယူရသည်အထိ အောင်မြင်သွားခဲ့သည်။

မြန်မာနိုင်ငံမှ တစ်ကျော့ပြန်လည်ပါဝင်လာသည့် Miss ပြိုင်ပွဲများတွင် မြန်မာနိုင်ငံကိုယ်စားပြုယှဉ်ပြိုင်သည့် အလှမယ် နန်းခင်ဇေယျာနှင့် ခင်ဝင့်ဝါတို့မှာလည်း ဖေ့စ်ဘွတ်ခ်သုံးစွဲသူအပေါင်းမှ သောင်းသောင်းဖြဖြအားပေးမှုကြောင့် Miss Internet ဆုကို ဆွတ်ခူးရရှိခဲ့ကြသည်။

အနီးစပ်ဆုံးအားဖြင့် မကြာသေးမီက ဖေ့စ်ဘွတ်ခ်သုံးစွဲသူတစ်ဦးက ဓာတ်ပုံရိုက်ကူးတင်ဆက်ခဲ့သော လမ်းဘေးတွင်တောင်းရမ်းစားသောက်နေရသည့် တော်လှန်ရေးရဲဘော်ဟောင်းကြီး သခင်လှကြိုင်အကြောင်းက လူအများသိရှိသွားခဲ့ပြီး ဘဝအာမခံချက်အတွက် များစွာသော အလှူငွေများ လက်ခံရရှိသွားပြီဖြစ်သည်။

စီးပွားရေးနယ်ပယ်မှ လုပ်ငန်းရှင်များကလည်း မိမိတို့ထုတ်ကုန်ပစ္စည်းနှင့် အရောင်းဆိုင်များကို စာမျက်နှာသစ်ဖွင့်ကာ ဖေ့စ်ဘွတ်ခ်မှတစ်ဆင့် ကြော်ငြာရောင်းချလာကြသည်ကို တွေ့ရသည်။

ဖေ့စ်ဘွတ်ခ်ဟူသည့် လူမှုကွန်ရက်စာမျက်နှာကြီးကို ဟားဗတ်တက္ကသိုလ်ကျောင်းသား မာ့ခ်ဇူကာဘတ်နှင့် သူငယ်ချင်းတစ်ဦးက ကျောင်းသားအချင်းချင်းကြားသုံးစွဲနိုင်ရန်အတွက် ဖန်တီးခဲ့သည်။ နောက်ပိုင်းတွင် ကျန်တက္ကသိုလ်များ၊ အထက်တန်းကျောင်းများအထိ ပျံ့နှံ့သွားခဲ့ပြီး ယခုအချိန်တွင် တစ်ကမ္ဘာလုံး တွင်ကျယ်စွာ သုံးစွဲရသည့် လူမှုကွန်ရက်ကြီးတစ်ခုဖြစ်လာခဲ့သည်။ ကမ္ဘာပေါ်ရှိလူ ၁၄ ဦးတွင် တစ်ဦးနှုန်းက ဖေ့စ်ဘွတ်ခ်သုံးစွဲလျက်ရှိပြီး မိနစ် ၂၀ တိုင်းတွင် Status Update ပေါင်း ၁ ဒသမ ၈၅၁ သန်း Facebook သို့ ရောက်ရှိကြောင်းဖေ့စ်ဘွတ်ခ်စစ်တမ်းက ဆိုသည်။ သုံးစွဲသူပေါင်း သန်း ၇၅၀ ကျော်လာခဲ့ပြီဖြစ်သည့် ဖေ့စ်ဘွတ်ခ်ကို အမေရိကန်နိုင်ငံတွင် ပိုမိုအသုံးများပြီးအင်္ဂလိပ်ဘာသာအပါအဝင် ဘာသာစကားအမျိုးပေါင်း ၆၀ ကျော် သုံးစွဲနိုင်သည့်အတွက် ကမ္ဘာကျော်ခြင်းဖြစ်သည်။

ယခုအခါ ဖေ့စ်ဘွတ်ခ်ကို ကွန်ပျူတာဖြင့်ဖြစ်စေ၊ မိုဘိုင်းဖုန်းဖြင့်ဖြစ်စေ အလွယ်တကူသုံးစွဲနိုင်ပြီး မြန်မာနိုင်ငံတွင်မူ ဖေ့စ်ဘွတ်ခ်စိတ်ဝင်စားသူ များပြားလာသည့်အတွက် ဖုန်းတစ်လုံးဝယ်ယူလျှင် ဖေ့စ်ဘွတ်ခ်အကောင့်သစ်တစ်ခု ဖွင့်ပေးသည့် ဝန်ဆောင်မှုမျိုးလည်း ပေါ်ပေါက်လာသည်။ ဖေ့စ် ဘွတ်ခ်အကောင့်တစ်ခုကို ငါးထောင်ကျပ်ဖြင့် ဖွင့်လှစ်ပေးသည့် အင်တာနက်ဆိုင်မျိုးလည်း ပေါ်လာသည်။ ကိုယ်ပိုင်အကောင့်ဖွင့်လှစ်၍ အခမဲ့သုံးစွဲနိုင်သည့် လူမှုကွန်ရက်ဝက်ဘ်ဆိုက်တစ်ခုဖြစ်သည့်အပြင် သတင်းအချက်အလက်မြန်ဆန်မှုကြောင့် လူစိတ်ဝင်စားမှုမြင့်တက်လာခြင်းဖြစ်သည်။ စာပေ၊ ဂီတ၊ အနုပညာ၊ ရုပ်ရှင်အစရှိသည့် နယ်ပယ်များတွင် မိမိကိုယ်တိုင် အောင်မြင်အောင် ထိုးဖောက်လာကြသကဲ့သို့ တစ်ဖက်တွင်လည်း နိုင်ငံရေး၊ လူမှုရေး၊ ဘာသာရေးနယ်ပယ်များတွင်ပါ ဝါဒဖြန့်လှုံ့ဆော်မှုများ အလွယ်တကူ ပြုလုပ်လာကြသည်ကို တွေ့ရသည်။ ယခုမှစတင်သုံးစွဲသူများစွာတို့အကြား နားဝေတိမ်တောင်ဖြစ်စေမည့် ပုဂ္ဂိုလ်ရေးတိုက်ခိုက်မှုများ၊ သွားပုပ်လေလွင့်ပြောဆိုမှုများ၊ နိုင်ငံရေးဝါဒဖြန့်မှုများ၊ အစိုးရနှင့်အတိုက်အခံအကြား တိုက်ခိုက်ပြောဆိုမှုများ၊ လူမျိုးရေးနှင့် ဘာသာရေး မှိုင်းတိုက်မှုများ စသဖြင့် ပေါ်ပေါက်လာခြင်းကို အထူးသတိပြုရမည်ဖြစ်ကြောင်း ဖေ့စ်ဘွတ်ခ်သုံးစွဲသူများက အကြံပြုကြသည်။

“လူတစ်ဦးချင်းစီက ကိုယ့်ရဲ့ ရုပ်ရည်၊ အသံ၊ တတ်သိမှုစသဖြင့်နဲ့ကျော်ကြားအောင်လုပ်တာ၊ ဒါမှမဟုတ်အစစ်အမှန် ဓာတ်ပုံတို့၊ အမည်တို့မသုံးဘဲနဲ့ နာမည်တစ်ခုခုသတ်မှတ်ထားပြီး ကျော်ကြားအောင်လုပ်တာ ဒါတွေအားလုံးက ကိုယ်ပိုင်လွတ်လပ်ခွင့်တွေလို့ပဲ မြင်ပါတယ်။ လုပ်ခွင့်ရှိပါတယ်။ သို့သော် ဖေ့စ်ဘွတ်ခ်ကတစ်ဆင့် မိမိကျော်ကြားဖို့ လူသိများဖို့ လုပ်ကြတဲ့အခါ အခြားတစ်စုံတစ်ယောက်ကိုဖြစ်စေ၊ အဖွဲ့အစည်းတစ်ခုခုကိုဖြစ်စေ ထိပါးပုတ်ခတ်ပြီး ပြောဆိုဆောင်ရွက်မှုတွေတော့ မလုပ်သင့်ဘူးလို့ ထင်ပါတယ်”ဟု နည်းပညာကုမ္ပဏီကြီးတစ်ခုတွင် လုပ်ကိုင်နေသည့် ဘလော့ဂါတစ်ဦးဖြစ်သူ ကိုဂျွန်က ဆိုသည်။

မြန်မာနိုင်ငံမှ ဖေ့စ်ဘွတ်ခ်သုံးစွဲသူများကို လေ့လာကြည့်ပါက မိမိဓာတ်ပုံအမှန်နှင့် ကိုယ်ရေးအချက်အလက်အမှန်ကိုပြမထားသည့် သုံးစွဲသူက ပိုမိုများပြားလျက်ရှိသည်ကို တွေ့ရမည်ဖြစ်သည်။ ထိုသို့ Profile အမှန်မပြသူများအတွက် အားသာချက်တစ်ခုမှာ ဖေ့စ်ဘွတ်ခ်ကို တလွဲအသုံးချရန် လွယ်ကူခြင်းပင်။

‘အဲဒီလိုမျိုး identify မလုပ်ထားတဲ့ပုဂ္ဂိုလ်တွေကတော့ တစ်ဦးတစ်ယောက် (သို့မဟုတ်) အဖွဲ့အစည်းတစ်ခုအတွက် တစ်ဆင့်ခံလုပ်တာမျိုးတွေ့ရတယ်’ဟု ဓာတ်ပုံသတင်းထောက်ကိုလင်းဘိုဘိုကဆိုသည်။ အဆိုပါဖေ့စ်ဘွတ်ခ်သုံးစွဲသူတချို့မှာ အဖွဲ့အစည်းတစ်ခုခုအတွက် Lobby လုပ်ပေးခြင်း၊ မိမိမလိုလားသည့်အဖွဲ့အစည်းနှင့် လူပုဂ္ဂိုလ်ကို ဝေဖန်ရှုတ်ချတိုက်ခိုက်ခြင်းတို့ကို ပြုလုပ်တတ်ကြပြီး သာမန်အားဖြင့် ၎င်းတို့မည်သူမည်ဝါဖြစ်ပြီး မည်သည့်နေရာမှ သုံးစွဲနေခြင်းကို မသိရှိနိုင်သောကြောင့် ရဲတင်းစွာလှုပ်ရှားမှုပြုနေကြခြင်းဖြစ်သည်။

ယခုနှစ်ပိုင်းတွင် မိုဘိုင်းဖုန်းများဖောဖောသီသီပေါ်ပေါက်လာပြီး ဖေ့စ်ဘွတ်ခ်သုံးစွဲသူလည်း များပြားလာသည့်အတွက် လူတစ်ဦးနှင့်တစ်ဦး မိတ်ဆက်လျှင်ပင် ဖေ့စ်ဘွတ်ခ်အကောင့်နာမည်ဘာလဲဟူသည့်မေးခွန်းဖြင့် ပဋိသန္ဓာရပြုသည့်အခြေအနေသို့ပင်ရောက်ရှိလာနေပြီဖြစ်သည်။ အချို့ကုမ္ပဏီကြီးများဆိုလျှင် အလုပ်လာလျှောက်၍ အင်တာဗျူးရာတွင် ဖေ့စ်ဘွတ်ခ်သုံး၊ မသုံး မည်သည့်နာမည်ဖြင့်သုံးကြောင်း စသဖြင့် ထည့်သွင်းမေးမြန်းလာတတ်ကြပြီဖြစ်သည်။

ဖေ့စ်ဘွတ်ခ်သည်ကမ္ဘာပေါ်တွင် အလွန်အသုံးဝင်သည့် လူမှုကွန်ရက်ပလက်ဖောင်းတစ်ခု၊ ကြားခံမီဒီယာတစ်ခုဖြစ်လာနေပါပြီ။ ထိုအခါတွင် ကောင်းကျိုးများစွာပါဝင်လာသကဲ့သို့ မကောင်းမှုများလည်း ပါဝင်လာတတ်သည်မှာ ယေဘုယျကျပါသည်။

မာ့ခ်ဇူကာဘတ်ဟူသည့် ဟားဗတ်တက္ကသိုလ်ကျောင်းသားလူငယ်လေးတစ်ဦးတည်ထောင်ခဲ့သည့် ဖေ့စ်ဘွတ်ခ်လူမှုကွန်ရက်ကြီးသည် ဖွံ့ဖြိုးစမြန်မာနိုင်ငံအတွက် အကျိုးအပြစ်များစွာကိုဟန်ချက်ညီညီဖော်ဆောင်ပေးလျက်ရှိပါသည်။

ပြည်ထောင်စုဝန်ကြီးအဆင့်မှသည် အစိုးရဝန်ထမ်းအဆင့်၊ လူတန်းစားမျိုးစုံထိ ပါဝင်သုံးစွဲလာနေကြသည့် ဖေ့စ်ဘွတ်ခ်စာမျက်နှာသည် မိမိအကျိုး၊ အများအကျိုးအတွက် သုံးစွဲရာတွင် များစွာအကျိုးရှိသကဲ့သို့ ‘Enter တစ်ချက်ခေါက်လျှင် မီးဟုန်းဟုန်းတောက်စေရမည်’ဟူသည့် တလွဲသုံးစွဲမှုမျိုးလည်း မဖြစ်စေရန် ချင့်ချိန်ဆုံးဖြတ်ကြရမည်ဖြစ်ပါသည်။

စာမျက်နှာ(၁၈)မှ

## တော်လှန်ရေးပန်းခြံထဲတွင်ကျင်းပလိုသော အောက်မေ့ဖွယ်နေ့တစ်နေ့

ထိုသို့ပြုမှုခြင်းဖြင့် သမိုင်းကိုမှေးမှိန်အောင်ကြံဆောင်သလိုအဖြစ်မျိုးသို့မရောက်သင့်ဟုထင်သည်။

အမြင်ရယ်မှ မသာယာလက်သင့်ရာ စိန်နဲ့ မွမ်းဆိုသလိုမြင်ကွင်းမျိုးကလည်းရှိသေးသည်။ လွတ်လပ်ရေးအတွက်အသက်ပေးလှူခဲ့ကြသော အာဇာနည်ပုဂ္ဂိုလ်ကြီးများ၏ ဗိမာန်ကိုတော့ သော့ခတ်ပိတ်ဆို့ထားလျက် ကပ်လျက်ကုန်းမြင့်ပေါ်တွင်တည်ထားသော အညတရ သူရဲကောင်းများဗိမာန်ကို နေ့စဉ်အလှည့်ကျဂုဏ်ပြုတပ်ဖွဲ့နှင့် နှစ်ပေါင်းများစွာကြာအောင် တခမ်းတနား ဖွင့်လှစ်ပေးထားခဲ့ခြင်းကမူ မှားသည်ဟု စကားကုန်မပြောလိုက်ချင်သော်လည်း လူမြင်လို့မှမသင့်တော် ဆိုသလိုဖြစ်ခဲ့ရသည်တော့ အမှန်ပင်ဖြစ်၏။

သို့နှင့်ပင် မြန်မာ့လွတ်လပ်ရေးတိုက်ပွဲသမိုင်းလည်း မှေးမှိန်လာခဲ့ရသည်။ သမိုင်းပင် မှိန်ပြီဆိုမှဖြင့် ထိုသမိုင်းထဲမှ အဘိုးဦးလှကြိုင်တို့လို တော်လှန်ရေးရဲဘော်ကြီးများ၏ပုံရိပ်တို့ကမူ ပြောစရာပင်မရှိတော့။

သူများနိုင်ငံတွေကဖြင့် သူတို့နိုင်ငံအတွက် အသက်စွန့်ကာကွယ်ပေးသွားခဲ့ကြသည့် ရဲဘော်ကြီးများကို မမေ့ကြ။ ထိုရဲဘော်ကြီးများနှင့် ထိုသမိုင်းဖြစ်ရပ်တွေကို မမေ့မလျော့သောအထိမ်းအမှတ်အဖြစ် အောက်မေ့ဖွယ်နေ့ဆိုတာရှိသည်။ ကျွန်တော်တို့ မြန်မာနိုင်ငံထဲတွင် တခမ်းတနားရှိနေကြသည့် ထောက်ကြန့်စစ်သင်္ချိုင်း၊ ဟံသာဝတီစစ်သင်္ချိုင်း၊ သံဖြူဇရပ်စစ်သင်္ချိုင်းဆိုတာတွေကို သူတို့သူတို့နိုင်ငံတွေက တမွန်တမြတ်နှင့် တန်ဖိုးထားကြသည်။ လာရောက်ဂါရဝပြုကြသည်။ ထိုင်းနိုင်ငံ ကန်ချနာပူရီနယ်ထဲရှိကွေ့မြစ်ကိုဖြတ်လျက် မြန်မာနိုင်ငံဘုရားသုံးဆူတောင်ကြားမှ သံဖြူဇရပ်အထိ ဒုတိယကမ္ဘာစစ်အတွင်းက ဖက်ဆစ်ဂျပန်တွေဖောက်လုပ်ခဲ့ကြသည့် သေမင်းတမန်လမ်းမကြီးပေါ်တွင် စစ်သုံ့ပန်းအလုပ်သမားများအဖြစ် အသက်ဆုံးရှုံးခဲ့ကြရသူ မဟာမိတ်တပ်သားကြီးများအတွက် အောက်မေ့ဖွယ်အခမ်းအနားကို နှစ်စဉ်နိုဝင်ဘာလအတွင်း ကွေ့မြစ်တံတားအနီးမှမဟာမိတ်စစ်သင်္ချိုင်းတွင်သက်ဆိုင်ရာ နိုင်ငံများက တကူးတကပင်လာရောက်ကျင်းပ ပန်းခွေချအလေးပြုကြသည်။

ထိုမျှမက ဒုတိယကမ္ဘာစစ်အတွင်းက ကမ္ဘာ့နေရာအနှံ့စစ်မြေပြင်များတွင် ကျဆုံးသွားခဲ့ကြရသော အမေရိကန်တပ်သားများ၏ ရုပ်ကြွင်းများကိုယခုတိုင်တကူးတက တလေးတစားပင် လိုက်လံရှာဖွေကာ ဂုဏ်ပြုသဂြိုဟ်ပေးလျက်ရှိနေကြသည့်အကြောင်းတွေကိုလည်း မကြာခဏဆိုသလို သတင်းတွေထဲမှာ မှတ်မှတ်သားသားပင်ဖတ်မိနေရဆဲရှိသည်။ ထိုသို့ဖတ်ရတိုင်းလည်း ‘သြော်. . . သူတို့များဖြင့် တိုင်းပြည်သားကောင်းများ၏တန်ဖိုးကို သိတတ်လိုက်ကြတာ’ဟု မုဒိတာဖြစ်ရသည်။ တစ်ဆက်တည်းလည်း ‘တို့ဆီမှာများတော့ဖြင့် မေ့မေ့လျော့လျော့ပစ်ထားကြရုံမျှမက အချို့က ကျေးဇူးပင်ကန်းချင်ချင်ရှိနေကြပါသေးသော်ကော’ဟု စိတ်မကောင်းဖြစ်ရသည်။

မိမိတို့နိုင်ငံတွင် အထင်ကရဖြစ်ပွားခဲ့သော နယ်ချဲ့တော်လှန်ရေး၊ ဖက်ဆစ်တော်လှန်ရေး အပါအဝင် လွတ်လပ်ရေးတိုက်ပွဲများအတွင်း တိုင်းပြည်အတွက် အသက်ပေးလှူသွားခဲ့ကြသော သားကောင်းရတနာ၊ သမီးကောင်းရတနာတွေ အဘယ်မျှရှိခဲ့သည်လဲ။ ကျွန်ုပ်တို့တွင် စာရင်းဇယားအတိအကျပြုစုပြီးရှိမည်မထင်။ ထိုထိုသော လွတ်လပ်ရေးတိုက်ပွဲအဆင့်ဆင့်တွင် ကိုယ်ကျိုးစွန့်ပါဝင်ထမ်းဆောင် တိုက်ပွဲဝင်ခဲ့ကြသောထင်ရှားသူမထင်မရှားအညတရဖြစ်သူဟု မခွဲခြားစတမ်းတိုင်းပြည်သားကောင်းတွေ ဘယ်ရွေ့ဘယ်မျှရှိခဲ့သလဲ။ သက်ရှိထင်ရှားရှိသူတွေ ဘယ်လောက်ကျန်သေးသည်လဲဆိုသည့်စာရင်းတွေလည်းရှိမည်မထင်။ လမ်းစဉ်ပါတီခေတ်ကတည်းကပင် တီထွင်၍ပေးခဲ့သောနိုင်ငံ့ဂုဏ်ရည်တွေ၊ မော်ကွန်းဝင်တွေဆိုသည်ကလည်း စေ့စေ့စပ်စပ်နှင့် စေတနာ ပါပါတိကျခဲ့ပုံမရ။

ထို့ကြောင့်ပင် တိုက်ပွဲတွေ အလီလီကို သက်စွန့်ဆံဖျားနွှဲခဲ့ဖူးသည့် တော်လှန်ရေးရဲဘော်ဟောင်းကြီး သခင်လှကြိုင်မော်ကွန်းဝင်သွားလျှောက်စဉ်က တာဝန်ရှိသူစစ်ပြန်စစ်မှုထမ်းအဖွဲ့မှ တပ်မတော် အရာရှိဟောင်းက လက်မခံခဲ့တာဖြစ်မည်။

ယခုထက်တိုင် သူ့လက်ထဲတွင် အထောက်အထားအချို့ရှိနေသေးသည်ကပင် တော်ပါသေးဟုဆိုရတော့မည်ဖြစ်၏။ ပသို့ဆိုစေ ယခုအခါတွင်တော့ သမိုင်းနှင့် သမိုင်းဝင်ပုဂ္ဂိုလ်များကို တန်ဖိုးထားတတ်သော တာဝန်သိသူတစ်ယောက်၏ ဖေ့စ်ဘွတ်ခ်စာမျက်နှာပေါ်မှ အမေ့ခံတော်လှန်ရေး ရဲဘော်ဟောင်းကြီးတစ်ဦးကို ကျွန်ုပ်တို့ပြန်လည်ရရှိလာနိုင်ခဲ့ပြီဖြစ်သည်။ နွမ်းပါးစွာတောင်းရမ်းစားသောက်နေရသော အဘိုးဦးလှကြိုင်အတွက် အနယ်နယ်အရပ်ရပ်မှ မဆိုင်းမတွ ပေးပို့လှူဒါန်းလာကြသည့်ငွေကြေး၊ အစားအသောက်၊ အဝတ်အစားများအတွက်လည်း လှူဒါန်းကြသူများကို ကျေးဇူးတင်မိရသည်။

တကယ်တမ်းတွင်တော့ သမိုင်းကိုတန်ဖိုးမထားချင်ကြသူတွေ၊ သမိုင်းကိုမောင်ပိုင်စီးချင်ကြသူတွေ၊ ငါသည်သာသမိုင်း၏အထင်ကရဟု ဇွတ်အတင်းဖြစ်လိုသူတွေကြောင့်သာ အဘိုးသခင်လှကြိုင်ကဲ့သို့ အမေ့ခံတိုင်းပြည်သားကောင်းတွေ တိမ်မြုပ်နေခဲ့ကြရခြင်းဖြစ်သည်ဟုထင်သည်။

ထို့ကြောင့်လည်း ကျွန်တော့်အနေဖြင့်ကတော့ သမိုင်းမှတ်တိုင်တွေဖြစ်သည့်‘တော်လှန်ရေးနေ့’ကိုရော ‘တော်လှန်ရေးပန်းခြံကြီး’ကိုပါ အဓမ္မအာဏာဖြင့် သိမ်းဆည်းထားသူတွေထံမှ ပြန်လည်တောင်းယူလိုသည်။

ထိုတော်လှန်ရေးပန်းခြံကြီးထဲတွင် ဖက်ဆစ်ကိုအသက်၊ သွေး၊ ချွေးတို့ဖြင့်တိုက်ခဲ့ကြသော တော်လှန်ရေးရဲဘော်ကြီးများအား ဂုဏ်ပြုသည့်မိုးထိမြင့်မားသင်္ကေတရုပ်တုကြီးတစ်ခု တည်ဆောက်လိုသည်။ နှစ်စဉ်နှစ်တိုင်းလည်း မြန်မာ့လွတ်လပ်ရေးတိုက်ပွဲအဆင့်ဆင့်တို့၌ တိုက်ပွဲဝင်ခဲ့ကြသည့် သူရဲကောင်းရဲဘော်ကြီးများအား ဂုဏ်ပြုသည့် အောက်မေ့ဖွယ်နေ့ကိုလည်း ကျင်းပချင်မိသည်။

စာဖတ်သူရင်ထဲတွင်ရော မည်သို့မည်ပုံရှိလေမည် သိချင်မိပါဘိ။